
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မြပုလဲခင်



တိမ်မဲ့ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



**ပုံနှိပ်မှတ်တမ်း**
ဖြန့်ချိရေးအောင်မြင်စာပေ၊
အောင်မြင်ပုံနှိပ်တိုက်။
ဇွန်လ၊ ၂၀၁၃။
မြပုလဲခင်၊ တိမ်မဲ့ကောင်းကင်။
စာ–၂၇၀။ ၁၂.၅ X ၁၈.၂စင်တီ။





# အခန်း(၁)

မဆိုးပါဘူး။ မိန်းမတော်တော်များများရဲ့ စိတ်ကူးယဉ်အိမ်မက်ထဲက ဘုရင်တစ်ပါးလို ခန့်ညားထည်ဝါမှု ဥပဓိရုပ်ကို ဦးအောင်ဇေယျ ပိုင်ဆိုင်ထားခြင်းကို သင့် အသိအမှတ်ပြုပါသည်။ သို့သော်. . .

သင့်ဟာ စိတ်ကူးယဉ်အိပ်မက် မမက်တတ်တော့ ခက်သည်။ ဦးအောင်ဇေယျရဲ့ ရုပ်ရည်အဆင်းရူပကာဟာ သင့်နှလုံးသားကို လှုပ်ရှားသွားအောင် မပြုစားနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"သင့်. . . လာထိုင်"

သင့် နားစည်ထဲတိုးဝင်လာတာက မေမေ့အသံပဲ. . အဲသည်အသံ၊ အဲသည်မေမေ့အသံဟာ သင့်ရင်ကို လှုပ်ရှားစေအောင် အပြုနိုင်ဆုံးပဲ။

သင့်၏ လှပသော မျက်တောင်ရှည်ကြီးများက တဖျပ်ဖျပ်တုန်ခါသွားပြီး မေမေ့ကို လှမ်းကြည့်လိုက်မိတယ်ဆိုရင်ပဲ သင့်ရင်ထဲ ကတုန်ကယင်ဖြစ်သွားပြီး သင့်ဆန္ဒတွေဟာ ရင်တွင်းမှာပဲ ပုန်းအောင်းစရာကို ရှာဖွေနေပြီ။

"ထိုင်လေ. . သင့်"

နောက်ထပ် မေမေ့အသံအဆုံးမှာပဲ သင့်ဟာ မေမေရဲ့ ရဲတွတ်နေသော လက်သည်းဆိုးဆေးရှိသော ချွန်မြမြလက်ညှိုးညွှန်ရာ ကုလားထိုင်ထက်မှာ ကြို့ကြို့ကလေးထိုင်ပြီးသား ဖြစ်သွားသည်။

"ဒါ. . သင့်ပဲ မောင်အောင်ဇေယျ"

အောင်ဇေယျသည် ဒေါ်မညွှအားပြုံးကာ ခေါင်းညိတ်ပြလိုက်ပြီးမှ သူမစကားကို အသိပြုသောအနေဖြင့် သင့်အားစူးရဲစွာ အကဲခတ်လိုက်မိသည်။

သူ့ရင်ထဲ၌ စက်ဆုတ်မှုများက အပြည့်အနှက်နေရာယူလာသည်။

အောင်ဇေယျ မကြိုက်မနှစ်သက်နိုင်လောက်အောင်ပင် 'သင့်'က သိပ်လှလွန်းသည်။ သိပ်ငယ်လွန်းနေသည်။

မျက်တောင်ရှည်ကြီးများဖြင့် ကွယ်ဝှက်ထားသော သူမ





မျက်ဝန်းကို သူရင်ဆိုင်ကြည့်ချင်သည်။

ကမ္ဘာအရပ်ရပ်ကို လှည့်ပတ်ကျင်လည်လာပြီး လူအမျိုးမျိုး လုပ်ငန်းအမျိုးမျိုးကို ဦးဆောင်လုပ်ကိုင်လာသူ သူ့လိုလူအနေဖြင့် သင့်၏မိခင်နှင့် သမီးများ၏ ဆက်ဆံရေးအနေအထားကို ချက်ချင်းရိပ်မိလိုက်ပြီဖြစ်ရာ. . .

"အန်တီ"

"ပြောပါ မောင်အောင်ဇေယျ"

စီးကရက်ကို လှလှပပ စတိုင်ပါပါ သောက်နိုင်သော ဒေါ်မညွှထိန်၏လက်သည် ခင်ပွန်းဦးမြထိန်၏ ဇက်ကြိုးကိုလည်းကောင်း၊ သမီးများ၏ဇက်ကြိုးများကိုလည်းကောင်း၊ ကောင်းစွာ ကိုင်တွယ်နိုင်သော လက်ဖြစ်လိမ့်မည်ဟု အောင်ဇေယျ သဘောပေါက်ပါသည်။ ထို့ကြောင့်. .

"ကျွန်တော် သင့်နဲ့ စကားပြောချင်တယ်"

"ပြောပါ၊ အန်တီနားလည်ပါတယ်"

"မဟုတ်ဘူး အန်တီ၊ ကျွန်တော်က သင့်ကို ကျွန်တော် ဘွားဘွားဆီကို ခေါ်သွားပြီး ကြွားချင်တာ"

အောင်ဇေယျက တတ်နိုင်သမျှအပြုံးတစ်ခုကို နှစ်လိုဖွယ်ဖြစ်အောင် ဖန်တီးပြီး သင့်အားကြည့်ကာ ပြောလိုက်ခြင်းဖြစ်သည်။ သို့သော်. . .

"ဩော်. . ဟော. . ဟော်. . အန်တီက ဘာများလဲလို့ မောင်အောင်ဇေယျရယ်၊ မင်းဘွားဘွားကို ညနေထမင်းစားလာဖို့ အန်တီဖိတ်ကြားထားပြီးပြီ၊ ဒီအတွက်ဆိုရင်တော့ ဒုက္ခမရှာ



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့၊ ကိုင်း. . အန်တီလည်း ညနေစာ စီစဉ်ရဦးမှာမို့ အေးအေးဆေးဆေးသာ မင်္ဂလာခန်းဝင်ပစ္စည်းအတွက် အသုံးအဆောင်တွေဝယ်ဖို့ ညှိနှိုင်းတိုင်ပင်ကြတော့၊ ကြားလား. . သင့်"

"ရှင်. . ဟုတ်ဒ်. ဟုတ်ကဲ့ မေမေ"

သင့်၏ ခေါင်းကလေး ဆတ်ခနဲမော့လာပြီး မိခင်ကို ကြည့်ကာ ထစ်ထစ်ငေါ့ငေါ့ အဖြေပေးလိုက်သည်။

အောင်ဇေယျက သင့်၏ ကြောက်ရွံ့မှုမျက်လုံးများကို တွေ့မြင်လိုက်ရသည်နှင့် သူ့ဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်ရန် ဆုံးဖြတ်လိုက်သည်။

ဒေါ်မဥ္ဇူထိန်က မီးဖိုခန်းဘက်သို့ ဝင်သွားမှုကို သူ့အနေဖြင့် စိတ်မချနိုင်။

"သင့်"

". . . . ."

ဖျတ်ခနဲ ခေါင်းထောင်လာသော သင့်၏ မျက်ဝန်းရိပ်သည် ပြောင်းလဲသွားသည်ကို အံ့အားသင့်စွာ တွေ့မြင်လိုက်ရသည်။ ရန်လိုသော ကျားနာမလေး၏ မျက်လုံးမျိုးပါလား။

"မင်းနဲ့ကျုပ် အေးအေးဆေးဆေး စကားပြောချင်တယ်"

"ကျွန်မ ဘာမှမကြားချင်ဘူး"

"မကြားချင်ရင် မင်းပြော၊ မင်းမှာ ဘာပြောစရာရှိသလဲ"

သင့် မျက်လုံးအိမ်လေးက သမင်မငယ်၏ စိုးထိတ်မှုမျိုး





ဖြင့် ရွေ့လျားလာပြီး ဒေါ်မဥ္ဇူထိန်ဝင်သွားရာဘက်သို့ လှမ်း၍ ကြည့်လိုက်သည်။ ချက်ချင်းပင် မျက်လွှာချလိုက်သည်။

အောင်ဇေယျရိပ်မိလိုက်ပြီ။ ခုနေ သူပြောရမည့်စကားများကို ရွေးချယ်ကာ သူပြောချလိုက်သည်။

"သင့်"

"ပြောပါ ဦးအောင်ဇေယျ"

"ကျုပ် မိန်းမလှ တော်တော်များများကို မြင်ဖူးခဲ့တယ်၊ ဒါပေမယ့် မင်းအလှကို မီမယ်မထင်ဘူးလို့ ကျုပ်ပြောရဲတယ်"

ဖြစ်နိုင်လျှင် သင့်နားကို သင့်ပိတ်ပစ်လိုက်ချင်တယ် ဦးအောင်ဇေယျ။ ဒါပေမယ့် သင့်မလုပ်ရဲဘူး၊ မေမေဟာ ထမင်းစားခန်းထဲကနေပြီး ရှင်နဲ့သင့်ကို အကဲခတ်နေတယ်၊ ဒါကို ရှင်သိရဲ့လား၊ ကျွန်မ ဆုတောင်းချင်တာက ရှင်ကျွန်မနဲ့ လက်ထပ်ဖို့ကိစ္စကို ငြင်းပယ်ချင်သောစိတ် ဖြစ်ပေါ်ပါစေလို့ပဲ၊ ဒါမှမဟုတ် ရှင် ဒီကအပြန် ကားမှောက်ပြီးဖြစ်ဖြစ် သေဆုံးသွားပါစေလို့။

"မဟုတ်နိုင်ဘူး"

"သိပ် ဟုတ်နိုင်တာပေါ့"

"မင်း အသက် ဘယ်နှစ်နှစ်ရှိပြီလဲ"

"ဆယ့်ရှစ်နှစ်"

"အိုး"

အောင်ဇေယျ မှန်းထားသည်ထက်ပင် ငယ်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်နဲ့လက်ထပ်ဖို့ မင်းသဘောတူရဲ့လား ကလေး"

တကယ်ပါပဲ မင်းကို ကလေးလို့ပဲ ခေါ်တော့မယ်သင့်။ မင်းဟာ လက်ထပ်ဖို့ထက် တယုတယချီပိုးထားသင့်တဲ့ ချစ်စရာကလေးတစ်ယောက်လိုပါပဲ၊ အောင်ဇေယျအတွေးဖြင့် သင့်အား ပြုံးကြည့်လိုက်သည်။

သင့် နှုတ်ခမ်းကို မသိမသာကိုက်လိုက်သည်။

"သင့်မှာ ဘာမှပြောပိုင်ခွင့်မရှိဘူး ဦးအောင်ဇေယျ၊ မိဘကကောင်းတယ်ထင်လို့ စီမံခြင်းကို နာခံတတ်တဲ့ အလေ့အထဟာ အရိုးစွဲနေပါပြီ"

အောင်ဇေယျ ရင်ထဲထိရှသွားသည်။

သင့်အသံဟာ နာကြည်းသံ စွက်ဖက်၍နေသည်။ အားမတန်၍ မာန်လျှော့ရသည့် သဘောမျိုးဖြစ်သည်။

"ကောင်းပြီ၊ ကလေးသဘောတူတယ်ဆိုရင် ကလေး စိတ်ချမ်းသာစေရမှာပေါ့၊ ကျုပ်အနေနဲ့ကတော့ ကလေးကို ဘာမှ အပြစ်ပြောစရာ မတွေ့ပါဘူး"

သင့်မျက်ဝန်းရိပ်ကလေး၌ တိမ်မည်းရိပ်ဆင်သွားသည်။ ခုနေသာ သူမတစ်ယောက်တည်းသာဆိုပါက အားရပါးရဟာစ်အော်ငိုကြွေးလိုက်မည့်ပုံမျိုးဟု အောင်ဇေယျနားလည်စွာ အကဲခတ်လိုက်မိသည်။

သင့်ကို ကလေးလို့ခေါ်သော ဦးအောင်ဇေယျကို သင့်အားကိုးသော မျက်လုံးများဖြင့် ကြည့်လိုက်မိသည်။

တဒင်္ဂ မျက်ဝန်းချင်း ဆုံတွေ့မိကြပြီ။





အောင်ဇေယျ ပြုံးပြလိုက်သည်။ အားပေးသော အပြုံးဖြစ်ကြောင်းကို သင့်နားလည်သဘောပေါက်စေချင်သည်။

သင့်မျက်နှာလေး အတန်ငယ် ကြည်လင်သွားသည်။

"ကျုပ်ပြန်တော့မယ်၊ မနက်ဖြန် ကျုပ်အသိဆိုင်မှာ အစဆန်းတွေ ရောက်လိမ့်မယ်၊ ကလေးကြည့်ချင်တယ်ဆိုရင် အန်တီဆီ ခွင့်တောင်းပြီး လာခေါ်မယ်"

"ဟုတ်"

သင့် လွယ်လင့်တကူ ခေါင်းညိတ်လိုက်မိသည်။ ဘာပဲပြောပြော သင့် ဦးအောင်ဇေယျနှင့် နှစ်ယောက်တည်း တွေ့ချင်သည်။ တွေ့ခွင့်ရလျှင် သင့်ဘာပြောရမည်နည်း။

သင့်ပြောမိလိမ့်မည်က. .

မေမေ့ရဲ့ ပုံစံခွက်ထဲမှာ ကြီးပြင်းခဲ့ရတဲ့ သင့်တို့ညီအစ်မတွေ အကြောင်းနဲ့ သင့် အိမ်ထောင်ပြုချင်စိတ်ဆန္ဒ လုံးဝမရှိသည့်အကြောင်း။

"မင်းကို ကျုပ်နားလည်တယ်ကလေး၊ ညနေ ဘွားဘွားတို့လာတဲ့အခါ မင်းဟာ သိပ်ကို လိုလားနှစ်သက်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်အဖြစ်နဲ့ ဆက်ဆံပေးနိုင်လိမ့်မယ်လို့ ကျုပ် မျှော်လင့်ထားချင်တယ်"

"စိတ်ချပါ"

"ဒီလိုဆိုပြန်မယ်၊ မင်းမေမေကို သွားခေါ်လိုက်ပါဦး"

"ဟုတ်"

သင့်က ပေါ့ပါးစွာ ထလိုက်သည်။ သို့သော် သူမခြေ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းတို့သည် နွေးထွေးသွားသည်။ လှုပ်ရှားမှုက သိမ်မွေ့ညင်သာခြင်းလား၊ ဆံပင်ရှည်ထား၊ ရင်စေ့လက်ပြတ်ကလေးနှင့် ထဘီကို ခြေမျက်စိဆုံးအောင် ဝတ်တတ်သော မိန်းကလေးကို ဗိုင်းကောင်းကျောက်ဖိစြစ်အောင် ပုံစံသွင်းထားခြင်း ခံရသည်လား။ သို့တည်းမဟုတ် သူမ၏ ပင်ကိုအလေ့အထလား ဟူ၍ အောင်ဇေယျစိတ် ဒွိဟဖြစ်ကာ ဆုံးဖြတ်ရခက်နေသည်။

"ပြန်တော့မလို့လား အောင်ဇေယျ"

"ဟုတ်ကဲ့ ညနေတစ်ခေါက် ပြန်လာရဦးမှာဆိုတော့"

"အေးကွယ်၊ သင့်ကို မင်းနဲ့ မထည့်လိုက်ခြင်းအတွက် ဘယ်လိုမှ စိတ်မရှိနဲ့နော်၊ လူကြီးချင်း တိတိလင်းလင်း ကြောင်းလမ်းပြီးရင်တော့လည်း တစ်မျိုးပေါ့ကွယ်"

"ကျွန်တော် နားလည်ပါတယ်အန်တီ၊ ခွင့်ပြုပါဦး"

အောင်ဇေက ဒေါ်မဥ္ဇူထိန်ကို နှုတ်ဆက်၍ပြန်ခဲ့သည်။

အောင်ဇေယျ သင့်တို့မိသားစုကို စိတ်ဝင်စားသွားခဲ့ပြီ။

အထူးသဖြင့် . . . သင့်။

အိမ်ထောင်ပြုရန် စောလွန်းသေးသော သင့်ကို ဘာဖြစ်၍ လက်ထပ်စေချင်ရသနည်း။







# အခန်း(၂)

"သင့်"

"ရှင် မေမေ"

"အောင်ဇေယျကို သင့်ဘယ်လို သဘောရသလဲ"

သင့်နှလုံးသားက မာကျောသွားသည်။ ရင်ထဲမှာ ထစ်ခနဲနေအောင် နာကျင်သော ဝေဒနာတစ်ရပ် ဖြစ်ထွန်းလာသည်။ စိတ်ထဲဖြစ်ပေါ်သည့်အတိုင်း ပြောလိုက်ချင်ပါသည်။

သို့သော် . . . .



www.burmeseclassic.com

www.burmeseclassic.com



"သင့် ဘာပြောရမှာလဲ၊ သင့်မပြောတတ်ဘူး မေမေ"

"မိသင့်"

ဒေါ်မဥ္ဇူထိန်က စီးကရက်တိုကို ထိုးချေလိုက်ပြီး သင့်အား ခပ်မာမာလေသံဖြင့် ခေါ်လိုက်သည်။

"ရှင်"

သင့်၏ သမင်မျက်လုံးကလေး ဝိုင်းစက်သွားပြီး မိခင်အား အလန့်တကြား ကြည့်လိုက်သည်။

"သမီးသုံးယောက်ထဲမှာ ညည်းဟာ အငယ်ဆုံး၊ အလည်ဆုံးပါအေ၊ ငါ့ကို ညာဖို့မကြိုးစားနဲ့၊ အောင်ဇေယျကို ညည်း လက်ထပ်ရမယ်"

"ဟုတ်ကဲ့"

"အောင်ဇေယျဟာ ချောတယ်၊ ချမ်းသာတယ်၊ တစ်ဦးတည်းသောသားကလည်း ဖြစ်ပြန်တော့ ရည်းစားထားခြင်းကို စိတ်အပန်းဖြေစရာတစ်ခုအနေနဲ့တော့ လုပ်ခဲ့တယ်၊ ဒါပေမယ့် အချိန်တန် အရွယ်ကလေးရလာတော့ ငွေကို ကောင်းကောင်း ရှာဖွေတတ်လာတယ်"

ဒေါ်မဥ္ဇူထိန်က စီးကရက်တစ်လိပ်ကို ထပ်ညှိလိုက်သည်။ ဦးမြဲထိန်က သတင်းစာဖတ်နေရာမှ. . .

"ဒါပေမယ့် သမီးလေးနဲ့ အသက်အရွယ်အားဖြင့် သိပ်မကွာခြားလွန်းဘူးလား မဥ္ဇူ"

"အို. . ကိုကလည်း. . ယောက်ျားပဋ္ဌင်း၊ မိန်းမ ပုခက်တွင်းဆိုတဲ့စကား ဘယ်သွားထားမလဲ၊ ကိုမသိရင် အသာနေစမ်း





ပါ၊ သမီးကိစ္စဟာ အမေနဲ့အများဆုံးဆိုင်တယ်၊ မဥ္ဇူစီစဉ်နေတာ ဘယ်သူ့အတွက်လဲ၊ ဘယ်သူ့နောင်ရေးလဲ၊ ဝင့်နဲ့ဆင့်ကိုပဲကြည့်၊ ကောင်းစားသွားတော့ မိဘအိမ်ကို သတိတောင်ရကြရဲ့လားလို့၊ မိုးမမြင်လေမမြင်နဲ့၊ ခုကြည့် အောင်ဇေယျဆိုတာက"

"ကိုင်း တော်ပါတော့၊ ထပ်ခါတလဲလဲ၊ သမီးလေးလည်း သိပြီးပါပြီ၊ မင်းဟာက တခြားအမေတွေလို မဟုတ်ဘူး၊ တခြားအမေတွေများဆိုရင် ကိုယ့်သားသမီး ဘယ်လောက်အသက်ကြီးကြီး ကလေးလို့ပဲမြင်ပြီး ကိုယ့်ရင်ခွင်ထဲမှာ ထည့်ထားချင်တုန်းပဲ၊ ခု မင်းဟာက သမီးသုံးယောက်ရှိတာ သုံးယောက်စလုံး လင်ပေးစားပစ်တယ်ဆိုတော့ ဟိုနှစ်ယောက်က ထားပါတော့၊ ဉာဏ်က ခပ်လေးလေး၊ ဆယ်တန်းကိုလည်း နှစ်ချင်းပေါက် မအောင်နိုင်ဘူး၊ ခု ငါ့သမီးလေးက စက်မှုအမှတ်မီနေတာတောင်"

"ဒီမှာကို မိန်းမဆိုတာ ဘုရင်မပဲဖြစ်ပါစေ၊ သူတောင်းစားနဲ့ညားရင် သူတောင်းစားမယားပဲဖြစ်မှာ၊ ကျွန်မက ကျွန်မ သမီးတွေကို အရွယ်ကျမှ မသင့်မတော်ရာနဲ့ဖြစ်မှာမျိုးကို မလိုလားဘူး၊ အချိန်အခါသင့်တုန်း၊ စပ်ဟပ်သူရှိတုန်းမှာ အသင့်တော်ဆုံး အကောင်းဆုံးနဲ့ စီစဉ်ပေးရမယ်၊ ဒါမိဘဝတ္တရားပဲ"

သင့်ဘာမှမပြောရဲ၊ မိဘနှစ်ပါး၏ စကားစစ်ထိုးပွဲတွင်းသို့ ကြားမဝင်ရဲ၊ ငယ်ငယ်ကတည်းက စိတ်မထင်လျှင် မထင်သလိုရိုက်နှက်တတ်ပြီး အဆက်မပြတ် တရစပ်ဆူပူကြိမ်းမောင်းဒဏ်ကို ခံစားခဲ့ရသဖြင့် အရည်ထူနေပြီ။ သို့သော် နှလုံးသားမှာတော့ အနာတရဖြင့် အိမ်ထောင်ရေးကို ပုံစံခွက်ထဲထည့်၍ ရနိုင်



www.burmeseclassic.com

www.burmeseclassic.com



သလားမေမေဟု သင့် စိတ်ထဲ၌ မေးခွန်းထုတ်နေလေသည်။

"မိသင့်"

". . . . "

"ဟဲ့ . . . သင့် ငါခေါ်နေတယ်လေ"

"ရှင်"

သင့်၏ မကျေနပ်မှု ရဲတိုက်ကလေး ပြိုပျက်သွားလေသည်။ အလန့်တကြားဖြင့် မိခင်အား ကြည့်လိုက်သည်။

"မောင်အောင်ဇေယျကတော့ အကဲခတ်ရခက်တယ်၊ ဒါပေမယ့် အရေးမကြီးပါဘူး၊ အရေးကြီးတာက ဘွားဒေါ်စံပယ် ရဲ့ဟာ ညည်းကို သိပ်သဘောကျသွားတာကိုက လက်ထပ်ဖို့အတွက် ရာခိုင်နှုန်းပြည့် ဖြစ်သွားပြီဆိုတာ ညည်းနားလည်ရဲ့လား သင့်"

"ရှင်"

"သင့် ငါ့ကို အသည်းယားအောင် မလုပ်စမ်းနဲ့၊ မနက်ဖြန် ဆယ်နာရီ မောင်အောင်ဇေယျ လာခေါ်လိမ့်မယ်၊ အဲဒါ ညည်းလိုက်သွားဖို့သာပြင်၊ စေ့စပ်ပွဲအတွက် ဝတ်စုံတွေကအစ သူတာဝန်ယူချင်တယ်လို့ ပြောသွားတယ်၊

အဲဒါ ညည်းလိုက်သွား၊ မောင်အောင်ဇေယျတို့ဘက်က စိတ်ကွက်သွားအောင် မပြောမိ၊ မပြုမိစေနဲ့ ကြားလား"

"ဟုတ်"

သင့်က လေးတွဲစွာ ခေါင်းညိတ်လိုက်သည်။ မနက်ဖြန်သည်သင့်အတွက် အရေးပါသောနေ့ရက်ဖြစ်သည်။





သင့် အောင်ဇေယျ စိတ်ပျက်အောင်လုပ်မှာ မဟုတ်ပါဘူး ဆိုတာကို သင့်ရဲရဲကြီး အာမခံချက် ပေးလိုက်ချင်ပါသည်။

"အေး. . ဒါဖြင့်လည်းပြီးရော၊ လက်ထပ်ဖို့အတွက် စဉ်းစားပြင်ဆင်ထားပေးတော့၊ တန်ဖိုးရှိပေ့ ကောင်းပေ့ဆိုတာထဲက မရိုင်းတဲ့အဆင်မျိုးကိုရွေး သိလား၊ သူတို့ချမ်းသာတာ သန်းထောင်ပေါင်း ဘယ်လောက်တောင် ရှိမယ်ဆိုတာတောင် ခန့်မှန်းလို့မရဘူး၊ ဘာမှ အားမနာနဲ့၊ နောက် စေ့စပ်လက်စွပ်အတွက် လုပ်ပေးလိမ့်မယ်၊ စိန်ပဲ လိုချင်တယ်လို့ပြော"

ဒေါ်မဥ္ဇူထိန်၏ ရေပက်မဝင်ပြောဆိုမှုကို ဦးမြထိန်က နားမခံနိုင်တော့ဘဲ သတင်းစာကို ပစ်ချလိုက်ပြီး. . .

"မင်းကတော့လေ၊ ငါ့သမီးလေးကို ငွေမက် ဂုဏ်မက်ဖြစ်အောင်လုပ်ပြီး တန်ဖိုးချခိုင်းနေတာပဲ၊ သူတို့ စေတနာရှိတာလုပ်ပေးလိမ့်မယ်၊ ဘာမှ မပူဆာနဲ့ ကြားလားသမီး"

သင့်မှာ မျက်စိကလေး ကလယ်ကလယ်ဖြင့် ဦးမြထိန်ကို လှမ်းကြည့်လိုက်ပြီး. . .

"ဟုတ်ကဲ့ ဖေဖေ"

"ဘာဟုတ်ကဲ့လဲ၊ စိန်လက်စွပ်မဟုတ်လို့ကတော့ အိမ်မြန်မလာနဲ့ ကြားလား"

"တောက် ဒီမိန်းမဟာလေ၊ ဒီလောက် ငွေမက် ဥစ္စာမက် မှန်းမသိဘူး၊ အစက ငါ့ကိုယူတုန်းက ငါ့မှာ ဘာပါလာလို့လဲ"

"ဒါပေမယ့် ရှင်က ကျုပ်ထက်သာပြီး အရည်အချင်းရှိ



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျ္ဉ်ယူခဲ့တာလေ"

"တော်ပြီကွာ၊ မင်းနဲ့ ဘာမှမပြောတာဘဲ ကောင်းတယ်၊ အိမ်ထောင်ရေးကို မင်းက ငွေတို့ဂုဏ်တို့နဲ့ တန်ဖိုးဖြတ်ချိန်စက်တတ်တဲ့ မိန်းမပဲ၊ အစကသာ ဒီလိုမှန်းသိရင် မင်းကို လက်မထပ်ခဲ့ဘူး"

ပြောပြောဆိုဆို ဦးမြထိန်က အပေါ်ထပ်သို့ တက်သွားလေသည်။ ဒေါ်မဥ္စူထိန်က. . .

"မကျေနပ်ရင် အခုကွာလိုက်လို့ရတယ် ကိုမြထိန်၊ ကျုပ်လဲ အရွယ်ရှိတုန်း ကွာပေးပါလား၊ ကပြီးတော့တောင် ကွာပေးလိုက်ဦးမယ်ရှင့် သိရဲ့လား"

"တော်ကွာ. . . တော်"

ဦးမြထိန်က အပေါ်ထပ်မှ လှမ်းအော်လိုက်သေးသည်။

ဒေါ်မဥ္စူထိန်က. . .

"အဲဒါကြည့်ထား မိသင့်၊ ကျုပ်က အတန်းပညာဆိုတာ ရှစ်တန်းလောက်ပဲအောင်တာ၊ ဒါပေမယ့် ဘွဲ့ရပညာတတ် ညည်းအဖေကို ရအောင်ယူနိုင်ခဲ့ပြီး ခုလိုကြီးပွားချမ်းသာအောင် နေနိုင်တာ၊ ဘယ်သူ့ကုသိုလ်ကံလဲ"

သင့်က မသိဟန်ဖြင့် မျက်လုံးကလေး ကလယ်ကလယ်လုပ်နေလိုက်သည်။ သင့်မသိဘဲ နေပါ့မလား၊ "ဘူးကောင်းတော့စင်ခံ၊ လင်ကောင်းတော့ တစ်သက်စံ" ဆိုသည့်စကားက မိခင် အမြဲရွတ်ပြနေကျ ဂါထာတစ်ခုလို ဖြစ်နေပြီဆိုတော့ နားမှာရိုးအီပြီးလျှံတောင် ထွက်သွားပြီ။





"မိန်းမတစ်ယောက်ရဲ့ ဘုန်းကံဟာ လင်ပေါ်မှာမူတည်တယ်"

ထိုအချိန် တယ်လီဖုန်းမြည်သံထွက်ပေါ်လာရာ သင့်အတွက် ကျိတ်၍ဝမ်းသာစရာဖြစ်သွားသည့် ထွက်ပေါက်တစ်ခုရသွားသည့်အလား သင့်ထလိုက်သည်။ မီးဖိုချောင်ဘက်သို့သွားပြီး ဒေါ်စောဥကြီးနှင့် ဝိုင်းလုပ်ပေးရဘာကမှ စိတ်ချမ်းသာစရာ ကောင်းသေးသည်။

"ဟလို ဒေါ်မဥ္စူထိန် စကားပြောနေပါတယ်"

". . . . ."

"ဪ. . မောင်အောင်ဇေယျလား၊ ရှိတယ် ရှိတယ်၊ ခဏနေဉ်"

သင့်ခြေလှမ်းတုံ့ဆိုင်းသွားသည်။ မိခင်က ဖုန်းခွက်ကိုဘားချထားပြီး မီးဖိုဘက်သို့ ခြေလှမ်းပြင်နေသော သင့်အား မျက်စပစ်ကာ မေးငေါ့လိုက်ပြီး. . .

"အောင်ဇေယျဆီက၊ သူ ညည်းအပေါ် ကျနေပြီ. .၊ ကောင်းကောင်းသာ ကြိုးကိုင်ပေတော့၊ ငါ့သမီးပီသပါစေ"

သင့်အား လက်ချာပေးလိုက်သေးသည်။ သင့် တယ်လီဖုန်းခွက်ကိုသာ ကိုင်လိုက်ပြီး. . .

"ဟဲလို"

"သင့်"

"ဟုတ်ကဲ့"

"သင့်နဲ့ကျုပ် နှစ်ယောက်တည်း တွေ့ချင်လို့ပြီ"



www.burmeseclassic.com

www.burmeseclassic.com



သင့် ဘာပြောရမှန်းမသိဖြင့် ငြိမ်နေလိုက်သည်။

"သင့်"

"ရှင်"

"ဘွားဘွားကပြောတယ်၊ သင့်ဟာ လှရုံတင်မကဘူး ကျက်သရေရှိတယ်၊ မာန်လဲ ရှိပုံရတယ်တဲ့လေ၊ ပြီးတော့ ဘွားဘွားက ဘာပြောသေးတယ်လို့ သင့်ထင်သလဲ"

"ကျွန်မ ဘယ်သိမှာလဲ"

အနားသို့ ကပ်နားထောင်နေသော မိခင်ထံမှ ပေါင်တွင်း ကြော ဆွဲဆိတ်ခြင်းကို ခံလိုက်ရသည်။ မိခင်၏ အပြုအမူများကို သင့်မကြိုက်သော်လည်း မကြိုက်ကြောင်းကို ပြောဝံ့ဖို့ နေနေ သာသာ အမူအရာပင် မပြဝံ့ပါချေ။

"တော်ပြီကွာ၊ သင့်နဲ့ နှစ်ယောက်ချင်းတွေ့မှ ပြောပြတော့မယ်"

"ဟုတ်"

"ဘာဟုတ်တာလဲ သင့်ရဲ့၊ မင်း ကျုပ်ကိုကော ဘယ်လို သဘောထားသလဲဆိုတာ မမေးသင့်ဘူးလား"

"ဟင့်အင်း"

"ဩော် သင့်ရယ်၊ မင်း မမေးပေမယ့် ကျုပ်က သိပ်ပြော ချင်နေတယ်၊ မင်းနဲ့ နှစ်ယောက်ချင်းတွေ့မှ မင်းမျက်နှာလှလှ လေးကို စေ့စေ့ကြည့်ပြီး ပြောချင်တာ၊ မနက်ဖြန်ရောက်ရင် နှစ်ယောက်ချင်းမှ တွေ့ခွင့်ရှိပါ့မလား"

"ရှိပါတယ်"





သင့် ရင်ခုန်နေပြီ၊ ဦးအောင်ဇေယျ မိမိအပေါ်၌ အမှန် တကယ် တိမ်းညွတ်သွားပြီလား။

"သင့် သဘောထားလဲ သိချင်လှပြီ"

"ကျွန်မ ဘာပြောရမှာလဲ"

"ခု မပြောနဲ့ဦး၊ မနက်ဖြန်မှပြော၊ မင်းမားသားကြီးက နှစ်ယောက်တည်းမှ လွှတ်ပါ့မလားကွာ"

"လွှတ်မယ်ပြောတာပဲ"

ဒေါ်မညွှန့်ထိန်က စိတ်ချလက်ချရှိသွားပြီ ဖြစ်သဖြင့် စီးက က်တစ်လိပ်ကို ဖွာရင်းစိတ်ကူးယဉ်နေသည်။

"အိုကေ ဒါဖြင့် မနက်ဖြန်မှပဲ တွေ့တော့မယ် သင့်ဘာ သိချင်တယ်ဆိုတာ စာရင်းပြုစုလာခဲ့၊ ဒါပဲကလေးရေ ဂွတ်နိုက်"

"ဟုတ်"

တယ်လီဖုန်းကို အသာအယာ ပြန်ချိတ်လိုက်သည်။

မနက်ဖြန်ကို မျှော်လင့်ချက်ကြီးစွာနှင့် သင့် ရင်ခုန်နေ သည်။

"ဘယ့်နှယ်လဲ သင့် ညည်းမေမေရဲ့ ခြေရာကို နင်းနိုင် မလား"

သင့် မျက်နှာကို အတတ်နိုင်ဆုံးသော အပြုံးတုတစ်ခု တီးကာ ပြောင်းလဲပစ်လိုက်သည်။

"မေမေ့ခြေရာ နင်းနိုင်မနင်းနိုင်တော့ အာမ မခံနိုင်ပေ ယ့် မေမေ့ခြေရာ အမီလိုက်နိုင်မယ်ဆိုတာကိုတော့ အာမခံပါ ယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မဥ္ဇူထိန်၏မျက်နှာကြီး ဝင်းပသွားသည်။

"အေး ဒါမှလဲ မေမေတို့ နောက်ကြောင်းအေးအေး ပြည်ပခရီးလေးဘာလေး ထွက်နိုင်မှာပေါ့၊ လိမ္မာစမ်းပါ မိသင့်ရယ်၊ မိဘဆိုတာ ကိုယ့်သားသမီး ဆင်စီးပြီးမြင်းရံတာကို မြင်ချင်ကြတာချည်းပဲ"

"ဟုတ်ကဲ့ သင့်နားလည်ပါတယ်မေမေ၊ ကျွန်မ ဒေါ်စာဥကို သွားဝိုင်းကူလိုက်ဦးမယ်"

"အေးအေး. . သွားသွား မီးဖိုချောင် အိမ်ထောင်မှုကို အောက်ခြေသိမ်း နိုင်နင်းထားတော့ ယောကျ်ားကိုလဲ ချီတိုင်မြဲအောင် လုပ်နိုင်သွားတာပေါ့"

သည်လိုအယူအဆမျိုး သင့်လက်မခံနိုင်ပါ။ အိမ်ထောင်တစ်ခုကို ဈေးတွက်တွက်၍ မတည်ဆောက်ချင်ပါ။ သင့်ကို ရှူးသွပ်သည်ဟုပဲပြောပြော သင့်အယူအဆကတော့ ကိုယ်တိုင်ပဲ ဘုရင်မဖြစ်ချင်သည်။ မိဖုရားအဖြစ်ကို မလိုလားပါ။ အချစ်သည် သင့်အား မစိုးမိုးနိုင်သရွေ့တော့ သင့်သည် ဘုရင်မသာလျှင် ဖြစ်ရမည်။

ယခုခေတ်ထဲသို့ လုပ်ငန်းတွေပေါများလာသော ခေတ်ကြီး၌ သင့်သည် ဘာကြောင့်များ ကိုယ့်ခြေထောက်ပေါ်ကိုယ် မရပ်တည်နိုင်ရမည်နည်း။

သင့်သည် မီးဖိုချောင်ထဲသို့ ဝင်ခဲ့ပြီး ဒေါ်စာဥကို ကူညီလုပ်ကိုင်ရင်း အတွေးနယ်ချဲ့မိသည်။ ဒေါ်မဥ္ဇူထိန်သည် ဦးမြထိန်နှင့် လက်မထပ်မီကာလ မြန်မာထမင်းဆိုင်တစ်ခု၌ အင်





တန်သွက်လက်ချက်ချာကာ လှပသော စားပွဲထိုးဆိုင်ထိုင် အညို အဖြစ် ထင်ရှားပြီး ဦးမြထိန်ကဲ့သို့သော အင်ဂျင်နီယာပေါက်စ တစ်ဦး၏ တော်ကောက်ခြင်းကို ခံလိုက်ရသည်။ ထိုအချိန်မှစ၍ အညိုဘဝပျောက်ကာ ဒေါ်မဥ္ဇူထိန်အဖြစ် ဝင့်မဥ္ဇူထိန်၊ ဆင့်မဥ္ဇူထိန်၊ သင့်မဥ္ဇူထိန်ဟူသော သမီးချောသုံးယောက်ကို မွေးဖွားပြီး ခင်ပွန်းနှင့် သမီးများကိုကောင်းစွာ အနိုင်ကျင့်ပုံသွင်းတတ်သူ အိမ်ရှင်မတစ်ဦးဖြစ်ခဲ့လေသည်။

"သင့်"

"ရှင်"

"ဘာတွေ တွေးနေတာလဲ"

"ဘာရယ် မဟုတ်ပါဘူး၊ ဖေဖေဟာ သူ့လုပ်ငန်းခွင်မှာ တော့ ဝန်ထမ်းတွေကို ကောင်းကောင်းစည်းကမ်းတကျ ကိုင်တွယ်နိုင်ပြီး မေမေကျတော့"

"ရှူး. . . ကြားသွားလို့ ကြက်မွေးစာမိနေဦးမယ်"

သင့် ဇက်ကလေးပုဝင်သွားပြီး အိမ်ရှေ့သို့ သမင်လည်ပြန် လှမ်းကြည့်လိုက်သည်။ ဒေါ်မဥ္ဇူထိန် မှန်ဘီလူး တစ်လက်နှင့် အလုပ်ရှုပ်နေသည်ကို တွေ့ရမှ စိတ်အေးသွားလေသည်။

"သင့် လက်ခံလိုက်ပြီလား၊ လက်ခံလိုက်ပါ၊ ရုပ်ချော၊ ပညာတတ်၊ ဥစ္စာပေါ့ကိုမှ လက်မခံရင် ဘယ်လိုယောကျ်ားမျိုး ကို လက်ခံမလဲ"

သင့် ပြုံးလိုက်သည်။ ဒေါ်စာဥကိုလည်း ယုံစား၍မရ ခုနေ နှုတ်ဆိတ်နေခြင်းသာ အကောင်းဆုံးဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ. . သင့်က ဘာပြောနေလို့လဲ"

"သင့်ကြည့်ရတာ အေးတိအေးစက်နဲ့ စိတ်မပါဘူးလား လို့"

"ဟောတော် မိန်းမတစ်ယောက်ဟာ ယောက်ျားယူတော့မယ့်ကိစ္စမှာ အေးတိအေးစက်မနေလို့ ဆပ်ဆလူးခါပြီး နန့်ဖျာနေရမှာလားလို့"

ဒေါ်စာဥက ပြုံးကာ သင့်အား ချစ်စနိုးကြည့်ပြီး. . .

"ဆတ်ဆလူးလဲမခါနဲ့ ဖျာယာလဲမခတ်နဲ့၊ ဒါပေမယ့် နည်းနည်းပါးပါးတော့ လှုပ်လှုပ်ရှားရှားလေးတော့ နေပေးရမှာပေါ့"

"ဘာဖြစ်လို့လဲ"

"ရင်ခုန်ရမယ့်အချိန်မို့လို့လေ"

"သွား. . ဒေါ်စာဥကြီးက ဘာမှန်းလဲမသိဘူး"

သင့်က ကြက်သွန်ဥကိုပစ်ချပြီး မီးဖိုချောင်နောက်ဘက်တံခါးမှနေ၍ ခြံတွင်းသို့ ဆင်းသွားသည်။ ခြံတွင်းရှိ ကံ့ကော်ပင်ကြီးအောက်၌ သင့်သွားထိုင်ကာ စာဖတ်နေတော့မည်ကို ဒေါ်စာဥ အတတ်သိလိုက်သည်။ သင့်အတွက် အဖော်သည် စာအုပ်များသာ ဖြစ်သင့်ပါလျက် ဤကလေးကို ဒေါ်မဥ္ဇူထိန်မို့လို့ လင်ခပေးစားရက်တယ်ဟု. . တွေးလျက်။







# အခန်း(၃)

"သင့် ဘယ်ကိုသွားချင်သလဲ"

"ကျွန်မ သွားချင်တာထက် ကျွန်မပြောချင်တာတွေကို အရင်ဆုံးပြောပါရစေ"

အောင်ဇေယျက ကားကို သင့်တို့ခြံထဲမှ ထွက်ထွက်ခြင်း မေးလိုက်သည်။ သင့်က အေးဆေးစွာပင် ဖြေလိုက်သည်။

"ဟုတ်ကဲ့ ကျွန်မပြောချင်တာကို ပြောပြီးရင် ဦးအောင်ဇေယျ လက်ခံနိုင်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်တစ်ခုကလဲရှိ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ ဘာမှမလုပ်ချင်ဘူး"

အောင်ဇေယျ မျက်ဝန်းရိပ်၌ သင့်၏နုငယ်လွန်းသော မျက်နှာလေးက ထောင့်ကပ် ဝင်ရောက်လာသည်။

"ဒါဖြင့် တစ်နေရာရာမှာ စကားပြောရအောင်"

"ဖြစ်ပါတယ်"

အောင်ဇေယျက ကားကို ကန်တော်ကြီးဟိုတယ်ဘက်သို့ ဦးတည်လိုက်သည်။

"ဦးအောင်ဇေယျ ကျွန်မကိုလက်ထပ်ဖို့ တကယ်ပဲ ဆုံးဖြတ်လိုက်ပြီလား"

"အဲဒီလိုစကားမျိုး ငါမင်းကို မပြောမိခဲ့သေးဘူး ထင်တယ်ကလေး"

ကလေးလို့ အခေါ်ခံလိုက်ရတိုင်း သင့်ရင်ထဲ၌ အားကိုးချင်စိတ်ကလေး ဝင်ရောက်လာတတ်သည်။

"ကျွန်မ ဦးအောင်ဇေယျစကားတွေကို မမှတ်မိဘူး"

"ဟုတ်တယ် မင်း မှတ်မိမှာမဟုတ်ဘူးလို့ ငါထင်ပါတယ် နောက်ပြီးမနေ့က ငါဖုန်းဆက်ပြီး မင်းကိုပြောခဲ့တဲ့စကားတွေဟာ ငါ့ရင်ထဲကဆန္ဒကြောင့်မဟုတ်ဘူးဆိုတာကော မင်းသိရဲ့လား"

"သိပါတယ် မေမေနားထောင်နေမှန်းသိလို့ ဦးအောင်ဇေယျ တမင်ပြောတယ်ဆိုတာ ကျွန်မရိပ်မိပါတယ်"

"မင်းအတွက် ထွက်ပေါက်ချောင်စေချင်လို့လေ၊ မင်းမှနားလည်နိုင်ပါ့မလားလို့ ငါက စိတ်ထင့်နေခဲ့သေးတာ၊ ဒါပေ





မယ့် မင်းရုပ်က အကင်းပါးတဲ့ရုပ်မျိုးဆိုတော့ ငါလဲစွန့်စားကြည့်လိုက်တာ"

"ဒီအတွက် ကျေးဇူးတင်ပါတယ်"

ကားကိုရပ်လိုက်ပြီး ကန်တော်ကြီးဟိုတယ်အတွင်းသို့ ဝင်ခဲ့ကြသည်။ ကန်ရေပြင်ကိုဖြတ်သန်း၍ တိုက်ခတ်သော ကန်လေပြည်အေးအေးက ရရာစားပွဲနေရာကို ရွေးချယ်လိုက်သည်။

"ဘာစားမလဲ"

"အအေးတစ်ခုခုပဲသောက်တော့မယ်၊ လောလောဆယ် ကျွန်မအတွက် အစားအစာထက် အရေးကြီးနေတဲ့ ကိစ္စတစ်ခုရှိနေတယ်"

အောင်ဇေယျက သင့်၏မျက်နှာကို စူးရဲစွာ ကြည့်လိုက်သည်။ သင့်သည် သူ့အားပြန်ကြည့်သည်။ သူမအကြည်သည် ရှိုးတိုးရှန့်တန့်ဖြစ်မနေ၊ ကြည်လင်တောက်ပနေသည်။

"ငါသိပါတယ်၊ ငါလို့ပဲ ရင်းရင်းနှီးနှီးပြောမယ်၊ ဒီအတွက် မင်းနားလည်လိမ့်မယ်ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းထက်ငါက ဆယ့်လေးနှစ်တိတိကြီးနေလို့ပဲ ဒီထက်သင့်တော်တဲ့ အသုံးအနှုန်းကို ငါရှာမတွေ့လို့ပဲ"

"ကျွန်မလက်ခံပါတယ်၊ ဒါပေမယ့် ကျွန်မ ဦးအောင်ဇေယျကို ဒီထက်တိုတုတ်တဲ့ အသုံးအနှုန်းမသုံးနိုင်ခြင်းအတွက် ဝမ်းနည်းပါတယ်"

"ရတယ်၊ မင်းအပင်ပန်းခံခေါ်နိုင်မှတော့ ခေါ်ပါ၊ ငါ့အတွက် ဘာမှခံစားချက်မှမရှိပါဘူး၊ ကိုင်းပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က စပြောရမလဲဆိုတာ ကျွန်မစဉ်းစားခဲ့တယ်၊ ဒါပေမယ့် ခုချိန်ထိတော့ မရဘူး"

"ဒီလိုဆို ငါအစဖော်ပေးရမလား"

သင့်က အံ့အားသင့်သွားသည်။ အမှန်တိုင်းဝန်ခံရလျှင် သင့်သည် သူစိမ်းယောကျ်ားတစ်ဦးနှင့် စတင်တွဲသွားကာတရင်းတနှီးစကားပြောခြင်းသည် ဒါ ပထမဦးဆုံးအကြိမ်ဖြစ်သည်။ မိမိစိတ်ကို ဦးအောင်ဇေယျ ကြိုတင်သိနေလိမ့်မည်ဟု သူ မတွက်ဆမိသဖြင့် အံ့အားသင့်ရသည်။

မျက်လုံးဝိုင်းကလေးဖြင့် တအံ့တသြကြည့်နေသော သင့်အား အောင်ဇေယျက ပြုံးပြလိုက်သည်။ ပြီးတော့မှ ခပ်အေးအေးပင်။

"မင်း ငါ့ကို လက်မထပ်ချင်ဘူး၊ ဒါပေမယ့် မိခင်ကိုလဲ မလွန်ဆန်နိုင်ဘူးဆိုတော့"

သင့်စိတ်ထဲ ကျေနပ်သွားသည်။ သင့်စိတ်ထဲ၌ အမိက ရှိနေသည့်အချက်ကို အောင်ဇေယျ ထောက်ပြလိုက်နိုင်ခြင်းကြောင့်ပင်၊ သင့် အားတက်သွားသည်။

"ဟုတ်တယ် အမိကကအဲဒါပဲ. .၊ ဦးအောင်ဇေယျမှ မဟုတ်သေးဘူး၊ ကျွန်မ ဘယ်ယောကျ်ားကိုမှ လက်မထပ်ချင်သေးဘူး၊ အရှင်းဆုံးပြောရရင် ကျွန်မတို့ ညီအစ်မသုံးယောက်ဟာ ကျွန်မအမေရဲ့ ပုံစံခွက်လေးမှာ ကျဉ်းမြောင်းစွာနေခဲ့ရတဲ့အတွက် သိပ်ကိုမွန်းကျပ်ခဲ့ပါတယ်၊

နောက်ဆုံး မေမေက အရွယ်ရောက်လာတာနဲ့ သူ့ပုံစံ





ခွက်ကနေ အိမ်ထောင်ရေးပုံစံခွက်ထဲကို လွှဲပြောင်းထည့်ပေးတယ်၊ ဝင့်နဲ့ ဆင့်က လက်ခံပေမယ့် ကျွန်မစိတ်ထဲမှာ လုံးဝလက်မခံချင်ဘူး ဦးအောင်ဇေယျ၊ ဒါကြောင့် ကျွန်မကြိုးစားခဲ့တာ၊

ကျွန်မ ဗိသုကာတစ်ယောက်ဖြစ်ချင်တယ်၊ နေအိမ်သည် မိသားစုတစ်ခုတည်းအတွက်သာ ဖန်တီးတဲ့အိမ်ရှင့်၊ လူတွေအတွက် အဆောက်အအုံတွေ အကောင်းဆုံးဖြစ်အောင် ဖန်တီးတတ်တဲ့ ဗိသုကာကောင်းတစ်ယောက်ပဲ ဖြစ်ချင်တယ်၊ ဒါ ကျွန်မရဲ့ဆန္ဒ၊ ကျွန်မရဲ့ မျှော်လင့်ချက်၊ အဲ. . အဆုံးစွန်ပြောရရင်. . ကျွန်မရဲ့အသက်ပါလို့တောင် ပြောလို့ရပါတယ်၊ ဒီအတွက် ကျွန်မကို နားလည်ခွင့်လွှတ်ပေးနိုင်မယ်ဆိုရင် ကျွန်မကို လုံခြုံစိတ်ချသော အဆောင်တစ်ခုမှာ သွားရောက်နေထိုင်မှုအတွက် ဦးအောင်ဇေယျ အကူအညီပေးပါ"

သင့်၏ စိတ်အားထက်သန်စွာဖြင့် မာန်တင်းကာ ပြောသည့်ကြားက မျက်ရည်ကလေး ရစ်ဝဲလာသည်အထိ ရင်နှင့်မဆံ့သော ခံစားချက် ဖွင့်ဟမှုကို အောင်ဇေယျ နားနှင့်မကြားနာပဲ နှလုံးသားဖြင့် နာသောအခါ သူ့နှလုံးသား ထိရှသွားသည်။

"ဒါ မင်းရဲ့ဆုံးဖြတ်ချက်လား ကလေး"

"ဟုတ်ပါတယ်၊ ကျွန်မကိုယ်ကျွန်မကလွဲရင် ကျွန်မယုံကြည်သင့်တဲ့သူဟာ ဦးအောင်ဇေယျလို့ မြင်မြင်ချင်း ကျွန်မတွက်ဆလိုက်မိတဲ့အတွက် ကျွန်မဖွင့်ဟအကူအညီတောင်းဆိုတာပါ၊ ကျွန်မသိပ်မိုက်မဲရာများ ရောက်နေပြီလား"

"မင်း မမိုက်ပါဘူး၊ ဟုတ်တယ် မင်းသိပ်တော်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါလဲ မင်းကို မြင်လိုက်ကတည်းက မင်းဟာ အိမ်ထောင်ပြုသင့်တဲ့ အရွယ်အဟုတ်သေးဘူးဆိုတာရယ်၊ မင်းမျက်လုံးတွေက အိမ်ထောင်ရေးကို လုံးဝစိတ်မဝင်စားဘဲ မိခင်ကို ကြောက်လန့်နေတဲ့ သိုးသူငယ်ကလေးဆိုတာ ငါအကဲခတ်မိတယ်၊ ဒါကြောင့် မင်းအတွက် ငါ အကူအညီပေးချင် ပေးနိုင်အောင်ဆိုပြီး မင်းကို လိုလားတဲ့ဟန်မျိုး ပြခဲ့မိတယ်"

"ကျွန်မ နားလည်ပါတယ်၊ ကျွန်မရဲ့ ငြင်းပယ်လိုက်မှုအတွက် ဦးအောင်ဇေယျရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတယ်လို့ ယူဆရင် ကျွန်မကိုခွင့်လွှတ်ပါလို့ အနူးအညွတ်တောင်းပန်ပါတယ်"

"မလိုပါဘူး သင့်၊ ဒီကိစ္စဟာ မိသားစုနှစ်စု စကားပြောကြတုန်းရှိသေးတာ၊ တိုင်းသိပြည်သိ စေ့စပ်ရသေးတာမှ မဟုတ်ဘဲ၊ ကိုင်း မင်းဘာလုပ်မယ်ဆိုတဲ့ အစီအစဉ်လေးကိုငါသိချင်တယ်၊ မင်းပြောနိုင်မလား"

"ကျွန်မ စာတစ်စောင်ရေးပေးမယ်. .၊ ကျွန်မချစ်သူနောက် လိုက်သွားပြီးဆိုတာမျိုးပေါ့"

အောင်ဇေယျမသိမသာ ပြုံးလိုက်သည်။

သင့်က မယုံသင်္ကာဟန်ဖြင့်. . .

"ကျွန်မရဲ့ ယုံကြည်မှုကို ဦးအောင်ဇေယျ အလွဲသုံးစား မလုပ်ပါဘူးနော်"

"ခက်ပါလား ကလေးရယ်၊ ငါ့ရုပ်က မိန်းမသိပ်လိုချင်နေတဲ့ မယားတမ္ပူပုံများ ပေါက်နေလို့လား"





"ဟာ. . မဟုတ်ပါဘူး"

"ငါလဲမင်းလိုပါပဲ၊ ဘွားဘွားက သူမသေခင် သူ့ရဲ့နောက်ဆုံးမျိုးဆက်ဖြစ်တဲ့ ငါ့ကို စိတ်မချနိုင်ဘူး၊ မြစ်တွေ့လိုချင်လှဆိုပြီး ဇွတ်စီစဉ်တဲ့သဘောမျိုးကြောင့် ငါလဲဘွားချစ်မြေးပီပီ ခေါင်းညိတ်ရတဲ့သဘောမျိုးကလွဲရင် ငါ့မှာ အိမ်ထောင်ပြုချင်တဲ့ဆန္ဒ လုံးဝမရှိသေးဘူးဆိုတာကိုလဲ မင်းခေါင်းထဲစွဲထားပြီး မင်းအစီအစဉ်တွေကို ဆက်ပြောပါဦး"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး"

"ဒါဖြင့် ကျွန်မဆက်ပြောမယ်နော်၊ အဲဒီလို အဆင့်အတန်းမရှိ ကလေကချေ လူမျိုးတစ်ယောက်နဲ့ လိုက်ပြေးသွားပြီဆိုတာ သိရင်ကျွန်မကို ခွင့်မလွှတ်ဘဲ အမွေပြတ်စွန့်လွှတ်လိမ့်မယ် အဲဒီအခါ ကျွန်မအတွက် လွတ်လပ်သွားပြီ၊ အဆောင်နေပြီး. . ကွန်ပျူတာတက်မယ်၊ ပြီးရင်အလုပ်တစ်ခုခုကို ညနေအဆိုင်း သို့မဟုတ် ညအဆိုင်းလုပ်ပြီး ဗိုင်အိုင်တီ ဆက်တက်မယ်လို့ စိတ်ကူးထားတယ်"

အောင်ဇေယျရင်ထဲ ကျေနပ်ခြင်းတို့ဖြင့် သင့်အား စေ့စေ့ကြည့်ကာ ပြုံးပြလိုက်သည်။ ပြီးတော့မှ. .

"ကောင်းပါတယ်၊ သိပ်ကောင်းတဲ့အစီအစဉ်ပဲ၊ အခု မင်း အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ထွက်လာတာနော်"

"ကျွန်မအတွက် ဆင်ထားတဲ့ ပစ္စည်းတွေတော့ ပါပါတယ်၊ နောက်ကျွန်မအတွက် ပေးထားတဲ့ မုန့်ဖိုးတွေနဲ့ စုထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ဘာကြော်စာအုပ် ယူလာတယ်၊ အဲလက်ဝတ်လက်စားကတော့ ဦးအောင်ဇေယျနဲ့ ပြန်ပေးလိုက်မယ် စိတ်ကူးတာပဲ"

"ပေးမနေနဲ့၊ ကလေကချေတစ်ယောက်နောက်ကို လိုက်ပြေးတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ ပစ္စည်းပါ ယူသွားတယ်ဆိုတာက သဘာဝကျပါတယ်၊ မင်းမိခင်ရဲ့ အခြေအနေကို ငါအကဲခတ်ပြီး မီးစင်ကြည့် ကပေးပါ့မယ်၊ အဲ. . တစ်ခုတော့ရှိတယ်၊ လောလောဆယ်တော့ မင်းအဆောင်မငှားနဲ့ဦး. . ၊ အဆောင်ဆိုတာ လူစုံတယ်၊ အဆောင်ငှားသူတွေကလဲ နောက်ကြောင်းအရှုပ်အရှင်းကင်းမှ လက်ခံမှာ၊ မင်းပုံထည့်ပြီး သတင်းစာထဲကနေ ပြန်ခေါ်တာတို့ဘာတို့ မလုပ်ဘူးလို့ မင်းအတတ်ပြောနိုင်မလား"

"အဲဒါတော့ ကျွန်မ မမှန်းဆတတ်ဘူး"

သင့်တွေဝေရပြီ။ ဟုတ်ပါရဲ့။

အောင်ဇေယျက ချင့်ချင့်ချိန်ချိန်ဖြင့်. .

"ဒါဖြင့် လောလောဆယ် လုံခြုံစိတ်ချရမယ့် နေရာတစ်နေရာရာကို မင်း စဉ်းစားပါဦး"

"သူငယ်ချင်းတွေကလဲ သူတို့မိဘ အိမ်သားတွေရှိတယ်ဆိုတော့ ကျွန်မ မယုံကြည်ဘူး"

"ဒီလိုဆိုရင် ငါ့ကို ယုံကြည်သလား"

"ယုံကြည်လို့ ဖွင့်ဟတိုင်ပင်နေတာပေါ့"

"ဒီလိုဆို မင်းကို သံလျင်မှာ ငါဆောက်ထားတဲ့ တိုက်တစ်လုံးရှိတယ်၊ အဲဒီမှာ မင်း သွားနေရဲမလား"





"နေရဲပါတယ်"

"ဒီလိုဆိုရင်ကောင်းပြီ၊ မင်းအတွက် လိုအပ်တဲ့ အသုံးအဆောင်ဝယ်ပြီးတန်းသွားကြမယ်၊ ခြံစောင့် ကရင်အဘိုးကြီးအဘွားကြီး လင်မယားတော့ရှိတယ်၊ သူတို့ကတော့ ငါ့ရဲ့ သစ္စာခံပဲ၊ မင်းအတွက် စိတ်ချရပါတယ်၊ အအေးသောက်လိုက်ဦး၊ ပြီးရင် သွားမယ်"


သင့်ရင်ထဲ လှုပ်ရှားနေသည်။ ဘဝတစ်ခုကို တကယ်စနေရပြီ။

"ဒါဟာ အိပ်မက်မဟုတ်ပါဘူးနော်"

"ဟုတ်တယ် အိပ်မက်ပဲ၊ မင်းဟာ သိပ်ကို အိပ်မက်ဆန်တဲ့မိန်းကလေးပဲ၊ ဒါပေမယ့် မင်းအိပ်မက်လေးဟာ သိပ်ကောင်းတဲ့အိပ်မက်ကလေးဖြစ်လို့ မင်းကိုငါက ဆက်မက်ခွင့်ပေးလိုက်တယ်ဆိုတာတော့ မင်း မှတ်ထားလိုက်ပါ သင့်"

သင့် အောင်ဇေယျ၏စကားဆိုလိုရင်း အဓိပ္ပာယ်ကို ဘားမလည်။ မည်သို့ဆိုစေကာမူ သင့်အနာဂတ်အတွက် သင့်ရင်ခုန်ခြင်းနှင့်အတူ ပျော်ရွှင်လာသည်နှင့်အမျှ. . .

သင့်၏ ခြေလှမ်းများသည် သွက်လက်ကာ ဦးအောင်ဇေယျ၏ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

"မင်းဟာ တော်တော်မာနကြီးတဲ့ မိန်းကလေးပဲ သင့်"

သင့် အောင်ဇေယျဘာကိုဆိုလိုမှန်း နားလည်သည်။

"မိန်းမတစ်ယောက်ဟာ သူစိမ်းယောကျ်ားတစ်ဦးဆီက လက်ဆောင်ပစ္စည်း မယူခြင်းဟာ မာနဆိုရင်လဲ ကျွန်မအဲဒီမာနကိုတန်ဖိုးထားပါရစေ ဦးအောင်ဇေယျ။ ခုလိုဦးအောင်ဇေယျရဲ့ အရိပ်မှာ ခေတ္တနားခိုရတာတောင် မလွှဲသာလွန်းလို့ပါ၊ ဒါကျွန်မ





ရည်မှန်းချက် ပြည့်စုံမှုအတွက်လုံခြုံမှုတစ်ရပ်အနေနဲ့ နားခိုမိခြင်းဆိုတာကိုလဲ ဦးအောင်ဇေယျနားလည်ပေးပါ"

ဦးအောင်ဇေယျ ပခုံးတွန့်ကာ လက်နှစ်ဖက်ကို ဟန်ပါပါခါပြလိုက်ပြီး. . .

"အိမ်တွင်းပုန်းမလေးပေမို့လို့ပဲ၊ မင်းသိပ်စကားတတ်ပါလား သင့်"

"ကျွန်မလောကကြီးကို စာတွေ့အားဖြင့် နဲ့စပ်အောင်လည်ပတ်ထားပြီးပါပြီ ဦးအောင်ဇေယျ"

"ကောင်းပါတယ်၊ ကိုင်းအိမ်ကတော့ သိပ်မကြီးပါဘူး၊ ဒါပေမယ့် မင်းမနေရဲရင်အမိုးကို ခေါ်ထားပေ့ါ"

"မနေရဲစရာမရှိပါဘူး၊ ကျွန်မတစ်ယောက်တည်း နေရတာကိုပဲ သဘောကျပါတယ်"

"ဒါဖြင့် ခုချိန်ကိုယ်ပြန်မှ ယုတ္တိရှိလိမ့်မယ် ထင်တယ်၊ မင်းစာတစ်စောင်လောက် ရေးပေးလိုက်ဦး"

သင့်က အသင့်ဝယ်လာသော ဗလာစာအုပ်၏ အလယ်ခေါင်မှ စာရွက်တစ်ရွက် ဖြုတ်ကာရေးလိုက်သည်။

အောင်ဇေယျသူမ ဘာရေးသည်ကို မသိချင်ပါ။ သူစိတ်ကူးယဉ်ဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးကို လှည့်ပတ်ကြည့်လိုက်သည်။

သူအလုပ်သိပ်များလာပြီး စိတ်ရှုပ်ထွေးလာသည့်အခါ [illegible] ဤအိမ်ကလေးသို့ တစ်ယောက်တည်းလာကာ ဘီယာသောက်၊ သီချင်းနားထောင်။ တစ်ခါတစ်ရံ ကိုယ်တိုင်ဂစ်တာ



www.burmeseclassic.com

www.burmeseclassic.com



တီးပြီး အပန်းဖြေ အနားယူသည့်နေရာလည်းဖြစ်သည်။

"ဦးအောင်ဇေယျ ဖတ်ကြည့်ပါဦး"

သူ့အပါးသို့ရပ်ကာ စာရွက်ကို လက်နှစ်ဖက်ဖြင့် ကမ်းပေးသည်။

အစပထမ သူငြင်းပယ်ရန် စဉ်းစားလိုက်သေးသည်။ သို့သော် . . . သူမ၏ပွင့်လင်းမှုကို သူအသိအမှတ်ပြုသင့်သည်ဖြစ်ရာ သူယူဖတ်လိုက်သည်။

*ကျေးဇူးရှင် ဖေဖေနှင့်မေမေ*

*သမီးအမိုက်မကို ခွင့်လွှတ်ပါလို့ မတောင်းပန်ပါရစေနဲ့၊ ကျွန်မ မေမေ သဘောတူနိုင်သော အရည်အချင်းများမရှိသောသူ . . . သို့သော် ကျွန်မချစ်သောသူနဲ့ လိုက်ပြေးသွားပါပြီ။ ကျွန်မကို မေ့ပစ်လိုက်ပါ။*

*သမီးထွေး*

*သင့်*

"ကောင်းပါတယ်"

"ဒီအတိုင်းပဲ ကည့်လိုက်မယ်၊ စာအိတ်မှာတော့ ဦးအောင်ဇေယျလို့ပဲ တပ်လိုက်မယ်နော်၊ ဒါမှဆိုင်တစ်ဆိုင်မှာ ပစ္စည်းတွေနဲ့ ကျွန်တော့်ကို အိမ်သာတက်ချင်တယ် ပြောပြီး ထွက်သွားလိုက်တာ ပေါ်မလာဘူး၊ နောက်ဆုံးပြန်လာတော့ ဂိတ်မှာ ကားနံပါတ်နဲ့ စာတစ်စောင် ပေးသွားလို့ရတာလို့ ဖြေ





လိုက်ပေါ့၊ ဪ . . . စာအိတ်မှာ ကားနံပါတ်ရေးလိုက်မယ်နော်၊ ယုတ္တိတန်အောင်တော့ ပစ္စည်းတွေနည်းနည်းပါးပါး ဝယ်သွားပေါ့၊ ဒါပေမယ့် အဲ့ဒီကုန်ကျမှုအတွက်တော့ ကျွန်မ အကုန်မခံနိုင်ဘူး"

"ရပါတယ်၊ ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့ပါ့မယ်"

အောင်ဇေယျက ရေပက်မဝင်အောင် ပြောနေသောသင့်၏စကားအဆုံး၌ အပြုံးဖြင့် ဝင်စွက်လိုက်သည်။ သင့် ပေးသော စာအိတ်ကလေးကို ယူလိုက်သည်။ သူ့ကားနံပါတ်ကို ဘယ်အချိန်က သူမမှတ်လိုက်သည် မသိလိုက်။ သူမ၏အစီအစဉ်မျိုး သူ့ခေါင်းထဲ၌မပေါ်ပေါက်ခဲ့။ ဒေါ်မဥ္ဇူထိန်အမေးကို သူ့ခေါင်းခြောက်စွာ စဉ်းစား၍ဖြေရမယ့်ဘေးက ကင်းဝေးသွားသည်။ ဒါကြောင့် မိန်းမများသည် ဖြတ်ထိုးဉာဏ်ပိုကောင်းသည်ဟု သုံးသပ်ကြခြင်းဖြစ်သည် ထင်ပါသည်။

"ဒီလိုဆို ငါသွားတော့မယ်၊ အခြေအနေအရပ်ရပ်ကို ညရောက်ရင် ငါဖုန်းဆက်ပြီး ပြောပြမယ်"

သင့် အောင်ဇေယျအား မော့ကြည့်လိုက်သည်။ သင့်မျက်ဝန်းက ရွှန်းလဲ့နေသည်။ မျက်ဝန်းဖြင့် သူ့အားစကားပြောနေသည်ဟု အောင်ဇေယျသိသည်။

"ကျွန်မကျေးဇူးတင်ပါတယ်လို့ ပြောရင်ကျွန်မရဲ့ ရင်ထဲတောင်နေတဲ့ ကျေးဇူးတရားဟာ ပေါ့ဆသွားနိုင်တယ် . . ၊ ဒါကြောင့် ဦးအောင်ဇေယျကို တင်တဲ့ကျေးဇူးတရား ကျွန်မရင်ထဲမှာပဲ ထားပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇေယျပြုံးလိုက်သည်။ ပြီးတော့ခေါင်းညိတ်လျှက် . . .

"ငါလက်ခံပါတယ်၊ အပြန်အလှန်ပေ့ါ မိန်းကလေးရယ်၊ ငါ့အတွက်လဲ အိမ်ထောင်ရေးက လွတ်ကင်းခွင့်ရခြင်းအတွက်လဲ ငါမင်းကို ကျေးဇူးတင်ပြီး ကျေးဇူးပြုရမှာပါ၊ ကိုင်းသွားပြီ"

အောင်ဇေယျလှည့်မကြည့် တန်းထွက်ခဲ့သည်။ သို့သော် ကားနောက်ကြည့်မှန်မှာတော့ အိမ်တံခါးဝဆီသို့ ကြည့်လိုက်မိသည်။

သို့သော် . . .

အိမ်တံခါးပိတ်လျှက် . . .







# အခန်း(၅)

အောင်ဇေယျ မှင်သေသေဖြင့် အိမ်တွင်းသို့ ဝင်လိုက်သည်။ ဘွားဘွားက သူ့ထံ ခြေလှမ်းကျဲကျဲဖြင့် ရောက်လာသည်။

"ဘယ်လိုလဲမြေး နောက်ကျလှချည်လား"

"ဟုတ်တယ် . . . ဘွားဘွား ပြဿနာတက်ပြီ"

"ဘာ. . ဘာဖြစ်လို့လဲ၊ မထိတ်သာ မလန့်သာ အောင်ဇေယျရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွား အကြောစိမ်းများ ပေါ်လွင်နေသော လက်ကြာစုံသွယ်လျလျဖြင့် ရင်ဘတ်ဖိကာ အောင်ဇေယျအား အလန့်တကြားကြည့်ပြီး ပြောလိုက်သည်။

အောင်ဇေယျက ဘွားအေ၏ ခါးကိုဖက်ကာ ဆိုဖာဆက်တီရှည်ပေါ်သို့ အတူယှဉ်တွဲထိုင်စေပြီးမှ . . .

"ဘွားဘွား စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားပြီး သားပြောတာ နားထောင်နော်"

"ဩော် . . . မြန်မြန်ပြောစမ်းပါ အောင်ဇေယျရယ်၊ နင်ဟာ လူရှည်သလောက် စကားကြောလဲ ရှည်သလား မပြောနဲ့"

"ဘွားဘွားနဲ့တူလို့ဖြစ်မှာပါ။ ဒီလိုဘွားဘွားရေ၊ ဘွားဘွား အင်မတန် သဘောကျလှပါချည်ရဲ့ဆိုတဲ့ ဘွားဘွား ချွေးမလောင်းတော့ ယောက်မမြင်းစီးထွက်သွားပြီ"

ဘွားဘွားမျက်လုံးအစုံ ပြူးလာ ထွက်လာသည်။

"ဟေ. . . ဘယ်လို ယောက်မမြင်းစီးထွက်တာလဲ"

"ကျွန်တော့်ကို ဗိုလ်ချုပ်ဈေးထဲက ဆိုင်တစ်ဆိုင်မှာ မလိမ့်တစ်ပတ် ထားခဲ့ပြီး လင်နောက်လိုက်ပြေးသွားတာ ဘွားဘွားရေ. . . ကျွန်တော့်မှာ တစောင့်စောင့်နဲ့ နောက်ဆုံးပြန်ထွက်အလာ ဂိတ်ကနေ စာတစ်စောင်ပေးတော့မှ ကွက်ကွက်ကွင်းကွင်းသိလိုက်ရတယ် ဘွားဘွား"

လိမ်ညာသောအလုပ်သည် ခဲရာခဲဆစ် အလုပ်တစ်ခုဖြစ်သည်ဆိုရလောက်အောင်ပင် အောင်ဇေယျအတွက် စိတ်





ပင်ပန်းခြင်းဖြစ်မိသည်။

ဘွားဘွားက ရင်ဘတ်ကိုဖိကာ . . .

"ဘုရားရေ. .၊ မင်းဘွားဘွားကို စ,နေတာများလား အောင်ဇေယျ"

မယုံကြည်နိုင်ဟန်ဖြင့် စူးစမ်းသော ဘွားအေ၏မျက်ဝန်းကို အောင်ဇေယျရှောင်လွှဲ၍ . . .

"မယုံရင်လည်း ပုံပြင်လို့သာ မှတ်လိုက်တော့ဗျာ၊ ကျွန်တော်စိတ်ညစ်တယ်၊ ဒါပေမယ့် တော်သေးတယ်လို့ ပြောရမလိုတော့ ဖြစ်နေပြီထင်တယ် ဘွားဘွား၊ စေ့စပ်ပြီးမှသာဆိုရင် ကျွန်တော်တော့ အရှက်ကွဲပြီ"

"အေးပေါ့လေ၊ ဖြစ်သမျှအကြောင်း အကောင်းကြီးပဲလို့သာမှတ်ပေတော့၊ ဘွားဘွားတော့ မယုံနိုင်အောင်ဖြစ်နေတယ်၊ ကလေးမလေးပုံစံဟာ ရည်းစားများပြီး ရှုပ်ရှုပ်ထွေးထွေးနေမယ့်ရုပ်မျိုးလည်း မဟုတ်ပါဘူး၊ ဘယ်လိုဖြစ်တာပါလိမ့် အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ်ထင်တယ်၊ မင်းကများ အထက်စီးက စီးစီးပိုးပိုး ဆက်ဆံလိုက်သလား အောင်ဇေယျ"

"မဟုတ်တာ ဘွားဘွားရာ၊ ကျွန်တော် ဒီလောက်အထိ မမိုက်မဲပါဘူး"

"ဘာပဲဖြစ်ဖြစ် ငါတော့ သူ့မိဘများဆီကို ဖုန်းဆက်မေးဦးမှပဲ"

"မမေးနဲ့ ဘွားဘွား၊ သူတို့က အကြောင်းကြားရမှာ ဒီပျက်ကွက်မှုမှာ ကျွန်တော်တို့ဘက်က ဘာအမှားအယွင်းမှ မရှိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သူတို့ဘက်က အမှားကို သူတို့တောင်းပန်ပါစေ"

ဘွားဘွားက အောင်ဇေယျအား စူးစမ်းသောမျက်လုံး အစုံဖြင့် ပြုံးကြည့်ကာ . . .

"ဒီစကားကို မင်းပြောလိုက်ကတည်းက မင်းမှာမာန ရှိနေတယ်ဆိုတာ ထင်ရှားနေပြီ အောင်ဇေယျ၊ ခုကိစ္စမျိုးမှာ ဒုက္ခရောက်သွားတဲ့ဘက်ကို အသာစီးကရနေတဲ့ဘက်က ဖေးမ သင့်တယ် ယိုင်းပင်းသင့်တယ်၊ မင်းဘာမှ မပြောနဲ့တော့ ငါမေး မယ်"

ပြောပြောဆိုဆိုနှင့် ဘွားဘွား တယ်လီဖုန်းကို ကောက် ကိုင်ကာ ခလုတ်များကို သွက်လက်စွာပင် နှိပ်လိုက်သည်။

အောင်ဇေယျအံ့သြရသည်။ ဘွားဘွားသည် မည်သည့် အချိန်ကများ သင့်တို့ဖုန်းနံပါတ်ကို ရသွားပါလိမ့်။ မှတ်မိနေ လောက်အောင် ဤနံပါတ်ကို မကြာခဏ သုံးစွဲခဲ့ဘူးလေသ လား။ သူ၏အတွေးသည် သူ၏ဘွားဘွား၏လှုပ်ရှားမှုကို လိုက် မမီနိုင်အောင် ဖြစ်ရသည်။

"ဟဲလို ဘွားဒေါ်စံပယ်ရုံပါ၊ ဒေါ်မဥ္စူထိန်များလား ကွယ်"

". . . . . . . . . ."

"ဟုတ်ပ၊ သူပြောပြလို့ တို့များလည်း မယုံကြည်နိုင် အောင်ဖြစ်မိလို့ ချက်ချင်းဆက်လိုက်တာ"

". . . . . . . . ."

"ဟုတ်လား၊ အေးလေ သားသမီးတွေရဲ့ အကျင့်စရိုက်





ကိုမိဘတွေသာ အသိဆုံးပေါ့"

". . . . . . . . . ."

"ဒါပေါ့ . . . ဒါပေါ့"

". . . . . . . . . ."

"ဟုတ်တာပေါ့ . . . လိုအပ်တာရှိရင်ပြောလေ၊ ဘွား ဘွားလဲ ကူညီမှာပေါ့"

". . . . . . . . . ."

"အိုကွယ် . . . ပြောရမယ့်လူတွေလား၊ ဘွားဘွားမြေး လေးသင့်ကို ဘွားဘွားစိုးရိမ်တယ်ကွယ်"

". . . . . . . . . ."

"ကောင်းပြီ၊ ကောင်းပြီ . . ဘွားဘွားလည်း လက်လှမ်း မီသရွေ့ စုံစမ်းပေးမယ်"

". . . . . . . . . ."

"သိပ်ကောင်းတာပေါ့"

". . . . . . . . . . ."

"အန္တရာယ် . . . မဖြစ်အောင် ဓါတ်ပုံနဲ့တော့ မကြေညာ နဲ့ကွယ်၊ နာမည်၊ နိုင်ငံသားစီစစ်ရေးကတ်နဲ့ဆိုရင် ရပ်ကွက် ညွှန့် စာရင်းတိုင်တာနဲ့ မိသွားနိုင်ပါတယ်"

အောင်ဇေယျနဖူးမှ ချွေးလေးများစို့လာသည်။ ကုမ္ပဏီ လုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်ရာ၌ ခေါင်းအေးအေးဆေး ဆေးဖြင့် တည်ငြိမ်စွာ လုပ်ဆောင်နိုင်ခဲ့သော သူ့အတွက် ယခုမှ ဦးနှောက်ခြောက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမများ၏ သဘောထားသည် ခန့်မှန်းရခက်ခဲလေ၏။

ဤပုံအတိုင်းသာဆိုလျှင် ဒေါ်မဥ္ဇူထိန်သည် သူ့သမီး လင်နောက်လိုက်ပြေးခြင်းကို လုံးဝမယုံကြည်သည့်သဘော ဖြစ်သည်။

ဘွားဘွားက တယ်လီဖုန်းချလိုက်ပြီး၊ သူ့အားလှမ်းကြည့်ကာ. . .

"မဥ္ဇူက၊ သမီးမှာ ရည်းစားမရှိတာ သူအသိဆုံးတဲ့လေ"

"ဒါမျိုးက၊ ပိပိရိရိဖြစ်တတ်တဲ့ ကိစ္စမျိုး"

"ဟဲ့. . ငါ့စကား ဆုံးအောင်နားထောင်ပါဦးဟဲ့၊ ဒါနဲ့ သူ့ စိတ်ထဲသံသယဝင်တာနဲ့ သူ့သမီးပစ္စည်းတွေ မွှေနှောက်ရှာဖွေတယ်၊ မချောလေးက ဒိုင်ယာရီရေးတာ ဝါသနာပါတယ်၊ ဒိုင်ယာရီစာအုပ်လေးတွေ ကျန်ခဲ့တာ သူဖတ်ကြည့်တော့အချစ်နဲ့ပတ်သက်ပြီး လုံးဝမပါသလို စိတ်မဝင်စားတတ်သေးဘူး၊ ရင်မခုန်တတ်သေးဘူးလို့ သူယူဆတယ်တဲ့"

အောင်ဇေယျ မျက်လုံးပြူးသွားသည်။

မြွေမြွေချင်း ခြေမြင်သည်ဆိုသကဲ့သို့ မိန်းမသားများ၏ ခြေလှမ်းကို မိန်းမသားတွေသာ မြင်တတ်သည်။

"အဲဒါ သူ့အထင်အရ သင့်ဟာအိမ်ထောင်မပြုချင်သေးတဲ့အတွက် သူငယ်ချင်းတစ်ယောက်ယောက်အိမ်ကို ထွက်ပြေးသွားတာပဲ ဖြစ်မယ်လို့ ယူဆပြီး သူငယ်ချင်းတွေဆီ ဖုန်းဆက်ပြီးပြီတဲ့"





"ဩော်"

အောင်ဇေယျ စကားမှားသွားမှာစိုးသဖြင့် ဘာမှအတွန့်မတက်ဘဲ နေလိုက်သည်။

"သတင်းစာထဲ ကြော်ငြာထည့်ပြီး ခေါ်မယ်တဲ့လေ"

မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်သွားလေပြီ။

အောင်ဇေယျမှာ ကိုယ့်နဖူးကိုယ်မရိုက်မိစေရန် သတိထားလိုက်ရ၏။

"တကယ်လိုက်ပြေးသွားတာ ဆိုရင်ကော"

"ဘယ်တတ်နိုင်မလဲ. . လက်ထပ်ပေးပြီး စောင့်ရှောက်ရမှာပေါ့တဲ့လေ"

အောင်ဇေယျက ထိုင်ရာမှထတာ. . .

"ဒီကိစ္စက သူတို့ကိစ္စပဲ၊ ဘွားဘွားက ကြားကနေ ကောက်ညှင်းမစေး ဆန်ကြမ်းစေးမနေပါနဲ့ဗျာ၊ ကျွန်တော်ကတော့ ဆောရီးပဲ ဘွားဘွား၊ ကျွန်တော့်ကို မလိုချင်လို့ ရည်းစားနောက် လိုက်သွားပါပြီဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ဇနီးအဖြစ် လက်မခံနိုင်တော့ဘူး ဆိုတာတော့ ပြောထားပါရစေ"

"ဟဲ့. . ငအောင်. . ဒီကိစ္စမှာ မင်းဝင်မပါနဲ့၊ ဘွားဘွားကို ရှေ့အဘွားကြီး မော်ဒန်အောက်နေပြီဆိုပြီး ခပ်တုံးတုံးမထင်နဲ့၊ ငါ သင့်ကိုမြေးမတော်ရလဲ အရေးမကြီးဘူး၊ အဲ. . တော်သင့်တော်ထိုက်တဲ့ အရည်အချင်းတစ်ရပ် ရှိနေတယ်ဆိုရင်တော့လဲ သင့်ဟာ လင်နောက်လိုက်ပြေးတာ မဟုတ်ဘဲနဲ့ ကျောင်းဆက်တက်ချင်လို့ သူငယ်ချင်းတစ်ယောက်ယောက်အိမ်မှာ ခိုနားနေ



www.burmeseclassic.com

www.burmeseclassic.com



တာဆိုရင်တော့လဲ ငါလက်မလျှော့နိုင်ဘူး"

"ဒီလောက်တောင် တသင့်သင့်ဖြစ်နေရင်လဲ ဘွားဘွားအိမ်မှာပဲခေါ်တင်ပြီး မြေးအဖြစ်သာ မွေးစားလိုက်တော့ဗျာ"

"အေးဟဲ့ မွေးစားသင့်ရင် မွေးစားရမှာပဲ"

ဘွားဘွားကို တစ်ယူသန်ကြီးပါဟု မစွပ်စွဲရက်သော်လည်း စိတ်တွင်မှာတော့ တဇွတ်ထိုးနိုင်ပါလားဟု ပြစ်မှားမိလိုက်သည်။

"ဘွားဘွားသဘောဗျာ ဘွားဘွားသဘော အပင်ပန်းခံနိုင်ရင် ဝင်ရိုးစွန်းပဲလိုက်ရှာရှာ ကျွန်တော်ဘာမှ မပြောတော့ဘူး"

"ပြောလို့ကောရမလား ဘွားအေကလက်နဲ့ရေးတာကိုမင်းက ခြေနဲ့ဖျက်ခြင်းလို့လား၊ ခုကိစ္စမှာ မောင်မင်းပယောဂတောင်ကင်းရဲ့လား"

"လုပ်ပြီး ဘွားဘွားကတော့"

အောင်ဇေယျ ဘွားအေကိုဖြုံသွားသည်။ မိမိတို့ လွယ်လင့်တကူဖြစ်လာလိမ့်မည် ထင်ထားသောကိစ္စသည် မလွယ်ကူပါလားဟု တွေးမိကာ သင့်နှင့်တွေ့ချင်လာသည်။

အိမ်ဖုန်းနှင့်ပြောဖို့တောင် မလွယ်ကူ၊ အိပ်ခန်းတွင်းရောက်မှ ဟန်းဖုန်းနှင့် ဆက်တော့မည်။

"ထမင်းစားပြီးပြီလား သား"

"အပြင်မှာ စားခဲ့ပြီးပြီ ဘွားဘွားကော"

"စားပြီးပြီ"

"ဒါဖြင့် ကျွန်မတော်နားတော့မယ်"





"အေး. . အေး"

ဘွားဘွားက အိမ်ဖော်ကောင်မလေးများနှင့် အခွေကြည့်ဦးမည်။

အောင်ဇေယျ ပေ့ါပါးစွာပင် အပေါ်ထပ်သို့တက်ခဲ့သည်။

သူ့ရင်ထဲ၌ မီးကောင်ပေါက်အရွယ် လူငယ်တစ်ဦး၏ လှုပ်ရှားမှုမျိုးဖြင့် ရင်ထဲလှုပ်လှုပ်ခတ်ခတ်ကလေး ခံစားနေရသည်။

သူတို့၏ လုပ်ဆောင်ချက်များသည် မှားယွင်းနေပြီလား။

ဒေါ်မညှုထိန်အပေါ်၌သင့်သည် လျှော့တွက်ထားခဲ့ခြင်းကမှားယွင်းနေပြီထင်ပါသည်။

မိန်းမများသည် သိရခက်သည်။ ဒေါ်မညှုထိန်သည် ပညာအရည်အချင်းအားဖြင့် ရှစ်တန်းမျှပင် မအောင်သော်လည်း အင်ဂျင်နီယာဘွဲ့ရ ဦးမြထိန်ကို ရအောင်ယူနိုင်ခဲ့သည့်အပြင် သမီးအကြီး ကိုးတန်းနှစ်နှစ်ကျကာ ကျောင်းထွက်လိုက်ရသော်လည်း ဆရာဝန်တစ်ဦးနှင့် လက်ထပ်စေခဲ့သည်။ ထို့အတူ သမီးလတ်ဆင့်ကိုလည်း နိုင်ငံခြားလိုင်း သင်္ဘောအရာရှိတစ်ဦးနှင့် ပေးစားနိုင်ခဲ့သည်။

ယခု သင့်ကို မိမိနှင့်. . .

မိန်းမများ၏ ကောင်းခြင်းက အဆင်းလား အချင်းလား။



www.burmeseclassic.com

www.burmeseclassic.com



ဝင့်ကော ဆင့်ကော မှုန်နေအောင် ချောကြသည် မှန်သော်လည်း နှစ်ယောက်စလုံး ပညာရေးဘက်၌ မထူးချွန်၊ အိမ်ထောင်ကျပြန်တော့လည်း လင်ယောကျာ်း၏ ချစ်ခြင်းကို ကံကောင်းသွားကြပြန်သည်။

ဒါဆို သင့် အားမကျခြင်းက ထူးဆန်းသည်။

ဘာပဲဖြစ်ဖြစ် ရေချိုးပြီး သင့်ထံသို့ ဖုန်းဆက်ရန် ဆုံးဖြတ်လိုက်သည်။







# အခန်း(၆)

သင့်သည် တိတ်ဆိတ်သော ပတ်ဝန်းကျင်၏ ကြီးစိုးခြောက်လှန့်ခြင်းကို ခံနေရသည်။ အဘယ်မှ သတ္တိရှိသည် ဆိုစေကာမူ စိမ်းနေသောဒေသ၏ စိမ်းကားခြင်းကိုလည်းခံနေရသည်။

"အမိုး လာအိပ်ပေးရမလား၊ ဖိုးမှူ"

အမိုးက ပြောတုန်းကတော့ သင့်အနေဖြင့် အားနာစိတ်ဖြင့်သော်လည်းကောင်း မိမိရွေးချယ်ထားသော လမ်းကို မိမိတစ်ယောက်တည်း သတ္တိရှိရှိ လျှောက်လှမ်းရန် ဆုံးဖြတ်

www.burmeseclassic.com



ထားပြီး ဖြစ်သည်ကတစ်ကြောင်းကြောင့် ငြင်းပယ်လိုက်သည်။

ယခုတော့ တိတ်ဆိတ်သောညချမ်းက သင့်အား စိုးမိုးနေသည်။

"တူတူ. . တူတူ. . တူတူ"

တယ်လီဖုန်းမြည်သံကြောင့် သင့် ဝမ်းမြောက်သွားသည်။ သင့်ထံသို့ ဦးအောင်ဇေယျ ဖုန်းဆက်ခြင်း ဖြစ်သည်ကို သဘောပေါက်ကာ ဝမ်းမြောက်ဝမ်းသာပင် ကိုင်လိုက်သည်။

"ဟလို. ."

"သင့်. . ငါပါ"

"သိပါတယ် ဦးအောင်ဇေယျ၊ ကျွန်မ ဖုန်းစောင့်နေတာ"

"ငါ ဖုန်းဆက်လိမ့်မယ်လို့ မင်း မျှော်လင့်ထားတယ်လား"

"မဟုတ်ဘူး၊ တွက်ဆထားတာပါ"

"ကောင်းပြီလေ ဘာပဲဖြစ်ဖြစ် မင်းကို ကိုယ်ပြောစရာစကားတွေ ရှိနေတယ်"

အောင်ဇေယျသည် သူ ကြားသိရသမျှတို့ကို မချွင်းမချန် သတင်းပေးလိုက်သည်။ သင့် လှုပ်ရှားသွားကာ. . .

"အဲဒါမှ ပြဿနာပဲ၊ ကျွန်မ ဘာဆက်လုပ်ရမလဲ"

"အကောင်းဆုံးကတော့ မင်း အိမ်ထဲကအိမ်ပြင် မထွက်နဲ့ဦး၊ မီးကို ဖွင့်မထားနဲ့"

"မြတ်စွာဘုရား၊ ကျွန်မတစ်ယောက်တည်း မှောင်မှောင်မည်းမည်းမှာ နေရမယ်"





"အမိုးကို ခေါ်ထားလေကွာ"

"အားနာတယ်"

"အားနာစရာမဟုတ်တာကွာ၊ ခု မင်းတစ်ယောက်တည်းလား၊ အမိုးပြန်သွားပြီလား"

"ဟုတ်"

"ခက်တယ်ကွာ၊ လက်နှိပ်ဓာတ်မီးယူပြီး သွားခေါ်လိုက်ပါလား၊ ညရေးညတာ အဖော်တစ်ယောက်တော့ ရှိသင့်တယ်၊ နေဦး၊ နေဦး ငါလာခဲ့မယ်"

"အို ဘယ်ဖြစ်မလဲ၊ မလာပါနဲ့"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလ. . . လူပျိုတစ်ယောက်ဟာ အပျိုတစ်ယောက်ကိုခေါ်လာပြီး ညကြီးအချိန်မတော် လာတွေ့တယ်ဆိုတာ ရိုးသားတဲ့ကိစ္စမဟုတ်ဘူး၊ နောက်ပြီး ညဆိုတာ လူခြေတိတ်တယ်၊ အိမ်တိုင်းမှာ လူရှိတယ်၊ သတိပြုမိစရာ ဖြစ်သွားရင် ဦးအောင်ဇေယျအတွက်. . အထူးသဖြင့် ကျွန်မအတွက် သိပ်ထိခိုက်နစ်နာစေတဲ့ သတင်းစကားမျိုး ဖြစ်သွားနိုင်တယ်၊ ပေါ့စေလိုလို့ ကြောင်ဆေးထိုး ဆေးအတွက်ကြောင့်လေး ဆိုသလို ဖြစ်သွားမှာစိုးရတယ်၊ ဒါကြောင့်ပါ"

"မင်း မမောဘူးလား သင့်"

"ဘာအတွက် မောရမှာလဲ"

"ငါ့ကို ရှင်းပြနေတဲ့အတွက်လေ၊ ငါနားလည်ပါတယ်၊ စိုးရိမ်သွားလို့ပါ၊ ဘာပဲဖြစ်ဖြစ် ကိစ္စတစ်ခုခုကြုံရင် ငါ့ရဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲဆက်လိုက်နော်"

"ဟုတ်ကဲ့"

"မင်း ညနေစာ စားပြီးပြီလား"

"စားပြီးပါပြီ၊ အမိုးတို့ ချက်ကျွေးတယ်၊ ကရင်မျှစ်တာလပေါဟင်းက သိပ်ကောင်းတာ၊ ကျွန်မ တစ်ခါမှ မစားဖူးဘူး၊ မေမေကလေ ဟိုတယ်စာချက်ပြီး ကြွားလုံးထုတ်ဖို့လောက်သာဂရုစိုက်တဲ့လူဆိုတော့ ကျွန်မ တိုင်းရင်းသားအစားအစာတွေကို အခုမှစားရတာ၊ ကျွန်မအတွက် လောကသစ်တစ်ခု ရောက်နေသလိုပဲ၊ ဒီအတွက် ဦးအောင်ဇေယျကို ကျေးဇူးတင်ရမလိုဖြစ်နေပြီ"

သင့် ဘာဖြစ်လို့ စကားတွေကိုသိပ်ပြောနေသည်မသိ။ တိတ်ဆိတ်ခြင်း၊ အဖော်မဲ့ခြင်းကြောင့် တွယ်မိတွယ်ရာကို ဆုပ်ကိုင်ခြင်းလား။

"ထင်ရမလိုလိုဆိုရင် မထင်ပါနဲ့ဦး၊ ကိုင်း. . မင်း သိပ်ညဉ့်မနက်ခင် အမိုးကို သွားခေါ်လိုက်ဦး၊ အမိုးကိုခေါ် အိပ်. . ဘယ်လောက်ပဲ သတ္တိကောင်းတယ်ပြောပြော သွေးလန့်တတ်တယ် သွားခေါ်လိုက်ကွာ၊ ငါပြီးရင် ဖုန်းပြန်ဆက်မယ်"

သင့် ဘာမှ ပြန်မပြောလိုက်နိုင်ခင် သူဖုန်းချသွားလေပြီ။ သင့်ချီတုံချတုံဖြစ်သွားသည်။

ဘာကြောင့် လန့်စရာရှိရမည်နည်း။ အိမ်နှင့်မလှမ်းမကမ်း ကားဂိုဒေါင်၏ အပေါ်ထပ်၌ အမိုးတို့လင်မယား ရှိနေပြီပဲ၊ မိမိဘဝကို မိမိဘာသာ ရုန်းကန်ရုန်းဆုံးဖြတ်ပြီး လုပ်ခဲ့သည့်ကိုယ့်





ကို ယခုသူတစ်ပါး အကူအညီယူနေရသည်။ ကျေးဇူးတရားတွေသိပ်များပြားလာလျှင်မကောင်း။

တယ်လီဖုန်းကို အိပ်ရာနားသို့ ရွှေ့ပြောင်းပြီး အိပ်ရာပေါ်၌ ကြောဆန့်လိုက်သည်။ ညမီးလုံးပြာပြာကလေးကိုတော့ ဖွင့်ထားလိုက်သည်။ ဤအိမ်၌ အဘယ်မျှကြာကြာ ခိုအောင်းရဦးမည်ကို သင့် ခန့်မှန်း၍မတတ်အောင်ဖြစ်သွားရပြီ။

အချိန်မည်မျှကြာသွားသည်ကို မသိလိုက်ခင်၌ တယ်လီဖုန်းမြည်သံ ထပ်မံထွက်ပေါ်လာသည်။

"ဟလို"

"ခေါ်ပြီးပြီလား သင့်"

"မခေါ်တော့ဘူး"

"ဟင် ဘာဖြစ်လို့လဲ"

"ကိုယ်ရွေးချယ်ထားတဲ့လမ်းကို ကိုယ့်ဘာသာ ကိုယ်ရဲရဲတင်းတင်း လျှောက်သင့်တယ်ထင်လို့ပါ၊ ဒါပဲနော် ဂွတ်နိုက် ဦးအောင်ဇေယျ၊ ကျွန်မအိပ်တော့မယ်"

သင့် တစ်ဖက်မှ တုံ့ပြန်မှုကိုမစောင့်ဆိုင်းဘဲ တယ်လီဖုန်းကို ချလိုက်သည်။ ရုတ်တရက်တော့ အိပ်မရပါချေ။

ဦးအောင်ဇေယျအကူအညီကို ယူလိုက်ခြင်းက မှားများနေပြီလား ဟူသောအတွေးဖြင့်. .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

အောင်ဇေယျစိတ်တို့သည် သန်လျင်အိမ်သို့ ရောက်နေသည်။ အလုပ်လုပ်ရသည်ကိုလည်း စိတ်မဖြောင့်နိုင်။

မနေ့ကတစ်နေ့လုံး ဖုန်းမဆက်ဘဲ နေကြည့်သည်။ လူကိုယ်တိုင်မသွား။ သို့သော် ဖုန်းသံမြည်တိုင်း 'သင့် ထံကများလား' ဟူသောအတွေးဖြင့် ရင်ထဲလှုပ်လှုပ်ရှားရှားဖြစ်သွား တတ်သည်မှာတော့ သေချာသည်။ သူ၏ စိတ်လှုပ်ရှားရိုက်ခတ်မှုကို





သူအံ့သြရသည်။

ညနေအလုပ်ကိစ္စများအား ပြီးစီးတော့ သူ၏ ဦးတည်ချက်သည် သန်လျက်ဘက်သို့ ဖြစ်သွားသည်။ လိုအပ်မည်ထင်သော စားသောက်ဖွယ်ရာနှင့် ညကမိုးတစိမ့်စိမ့်အေးမှုကို သတိပြုမိကာ သူမဝယ်သွားသော အဝတ်အစားလေးစုံ၌ အနွေးထည်မပါခြင်းကိုလည်း သတိပြုမိကာ အနွေးထည်နှစ်ထည်ဝယ်လိုက်မိသည်။

အောင်ဇေယျ သင့်ကို အကူအညီပေးလိုက်ခြင်းကများများသွားပြီးလား။

အမှန်တကယ်ဆိုလျှင် သင့်ကဲ့သို့ ဖူးပွတ်နေအောင် ချောမောသောမိန်းကလေး။ ခြောက်ပစ်ကင်း သဲလဲစင်ဆိုရလောက်အောင် ရည်းစားသနံမရှိ၊ အချစ်ကိုနားမလည်သလို မကိုးကွယ်တတ်သော မိန်းကလေးကို သူရယူပြီး အိမ်ထောင်ရေးမှစ၍ အချစ်ကိုတူးဖော်လိုက်လျှင် ကောမရနိုင်ဘူးလား။

အောင်ဇေယျအတွေးတို့သည် သန်လျင်အိမ်သို့ရောက်သောအခါ၌ ပျက်စီးသွားရသည်။

တံခါးမကြီးသော့ကို အသံပေးပြီး ဖွင့်လိုက်သည်။

တံခါးမကြီး အိမ်ထဲသို့ အသံပြုကာ ဝင်လိုက်သည်။

"ဘယ်လိုလဲ တိတ်ဆိတ်နေပါလားသင့်၊ အမိုး"

ထိုအချိန်၌ အိမ်နောက်ဘက်မှ အမိုးဝင်လာသည်။

"ဖိုးခွားကားသံကြားလိုက်လို့ အမိုးဝင်လာတာ"

"သင့်ကော"



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးမူမရှိတော့ဘူး"

"ဗျာ"

အောင်ဇေယျနားသို့ မိုးကြိုးနှင့်ပစ်ခွင်းခံလိုက်ရသကဲ့သို့ဖြစ်သွားသည်။

"သူ့အိပ်ရာဘေးက စာတစ်စောင်ရတယ်၊ အဲဒါအမိုးတို့လည်း ဖိုးခွားကို အကြောင်းကြားဖို့ ဖထီးလိုက်သွားတယ်"

"စာကော"

"ဖထီးဆီမှာ"

"ဒုက္ခပါပဲ၊ ဖထီးက ဘယ်ကိုလိုက်သွားတာလဲ၊ ဖုန်းဆက်ပါလား"

"တယ်လီဖုန်းဆက်ဖို့က မေမေကြီးနဲ့တိုးမှာကြောက်တယ်ဆိုပြီး ဖိုးခွားရုံးကို လိုက်သွားတာ"

"ဘယ်အချိန်ကထွက်သွားတာလဲ"

"မသိလိုက်ဘူးဖိုးခွား မနက်စာထမင်းတောင် အမိုးတို့နဲ့အတူစားသောက်ပြီး တစ်ရေးအိပ်ဦးမယ်ဆိုပြီး ဝင်သွားတာပဲ၊ အမိုးလဲဆန်ပြာပြီး ခဏအိပ်လိုက်တယ်၊ မင်းဖထီးကလဲ ဈေးထဲမှာ မျိုးစေ့လေးတွေ သွားဝယ်ရင်း ပန်းဖိုးအသီးအနှံပိုးလေးတွေ လိုက်သိမ်းဖို့သွားတယ် ညနေထမင်းစားခါနီးလောက်မှာ အမိုးဒီအိမ်ထဲဝင်လာတော့ မရှိတော့ဘူး၊ လိုက်ရှာတာလဲ နှံ့လို့ အိပ်ရာဘေးမှာ ဖိုးခွားနာမည်တပ်ထားတဲ့ စာအိတ်တွေ့တာနဲ့ ဖထီးက ဖိုးခွားကိုပေးမယ်ဆိုပြီး လိုက်သွားတာ"

"ကားဂိတ်တွေ ဘာတွေကော သွားမရှာဘူးလား"





"ဖထီးကသွားရင်းလာရင်း ရှာသွားမယ်ပြောတာပဲ အမိုး အပြစ်ပါ"

အမိုးက မျက်စိပျက် မျက်နှာပျက်ဖြစ်ပြီး သေချာစွာရှင်းပြလေသည်။

အောင်ဇေယျ သက်ပြင်းတစ်ချက် ချလိုက်လေသည်။ ပြီးတော့မှ. . . .

"ကျွန်တော် လိုက်ရှာလိုက်ဦးမယ်၊ ဖထီးပြန်လာရင် အိမ်မှာပဲစောင့်ခိုင်းထား"

"အေး. . . အေး"

အောင်ဇေယျ ကားမောင်းရင်း စဉ်းစားလိုက်သည်။ ဘယ်လိုမောင်းရမည်နည်း။ သန်လျင်ကားဂိတ်သို့ မရောက်မလည် သွားကြည့်သည်။ သင့်နှင့်တူသော အရိပ်အရောင်မျှပင် မတွေ့။

သင့်အတွက် စိုးရိမ်ပူပန်မှုက ကြီးစိုးလာသည်။ သင့်ကဲ့သို့လှပချောမောသော မိန်းကလေးအတွက် အန္တရာယ်သည်အမြဲတမ်းလက်တစ်ကမ်းအကွာ၌ ရှိနေတတ်သည်။

သူမထွက်ပြေးခြင်းကို လက်ခံအကူအညီပေးခဲ့သူသည် သူသာလျှင်ဖြစ်သည်။ သူမသာ တစ်စုံတစ်ခုဖြစ်ခဲ့ပါလျှင် သူပယောဂမကင်း။

အောင်ဇေယျ မတွေးရဲအောင်ဖြစ်သွားသည်။

ရန်ကုန်ဘူတာကြီးသို့ ကားကိုဦးတည်လိုက်သည်။ မန္တလေးသို့ အဆန်အထူးတွဲရထားထွက်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇေယျ မီးရထားရုံပိုင်ရုံးခန်းသို့ ဝင်လိုက်သည်။ အောင်ဇေယျပစ္စည်းများ ပို့နေကျဖြစ်သဖြင့် အကျွမ်းဝင်ပြီးသားဖြစ်ရာ မန္တလေးသို့ ထွက်ခွာသည့် စာရင်းကိုလွယ်လင့်တကူရရှိလိုက်သည်။

"သင့်မဥ္ဇူထိန် . . . တွေ့ပြီ၊ တွေ့ပြီ"

သည်နာမည်မျိုးကဲ နှစ်ယောက်မရှိနိုင်။

"ကျေးဇူးတင်တယ်ဗျာ သွားမယ်"

ရုံပိုင်ကိုနှုတ်ဆက်ပြီးသူထွက်ခဲ့သည်။ ဆယ်နာရီအရောက်ခရီးပေါက်စေမည့် ခရီးလမ်းကို စဉ်းစားလိုက်သည်။ ပဲခူးဘက်ကလမ်းတိုသော်လည်း ရေတိုက်စားမှုကို တစ်မိုးတွင်းလုံးခံစားခဲ့ရသော လမ်းများဖြစ်၍ချိုင့်ခွက်များက ပေါလှသည် . . ။ နိုဝင်ဘာဆိုသောကာလသည် ပြင်ပြီးကောင်းပြင်ပြီးနေလိမ့်မည်။ ထိုလမ်းကိုပင် ရွေးချယ်လိုက်သည်။

ကားကို တောက်လျှောက်ပင် မောင်းထွက်ခဲ့သည်။ ရှင်းသောနေရာအရောက်၌ ဖုန်းဖြင့် ဘွားဘွားထံ ဆက်လိုက်သည်။

"ဟဲလို"

"ဘွားဘွား ကျွန်တော်ပါ"

"ပြန်မလာသေးဘူးလား၊ ဘွားဘွား ထမင်းစားစောင့်နေတယ်"

"မစောင့်နဲ့တော့ ဘွားဘွားရေ၊ ကျွန်တော် အရေးပေါ်ကိစ္စရှိလို့ မန္တလေးကို ထွက်သွားပြီ၊ အခု ထောက်ကြံ့နားရောက်နေပြီ"





"ဟော . . မင်းကတော့ လုပ်လိုက်ရင် ဒီလိုချည်းပဲ၊ ကားပေါ်က ဆက်တာလား"

"ဟုတ်ကဲ့"

"ဒီလိုဆို ငါဘာမှမမေးတော့ဘူး၊ တစ်ခုပဲမေးမယ် ဘယ်နေ့ပြန်လာမှာလဲ"

"မသိသေးဘူး၊ မန္တလေးရောက်ရင် ကျွန်တော်ဆက်ပါ့မယ်၊ အလုပ်ကိစ္စအရေးကြီးလို့ပါ"

"အေးအေး ကားမောင်းရင်း ဖုန်းဆက်တာဘွားဘွားမကြိုက်ဘူး၊ ဒါပဲနော် ချလိုက်တော့မယ်"

"ဟုတ်ကဲ့"

အောင်ဇေယျ သက်ပြင်းချလိုက်ရပြန်သည်။ တော်သေးသည်ဟု ဆိုရမည်။ ဘွားဘွားက ကားမောင်းရင် ဖုန်းပြောခြင်းကိုမကြိုက်သဖြင့် ရှည်ရှည်ဝေးဝေးမေးမြန်းမနေသဖြင့် သူလိမ်ညာရသက်သာသွားသည်။

ဖထီးထံ၌ ရှိနေသော သင့်၏စာကို ဖတ်ချင်သောဆန္ဒဖြစ်မိသော်လည်း သင့်နှင့်တွေ့ဖို့က အရေးကြီးနေသည်။

ညလုံးပေါက်မောင်းဖို့အတွက် အိပ်မငိုက်ရန်အရေးကြီးသည်။

အိပ်မပျော်ရန် သူ့အတွေး၌ ကြီးစိုးလာသည်က သင့်မဥ္ဇူထိန်။

ဤကလေးမအတွက်သူမှာ လောလောဆယ် အချိန်တွေပေးဆပ်နေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်နည်း။

သူမဒုက္ခရောက်မှာ စိုးရိမ်၍လား။

စိုးရိမ်ခြင်းသည် ဘယ်ကပေါက်ဖွားလာသနည်း။

အောင်ဇေယျလိန့်သွားသည်။

အချစ်ဆိုသော တဏှာတစ်ကောင် သူ့နှလုံးသားတံခါးဝကိုရောက်နေပြီထင့်။







# အခန်း(၈)

သင့် တစ်ညလုံးကောင်းစွာအိပ်မရချေ။ အရာရာသည် သင့်အတွက် သတိထားစရာဖြစ်နေသည်။ စိတ်ချလက်ချအိပ်ရအောင်ကလည်း အဖော်မပါ၊ ဘေးကပ်လျက်ခုံ၌ အမျိုးသမီးကြီးတစ်ဦးနှင့်ကျခြင်းသည် တံကောင်းခြင်း၏ မျက်နှာသာပေးခြင်းကို ခံနေရသေးသည်ဟု သင့်တွေးမိကာ စိတ်သက်သာရာ ရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုအမျိုးသမီးကြီးက ရထားစထွက်ပြီး မကြာခင်၌ပင် တရှူးရှူးနှင့် အိပ်ပျော်သွားလေသည်။

သင့် စကားပြောရသက်သာသည်ဟု တွေးလိုက်မိသော်လည်း သူမ၏အသက်ရှူသံ ပြင်းပြင်းကြီးသည် သင့်အား အနှောင့်အယှက်ဖြစ်စေသည်။

မန္တလေး၌ သင့် သူငယ်ချင်းနှစ်ဦးရှိသည်။ သူတို့သည် သင့်အား လက်ခံတန်ကောင်း၏ဟူသော သင့်၏မျှော်လင့်ချက်သည် သင့်၏အားဆေးပင်ဖြစ်သည်။

ဦးအောင်ဇေယျနှင့် လက်မထပ်ချင်သော မိမိအတွက် သူ၏ အကူအညီယူကာ သူ့အိမ်၌ခိုကပ်နေရခြင်းသည် ဘာအဓိပ္ပာယ်ရှိသနည်း။ ယောကျ်ားပျိုတစ်ယောက်၏အိမ်၌ သူစိမ်းမိန်းမတစ်ယောက် နားခိုခြင်းသည် သင့်တော်သောအလုပ်လား၊ လုပ်သင့်လုပ်ထိုက်သောအလုပ်လားဟု ညကတွေးမိပြီး အမိုးတို့မသိအောင်ထွက်ခဲ့သည်။ ကံကောင်းထောက်မစွာဖြင့် လမ်းခရီးတစ်ခုလုံး ချောချောမောမောဖြစ်ခဲ့သည်။

ဦးအောင်ဇေယျ သိသွားလျှင် ဘာဆုံးဖြတ်မည်နည်း။ သူ့အတွက် ဝန်တစ်ခုပေါ့သွားပြီဟုဆိုကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်မည်လား။

မှေးခနဲ အိပ်ပျော်သွားလိုက် နိုးလိုက်နှင့်ရောင်နီပျို့အလာနှင့် ခရီးသည်တို့ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

သင့်ဘေးနားမှ အမျိုးသမီးကြီး နိုးလာပြီး စင်ပေါ်မှ သူမ၏ ပစ္စည်းများကို ယူချလေသည်။





"ကလေးမကော ဘာပစ္စည်းမှမပါဘူးလား၊ အဒေါ် ချပေးရမလား"

"မပါပါဘူး ဒီအိတ်တစ်လုံးပဲ"

"ဪ အလည်သက်သက်လား"

"ဟုတ်ကဲ့"

"ဘယ်သွားမှာလဲ"

"ကျွဲဆည်ကန်ရပ်"

"ဪ . အဒေါ်က ခရီးတူရင် ကားစပ်ငှားမလို့"

"မတူဘူးလား"

"မတူဘူး တခြားစီပဲ"

သင့်ဆက်မမေးတော့။ ရထားသည် မန္တလေးဘူတာရုံအတွင်းသို့ အရှိန်သတ်ဝင်လာသည်။

သင့်သည် ကျောပိုးအိတ်ကလေးကို လွယ်ကာရပ်လိုက်သည်။ အငှားကားတစ်စီးဖြင့်သွားရန် ဆုံးဖြတ်လိုက်သည်။

ရထားအရပ်၌ သူများနည်းတူ တိုးဝှေ့ဆင်းခဲ့သည်။

မန္တလေးမြေ၏ ခပ်စိမ်းစိမ်းကြည့်မှုကို သင့်ခံစားလိုက်ရသည်။ သင့်တစ်ခါမှ မရောက်ဖူးသော အရပ်ဒေသတစ်ခုဖြစ်သည်။

ပလက်ဖောင်းနှင့် သင့်ခြေလှမ်းအထိ၌ သင့်ရင်ခုန်သွားသည်။

သင့်လျှောက်လှမ်းရမည့် ခရီးလမ်းက ဘယ်လိုပုံမျိုးရှိသည်ကို သင့်ခန့်မှန်း၍ မရနိုင်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



လေး. . . ငါး. . . လှမ်းပဲလျှောက်ရသေးသည်။

"သင့်"

"ဟင်"

သင့်ပါးစပ်အဲ့ဟောင်းသား ဖြစ်သွားသည်။

ဦးအောင်ဇေယျသည် သင့်အပါးအမီလိုက်၍ နှုတ်ဆက်ကာပြုံးပြသည်။

"မင်းကတော့ကွာ လုပ်လိုက်ရင် တစ်ဖွတ်ထိုးပဲ၊ ဒါအခု ဘယ်သွားမလို့လဲ"

သူ့အမေးကို သင့်မဖြေနိုင်သေး၊ သင့် သိလိုသည်ကို အရင်မေးလိုက်သည်။

"ဦးအောင်ဇေယျ မန္တလေးကို ဘာလာလုပ်တာလဲ"

"မင်းနောက် လိုက်လာတာ"

"ရှင်"

"ဟုတ်တယ်"

သင့် အံ့အားသင့်ကာ ကြက်သေသေသွားသည်။

သင့်အတွေး၌ ဤအကြောင်းအရာတွေ ဘာဖြစ်၍များ မဝင်လာရသနည်း သင့်လုံးဝမျှော်လင့်မထား။

"ကိုင်း မင်းဘယ်သွားမလို့လဲ"

"ကျွန်မ သူငယ်ချင်းအိမ်"

"ငါလိုက်ပို့ပေးမယ်"

"ဘယ်ဖြစ်မလဲ"

သင့် စိတ်ရှုပ်သွားသည်။





"ဘာဖြစ်လို့ မဖြစ်ရမှာလဲ"

"ဟာ. . ကျွန်မခြေထောက်ပေါ် ကျွန်မ ရပ်တည်စမ်းပါရစေ၊ ကျွန်မကို ရေသာခိုတတ်တဲ့စိတ်ဓာတ်ဝင်အောင် မဖန်တီးချင်စမ်းပါနဲ့ ဦးအောင်ဇေယျ"

အောင်ဇေယျ မျက်နှာတင်းသွားသည်။

"မင်းကို ငါနားလည်သလို လောကကြီးရဲ့ အကြောင်းကို မင်းထက်ငါ ဆယ့်လေးနှစ်စောပြီး ရောက်ခဲ့လို့ ဆယ့်လေးနှစ်စာ ငါသိနေတယ်၊ ဒီနေ့သတင်းစာမှာ မင်းနာမည်နဲ့ မင်းမိဘတွေက ကြော်ငြာထည့်လိုက်ပြီ၊ လက်ခံထားသူကိုဖြားယောင်း သွေးဆောင်မှုနဲ့ အရေးယူမယ်ဆိုတာပါတော့ မင်းကို မင်းသူငယ်ချင်းတွေက လက်ခံထားချင်တယ်ထား သူ့မိဘတွေက လက်ခံရဲပါ့မလား"

သင့် စိတ်ရှုပ်သွားသည်။

"ကျွန်မကို စိတ်ပျက်အောင် ပြောနေတာလား"

"မင်း တွေးတောဆင်ခြင်တတ်အောင် ပြောနေတာ"

"ကျွန်မကို တွေဝေအောင် လုပ်နေတာ၊ နေပါစေ သူတို့ လက်မခံတော့လဲ ကျွန်မရဲ့ ကံတရားပဲပေါ့၊ ကျွန်မ သွားမယ်"

"ငါ လိုက်ပို့ပေးမယ်လို့ မင်းကို ပြောနေတယ်"

အောင်ဇေယျက ခပ်မာမာပြောလိုက်သည်။

"ဒီမှာ ဦးအောင်ဇေယျ ရှင်နဲ့ကျွန်မ ဘာမှမဆိုင်ဘူး၊ ကျွန်မရဲ့လွတ်လပ်ခွင့်ကို ရှင်မပိုင်စိုးချင်နဲ့ မရဘူး"

"ကောင်းပြီလေ မင်းသွားနိုင်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇေယျက မာနဖြင့် သူ့အားခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း သင့်သဘောပေါက်ပါသည်။

သင့် နောက်မကြည့်ဘဲ ဘူတာရုံအတွင်းမှ ထွက်ခဲ့သည်။ သုံးဘီးတစ်စီးကို ငှားလိုက်သည်။ ကားခတွေသည် ရန်ကုန်ထက် ဈေးကြီးသည်ကတော့ သေချာသည်။

သင့် မကြာခင်သိလိုက်သည်က သင့်၏ကားနောက်သို့ ဦးအောင်ဇေယျ ကားဖြင့်လိုက်လာခြင်းပင်။







# အခန်း(၉)

“ဟယ်. . သင့်၊ ဒုက္ခပါပဲ နင် ရောက်လာတယ်”

သူငယ်ချင်း ထူးထူးက ပန်းပင်ရေလောင်းနေရာမှ ခြံတံခါးဝတွင် ဟွန်းသံနှင့်အတူ ရပ်လိုက်သော သုံးဘီးတစ်စီးကြောင့် လှမ်းအကြည့်တွင် သင့်ကိုတွေ့သဖြင့် ရေပိုက်ပစ်ချပြီး ပြေးလာရင်း နှုတ်မှထွက်လိုက်သော ထူးထူးစကားကြောင့် သင့်ရင်ဝကို ဆီးကြိုအကန်ခံလိုက်ရသကဲ့သို့ ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကားဆရာ ခဏနေပါဦး"

သင့် ဆုံးဖြတ်ချက်တစ်ခုကို လျှပ်တစ်ပြတ် ချမှတ်လိုက်ပြီး သုံးဘီးဆရာကို လှမ်းပြောသည်။ ထို့နောက် ခြံဝသို့ကပ်လာသော ထူးထူးအနီးရပ်ကာ. . .

"ငါလာတာ နင့်အတွက်ဒုက္ခလား ထူးထူး"

"မဟုတ်ပါဘူးဟယ် အန်တီက ညတိုင်းဖုန်းဆက်တယ် နင်လာမလား၊ လာလို့ရှိရင်လဲ သူ့ဆီကို အကြောင်းကြားဖို့ ငါ့မိဘတွေကို ပြောထားတာ"

"ဒီတော့ အန်ကယ်လ်တို့က ဘာပြောသလဲ"

"ဘာပြောရမှာလဲ လာရင် စောင့်ရှောက်ပြီ ခေါ်ထားပါ့မယ် ပြီးရင် ဒေါ်မြူထိန်ဆီ အကြောင်းကြားပါ့မယ် စိတ်ချပါလို့ ပြောတာပေါ့"

သင့်အတွက် ပြေးစရာနေရာသည် ကျဉ်းမြောင်းနေပြီလား စိတ်ဓာတ်ကျသွားသည်။

"အဲဒါ ဖေဖေတို့တွေ့သွားရင် နင့်ကိုလက်ခံထားမှာပဲ ဒါပေမယ့် အန်တီကိုတော့ လူကြီးပီသစွာနဲ့ အကြောင်းကြားလိမ့်မယ်ဆိုတာ သေချာတယ်"

"ဒါဖြင့် ငါပြန်မယ်"

"ဟင်. . နင် ဘယ်သွားမှာလဲ"

"အေးနွယ်ဆီကို သွားကြည့်ဦးမယ်"

"အတူတူပဲ အေးနွယ်တောင် ငါ့ဆီဖုန်းဆက်ပြီး နင်လာမလာမေးသေးတယ်၊ မေးတော့ ငါတို့နင့်အတွက် တိုင်ပင်ထား





တာရှိတယ်. . လာ. . လာ"

ထူးထူးက သင့်အား ခြံစည်းရိုးကွယ်ရာသို့ ဆွဲခေါ်လာပြီး. . .

"စစ်ကိုင်းတောင်ရိုးက သရက်ချောင်မှာ တို့ဘွားလေး သီလရှင် ဇရပ်ရှိတယ်၊ နင်အဲဒီကို သွားနေမလား၊ ငါအကြံအဖန်လုပ်ပြီးထွက်ခဲ့မယ်၊ ပြီးရင် လိုက်ပို့ပေးမယ်၊ အေးနွယ်ဆီလဲ ငါဖုန်းဆက်ပြီး အကြောင်းကြားလိုက်မယ်၊ သူပါ လိုက်ခဲ့လိမ့်မယ်၊ နင် ဘယ်ကစောင့်နေတယ်ဆိုတာသာပြော"

သင့် ကြေကွဲမှုကို ထိန်းချုပ်လိုက်သည်။ မိဘကို မလွန်ဆန်နိုင်သော သူငယ်ချင်းများ၏ စေတနာကို သင့်နားလည်ပါသည်။

"ရပါတယ်ဟာ နင်တို့စေတနာကို ငါနားလည်ပါတယ်၊ ဒါပေမယ့် လောကီအတွက် ချောင်ပိတ်သလိုဖြစ်နေတဲ့ နေရာမှာတော့ ငါမနေနိုင်ဘူး၊ ငါ့လမ်း ငါပဲလျှောက်တော့မယ်"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် နင် ငါ့ကိုတစ်ခုတော့ ကတိပေးပါ၊ ငါ မန္တလေးကိုရောက်နေကြောင်း နင့်မိဘတွေကို အကြောင်းကြားပေးလိုက်ပါ"

"ဟင် ဘာဖြစ်လို့"

"ဒါမှ လမ်းလွဲသွားမှာလေ၊ ကိုင်း ငါသွားမယ်ဟာ"

သင့် ထူးထူးအား ကျောခိုင်းပြီး သုံးဘီးရှိရာသို့ ပြန်လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်း၌ ရပ်နေသော ဦးအောင်ဇေယျ၏ကားကို သင့် လှမ်းတွေ့လိုက်သည်။

သို့သော် သုံးဘီးကားပေါ်သို့သာတက်ပြီး. . .

"ဦးလေး ဘုရားကြီးကိုသာ ပို့ပေးပါ"

"ကောင်းပြီ ကလေးမ"

သုံးဘီးကား ထွက်လာသည်။

သင့်ရင်ထဲ၌ ဆို့တက်လာသည်။ သင့်အတွက် နေစရာကို သင့်စဉ်းစား၍မရပါ။ တည်းခိုခန်းတို့ ဟိုတယ်တို့လည်း သင့်လို မိန်းကလေးတစ်ယောက်တည်း တည်းခို၍မသင့်တော်ပါ။

သင့် ဘယ်ကိုသွားပြီး ဘာဆက်လုပ်ရမည်နည်း။

သင့်အတွက် အလုံခြုံဆုံးနှင့် စိတ်အချရဆုံးနေရာသည် လောလောဆယ် တစ်နေရာသာ ရှိတော့သည်။







# အခန်း(၁၀)

အောင်ဇေယျ သင့်နောက်ပါးမှ ကပ်၍လိုက်ခဲ့သည်။

သင့် မဟာမြတ်မုနိဘုရားရုပ်ပွားတော်ရှေ့၌ ဦးချဝပ်တွားရှိခိုးနေသည်။ အောင်ဇေယျ သူမဘေး၌ ထိုင်ကာ ဦးချလိုက်ပြီး သူမအား စောင့်ဆိုင်းနေလိုက်သည်။

သင့်၏ အလှကို သူသုံးသပ်မိသည်။ ပြစ်မျိုးမဲ့မထင်အောင် အလှကြွယ်သည့်မိန်းကလေးဖြစ်သည်။ သင့်အလှကို

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖူးများက လည်ပြန်ငေးသွားကြသည်။

ဒေါ်မဥ္ဇူထိန်သည် သူမ၏ သမီးချောများကို စိတ်မချနိုင်၍ အရွယ်ရောက်သည်နှင့် အိမ်ထောင်ချပေးခြင်းသည် သူမ၏ မိဘမေတ္တာတရားကြောင့်လည်း ဖြစ်နိုင်သည်။ ယခုလည်း သမီး၏ခြေလှမ်းကို ကြိုတင်သိနေသော မိခင်တစ်ယောက်၏ အသိတရားမျိုးဖြင့် သူမအား ပြန်လည်သိမ်းယူနိုင်ရန် ကြိုးပမ်းနေသည်။

သင့်သည် ဘုရားရှိခိုးအပြီး၌ သူ့အား ကြည့်လိုက်သည်။

"ဦးအောင်ဇေယျ ကျွန်မတို့ ရန်ကုန်ပြန်ရအောင်"

အောင်ဇေယျ ဘာပြောရမှန်း မသိအောင် ဝမ်းသာသွားသည်။

သူမနှင့်တွဲ၍ ခရီးရှည်တစ်ခုကို အတူတကွ သွားရဦးမည်။

သူမ၏ သဘောထားများကို သူကြားနာချင်သည်။ သူမ၏ မာနလေးက သူမ၏ ဂုဏ်ရည်တစ်ရပ်အနေဖြင့် သူ လက်ခံသည်။ မိန်းကလေး၏ မာနသည် မိန်းမကောင်းတစ်ရပ်အနေဖြင့် ထိန်းချုပ်မှု စည်းကမ်းတစ်ရပ်ဖြစ်သည်။

အောင်ဇေယျ၏ ကားရှိရာသို့ သူမကပင် ဦးဆောင်လျှောက်သွားသည်။

သူမသည် သူ့ထံမှ ခွင့်ပြုချက်ကို ယူမနေ၊ သူက ကားတံခါးဖွင့်ပေးလိုက်သည်။ နောက်ခန်း၌ ဖြစ်သည်။

သို့သော် သူမက ရှေ့ခန်း၌ပင် ဝင်ထိုင်သည်။





"ကျွန်မမှာ ပြောစရာစကားတွေ ရှိနေတယ်"

"ငါ ညလုံးပေါက် မောင်းခဲ့ပြီး မင်းကို ဘုတာရုံမှာလား စောင့်နေတာ ငါ လုံးဝမနားရသေးဘူး၊ အစက ငါညမှ ပြန်မလို့ဘဲ၊ ဒါပေမယ့် ခုတော့ မန္တလေးမှာရှိတဲ့ ငါ့အိမ်မှာ"

"ဘုရားရေ မန္တလေးမှာလဲ ဦးအောင်ဇေယျ အိမ်ရှိသေးတယ်လား"

"ရှိတယ် ပြင်ဦးလွင်၊ တောင်ကြီး၊ ကလောမှာလဲရှိတယ်၊ အဲ. . မော်လမြိုင်မှာလဲရှိတယ်"

"ဘာဖြစ်လို့ ဝယ်ထားတာလဲ"

"သားစဉ်မြေးဆက်အတွက်လေ"

"ဒါနဲ့များ ဦးအောင်ဇေယျက အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိဘူးဆို"

အောင်ဇေယျက ပခုံးတွန့်ကာ. .

"အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိဘူးလို့ ငါမပြောမိပါလား၊ အဲဒါ မှတ်မိသလောက်ပြောရရင် အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိသေးဘူးလို့ ပြောတာပါကွာ"

"ဟင်. . ဒါ ခုနက လမ်းနားဘဲ"

"ဟုတ်တယ်လေ၊ ငါ့အိမ်က ကျွဲဆည်ကန်မှာ၊ အဲ. . စိန်ပန်းရပ်မှာလည်း တစ်လုံးရှိသေးရှိတယ်၊ ဒါပေမယ့် ဒါက ပိုကောင်းတယ်၊ လုံခြုံမှုလည်းရှိတယ်"

"ကျွန်မ စဉ်းစားမိတာတစ်ခုရှိတယ်၊ ထူးထူးကို ကျွန်မ မန္တလေးကို ရောက်နေကြောင်း မေမေ့ဆီဖုန်းဆက်လိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



မေမေ ဘယ်အချိန်ရောက်လာနိုင်သလဲ၊ ဘာနဲ့လာနိုင်သလဲ”

“ဘယ်အချိန်လာလာ အကောင်းဆုံးက ရေမိုးချိုး၊ စားသောက်ပြီး တရေးတမော အိပ်လိုက်မယ်၊ ပြီးတာနဲ့ မြင်းခြံ၊ မကွေး၊ ပြည်ဘက်ကနေ ”မောင်းသွားရင် လွဲမှာပါ၊ ညကတောင် အဲဒီလမ်းကမောင်းမလို့၊ ဒါပေမယ့် သူက ခရီးနည်းနည်း ပိုရှည်တော့ မင်းကိုမမီမှာလဲ စိုးရသေးတယ်၊ ဒါကြောင့် ပဲခူးလမ်းဘက်ကပဲ မောင်းလာတာ”

အောင်ဇေယျ စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သည်။ သင့်နှင့်ပတ်သက်ပြီး အောင်ဇေယျစိတ်ရှည်တတ်နေပြီ။

“အတော်ပဲ၊ မင်းအတွက် မနေ့ကဝယ်လာတဲ့ ပစ္စည်းတွေတောင် ကားထဲက မထုတ်ရသေးဘူး၊ စားစရာတွေလဲ ပါတယ်၊ ရေနွေးတစ်လုံးတည်ပြီး တစ်ခုခုစားသောက်လိုက်ကြတာပေါ့”

“ကျွန်မ စိတ်ညစ်တဲ့အထဲမှာ အဲဒါတွေလဲပါတယ် ဦးအောင်ဇေယျ၊ ကျွန်မ ဘယ်ယောကျ်ားဆီကမှ အကူအညီ မလိုချင်ဘူး၊ သွေးမတော်သားမစပ် ယောကျ်ားတစ်ဦးဆီက စားဝတ်နေရေးအတွက် အကူအညီယူနေရမယ်ဆိုရင် ကျွန်မဟာ ဘာအဆင့်မျိုး ရောက်သွားနိုင်သလဲ”

“ဟ . . ဘာဆိုင်လို့လဲ၊ မင်းကို ငါကနှမသားချင်းလိုစောင့်ရှောက်နေတာပဲ၊ မင်း ဒုက္ခရောက်သွားမှာစိုးလို့ ငါက အကူအညီပေးနေတာ၊ မင်းဆီက ဘာတုံ့ပြန်မှုကိုမှ မမျှော်လင့်ဘူးဆိုတာ အမြဲမှတ်ထားပါ”





“သူစိမ်းယောကျ်ားတစ်ဦးရဲ့ စေတနာကို ကျွန်မက ဘယ်လို အတိုင်းအာတမျိုးအထိ ယုံကြည်လက်ခံနေသင့်သလဲ”

“မင်း နေထိုင်မှု အဆင်ပြေသွားတဲ့ထိပေါ့ကွာ”

“ဟုတ်တယ်၊ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ဖြစ်မယ်၊ စိတ်ချရတာနဲ့ အဆောင်တစ်ခုငှားနေ၊ အလုပ်တစ်ခုခုလုပ်ပြီး ကွန်ပျူတာဆက်တက်မယ်၊ ကျောင်းဆက်တက်မယ်”

“အလုပ်တွေဟာ အချိန်နဲ့မှ မျှတပါဦးမလား”

“အချိန်ဆိုတာ သုံးတတ်မှ လူ့ဘဝအတွက် အကျိုးရှိတာ၊ အချိန်ဆိုတာ များများသုံးနိုင်လေ များများအကျိုးရှိလေဘဲ”

အောင်ဇေယျ သင့်၏မျက်နှာလေးကို အမှတ်မထင်ငဲ့စောင်းကြည့်လိုက်သည်။ မာန်တွေနှင့် ရှိရင်းအရွယ်ထက်ပင် ရင့်ကျက်နေသည်။

“လူ့ဘဝဆိုတာ ရုန်းကန်ခြင်းဟာ ရှင်သန်ခြင်းပဲ၊ ဒါမှ အဓိပ္ပာယ်ရှိမယ်၊ သမားရိုးကျလမ်းစဉ်တစ်ရပ်လို မိန်းမတစ်ယောက်ဟာ အရွယ်ရောက်လာပြီး အိမ်ထောင်သားမွေးခြင်းနဲ့ အတူ မီးဖိုချောင်မှာကုန်ဆုံးရတဲ့ အိမ်ရှင်မဘဝကို ကျွန်မ မလိုချင်ဘူး၊ မုန်းတယ်၊ အသက်ရှုကျပ်တယ်၊ ကျွန်မဘာပြောရမှန်းမသိဘူး ဦးအောင်ဇေယျ၊ ကျွန်မကို ဦးအောင်ဇေယျ နားလည်ပေးနိုင်တယ်မဟုတ်လား”

“နားလည်တယ်၊ နားလည်လို့လဲ မင်းကို အကူအညီပေးနေတာပေါ့ကွာ၊ မင်းကို နားလည်သလို မင်းငါ့ကို နားလည်ပေးနိုင်ရင် သိပ်ကောင်းမှာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာနားလည်ရမှာလဲ. .၊ ကျွန်မ ယောကျ်ားတွေအကြောင်းကို စိတ်မဝင်စားဘူး၊ နားလည်း မလည်ချင်ဘူး"

အောင်ဇေယျ သက်ပြင်းချလိုက်သည်။

သင့်က ဆက်၍. . .

"ဘယ်သောအခါမှ နားလည်အောင်လည်း ကြိုးစားမှာမဟုတ်ဘူး"

"မင်းအသက်အရွယ်နဲ့ ယောကျ်ားတွေကို နာကြည်းစရာအဖြစ်အပျက်ဆိုတာ ဖြစ်ဖို့လဲ စောလွန်းပါသေးရက်နဲ့ မင်းမှာယောကျ်ားမုန်းဝါဒ ဝင်နေသလား"

သင့်က ခါးသီးစွာ ပြုံးကာ ခေါင်းခါလိုက်သည်။

"ကျွန်မ ယောကျ်ားမုန်းဝါဒဝင်နေတာမဟုတ်ဘူး၊ အိမ်ထောင်ရေးကို မုန်းတီးတာ၊ တစ်နည်းအားဖြင့် ကလေးဘဝမှာလဲ မိခင်ရဲ့ပုံစံခွက်ထဲမှာ ကျဉ်းမြောင်းစွာ နေခဲ့ရပြီး၊ လူကြီးဘဝကိုလဲရောက်ရော ခင်ပွန်းသည်ရဲ့ ပုံစံခွက်ထဲမှာ နေရမှာသိပ်ကြောက်တယ်၊ ဒါတင်ဘယ်ကမလဲ. . . သားသမီးတွေရဲ့ဘဝကောင်းစားဖို့အတွက် ကိုယ်တိုင်ပုံစံခွက် သွန်းလောင်းရတော့မယ်၊ ဟာ. . ဒါတွေ ဒါတွေ အဲဒါတွေဟာကျွန်မကို ခြောက်လှန့်နေတတ်တဲ့ အိပ်မက်ဆိုးတွေပါ ဦးအောင်ဇေယျ"

"ဒီလောက်တောင် မင်းဖြစ်နေရင်လည်း သီလရှင်ဝတ်လိုက်ပါလား"

"အဲဒီလို ပါရမီမျိုးလဲ ကျွန်မမှာပါမလာဘူး၊ ကျွန်မဘာလုပ်ချင်တယ်၊ ဘာဖြစ်ချင်တယ်ဆိုတာကို ဦးအောင်ဇေယျ





ကို ပြောပြီးပါပြီ၊ ကျွန်မကို ခနိုးခနဲ့စကားတွေ မဆိုပါနဲ့"

"ဆောရီးကွာ၊ ကိုင်း. . အိမ်ရောက်ပြီ"

အောင်ဇေယျက သံမဏိတံခါးဖြင့် ပိတ်ထားသောခြံတံခါးရှေ့၌ ဟွန်းသုံးချက်ဆင့်တီးလိုက်သည်။ တံခါးပွင့်သွားပြီး ဆယ့်လေးနှစ်အရွယ် လူပျိုပေါက် ယောကျ်ားကလေးတစ်ဦးကို တွေ့လိုက်ရသည်။

ခေတ်မီခန်းနားသော နှစ်ထပ်တိုက်တစ်လုံးနှင့် မလှမ်းမကမ်း၌ ကားထားရန်နှင့် အပေါ်ထပ်၌ လူနေနိုင်သောအဆောက်အအုံ ခပ်သေးသေးတစ်ခုကို တွေ့လိုက်ရသည်။ ခြံဝင်းတစ်ခုလုံးကိုတော့ ကွန်ကရစ်လောင်းထားပြီး အလှစိုက်ပန်းအိုးများကိုသာ အစီအရီတွေ့ရသည်။

"မင်း အဖေနဲ့အမေကော"

"အဖေက အလုပ်ဆင်းတယ်၊ အမေကဈေးသွားပါတယ် ဆရာ"

"အေး ဒီလိုဆိုရင် မင်းဈေးလိုက်သွားလိုက်၊ တို့မနက်စာထမင်းစားသွားမယ်လို့ အမြန်စီစဉ်ပေးပါလို့. . ရော့ ပိုက်ဆံယူသွား"

"ဟုတ်"

အောင်ဇေယျက ချာတိတ်ကလေးအား ငွေငါးထောင်တန်နှစ်ရွက်ပေးပြီး ကားကိုဆက်မောင်းခဲ့ကာ ပေါ်တီကိုအောက်၌ ရပ်လိုက်သည်။

အောင်ဇေယျက သင့်အားကြည့်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဆင်းလေ"

သင့်က အောင်ဇေယျကို အကဲခတ်သော မျက်လုံးများဖြင့်ကြည့်နေသည်။

"ဘာလဲ မင်းမျက်လုံးတွေက ငါ့ကို မယုံသင်္ကာသလို ကြည့်နေရအောင် ငါဟာမင်းကို သွေးဆောင်လှည့်ဖြားမှ လက်ထပ်ခွင့်ရနိုင်လိမ့်မယ့် အခြေအနေမျိုးမှာ ရှိတဲ့လူတစ်ယောက်မို့လို့လား"

"အဓိပ္ပာယ်မဲ့တဲ့စကားတွေ မပြောချင်ပါနဲ့ ဦးအောင်ဇေယျ"

သင့်က ကားတံခါးကို ဆွဲဖွင့်ကာ ဆင်းလိုက်ပြီး ပြန်ပိတ်လိုက်သည်။ ထို့နောက် အောင်ဇေယျကို မကြည့်ဘဲ လှေကားထစ်များပေါ်သို့ တောက်လျှောက်ပင် တက်သွားသည်။

အောင်ဇေယျစိတ်ထဲ၌ သူမနှင့်ပတ်သက်ပြီးအလိုအလျောက်ကျေအေးပြီးသား ဖြစ်နေ၍ အလိုလိုခွင့်လွှတ်စိတ်ဖြင့် ပြုံးမိလေသည်။ နောက်ချက်ချင်းပင် သူမအား အမီလိုက်ကာ တံခါးသော့ကို ဖွင့်ပေးလိုက်သည်။

"ကိုင်း ဝင်နှင့်၊ ပြတင်းပေါက်တံခါးလေး ဘာလေးဖွင့်ချင်ရင်ဖွင့်ပြီး နားလိုက်"

သင့်က ဘာမှတုံ့ပြန်မပြောဘဲ အိမ်ထဲသို့ ဝင်သွားသည် သူသာကားရှိရာသို့ တစ်ခေါက်ပြန်ဆင်းပြီး ကားနောက်ခန်းတွင် ထည့်ထားသော ပစ္စည်းများကိုယူကာ ပြန်တက်ခဲ့သည်။

"ခြင်လုံဆိုင်ကာ မဖွင့်တော့ဘူး ဦးအောင်ဇေယျ"





"အင်း . . မဖွင့်နဲ့ အဲလ်ကွန်းဖွင့်လိုက်မယ်"


အောင်ဇေယျက ဘာကြောင့်ပြတင်းပေါက်တံခါးကို ဖွင့်ခိုင်းရသနည်းကို သင့် လျှပ်တစ်ပြက် စဉ်းစားလိုက်တော့ သင့်နှင့် နှစ်ယောက်ထည်းရှိခြင်းကို အမြင်ရှင်းစေချင်သည်ထင်။

"ကိုင်း . . မင်းနားချင်ရင် ဟိုအခန်းမှာနားလိုက်၊ ရေချိုးခန်း အိမ်သာတွဲရက်ရှိတယ်၊ မချစ်ပြန်လာမှ အိပ်ရာပြင်ခိုင်းလိုက်မယ်၊ ဒါမှမဟုတ်လည်း နံရံကပ် ဗီရိုကိုဖွင့်ပြီး ခေါင်းအုံးနှင့် အိပ်ရာခင်းထုတ်ပြီးကိုယ့်ဖာသာ ကိုယ်ပြင်ဆင်ပြီးအိပ်ပေတော့"

အောင်ဇေယျသည် သင့်အပေါ်ကို လိုလေသေးမရှိအောင် ဂရုတစိုက်ရှိသည်။ မိန်းမ မလိုချင်သေးဘူး ဟူသောသူ၏ဆန္ဒကို ဖြည့်စွမ်းပေးဖော်ရရှိခြင်းအတွက်ကြောင့်ပဲ ဖြစ်ဖို့များသည်ဟု သင့်လက်ခံထားလိုက်သည်။

သင့်သည် အောင်ဇေယျညွှန်ပြသော အိပ်ခန်းတွင်းသို့ဝင်ကာအတွင်းသော့ကို ချလိုက်သည်။

သင့် ရေချိုးပြီး အသင့်ရှိနေသော ရေမြှုပ်ပေါ်သို့ အိပ်ရာခင်းတစ်ခုထုတ်ခင်းပြီး ခေါင်းအုံးတစ်လုံးယူကာ အိပ်ချလိုက်သည်။ တဒင်္ဂအတွင်း၌ သင့်အတွက် ငြိမ်းချမ်းခြင်းကို ရကာနှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

ရယ်လွန်းလျှင် ငိုရတတ်သည်ဟူသော စကားကို သင့်
လက်ခံလိုက်ရပြီ။

နေ့လယ် ဆယ့်နှစ်နာရီလောက်အထိ အိပ်စက်ပြီး နိုး
လာတော့ အောင်ဇေယျလည်း နိုးအလာနှင့် ကြုံကြိုက်တော
အောင်ဇေယျတို့ အိမ်စောင့်နှင့် အိမ်ဖာဟီယ အလုပ်သမာ
မချစ်ချက်ပေးသော သမင်းဟင်းကို စားပြီးသည်နှင့် ရန်ကုန်သို





မြင်းခြံ၊ မကွေး၊ ပြည်ဖြတ်သော အမှတ် (၂)ကားလမ်းဘက်မှ ပြန်လာခဲ့သည်။

အောင်ဇေယျနှင့် သင့်အတွက် တစ်ဦးပေါ်တစ်ဦး နားလည်မှု ရရှိထားပြီးဖြစ်ခြင်းကြောင့် စကားတပြောပြောနှင့် ရယ်စရာရှိရယ်ကာ တရင်းတနှီးဖြစ်ခဲ့သည်။

ဆယ့်တစ်နာရီ ကျော်ကျော်၌ သံလျင်အိမ်သို့ရောက်သည်။

"ဦးအောင်ဇေယျ ခဏဆင်းဦးလေ အညောင်းပြေပေါ့ တစ်လမ်းလုံး မောင်းလာရတာ. . ."

မိမိပေါ်၌ ကောင်းလွန်းသော လူတစ်ယောက်အပေါ်၌ လောကွတ်ပျူငှာ လုပ်လိုက်မိသည်။

အောင်ဇေယျကလည်း တံခါးဖွင့်ပေး မီးဖွင့်ပေးရန် ဆင်းလိုက်သည်။ သို့သော် အိမ်ရှေ့တံခါးဖွင့်ပြီး၊ လေးငါးလှမ်းပင် အိမ်ရှေ့တစ်ခန်းလုံး ဖြာခနဲ လင်းသွားသဖြင့် သင့်နှင့် အောင်ဇေယျနှစ်ဦးစလုံး မျက်စိပြာဝေသွားကြသည်။

"အမိုး"

အောင်ဇေယျ အမိုးအထင်နှင့် လှမ်းခေါ်လိုက်သည်။ အမိုး၏ ထူးသံမကြားရ။

သို့သော်. . .

"ဘာအမိုးလဲ ငအောင်၊ နင့်အကြံ ဒါအကုန်ပဲလား"

"အသံမာကြောကြောနှင့်အတူ ဘွားဘွားကို ဘွားခနဲတွေ့လိုက်ရသည်။ နောက်. . ဒေါ်မဥ္ဇူထိန်၊ နောက်လေးပေး



www.burmeseclassic.com

www.burmeseclassic.com



ထွန်း။

အောင်ဇေယျ အံ့အားသင့်ကာ တုန်လှုပ်သွားသည်။ သင့်အတွက် စိုးရိမ်ပူပန်မှုဖြင့် ငဲ့စောင်းကြည့်လိုက်သည်။

သွေးဆုတ်သီလို ဖြူဖပ်ဖြူရော်ဖြစ်သွားသော သင့်အား မည်ကဲ့သို့ အားပေးရမည်မှန်း မသိအောင်ဖြစ်သွားစဉ်

"နင် အိမ်ထောင်မပြုချင်ဘူးဆိုတာ ဒါကြောင့်လား ငအောင်၊ နင်က ခိုးစားရတဲ့အရသာကိုမှ ပိုကြိုက်တယ်ပေါ့"

"ဟာ ဘွားဘွားကလဲ မဟုတ်တာတွေ မပြောပါနဲ့၊ သင့်နဲ့ကျွန်တော်ဘာမှ"

သင့်ကို အားနာစိတ်ဖြင့် မျက်နှာတစ်ပြင်လုံး ထူပူကာ ပျာပျာသလဲ ငြင်းဆန်လိုက်သည်။

"မိသင့်. . ညည်း. . ညည်း"

ဒေါ်မဥ္ဇူထိန်က သင့်ထံပါးသို့ လျှပ်တပျက် ရောက်သွားပြီး. .

"ဖြန်း. . . ဖြန်း"

"ဟာ"

သင့်မျက်နှာ လည်ထွက်သွားသည်။ အောင်ဇေယျက ဒေါ်မဥ္ဇူထိန်၏လက်ကို လှမ်းဆွဲကာ

"အန်တီ ဒီလို မတရားမလုပ်ပါနဲ့"

သင့်ရှေ့မှ ကာဆီးရပ်လိုက်သည်။

"တော်တော့မဥ္ဇူ။ သမီးအပေါ် ဒီလောက်အထိ ရက်ရက်စက်စက်တော့ မရိုက်ပါနဲ့တော့"





သင့်အနီးသို့ ဘွားဘွားရောက်လာသည်။ သင့်၏ မျက်ဝန်းသည် အေးစက်မာကြောနေပြီး မျက်ရည်များ တစ်စက်မှ မကျခြင်းကို အောင်ဇေယျ ရင်နင့်စွာဖြင့် အကဲခတ်မိသည်။

သင့် မိခင်အပေါ်၌ နာကြည်းစိတ်ဝင်နေပြီဟု အကဲခတ်လိုက်မိသည်။

"ကျွန်မ ရုတ်တရက် စိတ်မထိန်းနိုင်လို့ပါ အမေ"

ဘွားဘွားနှင့် ဒေါ်မဥ္ဇူထိန်တို့၏ ရင်းနှီးမှုအတိုင်းအတာသည် နေ့ချင်းညချင်း တိုးတက်သွားပါလားဟု အောင်ဇေယျ သြချမိသည်နှင့်အညီ သင့်အား အားပေးချင်သည်။

"ကိုင်း ဒီလိုဆို မဥ္ဇူက သမီးလေးကိုပြန်ခေါ်သွားတော့၊ အမေပြောတဲ့အတိုင်းသာ အဆင်သင့်လုပ်ထားတော့"

"ဟုတ်ကဲ့အမေ၊ လာ မိသင့်"

ဘယ်အချိန်ကတည်းက ဘယ်နေရာမှာ ထိုးရပ်ထားသည်မသိသော ကားနှစ်စီးသည် အိမ်ရှေ့ရှိ အောင်ဇေယျကားအနီး ဝင်ယှဉ်ရပ်လျက်ရှိသည်။

ဘွားဘွား စီးနေကျကားနှင့် ဒေါ်မဥ္ဇူထိန်၏ကားဖြစ်သည်။ ကားပေါ်၌ ဒေါ်မဥ္ဇူထိန်၏ သားမက်နှင့် ဒရိုင်ဘာတစ်ဦး ပါသည်။

သင့်က ဘယ်သူ့ကိုမှမကြည့်ဘဲ မိခင်နောက်မှ သံပတ်ပေးထားသော စက်ရုပ်သဖွယ် ပါသွားလေသည်။

အောင်ဇေယျ ကြက်သေသေနေမိရာမှ ရင်ထဲ လစ်ဟာသွားသည်။ သင့်အတွက် ယူကျုံးမရစိတ်နှင့်အတူ မြင်ကွင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေမိရာ. . .

"ကိုင်း ထိုင်စမ်းပါဦး မောင်အောင်ဇေယျ"

ဘွားဘွားသူ့အပေါ် ဒေါသထွက်နေလျှင် 'ငအောင်' မောင်အောင်ဇေယျ ဟူသော အသုံးအနှုန်းသာ သုံးလေ့ရှိသည်။ အောင်ဇေယျ ဘွားဘွားရပ်နေသော နေရာနှင့် အနီးကပ်ဆုံး ဆိုဖာတက်တီ၌ ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်သည်။

လေးလေးထွန်းက အေးဆေးစွာပင် ဝင်ထိုင်လိုက်ပြီး. .

"မင်းက ဘယ်လိုလဲကွာ၊ ဒီလောက်လှပြီး ငယ်ငယ်ချောချောလေးကို လက်လွှတ်ခံချင်တာက ဘာသဘောလဲ၊ စိတ်ရောဂါပါရဂူနဲ့ ပြရတော့မလား"

"နင့်ဉာဏ်တွေ ဒါအကုန်ပဲလား၊ ရော့ မင်းကောင်မလေးရဲ့စာကို ဖတ်ကြည့်စမ်း"

"ဒီစာကို ပေးဖို့အတွက် မင်းကိုရုံးက အိမ်ပြန်သွားပြီးဆိုလို့ . အိမ်ကို လိုက်လာတဲ့ ဖထီးကိုငါက တစ်ချက်နှစ်ချက်အစ်အောက်လိုက်တာနဲ့ စာထွက်လာတယ်၊ အဲဒီစာ ခြေရာခံပြီး မင်းမန္တလေး ထွက်သွားတာကို ငါခန့်မှန်းမိတာနဲ့ ခုလို စီစဉ်ပြီး လာစောင့်နေတာလေ"

"ဘွားဘွားက အင်စပက်တော်မင်းကြီးကတော် မပြောရဘူး၊ တယ်ပြီး ခြေရာခံကောင်းတာကိုး"

အောင်ဇေယျက ရယ်သွမ်းသွေးလိုက်သည်။

ဘွားအေကို ချော့ရမည် ဒါမှ. . .





"စတန့်ထွင်လုံးတွေ ရိုးနေပြီး၊ ကျုပ်တို့ခေတ်ကတည်းက ဒါမျိုးတွေရှိပြီးသား၊ ကျုပ်တို့လည်း ငယ်ရာက ကြီးလာတာ၊ မင်းတို့ခြေလှမ်း ဘယ်ကိုလှမ်းရင် ဘယ်လိုသွားပြီး ဘာလုပ်တော့မယ်၊ စကား ဘယ်အလုံးထွက်ရင် ဘယ်လိုဆိုတာ သိပြီးသား၊ တစ်နေ့က စကော့ဈေးကနေ ပျောက်သွားတယ် ဆိုကတည်းကိုက ကျုပ်က မသင်္ကာ ဖြစ်နေခဲ့တာ"

"စာကလေး ဖတ်ပါရစေဦးနော်"

"မောင်းမင်းဘာသာ စာကလေးပဲ ဖတ်ဖတ်၊ ဆက်ရက်ပဲ ဖတ်ဖတ်"

အောင်ဇေယျ ဘွားအေကို လက်မြှောက်ပြလိုက်ပြီး သင့်၏ ညီညာလှပသေသပ်သော လက်ရေးများကို ကြည့်ကာ သက်ပြင်းသူခိုးလေး ချလိုက်ပြီး စာရွက်ကို ဖြန့်ဖတ်လိုက်သည်။

*ဦးအောင်ဇေယျ*

*သူစိမ်းယောက်ျားတစ်ဦးရဲ့ အိမ်မှာ ခိုကပ်နေတဲ့မိန်းမတစ်ဦးကို ပတ်ဝန်းကျင်က မြင်တဲ့အမြင်နဲ့ အပြောမျိုးကို ကျွန်မတွေးကြည့်မိတယ်၊ ဘယ်သူမှ အကောင်းမြင်မှာ မဟုတ်သလို မကောင်းအတင်းပဲ ပြောလိမ့်မယ်ဆိုတဲ့ အဖြေကလွဲပြီး ဘာမှ မရနိုင်ပါဘူး။*

*ကျွန်မ လူ့လောကကြီးမှာ သန့်ရှင်းဖြူစင်စွာနဲ့ပဲ ကြိုးစားရုန်းကန် ရပ်တည်ချင်တယ်။ ပြီးတော့ ဦးအောင်ဇေယျရဲ့ စေတနာကို ကျွန်မ မယုံကြည်နိုင်သေးတာကို ကျွန်မရဲ့ အပြစ်လို့ပဲ*



www.burmeseclassic.com

www.burmeseclassic.com



*မှတ်ယူလိုက်ပါ။ ကျွန်မအတွက် လုံခြုံနိုင်မယ့် နေရာကို ကျွန်မ ထွက်သွားပါပြီ။*

*ဒါပါပဲ*

*သင့်*

၅

"ဟူး"

မိမိအပေါ် မယုံကြည်ခြင်းအတွက် ခံပြင်းရမည့် အစား မိခင်၏ရိုက်နှက်မှုကို ခံသွားရရှာသော မိန်းမငယ်လေးကို သနား ကရုဏာကသာ သူ့ရင်းတွင်း လွှမ်းမိုးလျက်ရှိချေပြီ။

"မနက်ဖြန် အဆင်သင့် ပြင်ဆင်ပြီးဖြစ်တဲ့ လက်ထပ်စာ ချုပ်တွေမှာ မင်းတို့ လက်မှတ်ထိုး လက်ထပ်ရမယ်"

"ဗျာ"

အောင်ဇေယျ ဆတ်ခနဲ ကိုယ်ကို မတ်လိုက်သည်။ ထို့ နောက်ချက်ချင်းပင် ထလိုက်ပြီး ဘွားအေကို ကြည့်လိုက်သည်။

လေးလေးထွန်းက. . .

"မင်း မေမေကို ဘာမှ စောဒကတက်ဖို့ မကြိုးစားနဲ့ အောင်၊ မင်းလုပ်ပုံဟာ တစ်ဖက်မိန်းကလေးအပေါ်မှာ ဘယ် လောက်သိက္ခာ ကျဆင်းစေသလဲဆိုတာကိုလဲ မင်းစဉ်းစားဦး"

"ကျွန်တော် သူ့ကိုသနားလို့ အကူအညီပေးလိုက်တာ ပါ။ သူအိမ်ထောင်ပြုဖို့ စောလွန်းသေးတယ်လို့ ကျွန်တော်ယူဆ တယ်၊ ပြီးတော့. . အိမ်ထောင်တစ်ခုကို အတင်းအဓမ္မတည် ထောင်ခိုင်းလို့ ရသလား"





ဘွားဘွား တစ်စခန်းထပြန်သည်။

"ဘာပြောတယ် ငအောင်၊ လူကြီးမိဘတွေရဲ့ မေတ္တာနဲ့ စေတနာကို မင်းအဓမ္မ အကြပ်ကိုင်တယ်လို့ ယူဆသလား၊ ဒီလို ဆိုရင် မင်းမိဘမေတ္တာ၊ ငါတို့မေတ္တာ စူးသွားလိမ့်မယ် ဆိုတာ မြဲမြဲမှတ်ပါ၊ မင်းအတွက် ထက်မြက်တဲ့မိန်းမတစ်ယောက် ရှိသင့် တယ်လို့ ငါကိုယ်တိုင် ရွေးချယ်ပေးထားတဲ့မိန်းမကို မကြိုက်ရ အောင် မင်းမှာအခြား တိတ်တိတ်ပုန်းတွေ ရှိနေလို့လားငအောင် ပြောစမ်း"

"သင့်ဟာ မိန်းမတစ်ယောက် မဟုတ်သေးဘူး၊ ကလေး တစ်ယောက်ပဲ ရှိသေးတယ်၊ ကျွန်တော်မိန်းမ မယူချင်သလို ကလေးကိုလဲ မိန်းမ မတော်ချင်ဘူး ဘွားဘွား"

"အေး မင်းသင့်ကို လက်မထပ်ချင်ဘို့ ငြင်းပယ်လိုက် ရုံနဲ့ သင့်ဟာ အိမ်ထောင်ရေး နယ်ပယ်ကလွတ်ကင်းသွားမှာ မဟုတ်ဘူး၊ ဒေါ်မဥ္ဇူထိန်ဟာ သင့်အတွက်လျာထားပြီးသား သတို့လောင်း ဆယ်ယောက်ထဲမှာ မင်းကနံပါတ်တစ်ဖြစ်နေ တယ်၊ ရတယ် မင်းငြင်းလိုက်ရင် နံပါတ်နှစ်နဲ့ ပေးစားလိမ့်မယ်"

အောင်ဇေယျက သည်တစ်ချီတွင်တော့ တကယ်ပင် ကြက်သေသေသွားရသည်။ ချည်ပြီးတုတ်ပြီးသား ဖြစ်နေသော ဘွားဘွား၏ စကားသည် သူ့နှလုံးသားကို ထိမှန်သွားလေသည်။

ဆုပ်လည်းစူး၊ စားလည်းရူးတော့မည့် အနေအထားမျိုး သူပိုင်ဆိုင်နေပြီ။

နောက်ဆုံးစဉ်းစားမှုအတွက် သူတွေဝေနေချိန်မှာ မယူ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ဘဲ. . . .

ဘွားဘွား၏ အပြုံးမျက်စောင်း သူ့ထံသို့ ဆိုက်ရောက်လာသည်။

"မူမနေစမ်းပါနဲ့အောင်ရာ၊ စိတ်ကူယဉ်ဆန်တယ်ဆိုတာ ပျော့ညံ့တဲ့အလုပ်ပါကွာ၊ ယောကျာ်းပဋ္ဌင်း၊ မိန်းမပုခက်တွင်း ဆိုတဲ့စကား ဘယ်သွားထားမလဲ၊ ငယ်တော့ ပိုတောင်ကောင်းသေးတယ် ကိုယ်ပုံသွင်းလို့ရတာပေ့ါ. . အမရာ၊ ဒေဝီ၊ မဒ္ဒီ၊ သမ္မူလ၊ တော်လေးဝလိုမျိုး ဖြစ်အောင်ပေ့ါ၊ မဟုတ်ဘူးလား အောင်"

လေးလေးထွန်းက သူ့ပခုံးကို ပုတ်ကာပြောလိုက်သည်။

အောင်ဇေယျကတော့ ဘာမှမပြောတော့။ သင့်ထံသို့သာ စိတ်ရောက်လျက် ခုအချိန်၌ သင့်ဘယ်မျှခံစားနေရရှာမည်နည်း။ သူမ၏ ခံစားမှုမဲ့ မျက်နှာလေးဖြင့် မိခင်နောက်သို့ စက်ရုပ်သဖွယ် လိုက်ပါသွားခြင်းကို မြင်ယောင်လျက်ရှိရာ သင့်မျက်နှာလေး အသက်ဝင်လာစေရန် သူမည်သို့ ဖန်တီးပေးရမည်နည်းဟူ၍လည်း။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

သင့်မို့မောက်နေသော မျက်ခွံများကို ကြည့်ခြင်းအား ဖြင့် လူခြေတိတ်ဆိတ်သော ညဥ့်အခါ၌ တိတ်တဆိတ် ငိုကြွေး ကာ မျက်ရည်ကိုသာ အဖော်ပြုခဲ့ခြင်း ဖြစ်နိုင်သည်ဟု အောင်ဇေယျ မှန်းဆလိုက်သည်။

သို့သော် သင့်၏မျက်လုံးများက မာနအရောင်ထွက် နေဆဲဖြစ်သည်။





ကြွေရုပ်ကလေးတစ်ရုပ်လို လှပသော သူမကိုပိုင်ဆိုင်ခွင့်ရပြီ။

အောင်ဇေယျသည် ဘေးတိုက်အနေအထား၌ ရှိနေသောသင့်အား အကဲခတ်ရင်း အတွေးတို့ဖြင့် ငြင်းခုန်လျက်ရှိသည်။

သူမ၏အိမ်၌ လူကြီးစုံရာရှေ့ လက်မှတ်ရေးထိုးကာ လက်ထပ်ကြပြီး မနက်စာကို သူမအိမ်၌ပင် စားသောက်ပြီး နောက် သူတို့နှစ်ဦးအတွက် အင်းလျားလမ်းရှိ သီးသန့်နေအိမ်သို့ သူမအား ခေါ်ဆောင်လာခဲ့သည်။

လေးလေးထွန်းကိုယ်တိုင် ကားမောင်းပြီး ဘွားဘွားက ဘေး၌ထိုင်သည်။ နောက်ခန်း၌ သူတို့နှစ်ယောက် ယှဉ်တွဲပြီး လိုက်ပါလာသည်။

သူ သူမကို စကားတွေ အများကြီးပြောချင်ပါသည်။

သို့သော် ဘွားဘွားရှိနေသည်။

"တစ်ပတ်အတွင်း ဖိတ်စာရိုက်ပြီး ဝေမယ်"

"ညည့်ခံပွဲကို အင်းလျားလမ်းအိမ်မှာပဲ လုပ်လိုက်မယ်၊ ညစာနဲ့ပဲ ညည့်ခံလိုက်"

"တီးဝိုင်းကိုလဲ မင်းကြိုက်တဲ့ တီးဝိုင်းသာငှား"

"မင်္ဂလာဆွမ်းကျွေးကိုတော့ မနက်ဖြန် သင့်လေးအိမ်မှာပဲ ကျွေးမယ်၊ မင်းတို့ကိုးနာရီလောက်မှာ လာခဲ့ကြ"

"မင်းတို့အိမ်မှာတော့ မင်္ဂလာတစ်လပြည့်မှပဲ ဆွမ်းကျွေးတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဧည့်ခံပွဲပြီးရင် ပျားရည်ဆမ်းခရီးလေးဘာလေး ထွက်လိုက်ဦးပေါ့"

ဘွားဘွားက တစ်ခွန်းပြီးတစ်ခွန်း အမိန့်တွေပေး၊ မှာတမ်းတွေ ခွန်းဆင့်နေသည်။

"တိတ်လှချည်လား၊ ဘွားဘွားပြောတာ ကြားရဲ့လား အောင်"

"ဗျာ. . . ဟုတ်ကဲ့ ကြားပါတယ်"

"မြေး သင့်ကော"

"ကြားပါတယ် ဘွားဘွား"

သင့်၏ အလိုက်သင့်အဖြေကို ကြားလိုက်သောအခါမှ အောင်ဇေယျ စိတ်အေးသွားသည်။

ဘွားဘွားနှင့် သင့်ဆက်ဆံရေး အခြေအနေအတွက် အောင်ဇေယျ စိတ်ထင့်နေသည်။ သင့်သည် သူမ၏ရည်မှန်းချက်ကို ပျက်စီးစေခဲ့သော သူမ၏ မိခင်ကို မကျေနပ်သည့်နည်းတူ ဘွားဘွားအပေါ် မကျေနပ်ဖြစ်မှာကို အောင်ဇေယျ စိုးရိမ်နေသည်။

"သင့်ဘာလုပ်ချင်သေးလဲ၊ သင့်ဘာဖြစ်ချင်သေးသလဲ ဆိုတာ ဘွားဘွားကို ပွင့်ပွင့်လင်းလင်းပြောနော်၊ အားမနာနဲ့"

"ဘာမှ မလိုပါဘူး ဘွားဘွား"

"အေးအေး၊ မြေးအသက်က ငယ်သေးတယ်၊ မြေး တက္ကသိုလ်ကို ဆက်တက်နိုင်တယ်၊ ပျော်ပျော်သာနေနော်၊ မြေး လွတ်လွတ်လပ်လပ်သာနေ၊ မြေးလိုချင်တာရှိရင် ဘွားဘွားကို





ချက်ချင်းပြော"

"ဟုတ်ကဲ့ပါ ဘွားဘွား"

သင့်၏မျက်နှာကတော့ ထူးကဲပြောင်းလဲ၍မလာ။ ဝတ်ကျေတမ်းကျေဖြင့် ယဉ်ကျေးစွာ ဖြေနေခြင်းသာဖြစ်ကြောင်း အောင်ဇေယျရင်ထဲ သိနေတော့လည်း ခက်သည်။

အောင်ဇေယျ ကိုယ်တိုင်ဆောက်ခဲ့သောအိမ်သို့ ရောက်ခဲ့သည်။ ဘွားဘွား၏ အကွက်ကျကျ စီမံပေးထားမှုဖြင့် ခြံစောင့်၊ ဒရိုင်ဘာ၊ အိမ်ဗာဟိရ အလုပ်သမားများက အိမ်ရှေ့မှာ စောင့်ဆိုင်းကြိုဆိုနေကြသည်။

အောင်ဇေယျ မျက်ဝန်းရိပ်၌ သင့်မျက်နှာမဲ့သွားခြင်းကို မြင်လိုက်ရသည်။

သို့သော် လျှပ်တစ်ပြက်သာဖြစ်သည်။ သင့်သည် ခမ်းနားမှုကို မကြိုက်နှစ်သက်ဟု အောင်ဇေယျ သုံးသပ်လိုက်သည်။

အောင်ဇေယျအနေဖြင့် သင့်၏အကြိုက်များကို သိရှိအောင်ကြိုးစားပြီး သင့်ရည်မှန်းချက်ကို ဖြည့်ဆည်းပေးရန်စဉ်းစားပြီးဖြစ်သည်။

"ဆင်းလေ. . သင့်"

သင့်သည် အိမ်မက်မက်နေသည့်အလား ခံစားလိုက်ရသည်။

သင့်၏ဘဝ ပြောင်းလွဲမှုသည် ဤမျှ မြန်မြန်ဆန်ဆန်ဖြစ်သွားလိမ့်မည်ဟု သင့်ကြောက်လန့်လွန်းသော အိမ်မက်ဆိုးဖြစ်၍ သင့်မတွေးရဲခဲ့။

www.burmeseclassic.com



သို့သော် သင့်အတွက် အိမ်မက်ဆိုးကမ္ဘာထဲသို့ ရောက်ရှိနေလေပြီ။

"မြေး . . သူကဦးစံရ၊ သင့်သွားချင်တဲ့ဆီကို လိုက်ပို့ပေးမယ့်ဒရိုင်ဘာ"

ဘွားဘွားက သင့်အား အိမ်၏အလုပ်သမားများနှင့် မိတ်ဆက်ပေးရာ သင့်မျက်နှာထားရ ခက်သွားသည်။

သင့်အား အိမ်ကြီး၏ အရှင်သခင်အဖြစ် အသက်ကြီးသူများကပင် ဦးညွှတ်ကာ အရိုသေပေးခြင်းကို သင့်မနှစ်သက်။ ဤအရာသည် လွတ်လပ်ခြင်းကို ထိန်းချုပ်မ တစ်မျိုးဖြစ်သည်။

"ရပါတယ် ကျွန်မကို့ . . ဟို့ . . ဟို"

သင့်ဘာပြောရမှန်းမသိ။ ထစ်ငေ့ါသွားသည်။

အောင်ဇေယျက သင့်၏ ရှိုးတိုးရှန့်တန့် ဖြစ်နေသော အမူအရာကို သဘောပေါက်မိသည်။

သူမသည် ပကတိ ရိုးသားဖြူစင်သည်။ ဂုဏ်ပကာသန မမက်မောသူဖြစ်ကြောင်း ထင်ရှားနေသည်။

"ဦးတို့က ကျွန်မထက်သက်ကြီးတာပဲ၊ ကျွန်မကို ဆရာကတော်လဲ မခေါ်ပါနဲ့၊ မမလေးလို့လဲ မခေါ်ပါနဲ့၊ သင့်လို့ပဲ ခေါ်ပါ"

"ဟုတ်ကဲ့ပါ"

အိမ်၏ အလုပ်သမားအားလုံးက သင့်ထက်အသက်ကြီးနေသည်။ သင့်က အနေမခက်စေရန် ပြောလိုက်သည်။

ဘွားဘွားဂ၊ သက်ပြင်းချလိုက်သည်။





သူရွေးချယ်ထားမှုသည် မှားယွင်းမှုတစ်ခု ဖြစ်သွားပြီလားဟု ပထဦးဆုံးအနေဖြင့် စိတ်ထဲ၌စိုးရိမ်မှုလေးဖြစ်သွားသည်။ သင့်မျှုထိန်သည် သိပ်ကိုငယ်လွန်းသည်။ သို့သော် သူမ၏ မျက်နှာဖူးဖူးလေးမှာ အရွယ်နှင့်မလိုက်အောင်ရင့်ကျက်မှုကို ဆောင်ထားသည်။ တင်းတင်းကလေး နေတတ်သည်။ အလိုမကျသော မျက်နှာလေးဟု ဘွားဘွားသိလျက်နှင့် မြေးနှင့် သဘောတူခဲ့မိသည်ကိုး။

"နောက်ပြီး ကျွန်မရောက်လာခြင်းအတွက် တာဝန်မပိုစေချင်ဘူး၊ ကိုယ်လုပ်နေကျအတိုင်းပဲ လုပ်ကြပါ"

အပြောအဆိုလည်း မဆိုးပါဘူးဟု ဘွားဘွား အကဲခတ်နေသည်။

အကြောက်အလန့်ကတော့ ကင်းမဲ့သည်။ ရဲတင်းဖျတ်လတ်မှုက အောင်ဇေယျကို ထိန်းချုပ်နိုင်လိမ့်မည်ဟု ဘွားဘွား ယုံကြည်မိသည်။

"လုပ်စရာရှိတာ သွားလုပ်ကြပါ"

သင့်စိတ်ကျဉ်းကျပ်လွန်းသဖြင့် ယဉ်ယဉ်ကျေးကျေးလေး နှင်လိုက်သည်။

အောင်ဇေယျက တစ်ခွန်းမှမပြောဘဲ ဘွားဘွားနှင့် သင့်တို့ဆက်ဆံရေးကို အကဲခတ်နေသည်။

"လာမြေး တို့အိပ်ခန်းထဲသွားရအောင်"

ဘွားဘွားက သင့်၏လက်မောင်းအိအိတင်းတင်းလေးကို ညင်သာစွာ ဆွဲခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သင့်၏ မျက်လုံးကလေး ဝိုင်းစက်သွားသည်။ သင့်၏ ဘဝကို တစ်ဆင့်ပြီးတစ်ဆင့် နှောင်ဖွဲ့မှုတွေကို သင့်ကြံ့ကြံ့ခိုင် ရမည်။

အဖိုးတန် ဇိမ်ခံပစ္စည်းများဖြင့် ခမ်းနားစွာပြင်ဆင်ထား သော မင်္ဂလာအိပ်ခန်းကို သင့်ရှက်ဝံ့စွာကြည့်လိုက်သည်။

ထိုအခန်းတွင်းသို့ သင့်ခြေလှမ်းကလေး တစ်လှမ်းမျှပင် မချချင်ပါ။

အောင်ဇေယျသည် သင့်၏ စတော်ဗယ်ရီရောင် ပြေး သွားသော မျက်နှာလေးကိုကြည့်ကာ သူ့ရင်ထဲ သိမ့်ခနဲဖြစ်ကာ အသေးစား ငလျင်တစ်ခု လှုပ်ခါသွားသည်။

မိန်းမသားတစ်ဦး၏ ရှက်ရိပ်လွှမ်းသော မျက်နှာလေး သည် ဤမျှမြတ်နိုးဖွယ်ရာကောင်းလောက်အောင် နှလုံးသားကို ထိမှန်နိုင်စွမ်းရှိလိမ့်မည်ဟု သူ့အတွေး၌ တစ်ခါမျှမပေါ်ပေါက်ခဲ့ ဖူးချေ။

ယခုတော့ သူ့အတွက် ပိုင်ပိုင်ပန်ခွင့်ရရှိသော ပန်းက လေးကို သူ မခူးဆွတ်ရက်အောင်ပင်ဖြစ်နေရသည်။

“မြေး . . ရော့ ဒါဘွားဘွားက မြေးတို့အတွက် မင်္ဂလာ ဦးလက်ဆောင်ပဲ၊ မြေးတစ်သက်လုံးဝတ်ဆင်ထားရမယ်”

“ဟာ ဘွားဘွားကျွန်မ ဒါတွေမလိုချင်ဘူး၊ မမက်မော ဘူး၊ အဖိုးတန်ပစ္စည်းတွေ ကျွန်မကိုယ်မှာရှိနေတာကို ကျွန်မ မလိုလားဘူး၊ စိတ်ကျဉ်းကျပ်တယ်၊ စိတ်လဲရှုပ်တယ်၊ မဝတ် ပါရစေနဲ့၊ ယူလဲမယူပါရစေနဲ့”





“ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ မြေးရယ်၊ မိန်းမဆိုတာ လက်ဝတ်ရတနာလေးတွေနဲ့ ပန်ရတယ်၊ ကဲ . . ချွတ် သမီးရဲ့ ပုလဲနားကပ်လေး ချွတ်လိုက်”

သင့်စိတ်ရှုပ်ထွေးစွာဖြင့် အောင်ဇေယျအား လှမ်းကြည့် လိုက်သည်။ အောင်ဇေယျက သင့်၏အကြည့်ကို နားလည်စွာ ဖြင့် . . .

“ရပါတယ် ဘွားဘွား၊ နောက်မှ သားဝတ်ပေးလိုက်ပါ့ မယ်၊ သင့်လဲ ပင်ပန်းနေပါပြီ၊ ဘွားဘွားလဲ နားသင့်ပြီ”

ဘွားဘွား လက်လျှော့လိုက်ပြီ။ ဟုတ်ပေသားပဲ မင်္ဂလာ ဦးအနေဖြင့် လွတ်လွတ်လပ်လပ် နေချင်ကြမည်ပေ့။ သင့်ဆို သောမိန်းလေးက တစ်မျိုးပါပဲ။ မိန်းမ မပီသလိုက်တာ။ သူမအ နေဖြင့် မိန်းမကို မိန်းမပီပီသသပဲ လက်ဝတ်ရတနာများကို မက် မောစေချင်သည်။ လောဘရှိစေချင်သည်။ မီးဖိုချောင် လုံခြုံစေ တာ စီးတဲ့ရေ ဆည်တဲ့ကန်သင်း ဖြစ်စေချင်သည်။

မီးဖိုချောင်ထဲက မထွက်ဘဲ ဆံပင်ရှည်ကြီးထားတတ်ပြီး ရင်ဖုံးအင်္ကျီကလေးနှင့် ထဘီကို ခြေမျက်စိမပေါ်အောင် ဝတ် တတ်သော မိမိနှင့်လည်း သဏ္ဌာန်တူညီသော သင့်ကို . . မြေး ချွေးမအဖြစ် ရွေးချယ်မိခဲ့မိခြင်းဖြစ်၏။ ယခုမှ မိမိနှင့် စရိုက်မတူ ပါလားဟု စတင်သံသယဝင်လာချိန်သည် နှောင်းသွားလေပြီ။ မိမိကိုယ်တိုင် လက်ထပ်ပေးပြီး၍ ထိုက်သင့်သော လက်ဝတ်ရတ နာသေတ္တာကိုပင် အပ်နှံလိုက်ပြီးပြီ။ ထိုထက်ပိုဆိုးရွားသည်က မိမိ၏ အသည်းတုန်အူတုန် ချစ်ရပါသော အနှစ်ကလေး . . မြေး



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇေယျကိုပင် သူမလက်ထဲ အပ်နှင်းလိုက်ရပြီ။

"ဘွားဘွား ပြန်မယ်"

ရစ်ဝဲလာသော မျက်ရည်စများကို မျက်တောင်ခတ်ကာ သိမ်းဆည်းလိုက်ပြီး အရှယ်နှင့်မလိုက်အောင် ချာခနဲလှည့်အထွက်၌. . .

"ဘွားဘွား"

သင့်၏အသံနှင့်အတူ သူမ၏လက်မောင်းနှင့် ဖွဖွကလေးထိတွေ့မှုကို ခံစားလိုက်ရသည်။ ဒေါ်စံပယ်ရှံရင်ထဲ သက်သာ ရသွားသည်။

"ကျွန်မ ဘွားဘွားကို လိုက်ပို့ပေးပါရစေ"

သင့်၏ အလိုက်တသိ ရှိမှုလေးကြောင့် အောင်ဇေယျ သက်ပြင်းချလိုက်မိသည်။ စောစောက သူအမြတ်တနိုးပေးသော လက်ဝတ်ရတာသေတ္တာကို သင့်မမက်မောဘဲ ငြင်းပယ်လိုက်ခြင်းအတွက် ပျက်သွားသော ဘွားဘွား၏မျက်နှာသည် ပြန်လည်လန်းဆန်းလာသည်။

"ရပါတယ်. . မြေး နားလေ"

"ကျွန်မ မပင်ပန်းပါဘူး ဘွားဘွားရယ်၊ ဘွားဘွားကို ကားအထိ လိုက်ပို့ပေးမယ်နော်"

"အေး. . . အေး"

အောင်ဇေယျ မလိုက်တော့ဘဲ ဘွားဘွားနှင့်သင့် အိပ်ခန်းအုတွင်းမှ ပျောက်ကွယ်သွားသည်အထိ ငေး၍ကျန်ရစ်ခဲ့သည်။





သင့်အား ပြောစရာစကားများကို ရင်ထဲ၌စာစီလျက်ရှိသည်။

ဘွားဘွား ကားထွက်သံကြားရပြီး အတန်ကြာသည့်တိုင်အောင် သင့် ရောက်မလာသေးသဖြင့် သူအောက်ထပ်သို့ ဆင်းခဲ့သည်။ သင့်အားရှာဖွေလိုက်သည်။

ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်းတို့၌ မတွေ့ရချေ။ ကျန်အခန်းများအနှံ့ ရှာဖွေသော်လည်း မတွေ့သဖြင့် သူ့ငယ်ထိပ် မြွေပေါက်ခံလိုက်ရသည့်အလား ထူပူကာ ပြာဝေသွားသည်။

အိမ်ပြင်ဘက်သို့ ရှာဖွေရန် ထွက်အလာ၌ သူသက်ပြင်းချလိုက်သည်။

တွေ့ရပါပြီ။ အလှစိုက်ထားသော ဂျပန်မြက်ခင်းနုနုလေးများ၌ ဝတ်ထားသော အဖြူရောင် ဝတ်စုံကိုမှ အားမနာဘဲ ပယ်ပယ်နယ်နယ် ထိုင်ချကာ ကြွေကျနေသော တရုတ်စကားပန်းလေးကို ကောက်ယူခြေမွလျက်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

"သင့် "

မျက်ရည်များဖြင့် ရောပြွမ်းလျက်ရှိသော မာနမျက်လုံးများက သူ့အား စိမ်းကားစွာကြည့်လျက်. . . .

"သင့်"

". . . ."

သူက သူမရှေ့တွင်ရပ်ကာ လက်ကမ်းလိုက်သည်။





"ထ. . မင်းနဲ့ငါ စကားတွေ ပြောကြရအောင်"

"မလိုချင်ဘူး၊ ကျွန်မဘယ်သူနဲ့မှ စကားမပြောချင်ဘူး၊ ကျွန်မဒီလိုပဲ ထိုင်နေချင်သေးတယ်"

"အဝတ်အစားလေးဘာလေး လဲလိုက်ပါဦးလား"

"ကျွန်မတစ်ယောက်တည်း နေချင်တယ် ဦးအောင်ဇေယျ"

"နေရပါတယ်. . ဒါပေမယ့် ငါပြောမယ့်စကားတွေကို မင်းအရင်နားထောင်လိုပါဦးလား"

". . . . ."

အောင်ဇေယျ လက်လျှော့လိုက်သည်။ သူမရှေ့၌ ဝင်ထိုင်လိုက်သည်။

သင့်က မျက်ရည်သုတ်ကာ သူ့အား ရဲတင်းစွာကြည့်သည်။ မျက်ဝန်းသည် မျှော်လင့်ချက် ကုန်ဆုံးနေသော မျက်ဝန်းဖြစ်သည်။

"ငါပြောမယ့်စကားက မင်းအတွက် အကောင်းဆုံးသော လက်ဆောင်ဖြစ်မှာပါသင့်"

သင့်က နှုတ်ခမ်းကိုမဲ့ကာ ပြုံးလိုက်သည်။ ခနိုးခနဲ့ အပြုံးဟု အောင်မဇေယျ နားလည်သဘောပေါက်လိုက်ပါသည်။ သင့်၌ ခံစားတတ်သော မိန်းမဆန်သော အပြုအမူတွေ မပျောက်ဆုံးသေးပါလားဟု ကျေနပ်စွာ အကဲခတ်လိုက်မိသည်။

"သင့် အလိုလားဆုံး လက်ဆောင်ကို ငါပေးမှာပါ"

"ကျွန်မအလိုလားဆုံး လက်ဆောင်. . . "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ အဟင်း. . . ဟင်း ဦးအောင်ဇေယျက ကျွန်မကို ပျော်တော်ဆက်ဖို့ ကြိုးစားနေတာလား"

"ဟုတ်တယ်၊ မင်းပျော်ရွှင်ဖို့အတွက် ငါအစွမ်းကုန်စဉ်း စားပြီးမှ ပေးအပ်မယ့် လက်ဆောင်ပဲ၊ အဲဒီလက်ဆောင်ကို မင်းကို ငါပေးအပ်ချင်တယ်"

သင့်က မဲ့ကာ. . . .

"ကျွန်မ ဘယ်အရာဝတ္ထု ပစ္စည်းလက်ဆောင်ကိုမှ မမက်မောဘူး"

"ငါကလည်း. . မင်းကို အရာဝတ္ထု ပစ္စည်းလက်ဆောင် ပေးမယ်လို့ မပြောပါလား"

"ဒါဖြင့် ဘာလဲ"

"အရာဝတ္ထုပစ္စည်းထက်ကို မင်းလိုလားနှစ်သက်နိုင် မယ့် လက်ဆောင်ပေါ့ကွာ၊ ကိုင်း. . ထ၊ အပေါ်ထပ်ဧည့်ခန်းကို သွားရအောင်"

သင့် ဆတ်ခနဲထလိုက်သည်။ စိတ်ချမ်းသာနိုင်မည့် လက်ဆောင်ဆိုတော့ မိမိအား ကွာရှင်းခွင့်ပေးတော့မည်လား။ မေမေက လက်ခံနိုင်ပါ့မလား။ ဦးအောင်ဇေယျနှင့် ကွာပြီးလည်း မိမိအား နောက်ထပ်တစ်ယောက်နှင့် မစီစဉ်ဘူးဟု ပြောနိုင်ပါ့မ လား။

ဘာပဲပြောပြော သင့် မီးစဉ်ကြည့်ကရမည်။ ဦးအောင် ဇေယျက သဘောကောင်းပုံရသည်။ မိမိလိုလားချက်များကို တောင်းဆိုရမည်။





သင့်က သူ့အားမစောင့်ဘဲ အိမ်ထဲသို့ တောက်လျှောက် ဝင်သွားသည်။ အောင်ဇေယျနောက်မှ လိုက်သွားခဲ့သည်။

အပေါ်ထပ်ဧည့်ခန်း ဆိုဖာဆက်တီ၌ ထိုင်စောင့်နေ သော သင့်ရှေ့သို့ စာချုပ်နှစ်စောင် ပေးလိုက်သည်။

သင့် လှမ်းယူကြည့်လိုက်သည်။ ကွာရှင်းပြတ်စဲကြောင်း စာချုပ်ဖြစ်သည်။

သင့်ရင်ထဲ လှိုက်ဖိုကာ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

မိမိစိတ်ကို အလိုလို သိနိုင်စွမ်းရှိသော ဦးအောင်ဇေယျ ကိုလည်း အံ့သြရသည်။

"ဒါ. . ဒါ. ."

"ဟုတ်တယ်၊ မင်း လက်မှတ်ထိုးလိုက်ပါ၊ ငါ လက်မှတ် ထိုးထားပြီးပြီ၊ ပြီးရင် မင်းပဲ သိမ်းထားလိုက်"

သင့်မျက်နှာလေးသည် သူမျှော်လင့်ထားသလိုပင် အံ့ သြရာမှ ဝင်းပသွားသည်။ ထို့နောက်. . . ကြည်လင်ဝိုင်းစက် တောက်ပသော မျက်ဝန်းများက သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ ထိုမျက်ဝန်းများနှင့် ကျေးဇူးတင်ခြင်းဟူသော အပေါင်းအသင်းများ ပါလာသည်ဟု အောင်ဇေယျ နားလည်သ ဖြင့် ပြုံးပြလိုက်သည်။

"ဒါပေမယ့် မင်းဒီမှာပဲနေပါ၊ မင်းမိဘတွေက ဒီကိစ္စကို လက်ခံနိုင်မှာ မဟုတ်သလို ငါ့ဘက်ကလဲ လက်ခံမှာမဟုတ်ဘူး၊ ဒီတော့ ဒီနေ့ကစပြီး မင်းကို ငါ နှမတစ်ယောက်လို ငါစောင့် ရှောက်သွားမယ်၊ ဟောဒီ အပေါ်ထပ်ကို မင်းအပိုင်စားသော ယူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ ငါ အောက်ထပ်မှာပဲနေမယ်”

သင့် အိပ်မက်မက်နေခြင်းလားဟုပင် မယုံကြည်နိုင်အောင်ဖြစ်သွားရသည်။ သင့်မျှော်လင့်ထားသည်ထက်ပင် ပို၍အံ့ဩဖွယ်ကောင်းလှသည်။ ဝတ္ထုဆန်လွန်းလှသည်။ သင့် ဖတ်ဖူးသောဝတ္ထုတွေထဲက အဖြစ်မျိုးကို သင့်ကိုယ်တိုင် ရင်ဆိုင်လိုက်ရပြီ။

“ကျွန်မ. . ကျွန်မ. . အရမ်းကျေးဇူးတင်ပဲ၊ ကျွန်မ ဦးအောင်ဇေယျကို ဘယ်လိုကျေးဇူးတင်ရမှန်း မသိအောင် ဖြစ်နေပြီ”

သင့်က စာချုပ်နှစ်စောင်ကိုရင်မှာ ပိုက်ပြီး ကတုန်ကယင် လေသံဖြင့် ပြောလိုက်သည်။

အောင်ဇေယျက ကျေနပ်စွာပြုံးလိုက်ပြီး. .

“ငါပေးတဲ့ လက်ဆောင်ကို မင်းနှစ်သက်စွာလက်ခံတဲ့အတွက် ငါကလဲဝမ်းသာရပါတယ်၊ ကိုင်း မင်းနားတော့ ငါကိစ္စရှိလို့ အပြင်သွားလိုက်ဦးမယ်”

“ဟုတ်. . သြော်. . ဦးအောင်ဇေယျ သွားချင်တဲ့ဆီသွားပါ၊ ပြန်ချင်တဲ့အချိန် ပြန်လို့ရတယ်၊ ကျွန်မကို အသိပေးစရာမလိုအပ်ဘူး ထင်ပါတယ်”

“တစ်အိမ်တည်းနေတဲ့ ညီမတစ်ယောက်ကို အစ်ကိုတစ်ယောက်က အသိပေးခြင်းမျိုးကိုတော့ မင်းလက်ခံသင့်တယ်လို့ ငါထင်တယ် သင့်”

“ဒါဖြင့်လည်းပြီးရော”





သင့်က စာချုပ်တို့ယူကာ ထိုင်ရာမှ ထလိုက်သည်။

“သင့် ကားမောင်းတတ်သလား”

“မောင်းတတ်တယ်၊ မေမေမသိအောင် ခိုးသင်ထားတာ”

“လိုင်စင်ကော”

“မလုပ်ရသေးဘူး”

“သြော် ဒါဖြင့် လိုင်စင်ပုံရိုက်လိုက်လေ၊ ငါလုပ်ပေးမယ် ခုလောလောဆယ်တော့ ဦးစံရကိုပဲ မင်းသွားချင်တဲ့ဆီ ပြောပြီးသွားတာပေါ့ကွာ”

“ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်”

သင့်က ကလေးတစ်ယောက်လိုပင် ဝမ်းသာမှုကို မဖုံးနိုင် မကွယ်နိုင်ပဲ ရွှင်လန်းစွာပြောဆိုလိုက်ပြီး ဧည့်ခန်းတွင်းမှနေ၍ အိပ်ခန်းများကို လိုက်ကြည့်သည်။

“ကျွန်မ ဒီအခန်းကြီးမှာတော့ မနေနိုင်ဘူးသိလား ဦးအောင်ဇေယျ”

အောင်ဇေယျက လှေကားထိပ်မှနေ၍ သင့်အသံကြောင့် နောက်သို့ကြည့်လိုက်သည်။ သင့်ပြသောအခန်းက သူတို့အတွက် ပြင်ဆင်ထားသော နှစ်ယောက်အိပ်ခန်းဖြစ်သည်။

“မင်း သဘောပဲ”

အောင်ဇေယျက ထိုမျှသာပြောပြီး အောက်ထပ်သို့ဆင်းခဲ့သည်။ သင့်နှင့်ပတ်သက်၍ အများကြီး စိတ်ရှည်ဖို့လိုသည်ဟု သူနားလည်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမသားချင်းမရှိသော သူ့အတွက် သင့်ကိုနှမလေးတစ်ယောက်ရသည့်အလား စောင့်ရှောက်သွားတတ်ဖို့လိုသည်။ မေတ္တာထားနိုင်ပါ့မလား၊ သွေးမတော် သားမစပ် မိန်းမတစ်ယောက်နှင့်အတူ နေထိုင်ရာ၌. . ဘာမှ မငြိစွန်းဘူးဆိုရလောက်အောင်က ဝတ္ထုဆန်လွန်းနေသည်။ လက်တွေ့လောကကြီး၌ သူ့အကြောင်း သိသူများက သူ့အား အရူးဟု ဆိုကောင်းဆိုပေလိမ့်မည်။

မတတ်နိုင် သူလိုချင်သည်က ချစ်ခြင်းနှင့် ဖွဲ့တည်သောအိမ်ထောင်ရေးတစ်ခု။

ယခုရရှိသည်က မိဘဘိုးဘွားများ၏ ဆန္ဒဖြင့် အတင်းအကျပ်ဖန်တီးပေးသော အိမ်ထောင်ရေးပုံစံတစ်ခု။

ဒါကို သင့်မလိုလားသကဲ့သို့ သူလည်း လုံးဝမလိုလားချေ။

သူ့ကားကို ဦးတည်ရာမဲ့မောင်းနေမိသည်ကို သတိထားလိုက်မိမှ သွားစရာတစ်ခုခုကို ရွေးချယ်လိုက်သည်။

သံလျင်တံတားပေါ်သို့. . .







# အခန်း(၁၄)

သင့်သည် သန့်ရှင်းလတ်ဆတ်သော မြစ်လေအေးများ၏ တိုးဝှေ့မှုကို ခံစားရင်း တရွေ့ရွေ့လျှောက်ခဲ့သည်။

သင့်အတွက် ဒါလွတ်လပ်ခြင်းလား။

ဦးအောင်ဇေယျထွက်သွားသွားချင်း သင့်လည်း အဝတ်အစားလဲကာ ဦးလေးစံဟုခေါ်ပြီး ကားထုတ်ခိုင်းကာ သံလျင်တံတားသို့ မောင်းခိုင်းလိုက်သည်။ တစ်နေရာ၌ ကားရပ်ပြီးလမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလျှောက်ခဲ့သည်။

ဦးစံရက သူမအား မလှမ်းမကမ်းမှ လိုက်ပါစောင့်ရှောက်သည်ကို သင့်သိသော်လည်း မဟန့်တားခဲ့။ ဦးစံရသည်သူ၏ဝတ္တရားကို သူဆောင်ရွက်ခြင်းဖြစ်သည်။

တိမ်မိလ္လာကြားမှ နှုတ်ဆက်ခြင်းကို အားယူနေသောနေသော နေဝန်းနီပျောက်ကွယ်သွားမှာကို သင့်နှမြောတသခံစားရသည်။ သို့သော် ဖြေသာမှုတစ်ခုကို တွေးကြည့်သည်။ နေဝင်သွားပေမယ့် လထွက်လာမှာပါဟု. . .

သို့သော် လမိုက်ညဆိုလျှင်ကော ကြယ်တာရာကလေးတွေရှိပါသေးသည်။

"သင့်"

"ဟင်"

သင့်နားစည်သို့ ယဉ်ပါးနေသော အသံတစ်ခု တိုးဝင်လာသဖြင့် သင့်ငဲ့စောင်းကြည့်လိုက်သည်။ ဦးအောင်ဇေယျကိုတွေ့မြင်လိုက်ရသောအခါ သင့်အတွက် အံ့အားသင့်စရာ ဖြစ်သွားရသည်။

"ဘာလာလုပ်တာလဲ"

"လေညင်းလာခံတာလေ ဦးအောင်ဇေယျကော"

"ငါလဲ မင်းလိုပဲ၊ ဒီရောက်တော့ ဦးစံရကို အရင်တွေ့တယ်၊ ပြီးတော့မှ မင်းကို တို့တွေ့တာ"

"ကျွန်မ ဒီလိုစိတ်သွားတိုင်းကိုယ်ပါမနေခဲ့ရဖူးဘူး၊ ခုလိုနေထိုင်ခွင့်ရတဲ့အတွက် ဦးအောင်ဇေယျကို ကျွန်မကျေးဇူးတင်





မိပါတယ်"

"မင်းထင်လို့ပါ ငါကမင်းအတွက် ဒုက္ခရောက်စေမယ့်လွတ်လပ်မှုမျိုးဆိုရင် ခွင့်ပြုမှာမဟုတ်ဘူး၊ ခုလဲ ဦးစံရပါနေလို့မင်းကိုခွင့်ပြုတာ"

သင့်က တရွေ့ရွေ့လှမ်းနေသည့် တိမ်တောင်လိပ်တို့ကိုကြည့်ရင်း. . .

"ဦးအောင်ဇေယျ"

"ဆို"

"ကျွန်မ တွေးမိတာ တစ်ခုရှိတယ် သိလား"

"ပြောပါဦး လိုအပ်ရင် နည်းပညာရပ်တစ်ခု အနေနဲ့အသုံးချသင့်ရင် ချရအောင်"

အလဲ့ ပုဂ္ဂိုလ်ကြီးက ဘယ်ဆိုးလို့လဲဟု သင့်ကျေနပ်စွာကောက်ချက်ချလိုက်မိသည်။ သို့သော်. . အရေးတယူ လှည့်မကြည့်ခဲ့။

"ကောင်းပြီ. . . ပြောမယ်"

သင့်သည် ကောင်းကင်ကို မျက်စိတစ်ဆုံး ငေးကြည့်ရင်း မိုးကုပ်စက်ဝိုင်းနှင့် ပဲခူးမြစ်အလယ်ကို ထိတွေ့မှု၊ ထိုမှလှေသမ္ဗန်၊ သင်္ဘောငယ်များ၊ စီဘီတွဲများ၊ ဇက်များ တအိအိလှုပ်ရှားနေမှုကို လည်းကောင်း၊ မြင်မြင်သမျှကို လွမ်းမောဖွယ်ရာအတိပါလားဟု ရင်တွင်းမှတ်ယူလိုက်သည်။

"ပြောလေ"

"ဩော်. . ဦးအောင်ဇေယျ မရယ်နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရယ်စရာဆိုရင် ရယ်မယ်၊ ရယ်စရာမဟုတ်ရင်တော့ မရယ်ဘူး"

သင့်က ဦးအောင်ဇေယျကို ငဲ့စောင်းကြည့်လိုက်ပြီး. .

"ဦးအောင်ဇေယျ ကောင်းကင်ကြားမှာ ဘာတွေရှိနေသလဲဟင်"

"တိမ်တွေရှိတာပေါ့"

"အမြဲလားဟင်"

"အမြဲပေါ့"

"တစ်ခါတစ်ရံ တိမ်ကင်းစင်တဲ့ ကောင်းကင်မျိုးရှိမယ် ထင်တယ်နော်"

"မင်းတွေ့ဖူးလို့လား သင့်"

"ဟင့်အင်း မတွေ့ဖူးဘူး ဒါပေမယ့် တွေးကြည့်တာ၊ တိမ်ကင်းစင်ပါတယ်ဆိုတဲ့ ကြေညာချက်မျိုးရှိနေမှတော့ ကောင်းကင်ကြီးမှာ တကယ်ပဲ တိမ်ကင်းစင်မှုကို ချည်မျှင်စာလောက်တောင် မရှိဘူးလားလို့ တွေးကြည့်မိပြီး အဲဒီလို တိမ်မဲ့ကောင်းကင်ကို ကျွန်မမြင်ဖူးချင်လိုက်တာ"

"ဘယ်ရှိမှာလဲ ကလေးရယ်၊ တိမ်မရှိတဲ့ ကောင်းကင်ရယ်လို့ လုံးဝမရှိနိုင်ပါဘူး၊ ကောင်းကင်ကြီးဟာလဲ မိုးသားတိမ်တောင် တိမ်လိပ်တိမ်မျှင်ကလေးတွေရှိမှ အဓိပ္ပာယ်ရှိတဲ့ လှပခြင်းမျိုးနဲ့ ပြည့်စုံစေမယ်ပေါ့၊ တိမ်ထူထပ်ခြင်းနဲ့ တိမ်အနည်းငယ်ရှိခြင်းလောက်ကတော့ ကွာခြားတာပေါ့"

"ဟုတ်တယ်နော် ကျွန်မ အဲဒါကိုတွေးနေတာ၊ မိုးသား





တိမ်ကင်းစင်တဲ့. . အဲ. . တိမ်လုံးဝမရှိတဲ့ ကောင်းကင်ပေါ်လာရင် ကျွန်မကိုပြဖို့ မမေ့ပါနဲ့နော်၊ ကျွန်မတွေ့ဖူးချင်လို့ပါ"

"မင်းလိုပဲ. . ငါလဲ စိတ်ဝင်စားလာလို့ စောင့်ကြည့်ပါ့မယ်ကလေးရယ်"

အောင်ဇေယျက ကြည့်နူးစွာပင် ပြောလိုက်သည်။

သူ့အတွက် အပျင်းပြေစေဖို့ ကလေးတစ်ယောက်ကို မွေးစားမိသကဲ့သို့ ဖြစ်နေပြီထင်သည်။

"ဟော. . နေဝင်သွားပြီ၊ ဒါပေမယ့် သူ့ရဲ့ရောင်နီက ကျန်ခဲ့သေးတယ်နော်"

"ဟုတ်တယ်. . . နေလုံးတောင် အိပ်တန်းဝင်သွားပြီ၊ ဒါပေမယ့် အိမ်မပြန်သေးဘဲ စိတ်ကူးယဉ်နေတတ်တဲ့ လူတွေကိုတော့ အိမ်ပြန်တော့ဆိုပြီး သူ့ရဲ့ ရောင်နီပဝါလေးကို ယမ်းပြီး ပြန်ခိုင်းနေတယ်"

"ဟား လူကြီးက ဘယ်ဆိုးလို့လဲ၊ ကျွန်မကို အိမ်ပြန်စေချင်တယ်ပေါ့"

"ဒါပေါ့ မိန်းကလေးရယ်၊ အိမ်ပြန်သင့်ပြီ"

"ကျွန်မညနေမှာ ဒီတံတားကြီး မီးရောင်လေးရယ်၊ လှေသမ္ဗန်လေးတွေရဲ့ မီးလုံးအရောင်လေးတွေရယ်ကို ကြည့်ချင်သေးတယ် ဦးအောင်ဇေယျ"

"မသင့်တော်ဘူးလေ"

"ဦးအောင်ဇေယျရှိနေတာပဲ၊ ဟိုမှာ ဦးစံရလဲ ရှိတယ် ခဏနေဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇေယျ သက်ပြင်းချလိုက်သည်။

"ဟုတ်တယ် ဦးအောင်ဇေယျ သူတို့အလင်းရောင်လေးတွေနဲ့ မြစ်ရေရဲ့ ရောင်ပြန်မှုဟာ သိပ်လှတဲ့ ညချမ်းလေး တစ်ခုကို ဖန်တီးတတ်တယ်၊ "ကျွန်မကြည့်ချင်လို့ပါ"

"ကြည့်လေ ငါစောင့်နေမယ်၊ ဦးစံရကို ပြန်လွှတ်မယ်၊ သူထမင်းစားချင်မှ စားရဦးမယ်ထင်တယ်"

"ဪ. . ဟုတ်သားပဲ ကျွန်မလဲ မစားရသေးဘူး"

"အပြန်မှာ တစ်ခုခု ဝင်စားမလား"

"ဘယ်မှာမှ မစားဘူး၊ အိမ်ထမင်း၊ အိမ်ဟင်းပဲ စားမယ်"

အောင်ဇေယျက သင့်ကို စကားဆက်မပြောနိုင်သေးပဲ ဦးစံရ ရှိရာကိုလျှောက်ပြီး ပြန်နှင့်ရန် ပြောလိုက်သည်။ ဦးစံရက သူမောင်းခဲ့ရာ ကားဆီသို့ လျှောက်သွားသည်။ သူလျှောက် ပြန်လာခဲ့သောအခါ သင့်က တရွေ့ရွေ့ လျှောက်နေသဖြင့် သင့်အပါးသို့ ခြေလှမ်းကျဲဖြင့် အမီလိုက်ရသည်။

"ဦးအောင်ဇေယျ ကျွန်မကို သိပ်စိတ်ကူးယဉ်ဆန်တဲ့ မိန်းကလေး တစ်ယောက်လို့ ယူဆမှာပေါ့နော်"

"မယူဆပါဘူး သဘာဝရဲ့ အလှတရားကို သိပ်မြတ်နိုးတတ်တာဟာ လူသားဆန်တဲ့ နှလုံးသားရှိသူပဲ၊ ဒါပေမယ့် သိပ်ပြီးတော့ အစွန်းမရောက်ဖို့ လိုအပ်တယ်လေ သင့်"

အောင်ဇေယျက သင့်အား အရေးတယူပင် စိတ်ရှည်လက်ရှည်တုံ့ပြန်ပြောလိုက်သည်။





"အစွန်းရောက်တယ်ဆိုတာ"

"ဘာတစ်ခုမှ မလုပ်ဘဲ ထိုင်စဉ်းစားနေတတ်တာမျိုး၊ ဆိုပါတော့ကွာ၊ မင်းဟာမြစ်ထဲမှာ သွားလာလှုပ်ရှားနေတဲ့ လှေ၊ သမ္ပန်လေးတွေရဲ့ မီးခွက် အလင်းရောင်လေးတွေရယ်၊ မြစ်ရေအလျဉ်ရဲ့ ထင်ဟပ်တုံ့ပြန်မှုပေးမယ့် အလင်းရောင်တွေကို မြင်ချင်တယ်၊ ခဏမဟုတ်ဘဲ တစ်ညလုံးပြောင်းလဲလာမှုကို တွေ့ချင်တယ်၊ ညဉ့်ဦးယံ၊ သန်းခေါင်းယံ အရုဏ်ဦးအထိ သိချင်ကြည့်ချင်လာပြီး ထိုင်ကြည့်နေမယ်ဆိုရင်. . ."

သင့်က ရယ်သွမ်းသွေးလိုက်သည်။

"အဟင်း. . ဟင်းဟင်း အမှန်တော့ ကျွန်မစိတ်ကူးက အဲဒီအတိုင်းပဲ၊ ဒါပေမယ့် လူဆိုတာ စားချိန်၊ အိပ်ချိန်၊ အလုပ်လုပ်ချိန်၊ အနားယူချိန်ဆိုတာ မျှတစွာရှိသင့်တယ်ဆိုတာ ကျွန်မနားလည်သရွေ့တော့ ကျွန်မအတွက် ရူးသွပ်ခြင်းဆိုတာ ဝေးနေဦးမှာပါ၊ တစ်ခုတည်းပါ ကျွန်မဘဝဟာ လှောင်ချိုင့်ထဲမှာ နေခဲ့ရတဲ့ ငှက်ကလေးတစ်ကောင်ရဲ့ လွတ်လပ်ခြင်းမျိုး ကျွန်မရရှိခံစားရလို့. . . ကျွန်မ လွတ်လပ်စွာ ပျံသန်းကြည့်နေချင်တဲ့သဘောပါ၊ ဟောမှောင်ရီပျိုးလာပြီ၊ ဪ. . လှေသမ္ဗန်ကြီးတွေကတော့ အရေးပေါ် မီးချောင်းနဲ့ သင်္ဘောတွေမှာကတော့ ကိုယ်ပိုင်မီးစက်နဲ့ပေါ့၊ ဒါလဲ ကွားခြားချက်ပဲ၊ ကျွန်မကို ရယ်စရာကောင်းတဲ့ ကောင်မလေးပဲလို့ ဦးအောင်ဇေယျ ထင်မှာပေါ့နော်၊ ကျွန်မပျော်လို့ပါ၊ ကျွန်မဟာ အိမ်ထောင်မှု လှောင်ချိုင့်ထဲက လွတ်မြောက်ခွင့်ရတဲ့အတွက် အရမ်းပျော်နေတယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအသက် ဆယ့်ရှစ်နှစ် မပြည့်သေးဘူး၊ အဲဒီကာလတော့ ဦးအောင်ဇေယျဆီမှာ ခေတ္တနားခိုခွင့်ပြုပါနော်"

"ဆယ့်ရှစ်နှစ်မပြည့်ခင်တင်မဟုတ်ဘူး၊ မင်းဘွဲ့ရပြီး သည်အထိပေါ့"

အောင်ဇေယျ တမင်ပြောလိုက်ခြင်းဖြစ်သည်။ အမှန်တကယ်ပြောချင်သည်က 'တစ်သက်လုံး စောင့်ရှောက်သွားမှာပါကွာ'ဟု။ သို့သော် ထိုစကားကို ပြောဖို့ရာအတွက် သူဝန်လေးနေသည်။

သင့်လိုမိန်းမငယ်လေး၏ရှေ့မှောက်၌ သူလိုယောကျ်ားရင့်မာကြီးက ဒူးမထောက်လိုပါ။

သူသည်အချစ်ကို ကိုးကွယ်တတ်သော ခပ်ပျော့ညံ့ညံ့ ယောကျ်ားတစ်ယောက်မဟုတ်ဘူးဟု သူ့ကိုသူမာန်တင်းလိုက်သော်လည်း အမှန်တော့ သူအချစ်ကို ကိုးကွယ်နေမိပြီ။

သင့်ဆိုသော မိန်းမလှလေးဆီမှာ သူလိုချင်သည်မှာ အချစ်ဖြစ်နေသည်။

သင့်ထံ၌ မရှိသေးဘူးဟု ထင်ရသော အချစ်ဖူး အချစ်ငုံကလေးကိုမှ သူလိုချင်သည်။

"သာယာလိုက်တာ၊ ကျွန်မလေ ခုလိုမြင်ကွင်းမျိုးကို စာတွေ့နဲ့တင် မြင်ဖူးရတာဆိုရင် ဦးအောင်ဇေယျ ယုံကြည်မလားဟင်"

"ယုံကြည်ပါတယ်"

"ကျွန်မဘဝမှာလေ၊ အိမ်နဲ့ကျောင်းကလွဲရင် ဘယ်ကိုမှ





မရောက်ဖူးဘူး၊ ဒါပေမယ့် မေမေ၊ ဖေဖေ၊ မမတို့နဲ့ အတူတူ ငယ်ငယ်ကတော့ တိရစ္ဆာန်ရုံပေါ့၊ အဲဒီတုန်း ကျွန်မကျိတ်ငိုဖူးတယ်၊ တိရစ္ဆာန်တွေကို သနားလို့လေ၊ သူတို့ခမျာ သဘာဝတောအုပ်အလယ်မှာ ကျင်လည်ကျက်စားကြီးပြင်းရတာနဲ့ ဘယ်တူပါ့မလဲဆိုပြီး သနားလွန်းလို့ ငိုမိတယ်၊ နောက်. . ဘုရား၊ ရွှေတိဂုံကိုပဲ ရောက်ဖူးတယ် ဒါပဲ. . .

ဒါကြောင့် ကျွန်မကိုးတန်းနှစ်မှာ သူငယ်ချင်းတွေနဲ့ ကျောင်းပြေးပြီး ရုပ်ရှင်သွားကြည့်ဖူးတယ်၊ အဲဒါမိသွားလို့ အရိုက်ခံလိုက်ရတာ၊ ကျောပြင်က ကြိမ်ဒဏ်ရာနဲ့ ဖျားရတဲ့အထိပါပဲ"

"ဩော် ကလေးရယ်"

"ဆယ်တန်းလဲရောက်ရော၊ အိမ်မှာပဲ ဘာသာစုံကျူရှင်နဲ့ ပြင်ပဖြေခဲ့ရတယ်၊ ကျွန်မ အရမ်းကြိုးစားခဲ့တယ်၊ တက္ကသိုလ်ကျောင်းသူဘဝရဲ့ လွတ်လပ်ပျော်ရွှင်မှုတွေကို ကျွန်မရတော့မှာဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့၊ ခုတော့ သဲထဲရေသွန် ခံလိုက်ရသလိုဖြစ်ခဲ့ရတယ်၊ ဒါပေမယ့် ခု ကျွန်မဟာ တကယ့်လွတ်လပ်သူပါနော်၊ ဟုတ်တယ် ဦးအောင်ဇေယျ၊ ကျွန်မဟာ ဦးအောင်ဇေယျရဲ့ညီမပါနော်"

"ဟုတ်တာပေါ့ကလေးရယ်၊ မင်းဟာ ကိုယ့်ညီမလေးပါ၊ မင်း ကျောင်းဖွင့်ချိန်မှာ မင်းကိုယ်တိုင် ကားကလေးမောင်းပြီး ကျောင်းတက်ပါ၊ မင်းသွားချင်တဲ့ဆီကို မင်းသွားနိုင်တယ်၊ ဒါပေမယ့် မိန်းကလေးတစ်ယောက်အနေနဲ့ သွားသင့်သွားထိုက်တဲ့ နေရာမျိုးကိုပဲ မင်းသွားရမယ်၊ ခုလဲမင်းသွားချင်တယ်ဆိုရင် ငါနဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်း တစ်နေ့ရာရာကို သွားကြရအောင်"

သင့် စဉ်းစားလိုက်သည်။ နောက်မှ . . .

"မောင်နှမအနေနဲ့လား"

"အင်းပေါ့၊ ငါနဲ့မင်းက မောင်နှမလေ"

"ဒါဖြင့် ငပလီ"

"ကောင်းပြီ၊ လေယာဉ်လက်မှတ် စီစဉ်လိုက်တော့မယ်၊ လာ ခုနစ်နာရီတောင်ရှိပြီ ပြန်ကြရအောင်"

သင့်ခေါင်းညိတ်လိုက်သည်။ ထို့နောက် အောင်ဇေယျကားရပ်ထားသည့် နေရာသို့ ခေါင်းမလေးသဖွယ် ကြော့ကြော့မော့မော့ကလေး လျှောက်သွားလေသည်။

အောင်ဇေယျက သက်ပြင်းတစ်တစ်ချက် ချလိုက်ပြီး နောက် သူမနောက်သို့ လိုက်သွားခဲ့လေသည်။







# အခန်း(၁၅)

သင့် တစ်ခါမှမစီးဖူးသော လေယာဉ်ကို စီးရသဖြင့် သင့်ရင်ထဲတွင် မခံစားဖူးသော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရရှာသည်။ ရင်ထဲ၌ ငြိမ့်ခနဲ သိမ့်ခနဲ။

"သင့် မူးနေသလား"

"ဟင့်အင်း၊ တစ်မျိုးကြီးပဲ ကိုကိုကြီး"

သည်တစ်ချီ ရင်ထဲ၌'ဟာခနဲ' ဖြစ်ထွန်းသွားရသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇေယျဖြစ်သည်။ သူလုံးဝမျှော်လင့်မထားသော ရင်းနှီးမှု တစ်ခုကို မြန်မြန်ဆန်ဆန်ရလိုက်၍ဖြစ်သည်။

"ကိုကိုကြီးတဲ့လား သင့်လေးရယ်" ဟု ရင်တွင်း၌ ပီတိ စကားလေး ကျိတ်ဆိုလိုက်သည်။ နှုတ်ကတော့ မပြောပါ။ သူမ ရှက်သွားမှာစိုး၍ ဖြစ်သည်။

"တစ်ခါမှ မစီးဖူးဘူးလား"

"မစီးဖူးဘူး၊ သူများတွေပြောတော့ မူးတယ်ဆို၊ ခု . . . မမူးပါဘူး"

"သင့်က ကျန်းမာရေးကောင်းလို့ဖြစ်မှာပေါ့"

"ဟုတ်တယ်၊ ကျွန်မအားရင် ခြံထဲမှာ ဒန်းကို အမြင့်ကြီး လွဲပြီးစီးနေကြ၊ တစ်ခါမှမမူးဘူး"

သင့်ရဲ့ဘဝကို အောင်ဇေယျ စက္ကန့်လေးတွေ တိုး၍ တိုး၍လာသည်နှင့်အမျှ တစ်စတစ်စ နားလည်လာသည်။ မိခင်၏ ပုံစံခွက်ထဲ၌ မကျေမနပ်ဖြင့် ကြီးပြင်းခဲ့ရသော မိန်းကလေး တစ်ဦး၏ စရိုက်တွေ အပြည့်အဝရှိနေသည်။

"ကိုကိုကြီးရယ် ကြည့်ပါဦး၊ လယ်ကွင်းတွေက တကယ့်ကို ရုပ်ပုံတွေထဲကအတိုင်း လေးထောင့်ကွက်တွေနော်၊ ရွှေဝါရောင်သန်းတဲ့ လယ်ကွင်းတွေပဲ"

"ဒါပေါ့ . . မင်းတို့ဆယ်တန်း ကွန်တိုမြေပုံ သင်ရသလိုပေါ့"

"သာယာတယ်နော်၊ ကျွန်မတော့လေ မြန်မာပြည်အနှံ့ကို လျှောက်သွားပစ်ချင်တယ်"





"သွားရမှာပေါ့ မင်းကျောင်းပိတ်ရက်တွေနဲ့ ကိုကိုကြီး အားရက်တွေကြုံရင် မင်းကို ကိုကိုကြီးလိုက်ပို့ပေးမယ်"

"ဟင့်အင်း . . . ကိုကိုကြီးဆီမှာ ကျွန်မခဏပဲနေမှာပဲ၊ ကျွန်မဘာသာ ကျွန်မသွားနိုင်အောင် ကျွန်မကြိုးစားမှာ"

အောင်ဇေယျရင်ထဲ နင့်ခနဲဖြစ်သွားသည်။ သင့်ကတော့ အောင်ဇေယျ၏ ရင်တွင်းဝေဒနာကို မသိဆိုးရှားစွာဖြင့် . .

"ဒီကပြန်တာနဲ့ ကျွန်မကွန်ပျူတာတက်မယ်၊ ပြီးရင် ညနေအဆိုင်းဖြစ်ဖြစ် ကွန်ပျူတာစာစီတစ်ခုမှာ ဝင်လုပ်မယ်လို ဆုံးဖြတ်ထားတယ်"

"ဆုံးဖြတ်ပြီးပြီလား"

"ဟုတ်ကဲ့ ဆုံးဖြတ်ချက်ပါ"

"ကောင်းပြီလေ မင်းဒီလောက်အလုပ်လုပ်ချင်မှတော့ ငါ့ကုမ္ပဏီမှာ ကွန်ပျူတာနဲ့ပဲ အလုပ်လုပ်နေတာ၊ မင်းကျွမ်းကျင်ရင်မင်းကိုခန့်မယ်၊ အိမ်မှာတော့ ကွန်ပျူတာရှိနေတာပဲ၊ ငါကိုယ်တိုင် အသုံးပြုနေတာ"

"အို ကျွန်မသတိမပြုမိပါလား"

"အောက်ထပ်စာကြည့်ခန်းမှာလေ"

"ကျွန်မ အိမ်ကို အနှံ့မကြည့်မိသေးဘူး၊ အထူးသဖြင့် အောက်ထပ်ပေါ့"

အောင်ဇေယျ ပြုံးလိုက်မိသည်။ ရှိရှိသမျှသော လုပ်ငန်းများကို မန်နေဂျာများနှင့် လွှဲခဲ့ပြီး သင့်နှင့်အတူ ပေလီသို့ အပန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြေခရီးထွက်ခဲ့သည်။

"ဟိုရောက်ရင် လုံးချင်းဘန်ကလိုလေးပဲ ငှားမယ်နော်"

"အေးပါ၊ ငါစီစဉ်ထားပြီးပါပြီ၊ ဟိုရောက်ရင်သာ မင်း ပျော်သွားမှာပါ။ ဒါပေမယ့် မင်း မနက်ဘက်တော့ ရေသွားမကူး နဲ့နော်"

"ရေသွားမကူးနဲ့ဟုတ်လား၊ အဟင်း . . ဟင်း . . ဟင်း"

သင့် မျက်နှာပေးလေးက မချိုမချဉ်ရှိနေသည်။ ခနိုးခနဲ့ ရယ်သော အရယ်၊ ဒီအရယ်က အောင်ဇေယျ၏ ငြိမ်သက်သ ယောင်ယောင်ရှိသော နှလုံးသားကို ပုတ်ခတ်ကာဆွပေးသကဲ့သို့ ရှိတတ်ကြောင်း သင့်ကတော့ သိဟန်မတူ။

"ဘာရယ်တာလဲကွ"

"ရေသွားမကူးနဲ့ ဆိုတာလေ"

"ဒါ ရယ်စရာစကားမှ မဟုတ်တာ"

"ဟုတ်တာပေါ့။ ကျွန်မ ရေကူးတတ်ဖို့ နေနေသာသာ၊ ရေအိုင်ကလေးတောင် ဆင်းကစားခဲ့ဖူးတာမှ မဟုတ်တာ"

"ဟင်း"

"ဟုတ်တယ်၊ ခြံထဲမှာကလဲ ဘာများ ကျယ်ကျယ်ဝန်း ဝန်းရှိလို့လဲ ဒီကြားထဲ ကွန်ကရစ်က လောင်းထားသေးတယ်။ ဒါကြောင့် ကျွန်မဒီခရီးကို ရွေးချယ်တာ၊ ဗီဒီယိုတွေမှာသာ မြင် ဖူးတဲ့ ပင်လယ်ကမ်းခြေရဲ့ အလှတရားကို တဝကြီးခံစားခွင့်ရရင် ပဲ ကျေနပ်ပြီ"

"ဖြစ်ရမယ်"





အောင်ဇေယျ၏ရင်ထဲ၌ သင့်နှင့်ပတ်သက်၍ ရသစုံ လင်စွာ ခံစားနေရသည်။ ယခုအချိန်မှာတော့ ကရုဏာအိုင် ကလေးသာလျှင် အများဆုံးဟု။

"ရောက်ပြီထင်တယ်၊ လှလိုက်တဲ့ ပင်လယ်ပြင်ကြီးနော်၊ ပြာနေတာပဲ သဲသောင်ခုံကလဲ ဖွေးနေတာပဲ၊ ကျွန်မအိပ်မက် မက်နေတာများလားဟင်"

"ဟုတ်တယ်ကလေး၊ သိပ်လှတဲ့ အိပ်မက်ကမ္ဘာလေးထဲ ကို မင်းရောက်နေပြီလို့သာ မှတ်ထားလိုက်တော့"

သင့်သည် အောင်ဇေယျကို ဖျတ်ခနဲလှမ်းကြည့်လိုက် သည်။ အောင်ဇေယျ၏ မျက်နှာ၌ နှစ်လိုဖွယ်ရာအပြုံးတစ်ခုကို တွေ့မြင်လိုက်ရသည်။ သိပ်သဘောထားကောင်းသော လူတစ် ယောက်ဟု သင့်စိတ်ထဲ၌ ရိုးသားစွာပင် ကောက်ချက်ချလိုက် သည်။

လေယဉ်ဘီးနှင့် ပြေးလမ်းထိတွေ့၍ ငြိမ့်ခနဲခံစားလိုက် ရခြင်းကိုပင် သင့်အတွက် ထူးကဲသော ခံစားမှုဟု တွေးကာကျေ နပ်နေသည်။ သင့်က ခရီးဆောင်အိတ်ကလေးကို လွယ်လိုက် သည်။ ပြီးတော့ အောင်ဇေယျအား လှမ်းကြည့်သည်။ ဤလူ၌ ခရီးဆောင်လက်ဆွဲအိတ်နှစ်လုံးအပြင် တန်ဆာဆင်ထားသော သားရေသေတ္တာကြီးတစ်လုံးက ပါသေးသည်။

အလုပ်ရှုပ်လိုက်တာ၊ ဘာတွေဒီလောက်သယ်လာရ တာလဲ သင့်က လှမ်းမေးလိုက်သောအခါ. . .

"ကလေးပါလာတော့ ဒီလိုပဲ ဝန်စည်စလှယ်များအေယ်



www.burmeseclassic.com

www.burmeseclassic.com



ကွ"

ဟု အောင်ဇေယျက ခပ်တည်တည်ပင် ပြောလိုက်သောအခါ သင့်က မျက်စောင်းထိုးလိုက်မိသေးသည်။

သင့်ကတော့ အမှတ်မထင် မိန်းမဆန်သော အပြုအမူကလေးတစ်ခုကို ပြုလုပ်လိုက်ခြင်းသာဖြစ်သော်လည်း အောင်ဇေယျရင်မှာတော့ အပြင်းစားဆူးတစ်ချောင်း စိုက်ဝင်သွားသလို ဆတ်ခနဲတုန်ခါသွားသည်။

သင့်သည် သူမထိုးလိုက်သော မျက်စောင်းသည် အမြင်ကတ်စရာ၊ မုန်းစရာမကောင်းဘဲ အင်မတန်မှလှပကာ ဆွဲဆောင်မှုအားကောင်းသော မာယာလက်နက်တစ်ခုဖြစ်နေမှန်း သိအုံ့မထင်ပါ။

အောင်ဇေယျ သက်ပြင်းချလိုက်ပြီး ပစ္စည်းရွေးရမည့် ကောင်တာဘက်သို့ လှမ်းလိုက်သည်။







# အခန်း(၁၆)

"အဝေးကြီး ဘယ်လျှောက်သွားမလို့လဲ"

"ကျွန်မက ကလေးမှမဟုတ်တာ၊ ဒီနားတင်ပဲဟာ"

"ကလေးမဟုတ်လို့ ပြောတာပေါ့ကွ၊ ကလေးဆိုရင် ရေနစ်သေမှာ စိုးတာကလွဲပြီး အခြားပူစရာတွေမရှိဘူးကွ"

အောင်ဇေယျ သင့်အတွက် စိတ်မောရသည်။ သူမကို



www.burmeseclassic.com

www.burmeseclassic.com



ရေထဲဆင်းချင်ရင်ဆင်း ဆိုတော့လည်း မဆင်း။

ခရုတွေ လျှောက်ကောက်ဦးမည်ဆိုပြီး ထွက်သွားတော့ သူဘန်ဂလို သံတံခါးကိုပိတ်ပြီး သူမနောက်ကိုလိုက်ရသည်။

ဖိနပ်မပါဘဲ ဖွဲမွကလေးနစ်ဝင်မှုရှိသော သဲသောင်ပြင်ကြီးနှင့် ထိတွေ့မှုအရသာများပင် ပျက်စီးရသည်။

"ကျေးဇူးပြုပြီး ကျွန်မကို မချုပ်ချယ်ပါနဲ့ ကိုကိုကြီး"

"ဟာ ချုပ်ချယ်တာမဟုတ်ဘူးကလေးရဲ့ ကြည့်စမ်း မှုးမှုးရှုးရှုးနဲ့ မင်းကို မျက်စိစားပွဲထိုင်နေကြတာတွေ တွေ့ရဲ့လား"

"မဆန်းပါဘူး၊ ဒါဟာ သဘာဝတရာပဲ လူတွင်ပါမှ နွားကျားကိုက်တဲ့ အဖြစ်မျိုးအတွက်တော့ မစိုးရိမ်ပါနဲ့"

"အေးပါကွာ၊ ဒီနားတစ်ဝိုက်မှာပဲနေ၊ ငါရေကူးလိုက်ဦးမယ်၊ မင်းရေကူးချင်ရင် ရေကူးဝတ်စုံ ငါဝယ်လာခဲ့တယ်၊ မင်းအခန်းဝမှာ ထားထားတယ်၊ အပေါ်ဖုံးတဲ့ခါးစီး စကပ်ရယ်၊ အပေါ်ဖုံးအင်္ကျီရှည်ရယ် ထုတ်ထားတယ်၊ အဲဒါတွေအားလုံး ဝတ်ဆင်ပြီး ဆင်းလာခဲ့. .၊ ခရုကောက်ချင်ရင် ညနေ နေဝင်ချိန်မှ ကောက်တာပေါ့၊ ရော့သော့. . ."

အောင်ဇေယျက ပြောပြောဆိုဆိုသော့ကို ပစ်ပေးလိုက်ပြီး. .

အပေါ်အင်္ကျီကိုချွတ်ကာ အုန်းလက်ထီးအောက်မှ အုန်းလက်ကုလားထိုင်ပေါ်သို့ တင်ခဲ့လိုက်သည်။ ထို့နောက် သင့်အား လှည့်မကြည့်ဘဲ ပင်လယ်ပြင်ကြီးဆီသို့ ပြေးဆင်းသွားလေသည်။





သင့် ငေးကြည့်ပြီး ကျန်ရစ်ခဲ့သည်။ သင့်လည်း ရေထဲ၌ဆော့ကစားချင်သည်။ လှိုင်းစီးချင်သည်။ သို့သော် ရေကူးဝတ်စုံဝတ်ရန် သင့်မဝံ့မရဲဖြစ်နေသည်။ ထိုသို့မှ မဝတ်လျှင်လည်း လှိုင်းလုံးများ၏ ရိုက်ပုတ်ခြင်းကို သင့်၏ လုံချည်စများက လုံခြုံမှုပေးနိုင်မည်မဟုတ်ဟု ထင်ပါသည်။

အခြားအမျိုးသမီးကြီးကြီးငယ်ငယ်တို့လည်း ရေကူးဝတ်စုံလေးနှင့် ရေချိုးနေကြသည်။

သင့် တည်းခိုရာလုံးချင်း သီးသန့်ဆောင်လေးဆီသို့ ပြန်ပြေးခဲ့လေသည်။

အောင်ဇေယျသည် ရေကူးနေရာမှ သင့် ဘန်ဂလိုဆီသို့ ပြန်ပြေးသွားသည်ကို တွေ့လိုက်ရသည်။ သူ့ရင်ထဲ ကျေနပ်သွားသည်။ ခက်သည်က ဤမိန်းကလေးသည် ဖြူစင်လွန်းသည်။ သူမ၏ မာနကပင်လျှင် အဖိုးတန်သော မာနတစ်ရပ်အနေနှင့် သူတန်ဖိုးထားနေမိသည်။

သူ့ရင်ထဲ၌ မရှိဖူးထင်ခဲ့ရသော အချစ်သည် ယခုတော့လည်း ထုထည်အစိုင်အခဲကြီးမားစွာဖြင့် ပေါက်ကွဲလုလုရှိနေသော မီးတောင်သဖွယ်ဖြစ်နေပြီ။

သင့် ဆင်းလာသည်။ မျက်နှာသုတ်ပဝါစကို ချုပ်ထားသော အပေါ်အင်္ကျီရှည်ကြီးကို ခါးကြိုးစည်းနှောင်ထားသည်။ သဲသောင်ပြင်ကျယ်ကြီးမှနေ၍ ခြေလှမ်းလေသည် တက်ကြွသွက် လက်နေသည်။

သူ အပေါ်အင်္ကျီထားခဲ့ရာ အုန်းလက်ထီးရိပ်အောက်အ



www.burmeseclassic.com

www.burmeseclassic.com



ရောက်၌ သင့်ရပ်လိုက်သည်။

သင့်ရှက်သည်။ အပေါ်အင်္ကျီကြီးကို ချွတ်လိုက်ရမှာကို သင့်ရှက်နေသည်။ သင့်အနား၌ တစ်စုံတစ်ယောက်ရှိနေစေချင်သည်။ ထိုသူ၏ အကာအကွယ်ဖြင့် အပေါ်အင်္ကျီချွတ်ပြီးလျှင် အပြောကျယ်သော ပင်လယ်ကြီးဆီသို့ ပြေးဆင်းသွားလိုက်ချင်သည်။

ကြည့်ပါဦး၊ ဦးအောင်ဇေယျသည် အလိုက်မသိစွာဖြင့် လေမွေ့ရာလေးကို စီး၍နေသည်။ လေဘောလုံးကို မှုတ်လျက်ရှိနေသည်။ ဒါတွေ သူယူလာခဲ့သည်ပဲ။

"ကိုကိုကြီး"

သင့် လက်ရပ်ခေါ်လိုက်သည်။ နှုတ်မှလည်း သုံးလေးခွန်းဆင့်ခေါ်လိုက်သည်။

"ကိုကြီး ကိုကြီး"

"ဘာလဲ"

လှိုင်းပုတ်သံကြားမှ အောင်ဇေယျအသံသည် သဲ့သဲ့ဝင်လာသည်။

"လာခဲ့ဦး"

သင့်က ခုန်ပေါက်ကာ လက်ရပ်ခေါ်လိုက်သည်။

အောင်ဇေယျသည် လေမွေ့ရာပါ တွန်းပြီးကမ်းစပ်၌ထားခဲ့သော သင့်ထံသို့ ပြေးရသည်။

သင့်အနားရောက်လေလေ၊ သူ့ရင်ခုန်သံစဉ်လှိုင်းတို့ ကြမ်းတမ်းလေလေဖြစ်သည်။ အစွမ်းကုန်ဖူးပွင့်ကာ လှနေ





ကြွယ်နေသော ဖွံ့ဖွံ့ထားထား မိန်းကလေးက သူ၏အရပ်ကိုပင် မီလုမီခင်။

"ဘာလဲ"

သင့် ဘာပြောရမှန်းမသိ၊ သင့်တို့၌ အစ်ကိုတွေ မောင်တွေမရှိ၊ အဖေနှင့်လည်း တရင်းတနှီး မနေခဲ့ရ။

"ကျွန်မ ရေထဲဆင်းချင်တယ်"

"လာလေ"

"ကျွန်မ ရှက်တယ်"

"ဘာကိုလဲ"

"ဒီအင်္ကျီကြီး ချွတ်ရမှာ"

"ဘာဖြစ်လဲကွာ၊ ချွတ်လိုက်"

သင့် ဆတ်ခနဲ ကြိုးဖြေပြီးချွတ်လိုက်သည်။ ထို့နောက် အောင်ဇေယျအင်္ကျီပေါ် ပစ်တင်ပြီး အောင်ဇေယျလက်ကိုဆွဲကာ ကမ်းစပ်မှသည် ပင်လယ်ဆီသို့ ပြေးဆင်းလိုက်သည်။

"ဟဲ့ ဘယ်လိုလေးလဲကွာ"

အောင်ဇေယျမှာ မချင့်မရဲဖြင့် သူ့မဆွဲခေါ်ရာသို့ ယှဉ်ပြေးရင်း လိုက်ပါခဲ့သည်။ သူ့မျက်ဝန်း သူ့မထံမရောက်ရန် သတိထားသည့်ကြားမှ ပင်လယ်ရေထဲအရောက်၌ ဝင်းဝင်းရွှန်းစိုနေသော အသားအရေ၏အလှက ပင်လယ်ပြာကြီးထဲ၌ ဝင်းဝင်းလက်လက် ရှိနေချေပြီ။

ပင်လယ်ဖျံလေးလို ရေထဲ၌ ပျော်မြူးနေသော သူ့မအား လက်ချင်းဖြုတ်ပြီး သူကျောခိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုကြီး"

"ဘာလဲ"

"ကျွန်မကို ရေကူးသင်ပေးပါလား"

"အဲဒီမှာ ဘောကွင်းကိုကိုင်ပြီး ခြေထောက်ကို မြှောက်ခတ်ကွာ"

အောင်ဇေယျကသူမအား လှည့်မကြည့်ဘဲ ကုန်းအော်၏။

သင့်က အောင်ဇေယျ၏ စိတ်ဖောက်ပြန်မှုကို နားမလည်ဘဲ. . .

"ဖြစ်နေလိုက်တာ"

ဘောကွင်းကို အားပြုကာ သင့်ဆော့ကစားနေသည်။ အောင်ဇေယျက စောစောက မျောပါသွားခဲ့သော ဘောလုံးနောက်သို့ လိုက်ပါဆယ်ယူလျက်။

အောင်ဇေယျစိတ်ကို အောင်ဇေယျဆုံးမပြီး သင့်ထံသို့ ပြန်လည်ကူးခတ်လာပြီး ဘောလုံးကို ပစ်ပေးလိုက်သည်။

သင့်က ရယ်မောကာ လိုက်ဖမ်းသည်။

သင့် ပျော်ရွှင်မှုရလျှင် သူလည်း ပျော်ရမည်ပင်။

သင့်အား ရေကူးသင်ပေးလိုက်သည်။ သင့်က ကြိုးစားကူးခတ်ရှာသည်။

"ခွေးဖြူကလေး၊ ခွေးကူးကူးနေတာနဲ့ တူလိုက်တာကွာ"

"ကိုကိုကြီးနော်"

သင့်က မြေဟိုလှုပ်းထောက်ပြီး ဘောလုံးနှင့် လှမ်း






ပေါက်ရန် ဘောလုံးကိုလှမ်းအယူ မှီခိုထားသော ဘောကွင်းက လွတ်ထွက်သွားသည်။ခြေထောက်က သောင်ပြင်ကို အလွတ်ဆိုင်းလုံးကလည်း အခတ်။

"အား"

သင့် မည်သို့မည်ပုံဖြစ်သွားသည် မသိလိုက်၊ မွန်းကျပ်ပြီး သင့်တစ်ကိုယ်လုံး ရေအောက်ထဲသို့ ရောက်သွားသည်။ ပင်လယ်ပြင်၏ ဝါးမြိုခြင်းကို သင့် ခံလိုက်ရပြီယင့်။ မွန်ထူခြင်းနှင့် ငန်ကျွတ်ကျွတ်ရေများသည် နှာခေါင်းတွင်မှတစ်ဆင့် လည်ချောင်းတွင်းသို့ အလုံးအရင်း ရောက်ရှိလာရာ အသက်ရှူကျပ်ခြင်းနှင့်အတူ ဆိုးရွားလွန်းသော ဝေဒနာရပ်ကို အမှောင်ထုအတွင်းမှ လွတ်မြောက်ရန် ကြိုးစားရုန်းကန်နေစဉ်. . .

လူတစ်ကိုယ်လုံး လေးလံခြင်းနှင့်အတူ နက်ရှိုင်းလွန်းသော ကမ္ဘာမြေကြီး၏ ပင်လယ်သမုဒ္ဒရာ အောက်ခင်းပြင်တစ်နေရာသို့ နစ်ဝင်သွားလေပြီ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

တကယ့်ကို အခက်အခဲနှင့် ရင်ဆိုင်လိုက်ရသူမှာ အောင်ဇေယျ ဖြစ်သည်။ သင့်ကို မနည်းကြိုးစားကယ်တင်လိုက်ရသည်။ သင့်ကို ပင်လယ်၏ခေါ်ခြင်းမှ သူလုယူနိုင်ခဲ့သည်။

သင့်ကို မှောက်ခုံထမ်းပြေးပြီး ရေများအန်ထွက်စေရန် ဦးစွာပြုပြီးမှ သင့်အသက်ရှူလမ်းကြောင်းမှန်စေရန် ရှေးဦး





သူနာပြုစုနည်းနှင့် ပြုစုပေးရသည်။

"ကျွန်တော်တို့ ဘာအကူအညီပေးရမလဲ အစ်ကို"

"ကျွန်တော် ဆရာဝန်ပါ"

"ရပါတယ်"

လူအများ စုရုံးဝိုင်းအုံလာသည်။ အောင်ဇေယျစိတ်ထဲ တစ်ခါမှ မရှိခဲ့ဖူးသော ခံစားမှုတစ်ရပ်ဖြစ်ထွန်းလာသည်။

ထိုခံစားမှုသည် ဝန်တိုခြင်းပဲ့တော့ ကောင်းစွာနားလည်ရာ သူမအားထမ်း၍ ဘန်ဂလိုဆီသို့ ပြေးခဲ့သည်။ ပြီးမှ သူတို့အား အကူအညီပေးရန် အသင့်စောင့်နေသော အလုပ်သမားများအား ပင်လယ်ကမ်းစပ်၌ ကျန်ရစ်ခဲ့သော ပစ္စည်းများကို ယူခိုင်းလိုက်ရသည်။

သင့်အား ဝရန်တာရှိ ဒရင်းဘတ်ပေါ်တွင် တင်ထားပြီး ရေချိုခပ်ကာ မျက်နှာသုတ်ပဝါသေးတစ်ထည်ယူကာ နှစ်ပြီး မျက်နှာနှင့် လည်ပင်းသို့ သုတ်ပေးလိုက်သည်။

သင့်အသက်ရှူပုံ မှန်လာသဖြင့် သူ သက်ပြင်းချလိုက်နိုင်သည်။ ထို့နောက် သင့်အား ကိုယ်သုတ်မျက်နှာသုတ်ပဝါဖြင့် လွှမ်းခြုံပေးထားပြီး အနားမှမခွာတမ်း သူထိုင်ကြည့်နေသည်။

သင့်၏ လက်ကောက်ဝတ်ကိုလည်း ကိုင်ထားသေးသည်။

"သင့်"

အတန်ငယ်လူးလွန့်လာပြီး မျက်ခွံကလေးများ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇေယျ အားတက်သွားသည်။ တစ်ခွန်းပြီးတစ်ခွန်းဆင့်ခေါ်လိုက်သည်။

"သင့်"

"သင့်"

သင့် နားစည်သို့ နူးညံ့သိမ်မွေ့သော အသံလှိုင်းတစ်ခု ရိုက်ခတ်လာသည်။

နူးညံ့သော်လည်း အင်အားကြီးမားသော အသံလှိုင်းထင်ပါသည်။ သင့်၏ ထုံထိုင်းသွားခဲ့သော အာရုံကြောများ ပြန်လည် လှုပ်ရှားလာလေပြီ။

သင့် တစ်စုံတစ်ခုကို ဝေါ်မွတ်စွာ တမ်းတရမှန်းသိလေသည်။

"ရေ. . . ရေ"

"ရမယ် သင့် ရမယ်"

အသံလှိုင်းက ပီပြင်လာသည်။ တစ်ခဏအတွင်း၌ ခြောက်သွေ့အက်ကွဲ ပူလောင်နာကျင်နေသော လည်ချောင်းအတွင်းသို့ အေးမြသော ရေစက်များက တစ်စက်ချင်း ချဉ်းနင်းဝင်ရောက်လာရာ ခံရခက်သော ဝေဒနာရပ်တို့ကို သက်သာစေသည်။

"တော်ပြီနော် သင့်"

သင့်အသံရှင်ကို စဉ်းစားလိုက်သည်။ ချက်ချင်းပင် မှတ်မိလိုက်ပါသည်။ ဦးအောင်ဇေယျ ဖြစ်သည်။ မိမိနှင့် ဦးအောင်ဇေယျ ပေလီကမ်းခြေသို့ အပန်းဖြေခရီး အဲ အများအမြင်တော့





ဟန်နီးမွန်းခရီးထွက်လာခြင်း ဖြစ်သည်။ ရေထဲဆော့ကစားရင်း ရေနစ်သွားခဲ့သည်။ ဦးအောင်ဇေယျသည် မိမိအသက်ကို အချိန်မီကယ်တင်လိုက်ခြင်း ဖြစ်နိုင်သည်။

သင့် လေးလံနေသော မျက်ခွံတံခါးကို အသာအယာ ဖွင့်လိုက်သည်။ ကျိန်းစပ် ဖန်တွတ်နေသော မျက်လုံးအစုံကြောင့် ရောင်စုံအလင်းတန်းတို့၏ တောက်ပမှုကိုသာ ရင်ဆိုင်လိုက်ရသည်။

"သင့်"

"သင့်. . သတိရလာပြီနော်"

"အင်း"

သင့် မျက်လုံးတွေ စပ်နေသေးသည်။ သင့် တစ်ကိုယ်လုံးသည်လည်း ပူစပ်ပူလောင်ဖြစ်နေသည်။

"ကျွန်မ မျက်လုံးတွေစပ်နေတယ်၊ ရေလဲချိုးချင်တယ်"

ဝိုးတဝါး အမြင်အာရုံဖြင့် ဦးအောင်ဇေယျကို မှန်းဆကြည့်ပြီး သင့် ပြောလိုက်သည်။

အောင်ဇေယျက သင့် အားတွဲထူပေးပြီး. . .

"ဒါဖြင့် ရေချိုးခန်းကို ငါပို့ပေးမယ်၊ လာ. . . လာ"

အောင်ဇေယျ တွဲခေါ်ရာကို သင့် အလိုက်သင့်ပင်လိုက်ပါလာခဲ့သည်။

သင့်အား ရေချိုးခန်းသို့ ပို့ပေးခဲ့သည်။ ကြွေရေချိုးကန်အတွင်းသို့ ရေများဖြည့်ပေးလိုက်သည်။ သင့် အမြင်အာရုံသည် ကြည်လင်ခြင်းဘက်သို့ သာလာပြီဖြစ်ရာ သင့် ရေပန်းအောက်



www.burmeseclassic.com

www.burmeseclassic.com



သို့ဝင်ကာ ဖွင့်လိုက်သည်။

မျက်လုံးကို အဖွင့်အပိတ်ပြုလုပ်ကာ ဆေးကြောလိုက်သည်။

"ကိုင်း. . ချိုးတော့ သင့်၊ သိပ်မကြာစေနဲ့နော်"

အောင်ဇေယျက သင့်အတွက် ရေချိုးခန်းဝတ် အင်္ကျီရှည်ကို ယူပေးပြီး ပြန်ထွက်ကာ တံခါးကို ပိတ်လိုက်သည်။

အောင်ဇေယျ ရေမချိုးနိုင်သေး။ ထမင်းစားခန်းဘက်သို့သွားကာ ဓာတ်ဘူးထဲမှ အသင့်ရှိနေသော ရေနွေးနှင့်ကော်ဖီဖျော်လိုက်သည်။

ရေနွေးပူပူကလေးကိုလည်း အသင့်ပါလာသော ဓာတ်ဘူးတွင်းသို့ လက်ဖက်ခြောက်ခတ်၍ နှပ်လိုက်သည်။ မုန့်ပုံးကိုလည်းဖောက်လိုက်သည်။

ဝန်စည်စလှယ်များ ယူဆောင်လာခြင်းကို သင့်နားလည်သဘောပေါက်ပေလိမ့်မည်။

တကယ်တော့ သူမသည် ကလေးသာသာရှိသေးသည်ပဲ။ ဒါပေမယ့် ခက်သည်က သူမ၏ ခန္ဓာကိုယ်အချိုးအဆစ်ပေါက်က ထွားကျိုင်းလွန်းလှသည်။ သူမကို ထမ်ပြေးရသောသူ့ အတွက် မောဟိုက်ပင်ပန်းနေသော်လည်း ပင်ပန်းမှုအတွက် အနားမယူနိုင်သေး။

တံခါးဖွင့်သံ ကြားလိုက်ရသည်။ သူ လှည့်မကြည့်ရဲသေး။ သူမသည် ကိုယ်သုတ်ပုဝါကြီးကိုပင် ပတ်ထားသလား၊ ကုတ်အင်္ကျီ ရှည်ကြီးကိုပဲ ဝတ်ထားသလား သူမသိနိုင်။ စောစော





စိုးရိမ်ပူပန်နေသော အနေအထားနှင့် ယခုကဲ့သို့ သွေးအေးသွားသော အနေအထား မတူညီနိုင်ပေ။

"ကိုကိုကြီး ခုထက်ထိ အန်ဒါဝဲလ်နဲ့ပဲလား၊ ရေချိုးတော့လေ"

သူမ၏ အသံကလေးက စီလွင်စွာ ပေါ်ထွက်လာသည်။ သူလှည့်မကြည့်ဘဲ. . . .


"အေး မင်းပြီးရင် ချိုးမှာပေါ့၊ အဝတ် ဝတ်ပြီးတာနဲ့ဒီမှာ ကော်ဖီမုန့် သောက်လိုက်ဦး၊ ရေနွေးပူပူလေးလဲ သောက်ဆိုတ်"

"ဟုတ်ကဲ့ပါ"

ပြောပြောဆိုဆို သူမ အိပ်ခန်းတွင်းသို့ ဝင်သွားပြီး တံခါးကို တွန်းပိတ်လိုက်ဟန်တူသည်။ ဂျိုင်းခနဲ အသံကြားလိုက်ရသည်။

ထိုအခါရောက်မှ အောင်ဇေယျသည် ရေချိုးခန်းအတွင်းသို့ ဝင်ခဲ့သည်။

အောင်ဇေယျ ရေချိုးရင်း အတွေးနယ်ချဲ့ နေမိသည်။ မိမိ၏ သိက္ခာသမာဓိက ဘယ်အတိုင်းအတာထိများ ထိန်းချုပ်ထားနိုင်စွမ်း ရှိမည်နည်းဟု. . . .။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

ညနေစောင်း ချိန်အထိ မနိုးနိုင်သေးသော အောင်ဇေယျကို သင့်စိတ်မရှည်စွာ လှုပ်နိုးလိုက်သည်။

"ဟေ့လူ ထတော့လေ ဘယ်အချိန်ရှိပြီလဲ၊ ကာလနဂါးကြီး ကျနေတာပဲ၊ အိပ်လိုက်တာ သိုးနေတာပဲ ထ. . . ထ ရေသွားကူးမယ်"

"ဟင်"





အောင်ဇေယျ အိပ်ပျော်နေရာမှ လန့်နိုးလာပြီး မိမိနားကိုမိမိမယုံကြည်နိုင်အောင် ဖြစ်ရသည်။ အိပ်မှုန်စုံမွှား အမြင်များမှာလေရှော့သလား။ ရေကူးဝတ်စုံပေါ် ကုတ်အရှည်ထပ်ဝတ်ထားပြီ ရေဆင်းကူးရန် အသင့်ဖြစ်နေသော သင့်ကို တအံ့တသြဖြင့်. . . .

"ရေသွားကူးဦးမယ်"

"ဟုတ်တယ်လေ၊ ထကွာ. . . နေဝင်တော့မယ်"

"ရေနစ်မှာ မကြောက်ဘူးလား"

"ဘာဖြစ်လို့ ကြောက်ရမှာလဲ၊ လောကကြီးမှာ အရာရာကို ကြောက်လန့်နေရင် ပျော်ရွှင်မှု ဆုံးရှုံးတယ်၊ လူပဲ နှစ်ခါမသေပါဘူး၊ တစ်ခါပဲသေမယ်၊ ရေနဲ့သေဖို့ ကံပါလာတဲ့သူဟာ ရေနဲ့ပဲသေမယ်၊ အဟင်းဟင်း မေမေက ကျွန်မကို ဗေဒင် မကြာခဏတွက်ပေးတယ်"

အောင်ဇေယျ အိပ်ချင်စိတ်တို့ ကွယ်ပျောက်ကာ လန်းဆန်းသွားပြီး အိပ်ရာမှ ထလိုက်သည်။

"ဘာတွေဟောသလဲ ပြောပါဦး"

"ရယ်ဖို့ကောင်းလိုက်တာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျမယ်၊ အိမ်ထောင်ရေးကံကောင်းတယ်၊ အသက်ရှည်ပြီးကျောင်းအစ်မ ရဟန်းအစ်မဖြစ်မယ် ဘာညာနဲ့ပေါ့၊ ဒါကြောင့် ကျွန်မ မသေနိုင်သေးဘူး၊ ရေကူးတတ်သွားအောင် တစ်ခါတည်း အပြီးသင်ပေးနော် အကိုကြီး၊ လာ. . . လာ"

အောင်ဇေယျ သင့်၏ခေါ်ဆောင်ရာနောက်သို့. . .



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကောက်ပါအောင် လိုက်သွားရလေသည်။ သင့်၏ တဖွတ်ထိုး အပြုအမူလေးတွေကိုပဲ သူမြတ်နိုးတတ်လာသည် ထင်ပါသည်။ သတ္တိကောင်းသောသင့်၊ ဖွဲကောင်းသော သင့်အား ရေကူးသင်ပေးလိုက်၊ မိုးပန်းသည့်အခါ စပိဘုတ် စီးလိုက်နှင့် ညရှစ်နာရီကျော်မှ ဟိုတယ်သို့ ပြန်တက်ခဲ့ကြသည်။

ရေချိုးချိုး၊ အဝတ်လဲပြီးသည်နှင့် ညစာကို ဝရန်တာ၌ စားသောက်ရန် စီစဉ်ခိုင်းလိုက်သည်။ သင့်က သူ၏ရှည်လျားသောဆံပင်ရှည်ကြီးကို ရေသုတ်ရင်း ထွက်လာသည်။

"ချမ်းလိုက်တာ"

"ရေနွေးပူပူလေး သောက်လိုက်ရင် ပူသွားမှာပါကွာ၊ မင်းက ရေစိမ်တာကိုး"

"နောက်ရက်လောက်ဆိုရင် ကျွန်မ ရေကောင်းကောင်း ကူးတတ်သွားမှာ ကျိန်းသေတယ်နော်"

"အင်း"

အောင်ဇေယျက ထမင်းမစားမီ မှိုဝဲရန် ဝီစကီကိုတစ်ငုံ သောက်လိုက်ပြီး ပြန်ချလိုက်သည်။

"ကိုကိုကြီး ဘာသောက်တာလဲ"

"အချမ်းပြေ ဆေးပါကွာ"

"ကျွန်မလဲ ချမ်းတယ်သောက်ချင်တယ်"

"မိန်းကလေး မသောက်ရတဲ့ ဆေးကွ"

အောင်ဇေယျက ကလေးဆန်သော မိန်းကလေးကို ကလေးတစ်ဦးကို ဖြေ့သလိုပင် ခပ်ပေါ့ပေါ့ ပြောလိုက်သည်။





သင့်က အောင်ဇေယျစကားကို မကျေနပ်နိုင်ပါ။ မိမိကျတော့ ရေနွေးကြမ်းပဲ သောက်ခိုင်းပြီး သူကျတော့ ဆေးသောက်သည် ဆိုခြင်းသည် လုံးဝ မတရားဘူးဟု. . .

"မိန်းမလဲလူ၊ ယောကျ်ားလဲလူပဲ၊ မိန်းမဆေး ယောကျ်ားဆေးရှိသေးသလား"

"ရှိတာပေါ့၊ ဆေးပညာ ဗဟုသုတ တယ်နည်းပါလား၊ စာများများဖတ်ဦး"

"ကိုကိုကြီးပဲဖတ်"

သင့်က မကျေမနပ်နှင့် မျက်နှာသုတ်ပဝါကို ခုံတစ်လုံးပေါ်ပစ်တင်လိုက်သည်။

ထမင်းဝိုင်း ဝင်ထိုင်လိုက်ပြီး ဟင်းများကို တို့ကနန်း ဆိတ်ကနန်း လိုက်မြည်းရင်း. . .

"ထမင်းစား၊ စားပြီးရင် သွားအိပ်တော့"

"ဆရာလာမလုပ်နဲ့ မရဘူး မောသွားမယ်၊ မအိပ်သေးဘူး သိလား"

"ဟ အိပ်ချိန်မအိပ်သေးပဲ ဘာလုပ်ဦးမှာလဲ"

အောင်ဇေယျက သင့်အပြောအဆိုကလေးများကို သဘောကျစွာဖြင့် ပြုံးလိုက်မိပြီး မေးလိုက်သည်။

"ကိုကိုကြီး အောက်တယ်ကွာ၊ ဘာလုပ်ရမှာလဲ. . လရောင်ဆမ်းထားတဲ့ သဲသောင်ခုံဖွေးဖွေးကြီးရယ်၊ မိုးကုပ်စက်ဝိုင်းထိအောင် အပြောကျယ်တဲ့ ပင်လယ်ပြာကြီးရယ်ကို ထိုင်ကြည့်မယ်၊ ပြီးတော့ အုန်းလက်တွေကို လေဝှေ့ပြီး အတင်းပြော



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့အသံကိုလဲ နားထောင်မယ်၊ အားလေးတိုက်လိုက်တာ ချမ်းလိုက်တာ"

"ဟော့. . ဟော့. ."

သင့်က ပင်လီယံပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော ညချမ်းပင်လယ်လေ၏ ကျီစယ်မှုကြောင့် ချမ်းစိမ့်သွားရာ အချမ်းပြေမှုကို ဖြေဖျောက်ရန် စားပွဲပေါ်တွင် တင်ထားသော အောင်ဇေယျ၏ ဖန်ခွက်ကို အမှတ်တမဲ့ယူကာ တစ်ရှိန်ထိုးမော့ သောက်ချလိုက်သည်။

အောင်ဇေယျ တားဆီးရန် ရွယ်လိုက်သော လက်ပင် ဖန်ခွက်ထံသို့ မရောက်လိုက်ရ၊ သင့်က ကလေးတစ်ဦး ဆေးခါး တစ်ခွက်ကို အဖျားပျောက်ချင်ဇောဖြင့် ဖွတ်မှိတ်ကာ တကြိုက် တည်းသောက်သကဲ့သို့ သောက်ချ၍ ပြီးစီးသွားလေပြီ။

"ဟာကွာ မင်းကတော့ လုပ်လိုက်ရင် အရမ်းကြီးပဲ အဲဒါ ဘာအောင့်မေ့လို့လဲ"

"အချမ်းပြေဆေးဆို"

"အဟုတ်ဘူး အရက်ကွ၊ ဝီစကီကွ"

"ဟင်. . ."

သင့် ယခုမှ မျက်လုံးပြူးသွားသည်။

"ဒုက္ခပါပဲ ရှင်ကြီးက စောစောကပြောပါလား"

"မင်းသိတယ် ထင်လို့ပေါ့ကွာ"

"ဘယ်သိမှာလဲ မိန်းမနဲ့အရက် ဘာဆိုင်လို့လဲ ခုဘာ လုပ်ရမလဲ၊ ဖြေဆေးမရှိဘူးလား၊ ခေါင်းထဲမှာ ရီတီတီကြီး၊ စိတ်





ပျက်ဖို့ကောင်းလိုက်တာ ပူလဲပူ၊ ခါးလဲခါး၊ မူးလဲမူး ဒါကြီးကို သောက်ကြတယ်"

အောင်ဇေယျကရယ်လိုက်သည်။ သင့်အပြောကို သူသဘောကျသည်။ သင့် ဘာလုပ်လုပ်၊ ဘာပြောပြော သူ့နှလုံးသားနှင့် ကြည်မွေ့ခြင်းသာ ဖြစ်ပေါ်နေသဖြင့် ခက်နေပြီဖြစ်ရာ. . .

"ကိုင်း. . . ထမင်းစား၊ စားပြီးရင် သွားအိပ်နေလိုက်တော့၊ အဲဒါအကောင်းဆုံး ဖြေဆေးပဲ"

"အင်း"

သင့်က ထမင်းကို တို့ကနန်း ဆိတ်ကနန်း စားလိုက်သည်။ ပြီးထလိုက်သည်။ ယိုင်ထိုးသွားသဖြင့် အောင်ဇေယျက လှမ်းတွဲလိုက်သည်။

"သဲသော်ပြင်ကြီးပေါ်မှာ လမ်းလျှောက်နေချင်သေးတာ"

"နောက်နေ့တွေ ရှိသေးတာပဲ၊ ခုမူးနေပြီ မဟုတ်လား၊ အိပ်လိုက်ပါကလေးရယ်"

အောင်ဇေယျက ချော့ပြောရင်း အိပ်ခန်းသို့ တွဲခေါ် လိုက်သည်။

သင့်လည်း စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ဘဲ. . အောင်ဇေယျ တွဲခေါ်ရာနောက်သို့ လိုက်ပါလာသည်။

"မအိပ်ချင်သေးဘူးဆိုမှ အဲဒါရှင်ကြီးကြောင့် ရှင်ကြီး မပြောလို့"

သင့်က စိတ်တိုစွာဖြင့် အောင်ဇေယျအား လှမ်းထုလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အောင်ဇေယျက သူမ၏လက်သီးဆုပ်ကလေးများကို ဖမ်းဆုပ်ရင်း တားဆီးလိုက်သည်။

တစ်နေ့တာလုံး လက်ပွန်းတတီးနှင့် ရင်းရင်းနှီးနှီး ရှိခဲ့သော သင့်သည် သူ၏ရင်ခွင်ထဲသို့ လဲပြိုလာ သည်။ ထိုအခါ အောင်ဇေယျ တစ်ကိုယ်လုံးရှိ အကြောပေါင်း တစ်ထောင်သည် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ သွေးလည်ပတ်မှုကလည်း သာမာန်ထက် မြန်ဆန်လာသည်။

"ကိုကိုကြီး သွားမယ်ကွာ"

သွားမယ်ကွာ ဆိုသောသူက. . . သူ၏ လည်ပင်းကို သိုင်းဖက်လာသည်။

အောင်ဇေယျ၏ ထိန်းချုပ်နိုင်သော အသိတရားတို့သည် လုံးဝပျောက်ကွယ်ငုတ်လျှိုးသွားလေပြီ။

ပေလီ ပင်လယ်ပြင်ကြီး၏ လှိုင်းပုတ်သံသည်လည်းကောင်း၊ အုန်းပင်ကြီးများ၊ ပင်လယ်ကဗွီးပင်ကြီးများ၊ ပုန်းညက်ပင်ကြီးများကို တိုးဝှေ့ရင်း လေညင်း၏ တေးဆိုသံသည်လည်းကောင်း အောင်ဇေယျတို့၏ အာရုံမှ တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့သည်။





# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၉)

သင့် ကွန်ပျူတာနှိပ်နေရာမှ ခေါင်းတို့သည် ချာချာလည်လာသည်။

အမြင်အာရုံ၌ ကွန်ပျူတာ အလုံးပေါင်းများစွာတို့သည် ချာချာလည်လျက်ရှိရာ။

"အား. . . ကိုကိုကြီး. . . ကိုကို"





သင့် မလဲပြိုစေရန် ကြိုးစားရပ်ပြီး စားပွဲကိုမိမိရရ ဆုပ်ကိုင်လိုက်သော်လည်း အရာမထင်ဘဲ လဲပြိုကျသွားရာ ဂုန်နီကော်ဇောပေါ်၌ ခွေခနဲ ကျသွားလေသည်။

အောင်ဇေယျ ရှိမနေသဖြင့် အိပ်ဖော်များက ဆရာဝန်ကိုဖုန်းဆက်ခေါ်သည်။

မိသားစု ဆရာဝန် ရောက်လာလေသည်။

သင့်က မှိန်းရင်း စမ်းသပ်မှုကို ခံယူနေစဉ် ဘွားဘွားနှင့် မေမေရောက်လာသည်။

"ဘာဖြစ်တာလဲကွယ် ဘွားဘွားမှာဖြင့် စိတ်ပူသွားတာပဲ. . ."

"ဟုတ်ပါရဲ့ ဒီလောက်ကျန်းမာရေးကောင်းတဲ့ သမီးဘာများဖြစ်သလဲလို့ ထူပူပြီး ချက်ချင်းထလိုက်လာတာ ဘယ်လိုဖြစ်တာလဲ သမီး"

မေမေနှင့် ဘွားဘွား၏ ပူပန်မှုမျက်လုံးများကို သင့်ရင်ဆိုင်လိုက်ရသောအခါ သင့်တစ်ကိုယ်လုံး သွေးလည်ပတ်မြန်ဆန်လာသည်။

သင့်သည် ဆရာဝန်ကြီးကို မော့ကြည့်လိုက်သည်။

ဆရာဝန်ကြီး၏ မျက်နှာက ပြုံးရွှင်နေသည်။ သူ့ထံသို့ရောက်ရှိနေသော မျက်လုံးအစုံများအနက် ဘွားဘွားအားကြည့်ကာ. . .

"ဒေါ်စံပယ်ရဲ့ မျိုးဆက် မြစ်ကလေး ချီရတော့မယ့် ရှေ့ပါပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

သင့် မျက်လုံးအစုံသည် ပြူးထွက်သွားသည်။ ခေါင်းအုံးနှင့် နှာခေါင်းသည် မည်ကဲ့သို့ ကွာသွားသည် မသိလိုက်။

အိပ်မက်ဆိုးကြီးထဲ သင့်ရောက်ရှိနေခြင်းလား။

ဘွားဘွား၏ ရွှင်လန်း ဝမ်းမြောက်နေသော ပီတိမျက်နှာကြီးသည် လည်းကောင်း၊ မေမေ၏ ကျေနပ်အားရနေသော မျက်နှာကြီးသည် လည်းကောင်း အိပ်ခန်းထဲ၌ ပြည့်နှက်သွားသကဲ့သို့ ခံစားလိုက်ရကာ သင့်အတွက် နေစရာမရှိအောင် မွန်းကျပ်လျက်ရှိရာမှ သင့် ဒုတိယအကြိမ် မေ့လျော့သွားလေတော့သည်။









# အခန်း(၂၀)

သင့် တံခါးပိတ်လိုက်သည်။ ဘွားဘွားနှင့် မေမေတို့ ပြန်သွားခဲ့ပြီးသည့် နောက်၌ သင့် မည်သူနှင့်မှ အတွေ့မခံဘဲ အခန်းတံခါးပိတ်ကာ နာကြည်းစွာ ငိုကြွေးလိုက်သည်။

ဒေါသတကြီးဖြင့် မြင်မြင်သမျှကို လွှင့်ပေါက်ခွဲပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါလား ညီမလေးလို စောင့်ရှောက်ထားတာ"

"ဒါလား ကယ်တင်ရှင်"

လက်ထပ်စာချုပ်ကိုလည်းကောင်း၊ ကွာရှင်းပြတ်စဲပြီးစီးကြောင်း စာချုပ်ကိုလည်းကောင်း၊ အစိတ်စိတ်အမွှာမွှာ ဆုတ်ဖြဲလိုက်သည်။

မိမိအလိုမရှိသော လူသားတစ်ယောက်က မိမိဘဝအား ချုပ်နှောင်သွားပြီ။

ထိုမျှမကသေး။

နောက်ထပ်လူသားဖြစ်လာတော့မည့် သန္ဓေသားက မိမိ ခန္ဓာကိုယ်၌ တွယ်ကပ်နေလေပြီ။

မိမိဘာလုပ်ရမည်နည်း။ နာကြည်းခြင်း၊ မုန်းတီးခြင်း စက်ဆုတ် ရွံရှာခြင်းနှင့်အတူ သည်းကြွေလုမတတ် ငိုကြွေးပစ်လိုက်သည်။

မိမိခန္ဓာကိုယ်၌ ဘာဖြစ်၍ ဤသန္ဓေသားကောင်းက တွယ်ကပ်လာရသနည်း။

မှန်ထဲတွင်တွေ့ရသော ဆံပင်တွေဖရိုဖရဲနှင့် မျက်ခွံများ မို့အစ်ကာ တစ်ပြင်လုံးလည်း နီရဲနေသောမျက်နှာတစ်ခုအား မုန်းတီးစွာကြည့်လိုက်သည်။

ငပလီ၏ ပထမညချမ်းကို သင့်အမှတ်ရလိုက်သည်။ မိမိ၏ မှားယွင်းမှုတစ်ခုအပေါ်ကို သင်းက အခွင့်ကောင်းယူလိုက်တာဟု တွေးမိလိုက်ပြီး. .

"တောက် သက်သက်ယုတ်မာတာ"





သင့်သည် အံဆွဲများကို ဆွဲဖွင့်ကာ ဝတ်စုံတစ်ခု လိုက်လံရှာဖွေသည်။ ချွန်ထက်သော အရာတစ်ခုခု။

ဓားမြှောင် (သို့မဟုတ်) ကတ်ကြေး၊ လုံးဝမတွေ့ချေ။ တွေ့ပါက သင့်ကိုယ်တွင်း၌ရှိနေသော သွေးများကို သင့် ဖောက်ထုတ်ပစ်ရမည်။

သင်း၏သွေးတွေကို သင့်ဘာကြောင့် လက်ခံထားရမှာလဲ၊ ဘာမှ ရှာမတွေ့၊ ဟီးဟီး. . သင့်ဘဝရှုံးပါပြီ၊ သင့်၏ရည်မှန်းချက်၊ မျှော်လင့်ချက် ဘဝအားလုံး. . အားလုံးကို၊ မိမိက ပေါ့ဆမှားယွင်းမှုဖြင့် အရက်မှန်းမသိပဲ သောက်လိုက်မိခြင်းကြောင့် မိမိ ဘဝပျက်စီးခဲ့ရသည်။

နောက်မှရသော နောင်တနှင့်အတူ သင့်သည် တတိယ မိမေ့မြောသွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၁)

အောင်ဇေယျ အိမ်သို့ရောက်ရောက်ခြင်း ဦးစံရက ဆီးကြိုကာ

"ဆရာ အပေါ်ထပ်ကို မြန်မြန်တက်မှ ဖြစ်မယ်"

"ဘာဖြစ်လို့လဲ"

"မိန်းကလေး အရမ်းကို သောင်းကျန်းနေတယ်"





"ဟင် ဘာဖြစ်လို့လဲ"

ဦးစံရ ဘာပြောရမှန်းမသိဘဲ အောင်ဇေယျ၏ လက်ဆွဲအိတ်ကို လှမ်းယူကာ

"ဆရာကြီး ဦးသက်ခိုင်ကို ခေါ်လိုက်ရသေးတယ်"

"ဟင်. . . ဘာ. . . ဘာဖြစ်လို့လဲ"

အောင်ဇေယျက စိုးရိမ်ပူပန်မှုနှင့်အတူ ဦးစံရစကားပြန်ကိုပင် မစောင့်နိုင်တော့ပဲ အိမ်အပေါ်ထပ်သို့ တစ်ဟုန်ထိုးပြေးတက်ခဲ့သည်။

အပေါ်ထပ်သည် အောင်ဇေယျအား စိမ်းကားစွာကြည့်လေသည်။ သင့်အား လက်ထပ်ပြီး အပေါ်ထပ်ကို အပိုင်စားပေးပြီးကတည်းက သူလုံးဝမရောက်ရှိခဲ့တော့ပေ။

အရာရာသည် ပြောင်းလဲမှုမရှိပါချေ။ ခန်းစီးသည်လည်းကောင်း ပရိဘောဂအသုံးအဆောင် အထားအသိုများသည်လည်းကောင်း ယခင်အတိုင်းပင်။

သင့် နေဟန်တူသော ပိတ်ထားသည့် တံခါးအတွက် သော့တူကို ဘုရားစင်အောက်မှ ဗီရိုအံဆွဲတွင် သူသွားယူရသည်။

ဦးစံရပြောပြချက်အရ သူအလုံးစုံကို သိမြင်လိုက်ရသည်က သင့်၌ ကိုယ်ဝန်ရှိနေပြီဟု။

ဤသည်ကို သင့် ဘယ်နည်းနှင့်မှ လိုလားလိမ့်မည်မဟုတ်မှန်း အောင်ဇေယျနားလည်သည်။ အောင်ဇေယျကိုယ်တိုင်လည်း သင့်အတွက် စိတ်မကောင်းနိုင်ပါ။

သို့သော်. . .



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇေယျသည် တံခါးကို သော့တူဖြင့် ဖွင့်လိုက်သည်။ တိတ်ဆိတ်နေသောအခန်းကို သူ ရင်ထိတ်စွာဖြင့် တံခါးကိုတွန်းဖွင့် ဝင်ရောက်လိုက်သည်။

"ဟာ"

တစ်ခန်းလုံး မြင်မကောင်းအောင် ပြန့်ကျဲနေလေသည်။ အောင်ဇေယျဘာကိုမှ ဂရုမစိုက်အားဘဲ မှန်တင်ခုံရှေ့ ကြမ်းပြင်၌ ခွေခွေကလေးလဲနေသော သင့်အား ပွေ့ချီကာ အိပ်ခန်းတွင်းမှ ထုတ်ခဲ့ပြီး တစ်ဖက်မင်္ဂလာခန်းသို့ ခေါ်ဆောင်ခဲ့လိုက်သည်။

ခုတင်ပေါ်တွင် အသာတင်ပြီး မျက်နှာသို့ ရေအဝတ်လေးဖြင့် အသာအယာသုတ်ပေးလိုက်သည်။ အောင်ဇေယျရင်ထဲ နင့်နင့်သီးသီး နာကျင်လျက်ရှိသည်။

ကြိုတင်ကြံရွယ်ခြင်းမရှိပါဘဲ မှားယွင်းခဲ့မိသော အမှားအတွက် ယူကျုံးမရခံစားလိုက်ရသည်။

"ဦးစံရ"

"ဗျာ ဆရာ"

"ဒီနေ့ ဒီအချိန်ကစပြီး အိမ်မှာ ဓား၊ ကတ်ကြေး၊ အိုဗျာ သူ့အသက်အန္တရာယ်ကို ထိခိုက်စေနိုင်တဲ့အရာ ဆေးဝါးကအစ လွယ်လင့်တကူ ဘာမှမထားဘဲ သူနာပြုဆရာမနှစ်ဦး နေ့ညတစ်ယောက်စီငှားလိုက်ပါ"

"ဟုတ်ကဲ့"

"နောက်ပြီး အိမ်ဖော် ခပ်ငယ်ငယ်တစ်ယောက် ယပ်ရှာ





ပေးပါ၊ သင့်အပါးမှာ အမြဲမျက်ခြည်မပြတ်စောင့်ကြည့်နေဖို့ လိုအပ်တယ်"

အောင်ဇေယျ၏ ပူပန်မှုများကို ဦးစံရင်က နားမလည်နိုင်အောင်ဖြစ်ရသော်လည်း လူကြီးပီပီ အောင်ဇေယျနှင့် သင့်တို့၏ သူမတူသော အိမ်ထောင်ရေး အခြေအနေကို ရိပ်မိသိရှိနေပြီမှာကြာပြီ။

"အခုလား ဆရာ"

"ဟုတ်တယ် အခုပဲ၊ ဒေါ်စိန်တို့ကို မြန်မြန်သိမ်းခိုင်းထားလိုက်ပါ"

"ကောင်းပါပြီ ဆရာ"

"ဩော် ဦးစံရရေ၊ ဒေါက်တာဝေလင်းကို ဖုန်းဆက်ပေးပါဦး၊ အရေးကြီးလို့ အခုချက်ချင်းလာခဲ့ပေးပါလို့"

"ဟုတ်ကဲ့"

အောင်ဇေယျသည် အပေါ်ကုတ်အင်္ကျီနှင့် နက်ကတိုင်ကိုချွတ်လိုက်သည်။ ထိုနောက် လည်ပင်းကြယ်သီးကိုပါ ဖြုတ်ရင်း အသက်ကို ယခုမှ ဝဝလင်လင်ရှူရှိုက်လိုက်သည်။

လက်ချောင်းများဖြင့် ဆံပင်ကို ထိုးဖွကာ သက်ပြင်းတစ်ချက်ရှိုက်လိုက်မိသည်။ နောင်တ,တရားနှင့်အတူ ရင်မှာ မွန်းကျပ်လျက် ခံစားလိုက်ရသည်။

ပေလီညချမ်းများဖြင့် ပထမညဦး အရက်တစ်ခွက်မှား ယွင်းသောက်ခဲ့မိသဖြင့် သတိလက်လွတ်ဖြစ်နေသော သင့်နှင့် မူးနေသောသူ မှားယွင်းခဲ့ရသည်ကို သတိရမိတိုင်း သူ့ကိုသူ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မလွှတ်နိုင်အောင် ဖြစ်ခဲ့ရသည်။

နောက်နေ့နံနက် သင့်သည် ညကအဖြစ်အပျက်နှင့် ပတ်သက်၍ ဘာမှ သိပုံမရသောအခါ ပို၍ယူကျုံးမရဖြစ်ခဲ့ရသည်။ သို့သော် တစ်ကြိမ်တစ်ခါမျှားယွင်းရုံမျှဖြင့် သားသမီးရနိုင်ချင်မှ ရနိုင်မည်ဟု အောင်ဇေယျဇွတ်ဖြေသိမ့်ကာ သင့်အား ပို၍ သတိထားဆက်ဆံခဲ့သည်။ ထို့နေ့မှစ၍ အရက်ကို လုံးဝဖြတ်တောက်ခဲ့လိုက်သည်။

သူလိုချင်သည်မှာ သင့်၏အချစ်ဖြစ်သည်။ သို့သော် အရက်၏ သွေးဆောင်မှုကြောင့် သူရလိုက်သည်မှာ သင့်၏အပျိုစင်ဘဝ၏ သွေးသားများ။ အောင်ဇေယျသည် သူ့အနိုး၌ ငူငူကြီးထိုင်နေမိသည်။

သင့်ပေးလာမည့် အပြစ်ကို သူရဲရဲကြီးခံရန် အသင့်အနေအထား၌ ရှိနေသည်။ သင့် သတိမရသေးခင်၌ပင် သူ၏ သူငယ်ချင်း ဒေါက်တာဝေလင်း ရောက်လာသောအခါ၌. . .

"စိတ်အရမ်းကြီးပြီး သတိလစ်နေတာကွာ၊ ကြည့်လုပ်ပေးပါအုံး"

"ဆရာကြီး လာပြီးပြီဆို"

"ပထမမူးလဲလို့ ဆရာကြီးကို ပင့်လိုက်တယ်၊ ဆရာကြီးက စမ်းသပ်ကြည့်တော့ ကိုယ်ဝန်ရှိတယ်ပြောလို့ စိတ်လှုပ်ရှားပြီး တစ်ခါ သတိလစ်သွားတယ်တဲ့ အခုတစ်ခါ"

"ဘာလဲ မင်းနဲ့ ရန်ဖြစ်လို့လား"

"မဟုတ်ပါဘူးကွာ၊ ငါပြန်လာတာ နောက်ကျလို့ စိတ်





ဆိုးနေတာထင်တယ်၊ အဲဒါကွာ သူ့ကို ပြည့်ပြည့်ဝဝအနားယူနေနိုင်အောင် အိပ်ပျော်နေရင် ကောင်းမလားလို့"

"မလုပ်ပါနဲ့ကွာ မလိုအပ်ပဲ အိပ်ဆေးထိုးတာတို့ဘာတို့ မလုပ်သင့်ဘူး၊ ခုဟာက ဘာရောဂါမှ မတွေ့ရဘူး၊ အသက်မှန်မှန်ရှူပြီး အိပ်မောကျနေတာ၊ ဆရာကြီးက စိတ်ငြိမ်ဆေးတစ်လုံးထိုးသွားပေးပုံရတယ်"

အောင်ဇေယျ ပင့်သက်ရှိုက်လိုက်သည်။ စိတ်ငြိမ်ဆေးထိုးထားခဲ့ပေလို့သာပဲ အိပ်ခန်းထဲ၌ သောင်းကျန်းထားလိုက်သည်မှာ မှန်များပင် ကွဲလျက်ရှိသည်။

"မင်းအမျိုးသမီးက စိတ်ကြီးပုံရတယ်နော်"

"အေးကွာ၊ ငယ်တော့ နွဲ့ဆိုးပေါ့ကွာ"

ချစ်ရသူကို အပြစ်မမြင်ရက်ခြင်းသည် ချစ်သူတိုင်း၏ သဘာဝတရားပင်ဖြစ်သည်။

"အားဆေးတွေ ဘာတွေတော့ ဆရာကြီးညွှန်သွားလိမ့်မယ်ထင်တယ်"

"ဟုတ်ကဲ့ ကျွန်တော်ကို ဝယ်ခိုင်းထားပါတယ်"

ဦးစံရက ဝင်ပြောသည်။ ဦးစံရသည် ဒရိုင်ဘာဆိုသော်လည်း အိမ်၏ ဘဏ္ဍာစိုးသဖွယ်ဖြစ်နေသည်။ အစစအရာရာ အိမ်၏ လိုအပ်ချက်များ၊ ဈေးဖိုး၊ အလုပ်သမားလစာများနှင့် ရပ်ရွာသာရေးနာရေးကအစ သူပဲဖြေရှင်းပေးလေ့ ဆောင်ရွက်ပေးလေ့ရှိသည်။ ထို့ကြောင့် ဘွားဘွားက တမင်ပင် သူတို့အိမ်သို့ ထည့်ပေးလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးစံရ ဝယ်ပြီးပြီလား"

"ဟုတ်ကဲ့ မောင်အေးကို ဝယ်ခိုင်းလိုက်ပါပြီ၊ ကျွန်တော်ကတော့ မိန်းကလေးကို စိတ်မချလို့ စောင့်ကြည့်နေလို့ပါ"

"ကောင်းပြီ ဒေါက်တာကို လိုက်ပို့ရင်းနဲ့ နာ့စ်ပါတစ်ခါတည်း ခေါ်ခဲ့ပါ၊ ဪ ဝေလင်း၊ မင်းစီစဉ်ပေးပါဦးကွာ၊ ကိုယ်သင့်အတွက် ဒေးနာ့စ်နဲ့ နိုက်နာ့စ်နှစ်ယောက်လိုချင်တယ်"

"ဟ. . မင်းဟာက မဟုတ်သေးပါဘူ၊ ကိုယ်ဝန်က နုပါသေးတယ် နီးမှ"

"မဟုတ်ဘူးသူငယ်ချင်း၊ ကိုယ်က သူ့နားမှာ အချိန်ပြည့် မနေနိုင်ဘူး၊ အချိန်ပြည့်ရှိပြီး ဆေးမှန်မှန်အစားမှန်မှန်စားဖို့က အစပေါ့ကွာ၊ လိုအပ်တယ်ထင်လို့ပါ"

"အေးပေါ့ကွာ ရေလျှံနေတဲ့ လူမျိုးအတွက်တော့ ချဲ့ပေါ့ကွာ ကိုယ်စီစဉ်ပေးမယ်၊ ဒါပေမယ့် ချက်ချင်းတော့ ရမှာမဟုတ်ဘူး၊ မနက်ဖြန်ရှာဖွေပြီး သန်ဘက်ခါလောက်တော့ရမယ် ဖြစ်မလား"

အောင်ဇေယျ ခေါင်းညိတ်လိုက်ရသည်။ မညိတ်၍လည်းမဖြစ်၊ တော်ကြာ အကဲပါလွန်းသည်ဆိုကာ အမြင်ကတ်ကာ ဖြစ်ထားလျှင်ခက်မည်။

"ကိုင်း ကိုယ်သွားမယ် သူငယ်ချင်း၊ မင်း ဒီလောက်လဲ အစိုးရိမ်မလွန်စမ်းပါနဲ့ သူငယ်ချင်းရာ၊ အသက်နဲ့ အဝေးကြီးပါ"

အောင်ဇေယျက မချိပြုံးပြုံးလိုက်သည်။ ကိုယ့်ဝမ်းနာကိုယ်သာသိ၊ ဒေါက်တာဝေလင်းက သူ့ပခုံးကို ပုတ်ပြီးထွက်သွား





သည်။

"ကိုယ် လိုက်မပို့တော့ဘူးနော် သူငယ်ချင်း"

"ပြောရမယ့်လူတွေမဟုတ်ပါဘူးကွာ၊ နေစမ်းပါ ဇနီးချောလေးရဲ့ မျက်နှာကိုသာ မျက်တောင်မခတ်တမ်း ကြည့်နေခဲ့ပေတော့"

အောင်ဇေယျအဖြစ်က လူပြောစရာဖြစ်နေပြီ။ သင့်အား အစိုးရိမ်ကြီးစွာ စောင့်ဆိုင်းနေခြင်းထက် သင့်အား ရင်ဆိုင်ရမည့်အရေးက သူ့အတွက် ပို၍ အရေးကြီးနေသည်။

မိန်းမသားတစ်ယောက်၏ ရှေ့၌ ဒူးထောက်အညံ့ခံ အရှုံးပေးရတော့မည့် ယောကျ်ားမျိုးထဲ သူ ပါဝင်သွားပြီ ဆိုတာကို သူ ဧကန်မုချ သိနေပြီ။

သူမဘာပြောမည်နည်း။

သူ ဘာပြန်ပြောရမည်နည်း။

ဘယ်အတိုင်းတာထိ လိုက်လျောရမည်နည်း။

အောင်ဇေယျစိတ်မှာ မွန်းကျပ်လျက်၊ တွေဝေလျက် ထွက်ပေါက်မရှိ ပိတ်ဆို့ခြင်း ခံရလျက်. . .





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၂)

"ဒါ. . ရှင် ကျွန်မကို စော်ကားတဲ့အတွက်"

"ဖြန်း. . ."

"ဒါက ရှင်ကျွန်မကို အယုံသွင်းခဲ့တဲ့အတွက်"

"ဖြန်း. . ."

"ဒါက ကျွန်မကို လှည့်ဖြားတဲ့အတွက်"

"ဖြန်း. . ."





"ဒါက ကျွန်မဘဝကို ဖျက်ဆီးခဲ့တဲ့အတွက်"

"ဖြန်း. . ."

"ဒါက ကျွန်မမျှော်လင့်ချက်တွေကို ရိုက်ချိုးပစ်ခဲ့တဲ့အတွက်"

"ဖြန်း. . ."

"ဒါက ရှင့်သွေး ကျွန်မကိုယ်မှာ ကပ်ငြိနေမှုအတွက်"

"ဖြန်း. ."

အောင်ဇေယျသည် သင့်၏ စွပ်စွဲချက် ရိုက်နှက်ချက်များကို ကြံ့ကြံ့ခံ၍ ရင်ဆိုင်လိုက်သည်။

ထူပူနေသော သူ့ပါးနှစ်ဖက်အရေးထက် သင့်၏ နူးညံ့သော ညာလက်ဖဝါး ရဲရဲနီနေမှုကိုလည်းကောင်း၊ ဒေါသတကြီးခံစားမှုကြောင့် မောဟိုက်နေမှုကိုလည်းကောင်း သူစိုးရိမ်လျက်ရှိသည်။

"ရှင်ကြီး. . ရှင်ကြီး. . လူယုတ်မာ၊ ကျွန်မကိုစော်ကားတယ်"

သင့်က တုံ့ပြန်မှု လုံးဝမပေးဘဲ ကျောက်ရုပ်သဖွယ်ရပ်တည်ကာ မိမိ၏ ရိုက်နှက်မှုများကို အံကြိတ်ခံနေသော အောင်ဇေယျအား အခဲမကျေစွာ အင်္ကျီစကိုဆွဲကာ ရင်ဘတ်ကို အုန်းအုန်း ထုလေသည်။

မျက်ရည်များ ချွေးများဖြင့် ရောထွေးကာ သောက၊ ဒေါသများကြောင့် ပင်ပန်းဆင်းရဲ ဖြစ်နေရှာသော သင့် အတွက် သူ့တုံ့ပြန်မှုတစ်ခု ပေးမှဖြစ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း စွတ်စွဲစရာတွေ ကုန်ပြီလား"

"ဘာ. . . မကုန်သေးဘူး၊ ဘယ်တော့မှ မကုန်ဘူး၊ ရှင့် ကလေးကို ကျွန်မ မလွှယ်နိုင်ဘူး၊ အဲဒါရှင်ကြီး ဖယ်ရှားပေးပါ"

အောင်ဇေယျ ရင်ထဲ စူးနစ်ဝင်လာသော ဒေါသများ တစ်စင်းကြောင့် သူမ၏ လက်မောင်းရင်း နှစ်ဖက်ကို ခပ်ကြမ်း ကြမ်း ဆုပ်ကိုင်မိလျက်သား ဖြစ်သွားသည်။

"ဘာ. . . ဘာပြောတယ်"

"ကျွန်မရှင့်ကလေးကို မလိုချင်ဘူး၊ မယူနိုင်ဘူး၊ ရှင် ဖယ်ရှားပေးပါ"

"တိတ်စမ်း လူမဆန်တဲ့ စကားတွေ မပြောနဲ့၊ မင်း ငါ့ကို ကြိုက်သလိုလုပ်နိုင်တယ်၊ ငါ့ရင်သွေးနဲ့ ပတ်သက်လို့ လေသံ နဲ့တောင် မထိပါနဲ့၊ ငါသည်းမခံနိုင်ဘူး သင့်"

"ထိမယ် ကျွန်မမျှော်လင့်ချက်တွေ မရှိမှတော့ ကျွန်မ အသက်ရှင်နေလို့လဲ အဓိပ္ပာယ် မရှိတော့ဘူး၊ ရှင့်ရင်သွေးနဲ့အတူ ကျွန်မအသက်ပါ စွန့်ပစ်မယ် သိလား"

"ဖြန်း. . ."

အောင်ဇေယျ၏ ဒေါသကသူမ၏ ပါးပြင်ထက်သို့ ကျ ရောက်သွားသည်။ သူမသည် ခုတင်ပေါ်သို့ ပုံလျက်သားကျ သွားသည်။

သင့်သည် နာကျင်မှုထက် အံ့သြခြင်း မယုံကြည်နိုင်ခြင်း နှင့်အတူ ကြက်သေ သေသွားသည်။

"ငါ့ရင်သွေး. . ကို အန္တရာယ်ပြုရင် မင်းကိုလည်း





လူသတ်တရားခံအဖြစ် ငါကိုယ်တိုင် တရားစွဲမယ်ဆိုတာ မင်း ခေါင်းထဲကို အရင်သွင်းသွားပြီးရင် ငါ့ဘက်က မင်းအတွက် ပေးဆပ်မယ့် အချက်တွေကို မင်းဆက်နားထောင်ဦး သင့်"

သင့်၏ ဒေါသသည် ဆွံ့အခြင်းနှင့်အတူ ကြက်သေသေ ခြင်းကို ဖန်တီး တည်ဆောက်ထားစေသည်။ ထင်ပါသည်။

သင့်သည် ပက်လက်အနေအထားမှ တုတ်တုတ်မျှ မလှုပ်. . အောင်ဇေယျက ပြူးကြောင်ကြောင် မျက်လုံးအစုံဖြင့် မျက်တောင်မခတ်တမ်းကြည့်နေသည်။

. အောင်ဇေယျ ရင်ကွဲမတတ် ခံစားရပါသည်။ သို့သော် လည်းနာကျင်မှု ဝေဒနာတစ်ရပ်ကို ကြိတ်မှိတ်ခံစားနေရင်းမှ. .

"ကလေးအတွက် မင်းရဲ့ ကိုယ်ခန္ဓာမှာ ဝန်ဆောင်ပေး ခြင်းကလွဲလို့ မင်း ဘာတာဝန်မှ မပိုစေရဘူး၊ ကျောင်းဆက် တက်နိုင်တယ် မင်းတက်ချင်တဲ့ ကွန်ပျူတာလဲ ဆက်တက်နိုင် တယ်. . အဲ. . ကလေးမွေးပြီးတာနဲ့ ကလေးရဲ့မျက်နှာတောင် မင်းမမြင်စေရဘူး၊ ငါ့ကလေးကို ငါပဲအဖေ ငါပဲအမေအဖြစ် ကျွေးမွေးပြုစု စောင့်ရှောက်သွားမယ်၊ မင်း မွေးပြီးတာနဲ့ မင်းကို ငါ ထပ်မံကွာရှင်းပေးမယ်၊ ဒီတစ်ခါ လူကြီးစုံရာရှေ့မှာ ကွာပေး ပြီး မင်းအပေါ် ငါ့ရဲ့မှားယွင်းခဲ့တဲ့အမှားအတွက် နစ်နာကြေး အဖြစ် ငါပိုင်ဆိုင်မှု ထက်ဝက်ကို ငါလွှဲပြောင်းပေးမယ်၊ ဒါပဲ သင့် မင်းအတွက် ငါ့ရဲ့ပေးဆပ်နိုင်မှု အစွမ်းကုန် လိုက်လျောနိုင် မှုက ဒါပဲ၊ မင်း မကျေနပ်လဲ လိုက်နာ၊ ကျေနပ်လဲ လိုက်နာပါ သင့်၊ ငါပြောစရာ ဒါအကုန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇေယျက ပြောပြောဆိုဆို သင့်အား ကျောခိုင်းလိုက်သည်။

သင့်အပါး၌ သူကြာရှည်စွာ မနေရက်။

သင့်၏ နာကြည်းမုန်းတီး ရွံ့ရှာနေသော မျက်လုံးအစုံကို သူရင်မဆိုင်ရဲ။

ပြီးတော့ သူ့နှလုံးသား နာကျင်လွန်းလှပြီ။

သူအမြတ်တနိုး ထိန်ဖိုးထားခဲ့သော ဖူးငုံချစ်ပန်းကလေးကိုမှ သူပင် ဆွတ်ခူးခြွေမွခဲ့မိပြီ။ သူ၏အပြစ်ကို သူခံရမည့် အစား အပြစ်ဒဏ်က သင့်အပေါ်၌ ကြီးလေးစွာ ကျရောက်နေပြီ။

ယူကျုံးမရခြင်း များစွာအတွက် သင့်အတွက် ဘာမဆို ပေးဆပ်ရန် အနေအထားက အသင့်ရှိနေပါပြီ။ သို့သော် သင့်အပေါ်ထက် စွမ်းအင်ကြီးမားစွာ သူ့အပေါ်၌ အနိုင်ယူကြီးစိုးသွားမည့် သူတစ်ဦးကြောင့် သူသည် သင့်အား ရိုက်နှက်မိလိုက်ချေပြီ။

အောင်ဇေယျသည် ဝရန်တာ၌ရပ်ရင်း လရောင်ဆမ်းထားသော ညချမ်းကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေသည်။ အမြင်အာရုံတို့သည် ပျောက်ဆုံးနေသော်ငြားလည်း အတွေ့အာရုံအနေဖြင့် သူ၏ ပါးပြင်ထက်သို့ ပူနွေးစွတ်စိုသော အတွေ့အာရုံကိုခံစားလိုက်ရသည်။







# အခန်း(၂၃)

သုံးလေးရက်ခန့် အကြာ၌ သင့် ပုံမှန်အနေအထားသို့ပြန်လည်ရောက်လာသည်။

"ဦးလေးစံ"

"ဘာခိုင်းချင်လို့လဲ သင့်"

အောင်ဇေယျက လှမ်းမေးလိုက်သည်။

"ရှင် ကျွန်မကို စကားပြောစရာမလိုဘူး ဦးအောင်ဇေယျ။ ကျွန်မကို သွားလာလှုပ်ရှားတာ မြင်ချင်ရင် ရှင်ကျွန်မမျက်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်မှာနေပေးပါ၊ ကျွန်မကို စကားပြောခြင်းကိုလဲ ရှောင်ရှား ပေးပါ၊ ဒါဟာ ကျွန်မရဲ့ တောင်းဆိုချက်ပဲ"

သင့်က ခပ်မာမာနှင့် ခပ်အေးအေးပင် ပြောလိုက်သည် အောင်ဇေယျ လုံးဝမျှော်လင့်မထားသော စကားအတွက် ဘာ ပြန်ပြောရမှန်း မသိအောင အံ့ဩသွားရစဉ် သင့်က ထပ်ဆင့်၍. . .

"ရှင့် တောင်းဆိုချက်တွေကို ကျွန်မ သဘောတူသလို ကျွန်မ တောင်းဆိုချက်တွေကိုလဲ ရှင်လိုက်နာပါ၊ ဒီကြားကာလ မှာ ကျွန်မဟာ ရှင့်ရဲ့ကလေး ကိုယ်ဝန်ဆောင်ပေးခြင်းကလွဲလို့ ရှင့်ရဲ့ မယားတစ်ယောက် အနေနဲ့တောင် ဟန်ဆောင်ပြီး လုံးဝ နေပေးမှာ မဟုတ်ဘူးဆိုတာကိုလဲ ရှင်နားလည်ထားပါ"

ဦးစံရ အိမ်ရှေ့ တံခါးဝ၌ ခပ်ယို့ယို့ရပ်လျက် သင့်ထံမှ အမိန့်ကိုစောင့်ဆိုင်းနေသည်။

"ဦးလေးစံ. . . ကျွန်မအပြင်သွားမယ်"

ဦးစံရက အောင်ဇေယျအား လှမ်းကြည့်လိုက်၏။

အောင်ဇေယျက ခေါင်းညိတ်ပြလိုက်သည်။

ထိုအခါကျမှ ဦးစံရက. . .

"ဟုတ်ကဲ့ ကားသွားထုတ်လိုက်ပါဦးမယ် မိန်းကလေး"

သင့်က အောင်ဇေယျအား လှမ်းကြည့်ကာ. . .

"ရှင်ခေါ်ထားတဲ့ နာ့စ်တွေကို ပြန်လွှတ်လိုက်ပါ၊ ကျွန်မ လက်မခံနိုင်ဘူး၊ ကျွန်မအတွက် လူပိုမလိုဘူး၊ အဲ . . ရှင့်ကလေး အတွက် ဆေးသောက်ဖို့ကတော့ နောက်ရောက်လာတဲ့ မိညို





ကိုပဲ တာဝန်ပေးပါ"

အောင်ဇေယျက. . .

"မိညိုထက် နာ့စ်ဆိုတော့ ပိုမကောင်းဘူးလား"

"မကောင်းဘူး ကျွန်မလွတ်လပ်ခွင့် ဆုံးရှုံးတယ်၊ မိညို နဲ့ ဒေါ်စိန်နဲ့တင် လုံလောက်တယ်၊ သူတို့နှစ်ယောက်က လွဲရင် ကျွန်မအပေါ်ထပ်ကို ဘယ်သူမှ မလာစေနဲ့"

"ဒါကတော့ မရဘူး၊ တစ်ပတ်တစ်ခါတော့ မင်းဆေး စစ်မှုခံယူရမယ်"

"ကောင်းပြီ ရှင့်ကလေးအတွက် လိုအပ်ချက်ဆိုရင် တော့ ကျွန်မလက်ခံပါတယ်၊ ရှင် ဘာပြောစရာ ရှိသေးသလဲ"

"အစားအသောက် ဆင်ခြင်ဖို့"

"ဒါကို ကျွန်မ နားလည်ပါတယ်၊ ကျွန်မ လွတ်လပ်ခွင့်ကို ရှင့်ကလေးက ပိတ်ပင်ထားတယ်၊ ဒီအတွက် ကျွန်မသည်းခံမယ် လို့ ဆုံးဖြတ်ပြီးသားပါ၊ ရှင့်ကလေးကို မထိခိုက်ဘဲ ကိုယ်လက် အင်္ဂါ အစုံအလင်နဲ့ လူစဉ်မီတဲ့ ကလေးတစ်ယောက်ကို ကျွန်မ ထုတ်လုပ်ပေးနိုင်လိမ့်မယ်၊ ပြီးရင်သာ ရှင့်ကတိအတိုင်း ဖြစ်ပါ စေ"

"စိတ်ချပါ ယောကျ်ားစကားပါ"

အောင်ဇေယျကလည်း မာနဖြင့် တုံ့ပြန်လိုက်သည်။

သင့်သည် ပေါ်တီကို အောက်၌ ရပ်လိုက်သော ကားရှိ ရာသို့ လျှောက်သွားလေသည်။

အောင်ဇေယျသည် ကြေကွဲစွာဖြင့် သူမ၏ ကျောပြင်သို့



www.burmeseclassic.com

www.burmeseclassic.com



ဝေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ဘွားဘွားအား သူမည်ကဲ့သို့ ဖြေရှင်းရမှန်း မသိအောင် ပင်ဖြစ်နေသည်။

မနေ့က ဘွားဘွားလာခြင်းကိုလည်း သူမသည် အိပ်ခန်း တံခါးလုံးဝဖွင့် မပေးသဖြင့် အောင်ဇေယျ မည်ကဲ့သို့ ဖြေရှင်းပေး ရမှန်း မသိအောင် ဖြစ်ခဲ့ရသည်။ မခိုင်လုံသော ဆင်ခြေတစ်ရပ် ဖြင့် ကာကွယ်ရန်တော့ ကြိုးစားခဲ့ပါသေးသည်။

"လင်နဲ့ မယား လျှာနဲ့သွားလေ ဘွားဘွားရယ် ဒီလိုပဲ ပေါ့ စိတ်ကောက်တုန်းခဏပါ" ဟု. . .

ဘွားဘွားကတော့ မသကျာသောမျက်လုံး မရှုပ်သိမ်း သော်လည်း နှုတ်ကတော့. . .

"အေးလေ ဘာပဲဖြစ်ဖြစ် ကိုယ်ဝန်ဆောင် မိခင်ကို တော့စိတ်ဆင်းရဲမှု ကိုယ်ဆင်းရဲမှု မဖြစ်ပါစေနဲ့ အောင်" ဟု. . .

အောင်ဇေယျ ရင်နင့်စွာဖြင့် သက်ပြင်းတစ်ချက် ချ လိုက်ပြီး သင့်တို့ကား မျက်စိအောက်မှ ပျောက်ကွယ်သွားသည် အထိဝေးကြည့်ရင်း သောကကြောင့် စူးနင့်နာကျင်နေသော နှလုံးသား ငြိမ်းအေးမှုကို ရှာဖွေရန် ကြိုးပမ်းလိုက်သည်။

သို့ပါသော်လည်း အောင်ဇေယျအတွက် ငြိမ်းအေးခြင်း သည် အဝေးဆုံးသို့ ရောက်နေပြီထင့်. . ။







# အခန်း(၂၄)

သင့်အတွက် ကသိကအောက်ဖြစ်ရသည်က ရင်ခွေ့ အင်္ကျီများ ဝတ်၍မရအောင်ဖြစ်လာခြင်းပင်။

သင့်အတွက် အထပ်လိုက်ရှိနေသော ဗိုက်ဖုံးအင်္ကျီများ ကိုကြည့်ကာ ရင်ဝယ်ခံစားရခက်သော ဝေဒနာရပ်ကြောင့် သင့် အောက်နှုတ်ခမ်းကို ကိုက်လိုက်သည်။

သင့်အမှားတစ်ခုကြောင့် ရလာသောအပြစ်က များ



www.burmeseclassic.com

www.burmeseclassic.com



ယွင်းမှုနှင့် မထိုက်တန်အောင် ကြီးမားလွန်းလှသည်။ သင့်ဗိုက်ဖုံးအင်္ကျီအဝါနုလေးတစ်ထည်ကို ယူဝတ်လိုက်သည်။ မှန်ထဲ၌ကြည့်၍ကောင်းသော မိခင်လောင်းတစ်ဦး၏ပုံ ပေါ်လာသည်။ သင့် မှန်ကိုကျောခိုင်းလိုက်ပြီး အခန်းထဲမှထွက်ခဲ့ကာ ကွန်ပျူတာထားရာအခန်းသို့ ဦးတည်လိုက်သည်။

ကွန်ပျူတာနှိပ်နေသူတစ်ဦးကြောင့် သင့်ခြေလှမ်းသည် တုံ့ခနဲ ရပ်လိုက်သည်။

အောင်ဇေယျ ဘာလုပ်နေသနည်း။ သင့်နှင့် မဆိုင်ဘူးဟု ထင်သော်လည်း သင့် မျက်ဝန်းက ရောက်ရှိသွားသည်။

နာမည်တွေအများကြီး ရေးနေခြင်းဖြစ်သည်။

ယောကျ်ားလေး နာမည်များရော မိန်းကလေး နာမည်များရော ဖြစ်သည်။

သင့် နားလည်လိုက်ပြီ။ သူ့ခလေးအတွက် နာမည်တွေရွေးချယ်နေခြင်းဖြစ်သည်။

သင့်စိတ်ရှုပ်ထွေးလွန်းသဖြင့် ကွန်ပျူတာခန်းကို ကျောခိုင်းကာ ပန်းခြံထဲသို့ ဆင်းလိုက်သည်။ သင့်အား လမ်းလျှောက်ရန် ဆရာဝန်က ညွှန်ကြားသည်။ သင့် လမ်းလျှောက်ရသည်။ သင်းကလေးကြောင့် သင့် မလုပ်ချင်လည်း လုပ်နေရသည်။

သင်းကို မကြည့်ချင်သည့်တိုင်အောင်ပင် မုန်းတီးမိသော်လည်း သင့် သင်း၏ကလေးအတွက် တာဝန်ပိုနေရခြင်းဝဋ်က အမြန်ဆုံးကင်းလွတ်ချင်သည်။

မနက်ဖြန် တက္ကသိုလ်တွေဖွင့်ပြီ။ သင့်က ဗိုက်ဖုံးအင်္ကျီ





ကြီးတကားကားနှင့် စက်မှုတက္ကသိုလ် တက်ရမည့် အဖြစ်ကအောက်လိုက်မည်ဖြစ်ခြင်း။ လူတွေကို ဂရုမစိုက်ဘူးဟု ဆိုသော်လည်း ပေါ့ပေါ့ ပါးပါးမရှိဘဲ အများတန်းတူ မရှိခြင်းအတွက်စိတ်ရှုပ်ရဦးမည်။

"မမလေး အနွေးထည်"

သင့် အနားသို့ မိညိုရောက်လာသည်။ လက်ထဲ၌ အနွေးထည် ခပ်ပါးပါးတစ်ထည်ပါလာသည်။

"ဘယ်သူ ပေးခိုင်းတာလဲ"

သိလျက်နှင့် နှုတ်မှ မနေနိုင်ဘဲ မေးလိုက်မိသည်။

"ဆရာကပါ"

"ငါမချမ်းဘူး၊ ပြန်ယူသွား"

မိမိဘာလုပ်လုပ်၊ ဘယ်သွားသွား၊ ဘာစားစား သူကနေရာတကာ ကန့်သတ်ချုပ်ချယ်မှုများ လုပ်နေခြင်းကို သင့်ဒေါသဖြစ်ရသည်။

"ကျွန်မကို ဆူလိမ့်မယ်"

"ဆူဆူကွာ အိုက်ရတဲ့အထဲ"

သင့်ကပြောပြောဆိုဆိုဖြင့် မြက်ခင်းပေါ်၌ လမ်းဆက်လျှောက်ခဲ့သည်။ ကွန်ပျူတာကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်တက်နိုင်သော်လည်း အလုပ်ကတော့ ဝင်လုပ်၍မဖြစ်သေး။ ကိုယ်ဝန်ဆောင် မိန်းမတစ်ယောက်ကို မည်သည့်လုပ်ငန်းကမှ ရွေးချယ်ခိုင်းလိမ့်မည်မဟုတ်။ အောင်ဇေယျ၏ ကုမ္ပဏီများနှင့် အောင်ဇေယျနှင့် ပတ်သတ်သော အလုပ်များ၌ ဝင်ရောက်၍လည်း



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဘူးဟု ဆုံးဖြတ်ချက်ချပြီးသား ဖြစ်သည်။

"ဟာ စိတ်ညစ်ပါတယ်"

မေမေတို့ကား ခြံဝင်းထဲဝင်လာသည်ကို မြင်လိုက်သဖြင့် သင့် စိတ်ညစ်သွားသည်။ မေမေကလည်း သင့်ရှိရာသို့ လျှောက်လာသည်။ ဘာကြောင့်ရယ်မသိ မေမေသည် သင့်အိမ်ထောင်ကျသွားပြီး နောက်ပိုင်း၌ ပုံစံတွေပြောင်းလဲသွားသည်။ ယခင်ကလို ကြမ်းကြမ်းတမ်းတမ်း မောက်မောက်မာမာ မဟုတ်တော့။

"သင့် လမ်းလျှောက်နေတာလား"

"ဟုတ်ကဲ့ မေမေ"

"မောင်အောင်ဇေယျကော"

"မသိဘူး မေမေ"

မေမေသည် သင့်တို့ ဆက်ဆံရေးကို မသိ၍မဟုတ်။ သိပါသည်။ သင့်အား ဆုံးမချင်သော်လည်း သင့် စိတ်ဆင်းရဲမည့်ကိစ္စ ဘာမှမပြောဆိုပါနှင့်ဟု အောင်ဇေယျ၏ တားမြစ်ချက်ကြောင့် အရာရာကို မသိကျိုးကျွန်ပြုထားဟန်တူသည်။

အောင်ဇေယျဖြန့်ထားသည့် သတင်းက ခလေးမလိုချင်သော သင့်အား ကလေးယူခိုင်းသဖြင့် လင်မယားရန်ဖြစ်ကာ ခွဲခွာနေခြင်းဖြစ်သည်ဟု. . .

"ဒီလို မဖြစ်သင့်ဘူးလေ သင့်၊ မိန်းမဆိုတာ ဖက်ဘဝနဲ့ တူတူပဲ၊ ဆူးကျလဲဖက်၊ ဖက်ကျလဲ ဖက်ပဲ မဟုတ်လား။ မောင်အောင်ဇေယျရဲ့ သဘောထားကြီးမှုအပေါ်မှာ သိပ်ပြီး အခွင့်အ





ရေးယူရာ၊ အနိုင်ကျင့်လွန်းရာ ကျနေပြီးလို့ မေမေထင်တယ်"

သင့် မျက်နှာမည်းသွားသည်။ သူ့အကြောင်းနှင့် ပတ်သတ်၍ သင့် မကြားလိုပါ။ မိခင်ကို ပြန်မအော်ချင်သော်လည်း သင့် ရင်တွင်း၌ အော်ဟစ်နေမိပြီ။

ဘာမှ နားမလည်တဲ့ မိန်းမတစ်ယောက်ကို သိမ်းသွင်းပြီး သွေးသားဝါးမျိုသွားတဲ့ လူတစ်ယောက်ရဲ့နာမည်ကိုပင် မကြားချင်လောက်အောင် ဖြစ်ရသည်။

မလွဲကင်းသာ၍ သူ့အရိပ်၌ ခိုလှုံနေရခြင်းကိုပင် စိတ်ထဲ၌ ရွံ့မုန်းလိုက်သည်။ သူ့ကလေးအတွက် သင့်နေထိုင်ခြင်းဖြစ်ကြောင်း မေမေအား ရှင်းပြလိုက်လျှင် မေမေသည် သူ့အား ယခင်ကဲ့သို့ပင် ရိုက်မောင်းပုတ်မောင်း လုပ်ကာဆူပူ ကြိမ်းမောင်းဦးမှာလား။

"ကျွန်မ နေသာသလို နေပါရစေ မေမေ၊ ကျွန်မက လေး မလိုချင်သေးတာကို ကလေးယူခိုင်းတဲ့ သူ့ကို ကျွန်မ အပြစ်ပေးပါရစေ"

"သမီးရင်သွေးလေးကို သမီး မချစ်ဘူးလားဟင်"

သင့်တုန်လှုပ်သွားသည်။ သင့်အား ဘယ်သူမှ မမေးသော မေးခွန်းဖြစ်နေခြင်းကြောင့်ပင်။ ထိုမေးခွန်းအတွက် သင့်မှာ အဖြေရှိမနေ။ သင့်ကိုယ်သင့်လည်း လုံးဝ မမေးရသေးသဖြင့် သင့် ဘာဖြေရမည်နည်း။ သို့သော် သင့် ချက်ချင်းပင် ခေါင်းထဲမှာ အဖြေထွက်လာသည်။

"သင့် မလိုချင်ဘဲရတဲ့ ကလေးအတွက် သင့် ချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုဘူးထင်တယ် မေမေ”

“ဘာ. . .”

မေမေ့အသံသည် ဒေါသတကြီး ထွက်ပေါ်လာသည်။ သင့်တုန်လှုပ်သွားသည်။ သင့်စိတ်ထဲအမှန် အတိုင်းဖြေလိုက်ခြင်းကို မေမေသည် ယခင်ကကဲ့သို့ သူလိုရာ ပုံသွင်းပြောဆိုဦးမည်လား။

“မိဘဆိုတဲ့ အဖိုးမဖြတ်နိုင်တဲ့ အနန္တဂိုဏ်းဝင် ဘဝကို မခံယူထိုက်တဲ့ စကားတွေနဲ့ ကိုယ့်တန်ဖိုးကို ကိုယ်နှိမ့်ချမလို့လား သင့်”

“ကျွန်မ မသိဘူးမေမေ၊ ကျွန်မကလေးယူချိန်စောသေးတဲ့ အချိန်မှာ ရလာတဲ့ကလေးအတွက် ကျွန်မ ခံစားမှုက စိတ်ညစ်တယ်၊ စိတ်ရှုပ်တယ်၊ ဒါပဲသိတယ်”

သင့်စကားကြောင့် ဒေါ်မဥ္ဇူထိန် အံ့အားသင့်သွားသည်။ သင့်သည် သူထင်ထားသည်ထက်ကို ခေါင်းမာကာ တစ်ခွတ်ထိုးနိုင်ခဲ့သည်။ မိုက်မဲလွန်းသည်။ အတွေးခေါင်လွန်းသည်။ တစ်ယူသန် တဇောက်ကန်းနိုင်လွန်းသည်ဟုတင်ကာ ကရုဏာဒေါသတို့ ဖြစ်ရစဉ်. . . .

“အန်တီ အေးအေးဆေးဆေးပဲလား၊ ညစာသုံးဆောင်ပြီးမှပြန်နော်”

အင်မတန် ရည်မွန်သော အောင်ဇေယျရောက်လာသဖြင့် ဒေါ်မဥ္ဇူထိန် သက်ပြင်းချကာ စိတ်ကိုဖြေလျှော့လိုက်သည်။ သင့်က အောင်ဇေယျ ရောက်လာခြင်းကို မလိုလားဟန်





ဖြင့် အိမ်ဘက်သို့ ပြန်လျှောက်သွားလေသည်။

ဒေါ်မဥ္ဇူထိန်က. . . .

“သင့်”

သင့် ခြေလှမ်း တုံ့ခနဲ ရပ်သွားသည်။

“ဒါ ဘယ်လဲ”

“ညောင်းလို့ အိမ်ထဲပြန်ဝင်လို့”

“သွားပါစေ အန်တီ”

အောင်ဇေယျက ကြားဝင်ပြောလိုက်သည်။

သင့်က ပြန်လှည့်ကာ. . . .

“မေမေ ဘာပြောစရာ ရှိသေးလို့လဲ”

“ဘာမှ မပြောချင်တော့ဘူး၊ ညည်းဟာငါ့ထက် ပညာတတ်တယ်ဆိုရင် စဉ်းစားဆင်ခြင်ဉာဏ် ပိုရမှာပေါ့ ဆင်ခြင်တုံတရားလဲ ရှိရမယ်၊ ဘယ်လို အကြောင်းကြောင့်ဖြစ်ပါစေ၊ ကိုယ်ရင်မှာလွယ်လာရတဲ့ သားသမီးအတွက်တော့ မိခင်တစ်ယောက်ရဲ့ လုပ်ဆောင်သင့်တဲ့ တာဝန်ဝတ္တရား ကျေပွန်ပါစေ၊ ဒါပဲ ငါပြောချင်တယ်”

ဒေါ်မဥ္ဇူထိန်က ဝမ်းနည်းစိတ်ကို ထိန်းကာ ခပ်အေးအေးပင် ပြောလိုက်သည်။

သင့်အတွက် ထူးဆန်းသွားသည်။ ရင်ထဲ၌ တစ်မျိုးဖြစ်သွားသည်။ မေမေသည် သူ့အား ယခုကဲ့သို့ပင် ဝမ်းနှင့်လွယ်ခဲ့သည်ပင်၊ ထိုစဉ်ကာလက မေမေသည် ယောကျ်ားလေးလား မိန်းကလေးလား မသိသေးသော မိမိအပေါ်၌ ချစ်ခြင်းတရား



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့အတူ ပူစပ်ခါးတို့ကို ရှောင်ကြဉ်ခဲ့ရပေမည်။

“ကျွန်မ ကလေးကို အထိအခိုက် ချွန်ယွင်းချက် မရှိအောင်မွေးမှာပေးမှာပါ မေမေ”

အနားသို့ အောင်ဇေယျရှိနေခြင်းဖြစ်၍ ခပ်စိမ်းစိမ်းပင် ပြောလိုက်သည်။

“ကောင်းပြီလေ စောင့်ကြည့်သေးတာပေါ့”

အောင်ဇေယျ ကြားထဲမှနေ၍ စိုးရိမ်မှုဖြင့် ရင်တထိတ်ထိတ်ဖြစ်နေခဲ့ရခြင်း လျော့ပါးသွားသည်။ သင့်အတွက် သူသည် သူတော်ကောင်းယောင်ဆောင်သော ကြွက်သူခိုးဖြစ်ခဲ့ပြီလား။

သင့်ကိုမရည်စူးပါဘဲလျက် စိတ်ရိုင်း ချွန်းအုပ်မရဘဲ ရာဂမီး တောက်လောင်မှုဖြင့် မှားယွင်းသွားခဲ့သောမှားယွင်းမှုအတွက် သူထိုက်တန်သည့် ပေးဆပ်မှုတွေ သူပေးနေခဲ့သည်။

မိမိ၏ လုပ်ရပ်တွေကပဲ မှားယွင်းနေသလားဟု တစ်ခါတစ်ရံ သူတွေးတောမိသေးသည်။ ဒေါ်မဥ္ဇူထိန်က သင့် အိမ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားမှ. . . .

“အင်း. . အန်တီရဲ့မေတ္တာစေတနာကို သင့်က ခုချိန်ထိ သိနားလည်ဟန်မတူသေးဘူး”

“သင့်. . ငယ်သေးလို့ပါ အန်တီ”

အောင်ဇေယျသည် သင့်ဘက်က ထာဝရရှေ့နေတစ်ဦးဖြစ်နေသည်။

“သူ့အမေတွေလဲ သူ့အရွယ်ပဲ အိမ်ထောင်ပြုပေးလိုက်ကြတယ်၊ ဒါပေမယ့် သူ့ဘိုကိုယ်တိုင် မိဘဖြစ်လာတဲ့အချိန်မှာ





မိဘရဲ့ မေတ္တာစေတနာနဲ့ လုပ်ဆောင်ချက်တွေ သဘောပေါက်သွားကြတယ်”

“သင့်ဟာ မိခင်လောင်းပဲ ရှိပါသေးတယ်အန်တီ၊ သားသမီးရလာပြီးရင်တော့လဲ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမှာပါ”

“မင်းကလဲ သိပ်အလို မလိုက်ပါနဲ့”

အောင်ဇေယျက ပြုံးနေလိုက်သည်။ လူကြီး၏ အပြုံးသည်ရှက်ခြင်းကြောင့်သာ ဖြစ်သည်ဟု ဒေါ်မဥ္ဇူထိန် နားလည်လိုက်သည်။ သမီးအပေါ်၌ သမက်၏ ချစ်ခြင်း၊ အလိုလိုက်ခြင်းကို ဘယ်မိဘမဆို ကျေနပ်ကြမည်ပင်။

သို့သော် သင့်အပေါ်၌ အောင်ဇေယျသည် လိုသည်ထက်ပင်ပို၍ အလိုလိုက်လွန်းသည်။ လိုက်လျောလွန်းသည်ဟု ဒေါ်မဥ္ဇူထိန်တို့ အကဲခတ်မိနေပြီ။

သင့်ကို ယခင်ကကဲ့သို့ ပိုင်ပိုင်နိုင်နိုင် ဆုံးမနိုင်သော အခွင့်အလမ်းတို့ကလည်း နည်းသွားပြီ။ ‘သင့်ကိုရိုက်နှက်တာ၊ စိတ်ဆင်းရဲအောင် ပြောဆိုတာမျိုး မလုပ်ပါနဲ့အန်တီ၊ ဒီတစ်ခုတော့ ကျွန်တော် မေတ္တာရပ်ခံပါရစေ’ ဟု အောင်ဇေယျက အိမ်ထောင်ကျပြီ နောက်နေ့၌ ပြောခဲ့သည်။ ထိုနောက် ဒေါ်မဥ္ဇူထိန်သည် စိတ်ကိုချိုးနှိမ်ပြီး နေခဲ့ရသည်။

“အန်ကယ်ကော နေကောင်းရဲ့လား အန်တီ”

“ကောင်းပါတယ်၊ ဒါထက်မင်း သင့်ကို ကျောင်းဆက်တက်ခွင့်ပေးတယ်ဆို”

“ဟုတ်ကဲ့ မနက်ဖြန် စတက်ရတော့မှာပါ”



www.burmeseclassic.com

www.burmeseclassic.com



"အိုကွယ်၊ ကလေးအမေပဲ ဖြစ်တော့မယ်"

"ပညာဆိုတာ ပျိုချင်းအိုချင်းနဲ့ မဆိုင်ပါဘူး အန်တီ၊ သူလိုလားတဲ့ ပညာရေး ဆုံးခန်းတိုင်အောင် သင်ပါစေ၊ ဒီအတွက်ကျွန်တော်ကိုယ်တိုင်က လိုလားပါတယ်၊ ကြည်ဖြူပါတယ်၊ သားသမီးတာဝန်ကလဲ နာနီတွေ၊ နာ့စ်တွေရှိနေသလို ဘွားဘွားကိုယ်တိုင်ကလဲ သူ့မြစ်ကို သူကိုယ်တိုင် ကြည့်ရှုစောင့်ရှောက်မယ်လို့ပြောနေတယ်၊ အန်တီတို့ဆီတောင် ရောက်ချိန်ရှိပါ့မလားမသိဘူး"

"ဘိုးဘွား ဒွေးတော် မိကြီးတွေ ဘယ်လောက်ကောင်းကောင်းအမေ့ မေတ္တာကိုတော့ မီနိုင်မယ် မထင်ပါဘူး၊ ကလေးအတွက်ကလဲ မိဘရင်ခွင် မိဘမေတ္တာကိုသာ မက်မောကြတာပါ"

"ကျွန်တော်ကတော့ ဖခင်တစ်ယောက်ရဲ့ မေတ္တာကို အပြည့်အဝ ပေးမှာပါ"

"မင်းကိုတော့ အန်တီ ယုံကြည်ပါတယ် သင့်ကိုသာ. . ၊ သိပ်ကို ခေါင်းမာတဲ့မိန်းကလေး၊ သူ့ ခေါင်းမာလွန်း၊ တဇောက်ကန်းနိုင်လွန်းလို့ စာတော်ပေမယ့် သူကို မျက်နှာသာမပေးရဲဘဲ ခပ်တင်းတင်းကြပ်ကြပ် ကိုင်တွယ်ခဲ့ပြီး သူ့ကို ကြိုးကိုင်နိုင်မယ်ထင်တဲ့ မင်းကို တမင်ရွေးချယ်ပေးစားခဲ့တာ"

အောင်ဇေယျစိတ်ထဲ၌ နင့်ခနဲ ဖြစ်သွားခဲ့သည်။ အမှန်တကယ်လည်း သင့်ကို သူ တဖြည်းဖြည်း ဆွဲဆောင်သိမ်းသွင်းသွားရန် ရည်ရွယ်ထားပါသည်။ မမြော်လင့်ဘဲ သွေးသားဖောက်





ပြန်မှုကြောင့် ဖြစ်ပေါ်လာသော တစ်ကွက်အမှားကြောင့် သူ့နည်းဗျူဟာတွေ ပျက်ပြယ်ခဲ့ရသည်။

"ဘာပဲဖြစ်ဖြစ် အန်တီရယ် သားသမီးရလာတဲ့အခါတော့ သူ့စိတ်ကွေ ပြောင်းလဲသွားမှာပါ"

"အေးလေ အန်တီတို့လဲ ဒါကိုပဲ မျှော်လင့်ထားရတာပဲ"

အောင်ဇေယျလည်း သူများတကာထက်ပို၍ မျှော်လင့်ပါသည်။ နှလုံးသားမရှိသော လူသားဟူ၍ ရှိနိုင်ပါ့မလား။ ရှိတယ်ဆိုရင်တောင်မှ ထိုသူသည် စိတ်ထားမှုမမှန်သောသူ။ တစ်နည်းအားဖြင့် ရူးသွပ်နေသော သူသာလျှင် ဖြစ်ဖို့များသည်။

အောင်ဇေယျရင်ထဲ စိုးထိတ်သွားသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၅)

"ဒီမှာ ဦးအောင်ဇေယျ"

အောင်ဇေယျ ရုတ်တရက် အံ့အားသင့်သွားသည်။ တစ်ဆက်တည်း ဝမ်းသာမှုလေးကပါ ဝင်ရောက်လာသည်။

"ဘာလဲသင့်"

"ရှင်ကြီး ကျွန်မဖိနပ်ကို လွှင့်ပစ်ခိုင်းတယ်ဆို"

"ဟုတ်တယ်လေ ဒီလောက် ပြတ်လုပြတ်ခင်ဖြစ်နေတဲ့ ဖိနပ်ကို မင်းစီးရလောက်အောင် မင်းမှာ တခြားဖိနပ်တွေ ရှိမနေ





လို့လား၊ ငါမင်းအတွက် ဖိနပ်ဗီရိုတစ်လုံးနဲ့အပြည့် ဖိနပ်တွေ ထားပေးတယ်မဟုတ်လား"

သင့် ပေါက်ကွဲ လွင့်စဉ်သွားသည်။

"အဲဒါတွေ ကျွန်မမှ မကြိုက်တာ၊ ကျွန်မကို ဘယ်ဟာ တွေလုပ်ရမယ်၊ ဘယ်ဟာစားရမယ်၊ ဘယ်ဟာစီးရမယ်ဆိုတဲ့ တန့်သတ်ချုပ်ချယ်မှုတွေကို ကျွန်မ လုံးဝမကြိုက်ဘူး၊ ရှင်ကြီး ဖိနပ်တွေ ထောင်မကဘူး သောင်းတန်တန် သိန်းတန်တန် ကျွန်မ မကြိုက်ဘူး၊ မစီးချင်ဘူး၊ ကျွန်မကြိုက်တဲ့ဖိနပ် စီးနေကျ ဖိနပ်ပဲ စီးချင်တယ်"

"အဲဒီ ဖိနပ်ပြတ်သွားရင်ကော"

"အဲဒီနံပါတ် အဲဒီအရောင်၊ အဲဒီဖိနပ်မျိုးပဲ ပြန်ဝယ်စီး တာပေါ့"

"အဲဒီလိုဆို ထပ်မှာလေ ဘာဖိနပ်လဲ"

"လူကြုံမလာလို့၊ ဖေဖေ့ကိုပြောထားသားနဲ့"

သင့်ဟာ အစွဲအလမ်းကြီးလွန်းသည်ဟု အောင်ဇေယျ ကောက်ချက်ချလိုက်သည်။

"မိညိုရေ. . . . မိညို"

"ရှင် ဆရာကြီး လာပါပြီ"

မိညိုကအသံနှင့်အတူ အနားသို့ ရောက်ရှိလာသည်၊

"စောစောက ပစ်ခိုင်းလိုက်တဲ့ ဖိနပ်ကော"

"ရှိပါတယ်၊ မမလေးပြန်ကောက်ခိုင်းလို့ ကောက်ပြီး ရေဆေးပြီး နေလှမ်းထားပါတယ်"

www.burmeseclassic.com



"အေးအေး သွားတော့"

သင့်က စူပုတ်ကာ ထိုင်နေဆဲဖြစ်သည်။

"မေမေက မှာမပေးတော့ဘူးတဲ့လေ၊ ဒီမှာ ဖိနပ်တွေ ဗီရိုအပြည့်ရှိတာပဲ စီးတဲ့၊ ကျွန်မက ပြောလိုက်တယ် ပြတ်ရင် ခြေထောက်ကြီးပဲ သွားမယ်လို့"

"မလုပ်ပါနဲ့၊ ဘာဖိနပ်လဲပြော"

"မသိဘူး၊ အဲ ဖိနပ်မှာ လက်ဖဝါးတံဆိပ်ရှိတယ်၊ လက်ဖဝါးမှာ နှင်းဆီပန်းပုံပါတယ်၊ ပန်းလက်ဝါးတံဆိပ်လို့ပြောတာပဲ"

"နံပါတ်ဘယ်လောက်စီးသလဲ"

"တစ်ဆယ်"

"ဘာအရောင်လဲ"

"ရှားရောင်"

"ကျေးဇူးတင်ပါတယ်"

"ဘာ"

အောင်ဇေယျက လှပစွာပြုံးရင်သင့်၏ ဖူးဖူးမွတ်မွတ် စင်စင် မျက်နှာကလေးကို ရွှန်းလဲ့စွာကြည့်ရင်း. .

"မေးသမျှကို စိတ်ရှည်လက်ရှည်ဖြေကြားပေးတဲ့အ တွက် ကျေးဇူးတင်ပါတယ်လို့ ဆိုလိုတာပါ"

"ဟာ. . ဘွာ. . ဘွာ. . ရှင်ကြီးကို ကျွန်မ စကားလုံးဝ မပြောဘူးလို့ ဆုံးဖြတ်ထားပြီးသား ခုမေ့သွားလို့"

သင့်မျက်နှာ ရုတ်တရက်နီမြန်းပြီး ရှက်ကိုးရှက်ကန်း ပြောကာ လှည့်ထွက်သွားရာ အောင်ဇေယျက ခပ်ကျယ်ကျယ်





ပင် ရယ်လိုက်သည်။

ထိုရယ်သံက သင့်နောက်သို့ အမီလိုက်လာသည်။ သင့် အမြင်ကတ်သွားသည်။ မိမိကလည်း မိမိပင် ဤလူကို စကား မပြောဘူးဆိုမှ စိတ်ထဲ မကျေမနပ်စိတ်ဖြင့် သွားပြောမိသည်။ သွားပြောတော့ သူ့မျက်နှာကြီးက ဝင်းပလာသည်။ သူ၏ စိတ် ချမ်းသာမှုကို မိမိက ဘာအတွက်ပေးရမည်နည်း။ ဤလူသည် မိမိအား မိမိမကြိုက်နှစ်သက်သော ဝန်ထုပ်ဝန်ပိုးကို ထမ်းရွက် ခိုင်းသူဖြစ်သည်။ ဒါကို မိမိက အလွယ်တကူကျေအေးရမှာလား။

မရဘူး၊ သင့်သည်အကြောင်းအရာ တစ်ခုခု အထူး သဖြင့် စိတ်ထဲ၌အနာတရ တစ်ခုခု ရရှိသွားပြီးဆိုလျှင် အလွယ် တကူ မေ့မရနိုင်။

သင့်ကို ကွာပေးမည်ဟု အချိုသတ်ထားပြီး သင့်ဘဝ ကိုရက်ရက်စက်စက် ဖျက်ဆီးခဲ့သူအပေါ်၌ သင့်သည် အလွယ် တကူအလျှော့ပေးရမှာလား၊ သင့်သည် အတန်ငယ် စူဖြိုးနေပြီ ဖြစ်သော ဗိုက်ကို အသာပွတ်သပ်ကြည့်လိုက်သည်။

"ဟင်"

ဗိုက်၏တစ်နေရာက မိမိ၏လက်ကို တွန်းထုတ်လိုက် သည်။ ထိုနေရာသို့ လက်ကိုထပ်တင်လိုက်သည်။ သေချာပြီ လက်ကိုတိုး၍ထိသော ခံစားချက်ကို ရရှိလိုက်သည်။

သင့်ရင်ထဲ၌ တစ်မျိုးတစ်မည်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသည်။ မိမိ၏ ဝမ်းဗိုက်အတွင်းမှ သန္ဓေသားလေး သက်ရှိလာခြင်း၏ သင်္ကေတလား။



www.burmeseclassic.com

www.burmeseclassic.com



သင့် ထိုင်ရာမှထလိုက်သည်။ စာကျက်မည်ဟု စာရေးစားပွဲတွင် ထိုင်နေရာမှ ထလိုက်ခြင်းဖြစ်သည်။ စာကျက်ရန် အာရုံမရချေ။

လမ်းလျှောက်ရင်း စဉ်းစား၏ ကိုယ်ဝန်က ငါးလကျော်လာပြီထင်သည်။ မနက်ဖြန် ဆရာဝန်လာလျှင် ဘာပြောရမည်နည်း။ မိမိရဲ့ခံစားချက်ကို ပြောရမည်လား။ ဟုတ်သည် ၊ ဝမ်းဗိုက်အတွင်းမှ သိသိသာသာ လှုပ်ရှားမှုတစ်ရပ်ကို ခံစားလိုက်ရသည်။

သင့် ကြေကွဲဝမ်းနည်းလာသည်။ မဖြစ်ချင်သလို ဖြစ်နေရသည့် ဘဝထက် ပင်ပန်းဆင်းရဲသောအရာ ရှိနိုင်ပါမည်လား။ သင့် အောက်ထပ်သို့ ပြန်ဆင်းလာခဲ့ပြန်သည်။ လှေကားထိပ်၌ ကာတွန်းဖတ်နေသော မိညိုက ကပျာကသီထလာပြီး လာတွဲသည်။

"နေစမ်းပါ ငါ့ဘာသာငါဆင်းမယ်"

"မဟုတ်ဘူး မမလေးရဲ့၊ ဆရာက ကျွန်မကိုဆူတယ်၊ လှေကားအတက်အဆင်း တစ်ယောက်တည်း လွှတ်ထားရမလားဆိုပြီး အဆူခံရလွန်းလို့"

"အပိုတွေ လုပ်ပြမနေနဲ့လို့ ပြောလိုက်၊ ငါ့ကိုယ်ငါနိုင်တယ်၊ ကျောင်းမှာလဲ ဒီလိုပဲ သွားလာနေကျ၊ ဘယ်သူက လိုက်တွဲမှာလဲ"

"ငါက လိုက်တွဲချင်တာပေါ့၊ မင်းကမှ အတွဲမခံဘဲ"

အောက်ထပ်မှ အောင်ဇေယျ၏အသံက ထွက်ပေါ်လာ





သည်။

"ရှင်ကြီး ကျွန်မကို ဘာမှပြောစရာမလိုဘူး"

သင့်က မကျေမချမ်းနှင့် လှမ်းပြောလိုက်သည်။ အောင်ဇေယျက အောက်ထပ်မှ စိုးထိတ်စွာကြည့်ရင်း. . .

"မပြောနဲ့ဆိုလဲ မပြောပါဘူး၊ ဒါပေမယ့် သတိထားဆင်းနော်၊ ငါ့အပေါ် အာရုံရောက်ပြီး မင်းခြေလှမ်းတွေမှားလို့ တလိမ့်ခေါက်ကွေး ဆင်းနေရဦးမယ်"

"ကျွန်မက ရှင်ကြီးအပေါ်မှာ အာရုံရောက်ရမယ် ဟုတ်လား"

သင့် အောက်ထပ်သို့ ရောက်လျှင်ရောက်ခြင်းအောင်ဇေယျကို မျက်နှာချင်းဆိုင်ရပ်ကာ ရင်ဆိုင်လိုက်သည်။

"ရောက်ရမယ်လို့ မပြောဘူး၊ ဒါပေမယ့် ရောက်နေမှာစိုးလို့ သတိပေးတာ"

"ရှင်ကြီးသိထားဖို့က ကျွန်မဟာ ကျွန်မကိုယ်ကျွန်မကလွဲရင် ဘယ်သူ့ဆီမှ အာရုံမရောက်ဘူး ဆိုတာကိုပါပဲ"

"ဒီလိုဆိုရင် မင်းဟာ အတ္တကြီးတဲ့မိန်းကလေးဖြစ်နေမှာပေါ့"

"မတတ်နိုင်ဘူး အတ္တကြီးတယ်ပဲပြောပြော၊ တစ်ကိုယ်ကောင်းဆန်တယ်ပဲပြောပြော မိမိကိုယ်သာ ကိုးကွယ်ရာပဲ၊ ကျွန်မခန္ဓာကိုယ် အစိတ်အပိုင်းတွေ မထိခိုက်ဖို့အတွက်တော့ ကျွန်မသိပ်ကိုဂရုစိုက်မှာပါ။ ဘာလဲ ရှင်က မတော်တဆထိခိုက်မှုအတွက်ကြောင့် ရှင့်ကလေး"



www.burmeseclassic.com

www.burmeseclassic.com



သင့်နှုတ်သည် အလိုလို ဆွံ့အသွားသည်။ ကလေးပျက်စီးသွားရင်ဆိုသော စကားကို ပြောမထွက်ပါ။ သည်ထက် သက်သာစေနိုင်သော စကားကို စဉ်းစားလိုက်သည်။

သို့သော် သူ၏စကားပေါ်ထွက်လာခြင်းကို အောင်ဇေယျက လက်မခံနိုင်ဟန်ဖြင့်. . .

"မင်း ဘာမှမဖြစ်အောင် ထိန်းသိမ်းပေးပါ၊ ဘယ်လိုနည်းကြောင့်ဖြစ်ဖြစ် ဘာကိုမှ ထိခိုက်နစ်နာမှု မရှိစေရဘူး၊ ကိုယ်လက်အင်္ဂါ အပြည့်အစုံနဲ့ကျန်းမာ သန်စွမ်းတဲ့ ကလေးတစ်ယောက်အဲ လူသားလေးတစ်ယောက်ကို မင်းဖန်တီးပေးနိုင်ရမယ်၊ ဒီအတွက်မင်းကို မိခင်ကောင်းတစ်ယောက်အနေနဲ့ အမြဲထာဝရ လေးစားဂုဏ်ယူသွားမှာ သင့်"

သင့် တုန်လှုပ်သွားသည်။

"မိခင်ကောင်းတစ်ယောက်" သည်စကားလုံးသည် သူ၏အာရုံကြောများကို လှုပ်လှုပ်ရှားရှားဖြစ်အောင် ဖန်တီးနိုင်စွမ်းရှိလေ၏။ တစ်ဆက်တည်း သူ့ဝမ်းဗိုက်ကို သူငုံ့ကြည့်လိုက်သည်။ အို ဗိုက်ဖုံးအင်္ကျီလီနင်သား ကြည်ပြာရောင်နုကလေးသည် လှုပ်လှုပ်ရှားရှား ရှိနေပါလား။

"ငါးလခွဲရှိပြီနော် ကလေးလှုပ်ရှားမှုကို မင်းခံစားနေရပြီလား"

သင့်က အောင်ဇေယျအား လှမ်းကြည့်လိုက်သည်။ ပြီးတော့ ထိန်းချုပ်ထားသည့်ကြားက. . .

"ဟုတ်ကယ် သူ အသက်ဝင်လာပြီ ထင်တယ်နော်"





"ဒါပေါ့ သူကလေး အသက်ရှူနေပြီ"

သင့်ရင်ထဲ လှုပ်ရှားသွားသည်။

"အသက်ရှူနေပြီ ဟုတ်လား"

"ဟုတ်တယ် ဆံပင်လေးတွေ၊ မျက်တောင်မွေးတွေလဲ ပေါက်ပြီ မင်းဗိုက်မယားဘူးလား"

သင့်မှာ အရာရာကို မေ့လျော့သွားသည်။ အောင်ဇေယျကို နာကြည်းမုန်းတီးခြင်းကိုပါ တဒင်္ဂမေ့လျော့သွားပြီ။

"ဟုတ်တယ် ယားလို့မကြာခဏ ပွတ်မိတယ်၊ ဆံပင်မွေး၊ မျက်ခုံးမွေး၊ မျက်တောင်မွေးတွေပေါက်ပြီ ဆိုတော့ သူဟာ လူသားလေးဖြစ်ပြီပေါ့ ဟုတ်လား"

"အင်းပေါ့. . . မကြာခင် မင်းဟာ လူသားလေးတစ်ယောက်ကို လူ့လောကကြီးကို ပို့ဆောင်နိုင်တဲ့ မိခင်တစ်ယောက်ဖြစ်တော့မယ်"

"ကောင်းတယ် သူ လူ့လောကကြီးကို မြန်မြန်ရောက်မှ ကျွန်မလွယ်ပိုးထားတဲ့ ဝဋ်ဒုက္ခလဲ ကျွတ်မှာ"

"ဟာကွာ"

အောင်ဇေယျက အားတက်သရော ဖြစ်နေရာမှ နောက်ဆက်လာသော သင့်၏ ဘုဆတ်ဆတ်အပြောကြောင့် အားပျော့သွားသည်။

"ဒါပဲနော် ရှင်ကြီးက ကတိတည်ပါစေ"

"အေးပါကွာ"

အောင်ဇေယျက ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လဲ ပြီးရော"

"ဩော်. . သင့် မင်းစီးနေကျ ဖိနပ်ပင်ရင်းက မန္တလေး မှာတဲ့"

"သိသားပဲ၊ ဖေဖေက သက်သက်ညစ်ပြီး ဝယ်မပေးတာ ရှင်ကြီးက သိလို့လား"

"သိတယ် ခုနကပဲ ငါမန္တလေးဈေးချိုက ငါ့မိတ်ဆွေ ဆီဖုန်းဆက်မေးလိုက်တယ်၊ ဈေးချို စံပယ်ရုံမှာ ဒုတိယထပ်က အောင်မင်္ဂလာဖိနပ်ဆိုင်က အရောင်းပင်ရင်းပဲ၊ မင်းဘယ်အရောင်ကို လိုချင်သလဲ"

"ရှားရောင်ပါလို့ ပြောပြီးပြီပဲ"

"မဟုတ်ဘူးလေကွာ၊ အင်္ကျီအရောင်နဲ့လိုက်အောင် ရောင်စုံယူပါလား"

"အဲဒီလို ဝါသနာမပါဘူး သိလား၊ တစ်ရန်ဆိုတစ်ရန် တစ်ရောင်ဆိုတစ်ရောင်ပဲ၊ ရှင်ကြီးငွေသိပ်ပေါနေရင် အရန် ကုဋေပဲမှာမှာ ကျွန်မက တစ်ရန်ပြတ်မှ တစ်ရန်စီးတယ်၊ စီးရင်လဲ အဲဒီအရောင်ပဲ ဒီအမျိုးအစားပဲ"

အောင်ဇေယျလက်မြှောက်လိုက်သည်။ ဒါကို အစွဲအလမ်းကြီးသည်ဟု ဆိုရမလား၊ တစ်ယူသန်သည်ဟု ဆိုရမလား မသိအောင်ပင် ဖြစ်သွားသည်။

"တော်ပြီ ရှင်ကြီးနဲ့ စကားမပြောတာပဲကောင်းတယ်"

"ဖိနပ်က သုံးလေးရက်ကြာရင် ရလိမ့်မယ်၊ လူကြုံမှာ လိုက်တယ်"





"မှာပြီးရင်လဲ ပြီးရောပေါ့၊ ဒီဖိနပ်က အကြာကြီးခံတယ်၊ ဒုံးချစီးတာတောင် နှစ်နှစ်သုံးနှစ်နဲ့ ပြတ်မှာမဟုတ်ဘူး၊ ကတ္တီပါ မွေးတုံးသွားလို့ ဟောင်းတယ်ထင်ရတာ၊ ဒါပဲစီးဦးမယ်"

'သည်လောက်မာလှတဲ့ခေါင်း'ဟု ဆိုကာခေါက်ခနဲ နေအောင် ခေါက်လိုက်ချင်သော်လည်း အောင်ဇေယျမလုပ်ရဲပါ။ ဗိုက်ကြီးကော့လန်ကော့လန်နှင့် ခြံထဲသို့ ဆင်းသွားသော သင့်အား အသည်းယားစွာကြည့်လိုက်ခြင်းမှလွဲ၍ သူ တရင်းတနှီး လိုက်လံမနေရဲပါချေ။ နာရီလှမ်းကြည့်ပြီး သင့်၏ဆေးသောက်ချိန်ကို မိညိုအား သတိပေးလိုက်သည်။

ထို့နောက် အလုပ်ရုံသို့သွားရန် အိမ်ထဲမှ ထွက်ခဲ့သည်။ သင့်ကို သူမျှော်လင့်နေသည်။ ထိုမျှော်လင့်ချက်အတွက် သူသည်အမြဲတက်ကြွ လန်းဆန်းနေသည်။

သင့်၏ ဆိုးသွမ်းမှုကို သူသည် သည်းခံနိုင်သည်။ တစ်ချိန်ချိန်၌ သင့်ထံမှ တန်ပြန်မေတ္တာ သက်ရောက်မှုရရှိလာလိမ့်မည်ဟူသော မျှော်လင့်ချက်နှင့်အတူ သားမယားအတွက် ယခင်ကထက်ပိုမို၍ ကြိုးစားလျက်။

သင့်က အောင်ဇေယျ ကားထွက်သွားသည်ကို လှမ်းတွေ့လိုက်ရသည်။ အောင်ဇေယျပြောတာတွေ အမှန်တကယ်ပဲလားဟု တွေးကာ သူ့ဗိုက်ကိုသူပွတ်လျက်. . .





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၆)

"ဟိုလူကြီးက မင်းကိုလိုက်နေတာ သေချာတယ် ဝါဝါ"

သင့်နှင့် အမြဲတွဲသော သူငယ်ချင်းနှစ်ယောက်ရှိပါသည်။ ဝါဝါမော်နှင့် အေမီဖြစ်သည်။ အေမီက ဟိန္ဒူဖြစ်ပြီး ညိုချောဖြစ်သည်။ ဝါဝါမော်က တရုတ်သွေးပါသဖြင့် အသားဖြူကာ တစ်မျိုးချစ်စရာကောင်းသည်။ သူတို့နှစ်ဦးက ဗိုက်ကြီးတ





ကားကားနှင့် သင့်အား အမြဲတစေ ပူပန်တတ်သည်။

"ဟဲ့ မရွှေသင့်၊ ဖြည်းဖြည်းတက်ပါ။ လွှားခနဲ လွှားခနဲ ရှင့်အစား ကျုပ်ရင်လေးတယ်"

"ဘယ်နှယ့် ရင်လေးရမှာလဲ၊ ဗိုက်လေးရမှာပေါ့"

ဟုသင့်က ပြောင်ချော်ချော်ပြောနေကျ ဖြစ်သည်။

"ဘယ်ကလူကြီးလဲ"

သင့်က နောက်လှည့်ကြည့်ကာ မေးလိုက်သည်။

"အို. . အဲ. . မရှိတော့ဘူး"

"တချောင်းချောင်း ကပ်လိုက်တာဖြစ်မှာပေါ့၊ အမယ်မယ် ကျုပ်ကို စွပ်စွပ်စွဲစွဲ မလုပ်နဲ့၊ ကျုပ်ကို မဟုတ်ဘဲ ရှင့်ကို ဖြစ်နေရင်ကော"

အေမီက ပြန်ပြောသည်။

ဝါဝါမော်က မခံဘဲ. .

"ကျုပ်က ရှင့်လောက်မှ မချောဘဲ"

"မြောက်ပါ၊ ဒီနေ့ ကျုပ်ကို ဒကာခံခိုင်းမယ်သဘောပေါ့"

"ဒါပေါ့"

"ရှင်တို့နှစ်ယောက်စလုံး လုကြပါတယ်"

"ဒီလိုဆိုရင် ရှင်က ချွေးမတော်မယ်ပေါ့"

သင့်က မဲ့လိုက်သည်။ ရင်ထဲ၌လည်း မွန်းကျပ်သကဲ့သို့ ခံစားလိုက်ရသည်။

'သားလား. . သမီးလား' ဒီအတွေးက သူ၏အရှေ့သို့



www.burmeseclassic.com

www.burmeseclassic.com



အလှအလျောက် ရောက်ရှိလာသည်။ လူသားတစ်ယောက်ကို သူ မွေးထုတ်ပေးရတော့မည်။

ထိုလူသားနှင့် သူ၏ဆက်နွယ်မှုက မိခင်နှင့်သား သို့မဟုတ် မိခင်နှင့်သမီးဖြစ်မှာလဲ . .

"ဘယ်လိုလဲ ယောက္ခမကြီးရဲ့ ငိုင်သွားလိုက်တာ၊ သူ့သားကို နှမြောနေပြီ၊ မနှမြောပါနဲ့ အေ၊ ကျုပ်တို့က ကျောက်ပျဉ်ရွက်စောင့်ပြီး လုပ်ကျွေးမှာပါအေ"

ဝါဝါမော်က အမြဲရွှတ်နောက်တတ်သူ ဖြစ်သည်။

"မဟုတ်ပါဘူး မိန်းကလေးမွေးလာရင် ရှင်တို့ မောသွားမှာကို တွေးမိလို့ပါ"

"ဒီပုံလား မိန်းကလေးမွေးမှာ"

အေမိက မဲ့ကာရွဲ့ကာ ပြောလိုက်ရာ သင့်က . .

"ဘာဖြစ်လို့လဲ"

"ဒီလောက် ပျံလန်နေတာကို သစ်ပင်တက်လို့ရရင်တောင် တက်ဦးမယ့်မိန်းမကများ မိန်းကလေးမွေးနိုင်ပါ့မလား"

သင့်အတွက် ထူးဆန်းသော ခံစားမှုတစ်မျိုး ဝင်ရောက်လာသည်။ ယောကျ်ားလေးလား မိန်းကလေးလား၊ ဒါကို သူသိဖို့လိုအပ်သလားဟု။

"ရှင်က ဘာလိုချင်သလဲ"

ဝါဝါမော်က သင့်အား မေးလိုက်သည်။ သင့် ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။ သင့် မဖြေနိုင်သော မေးခွန်းတစ်ခုကို မေမေ မေးသွားခဲ့သည်။ 'သမီးရင်သွေးကို သမီးမချစ်ဘူးလား' ဟူသော မေးခွန်း။





သည်မေးခွန်းအတွက် အဖြေကို ရှာဖွေရန် သင့်မကြိုးစားခဲ့၊ သို့သော် သင့်ခေါင်းထဲသို့ တစ်ခါတစ်ရံ ရောက်ရှိလာတတ်သော မေးခွန်းဖြစ်သည်။

ယခုတစ်ဖန် ဝါဝါမော်က မေးပြန်သည်။

"ရှင် ဘာကိုချစ်သလဲတဲ့"

သင့် ဘာလိုချင်ရမှာ၊ သင့် ဘာကိုမှ မလိုချင်ခဲ့ပါ။ သင့်လောက၌ နှောင်ဖွဲ့တတ်သော သံယောဇဉ်ကြိုး ဟူသမျှဘာမှ မလိုချင်ပါ။ သို့သော် မလိုချင်ဘဲ ရရှိလာသည့်ကလေးအတွက် ယောကျ်ားကလေးလား၊ မိန်းကလေးလားဟူသော မေးခွန်းအတွက် သူ့၌ ခံစား၍ ဖြေစရာမရှိပေ။

သို့သော် . . .

"ဘာရရပေါ့"

"ဘာလဲ၊ ရှင်က ဗိုက်ထဲက ကလေးအပေါ် မတရားရာကျသွားမှာ စိုးလို့လား"

အေမိက အတောမသတ်နိုင်ဘဲ ထပ်မေးလေသည်။

သင့် အေမိ၏မေးခွန်းကို နားမလည်သဖြင့် . . .

"ရှင် ဘာမေးတာလဲ"

"ဩော် မိခင်တစ်ယောက်ဟာ အထီးလေးလား အမလေးလား မသိနိုင်သေးတဲ့ ရင်သွေးအပေါ်မှာ ထားရှိတဲ့မေတ္တာတရားကြောင့်လားလို့"

သင့်စိတ်ညစ်သွားသည်။ မဟုတ်ပါဘူးဟု ငြင်းပယ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင် သူငယ်ချင်းများက သူ့အပေါ် အထင်သေးကာ လက်တွဲဖြုတ်သွားနိုင်မည်။

"ရှင်းရှင်းပြောစမ်းပါ အေမီရာ၊ ကျုပ်လဲ နားမလည်ဘူး"

ဝါဝါမော်က ဝင်ပြောလိုက်သဖြင့် သင့် မကြားချင်သော်လည်း ကြားလိုက်ရသည်။

"ရှင်တို့ကလဲလေ ဗိုက်ထဲမှာ သားလေးရှိနေတယ်ဆိုပါစို့၊ သင့်က မိန်းကလေးလိုချင်တယ်ဆိုရင် သားလေးအပေါ်မှာ မတရားရာရောက်သွားမှာပေါ့၊ အဲ သမီးလေးရှိနေရင် သားလေးလိုချင်တယ်ဆိုရင် သမီးလေးအပေါ် မတရားရာ ကျသွားမှာပေါ့၊ မိဘရဲ့ဆန္ဒဟာ သူတို့ရဲ့ လွတ်လွတ်လပ်လပ် ရှင်သန်ပေါက်ဖွားခွင့်အပေါ်မှာ မတရားရာ ကျရောက်သွားစေတယ်လို့ကို ယူဆပြီး အချို့မိဘတွေက သားသမီးအပေါ် အဲဒီလောက်အထိ အချစ်ကြီးမားတတ်တယ်"

သင့်ချော်လဲ ရောထိုင်လိုက်သည်။

"အေး ဟုတ်တယ်၊ ကျုပ်က ဘာရရ ကျေနပ်တယ်"

ချစ်တယ်ဟူသော စကားနေရာ၌ ကျေနပ်တယ်ဟူသော စကားကို အစားထိုးလိုက်သည်။

"ဟာ. . ဟိုလူ"

အေမီ မျက်လုံးရောက်ရှိရာသို့ သင့်မျက်လုံးကို ဖတ်ခနဲပို့လိုက်သည်။

"ဟင်"





ဝါဝါမော်ကလည်း သင့်ကဲ့သို့ပင် မြင်တွေ့သွားသည်။

"ဟာ. . ဘိုးတော်က တယ်မိုက်ပါလား"

သင့် မျက်နှာ ထူပူသွားသည်။ စိတ်လဲဆိုးသွားသည်။ အောင်ဇေယျက ရေဘင်အမျိုးအစား နေကာမျက်မှန်တတ်ကာ သူတို့အား လှမ်းကြည့်နေသည်။ သို့သော် သင့်အကြည့်ကြောင့် သူချာခနဲ ကျောခိုင်းသွားသည်။

သင့် မကျေမချမ်းဖြစ်မိသည်။

"မိုက်တယ်နော်. . သင့်၊ ရှင့်ဘိုးတော်ကကော အဲဒီလောက် မိုက်ရဲ့လား"

ထပ်တူထပ်မျှပါပဲဟု ပြောလိုက်ချင်သော်လည်း. . .

"သိချင်ရင် ရှင်တို့ အိမ်လာကြည့်ပါလား"

ဟု ဘုတော လိုက်သည်။

"အေးလေ လိုက်ကြည့်ရမှာပဲ၊ ဒီလောက်လှပြီး ငယ်တဲ့မိန်းမကိုရထားတာတောင် မိန်းမကို ဂရုတစိုက်မရှိတဲ့ ယောက်ျားတစ်ယောက်ရဲ့ မျက်နှာကို စေ့စေ့ကြည့်ပြီး အကဲခတ်ချင်တာကတော့ အမှန်ပဲ"

ဝါဝါမော့် စကားကြောင့် သင့် စိတ်ရှုပ်သွားကာ. . .

"တော်ကြစမ်းပါဟာ၊ ကျောင်းကိုလာတုန်း ခဏမှာကလေးကိစ္စ ယောက်ျားကိစ္စကို ကျုပ်ခေတ္တခဏမေ့ထားစမ်းပါရစေ၊ ကျုပ်စိတ်ညစ်လွန်းလို့"

အေမီက သင့်၏စိတ်ရှုပ်ထွေးနေပုံရသော မျက်နှာကြည့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးသူငယ်ချင်း၊ ကျုပ်တို့က ရှင်တို့အိမ်ထောင်ရေး သာယာတယ်အောက်မေ့လို့"

"အိမ်ထောင်ရေး"

သင့်၏ နှလုံးသားသို့ ပဲ့တင်ထပ်မြည်ဟည်းလာသည်။ အိမ်ထောင်ရေးတဲ့လား။ အမှန်တကယ်လည်း သင့်သည် အိမ်ထောင်သည်တစ်ယောက်သာ ဖြစ်နေသည်ပဲ၊ ဝါဝါမော်တို့ အေမီတို့ကဲ့သို့ လွတ်လပ်ခြင်းကို ပိုင်ဆိုင်ခွင့် ဆုံးရှုံးနေသူ တစ်ယောက်ဖြစ်သည်။

သင့် သက်ပြင်းချလိုက်ပြီး. . .

"ကျုပ် ကလပ်စ်မတက်တော့ဘူး၊ အိမ်ပြန်ချင်တယ် ရှင်တို့ တက္ကစီငှားပြီး တင်ပေးကြ"

"ဘယ်လိုဖြစ်တာလဲ၊ စောစောက အကောင်းသား"

"ကျုပ်ရင်ထဲ မွန်းကျပ်လာလို့ပါ၊ ကျုပ်နားချင်တယ်"

"ကဲပါလေ လိုက်ပို့ပါ့မယ်၊ ရှင့်စာအုပ်တွေသာ ပေးထားလိုက်၊ ကျုပ်တို့ ကူးပေးထားမယ်"

"အင်း"

ကံကြမ္မာကို ရိုးမယ်မဖွဲ့ချင်ဘဲ အောင်ဇေယျကိုသာ ထုရိုက်ပစ်ချင်သည်။ ဒါလား မိမိစိတ်ချမ်းသာဖို့အတွက် မိမိဘဝ ကယ်တင်ခြင်း၊ ဒါလား ညီမလေးလို ထားခြင်းလား။

သင့်ရင်ထဲ နာကျင်မှု ဝေဒနာတစ်ရပ်နှင့်အတူ စူးရှနာကျင်လာကာ မျက်ရည်စများ ရစ်သိုင်းလာသည်။

သက်တူရွယ်တူတွေ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါး





ပါး သွားလာလှုပ်ရှားနေကြခြင်းကို ဂရုစိုက်မိလေတိုင်း ရင်မှာ နင့်နင့်သီးသီး နာကျင်လျက်. . .

ဝါဝါမော်နှင့် အေမီက တစ်ယောက်ကို တစ်ယောက် မျက်စပစ်ပြီး ငြိမ်သက်သွားကြသည်။ သူတို့ရင်ထဲသံသယဖြင့် သင့်၏ ခင်ပွန်းအပေါ် မကျေမချမ်းဖြစ်လျက်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၇)

သင့်က ပန်းလက်ဝါးတံဆိပ် ရှားရောင်ကတ္တီပါဖိနပ် အသစ်ကလေးကို ကိုင်ကြည့်လျက် စီးကြည့်လိုက်သည်။

"ဘယ်တုန်းကရတာလဲ မိညို"

"ဒီနေ့ပဲ ခြောက်ရန်တောင်၊ ဒီအရောင်ချည်းပဲ ဗီရိုထဲမှာ သိမ်းထားတယ်"

"ဩော် သူ ဘယ်သွားသလဲ"

"မသိဘူးလေ အလုပ်သွားမှာပေါ့ ဒီနေ့ မမလေးပြန်





လာတာစောတယ်နော်၊ တက္ကစီနဲ့ပြန်လာတာလား၊ ဆရာလေး သာသိရင် အရမ်းစိတ်ပူသွားမှာပဲ"

"ပူပါစေ နင့်အလုပ် နင်သွားလုပ်တော့ မိညို"

သင့် စိတ်တိုနေသည်။ အောင်ဇေယျကို တွေ့ချင်နေသည်။ သင့် သူ၏ဆောက်လုပ်ရေး လုပ်ငန်းရုံးခန်းရှိရာသို့ ဖုန်းဆက်လိုက်သည်။

"ဟဲလို. . . ဦးအောင်ဇေယျနဲ့ တွေ့ချင်လို့ပါ"

"သူဌေး အပြင်သွားပါတယ် ရှင်၊ ဘယ်သူဆက်တယ် ပြောပေးရမလဲရှင်"

ကြည်လွင်သော မိန်းမအသံကို ကြားလိုက်ရ၏။ ထိုမိန်းမက သူ၏ရုံးတွင်းသို့ ဘာကြောင့် ရောက်ရှိနေရသနည်း။ သူ၏ အတွင်းရေးမှူးမလေးလား။

". . . . . ."

"ဟဲလို"

"လာရင် ပြောလိုက်ပါ၊ အိမ်ကိုချက်ချင်းပြန်လာခဲ့ပါလို့၊ အဲဒါမှ မဟုတ်ရင် ရှင်သူရှိရာကို အမြန်ဆုံးဆက်သွယ်ပေးပြီး ပြောပေးပါ"

"သူဌေးရဲ့ ဟန်းဖုန်းကို ဆက်ပါလား မမ"

"ရှင်ပဲ ဆက်ပေးပါ"

သင့် ဖုန်းချလိုက်သည်။ မိမိအား သူ့ သူဌေး၏ မိန်းမမှန်း သိပုံမရ။ သူ၏ ဟန်းဖုန်းကို မဆက်ဘဲ မိမိကဘာကြောင့် ရုံးဖုန်းကို ဆက်လိုက်မိသည်ကို မစဉ်းစားတတ်အောင်ဖြစ်သွားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

တစ်ဆက်တည်း သူ၏ဖုန်းနံပါတ်များကို မိမိအလွတ်ရနေခြင်းကိုလည်း အံ့ဩရသည်။ အသွယ်ကလေး သုံးဆယ်ကျော်ရုံသာရှိသေးသည်ဆိုတော့ အရွယ်ကောင်း။ ပညာတတ်လည်းဖြစ်၊ ဥစ္စာကလည်းပေါများသည်မှာ သူဌေးဟူသော ဘွဲ့ထူးပင်ခံယူနေရသူ။ ထိုမျှမကသေး၊ ရုပ်ရည်ကလည်း လူချောစာရင်းဝင်သည်။ ခန္ဓာကိုယ် အချိုးအဆစ်ကလည်း ထောင်ထောင်မောင်းမောင်းနှင့် ယောကျာ်းပီသသူ ဖြစ်၍ ထိုလူမျိုးကိုတော်ရုံမိန်းမတွေ ပစ်မကျဘဲနှင့် နေနိုင်ပါ့မလား။

လုပ်ငန်းကြီး တစ်ခုမက ကန်ထရိုက်လုပ်ငန်း၊ သွင်းကုန်ထုတ်ကုန် လုပ်ငန်းများပါ လုပ်ကိုင်နေသူ တစ်ယောက်အတွက်အတွင်းရေးမှူး တစ်ဦးသည် မရှိမဖြစ် လိုအပ်သည်။ ထိုအတွင်းရေးမှူးများသည် များသောအားဖြင့် မိန်းကလေးများသာဖြစ်သည်။

အောင်ဇေယျ၌လည်း မိန်းကလေး အတွင်းရေးမှူးရှိပါလားဟု ယခုမှ သင့် သိလိုက်သည်။ သို့အတွက် စိတ်ထဲ၌ ခိုးလို့ခုလုဖြစ်နေသည်။ ထိုအတွင်းရေးမှူးမလေးသည် ချောသလား။ မိမိကိုကော ထိုနေရာမျိုး၌ မခန့်အပ်နိုင်ဘူးလား။ ကွာရှင်းပြီးလျှင် သူ့ထံ၌ ပြန်အလုပ်တောင်း ရမည်လား။ ဒါလည်း မဖြစ်နိုင်။

မိမိဘဝကို ယခုလို အနေအထားမျိုးရောက်အောင်ဖျက်ဆီးလိုက်သူအပေါ်၌ မိမိက အောက်ကျို့ခံရမည့် အလုပ်မျိုးတစ်သက်လုံး လုပ်လိမ့်မည်မဟုတ်။ ထိုအချိန် တယ်လီဖုန်း ခေါ်





သံထွက်ပေါ်လာသည်။

"မိညို ကိုင်လိုက်၊ နင့်ဆရာဆိုရင် ငါပြန်မရောက်သေးဘူးလို့သာပြောလိုက်"

သင့်ကစိတ်ထဲ၌ အလိုမကျစိတ်များဖြင့် ပြောလိုက်သည်။ သူ့အား ဒုက္ခပေးချင်သည်။

"ဟဲလို"

"..........."

"ဟို ပြန်မရောက်သေးပါဘူး ဆရာ"

"........."

"ရှင် ဟုတ် ဟုတ်ကဲ့ရှင့်"

မိညိုက ဖုန်းချပြီးပြီးချင်း သင့်အား. . . .

"ဟုတ်တယ် မမလေး ဆရာပဲ၊ မမပြန်မရောက်သေးဘူးဆိုလို့ စိတ်ပူသွားပြီ၊ ဟာ. . ဘယ်တွေများ လျှောက်သွားနေသလဲ မသိဘူး၊ ဒုက္ခပါပဲလို့တောင် ပြောပြီး ဖုန်းချသွားတယ်"

"ကောင်းတယ် လိုက်ရှာပါစေ"

"ဆရာ သနားပါတယ်"

"သနားရင် နင်သွားသေပေးလိုက်"

"ဟာ မမလေးကလဲ"

"မမကလဲ မနေနဲ့ သွားလုပ်စရာရှိတာသာ သွားလုပ်ချေတော့"

"မိညို လုပ်စရာက မမလေးကို စောင့်ကြည့်နေ၊ မမလေးနဲ့ မလှမ်းမကမ်းမှာနေ၊ ခိုင်းတာကို ချက်ချင်းလုပ်ပေးလို့



www.burmeseclassic.com

www.burmeseclassic.com



တာကိုဖြည့်ပေးရတဲ့ အလုပ်လေ"

"တော်စမ်းပါ လွတ်လွတ်လပ်လပ်ကို မရှိဘူး၊ လိုရင် ငါခေါ်မယ်၊ သွား. . ဒေါ်စိန်ကို သွားကူလိုက်"

သင့် ညည့်ချိန်း၌ ငူငူငိုင်ငိုင်ကြီး ထိုင်နေမိလေသည်။ သင့် စိတ်တို့သည် တစ်ခါမှ မလွင့်ပျံ့စဖူး လွင့်ပျံ့နေလေသည်။ ကားသံကြားလိုက်ရသည်။ မရှေးမနှောင်း၌ အောင်ဇေယျ သင့်၏ ရှေ့မှောက်သို့ ဘွားခနဲ ပေါ်လာသည်။

"သင့် ဘာဖြစ်လို့လဲ နေမကောင်းဘူးလား"

သင့်က ဖျတ်ခနဲ ကြည့်ကာ ထိုင်နေရာမှ ထလိုက်သည်။

"ရှင့် စက္ကရီတေရီက အိမ်ကို အမြန်ဆုံးပြန်လာပါလို့ သတင်းပေးရဲ့လား"

"အေး သူ့ဆီက ဖုန်းရရချင်း ငါစိတ်ပူလို့ မင်းဆီကို ဆက်တယ်၊ မိညိုက မရှိဘူးပြောလို့ ထူပူသွားတာပဲ"

"တမင်ပြောခိုင်းလိုက်တာ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲလို့ ကျွန်မကိုမေးမယ့်အစား ရှင် ဘာဖြစ်လို့ ကျွန်မနောက်ကို နောက်ယောင်ခံလိုက်နေတာလဲ"

"စိတ်မချလို့ ပေါ့ကွယ်"

အောင်ဇေယျက ခပ်အေးအေးပင် ပြောလိုက်သည်။

"မဖြစ်နိုင်ဘူး ရှင်ကြီးသက်သက်မဲ့ မဏ္ဍပ်တိုင်တက်ပြနေတာ၊ ကျွန်မရဲ့ လွတ်လပ်ခွင့်တွေကို ရှင် တစ်ဆင့်ပြီးတစ်ဆင့် ချည်နှောင်ဖို့ ကြိုးစားနေတာ၊ အဲဒါတွေကို ရုပ်သိမ်းပေးပါ"





"ဘာကို ငါက ရုပ်သိမ်းပေးရမှာလဲ သင့်၊ မင်းဝမ်းဗိုက်မှာ တွယ်ကပ်နေတဲ့ ရင်သွေးကို အချိန်တန်ရင် မွေးဖွားမယ်၊ အဲဒီအခါ အလိုအလျောက် မင်းလွတ်လပ်သွားမယ်၊ အဲ. . အဲဒီအခါ မင်းနောက်ကို ငါတကောက်ကောက် လျှောက်လိုက်ခြင်းကလဲ အလိုအလျောက် ပြီးဆုံးသွားပါလိမ့်မယ်၊ ခုငါ ကျောင်းကို လိုက်လာခဲ့တာကလဲ ငါ့ရင်သွေးအတွက်ပဲ၊ ခုနစ်လဆိုတဲ့ ကာလမျိုးက တစ်ခါတစ်ရံ မွေးဖွားတတ်တယ် ဒီအတွက် ငါစိတ်မချလို့ လိုက်ကြည့်တာပဲ"

သင့် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။

အောင်ဇေယျက. . .

"မင်းတို့ စာမေးပွဲက နောက်လဆို"

"ရှင်ကြီးနဲ့ ဘာဆိုင်သလဲ၊ သိဖို့မလိုဘူး"

"မဟုတ်ဘူး. . စာမေးပွဲဖြေပြီးတာနဲ့ မင်းကမွေးတော့မှာ"

"အဲဒါ ဘာဖြစ်သလဲ"

"မင်း သိပ်အညောင်းမခံနဲ့၊ စာတွေဘာတွေ ငါရှင်းပြပေးမယ်"

အောင်ဇေယျလည်း စက်မှုတက္ကသိုလ်မှ ဘွဲ့ရတစ်ဦးဖြစ်သည်။ သင့်အား ရှင်းပြပေးနိုင်သည်။ သို့သော် သင့်က လက်မခံ။ အောင်ဇေယျကို မကျေနပ်နိုင်သရွေ့ သူ၏အကူအညီကို လက်မခံချင်။ သူ့ကို အထိရောက်ဆုံးသော တုံ့ပြန်မှုတစ်ခုပေး၍ ပေးချင်သည်။ သို့သော် မိမိရည်မှန်းချက် အောင်မြင်ဖို့က အရေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးသည်။

"မလိုပါဘူး ဆရာတွေဆီမှာ ကျူရှင်တက်နေတာပဲ၊ အနီးကပ်ကျူရှင်တက်မယ်"

"ဒီလိုဆို အိမ်မှာပဲ ပိုင်းလိုက်ပါလား"

"ဟင့်အင်း ဒီအိမ်ကို ဘယ်သူမှ အလာမခံဘူး"

အောင်ဇေယျက မသိဟန်ပြု၍. . . .

"ဘာဖြစ်လို့လဲ"

ဟု ရင်နာစွာ မေးလိုက်သော်လည်း အဖြေကို မကြားချင်ဘဲ နားထောင်လိုက်ရသည်။

"ဘာဖြစ်ရမှာလဲ ဒီအိမ်မှာ ကျွန်မနေထိုင်ခြင်းက လပိုင်းလောက်ပဲ ရှိတော့တာ. . ၊ ကျွန်မရှင်ကလေးကို မွေးပြီးရင် ကျွန်မရှင်နဲ့ကွာရှင်းတော့မှာပဲ၊ ဒီအိမ်မှာ ကျွန်မ မနေတော့ဘူး"

"ဘာဖြစ်လို့ မနေရမှာလဲ၊ မင်းကိုငါ ဒီအိမ်လွှဲပြောင်းပေးခဲ့မှာပဲ"

"အဟုတ် ဟတ် ရှင်ကြီး လူကဲခတ် တော်တော်ညံ့တာပဲ၊ ဒီမှာ ဦးအောင်ဇေယျ ကျွန်မကို သေသေချာချာကြည့်စမ်းပါဦး"

အောင်ဇေယျက မချိပြုံးဖြင့်ပြုံးကာ သင့်အား ကြည့်လိုက်သည်။ ရင်ထဲ၌ သူမ၏ ကိုကိုကြီးဟု ခေါ်ပြီး သူ့အားနွဲ့ဆိုးဆိုးခဲ့သော အတိတ်ကာလကို တမ်းတမိသည်။

မိမိ၏ မဆင်ခြင်နိုင်မှု စိတ်ကို ထိန်းချုပ်နိုင်မှု နည်းပါးသွားအောင် အရက်သေစာသောက်စားခဲ့မိခြင်း၏ အပြစ်ကြောင့်ရလာခဲ့သည့် ဆိုးကျိုးကို ယောကျ်ားတစ်ဦးအနေဖြင့်





ခါးစည်းခံနိုင်ပါသည်။

မျှော်လင့်ချက်များက သားသမီးရတနာဟူသော မိဘများ၏ အမွန်မြတ်ဆုံးသော ဆုလဒ်အတွက်သူ၌ ခံနိုင်ရည်အပြည့်ရှိပါသည်။ သင့်၏ အမုန်းကို ပြေလျော့သွားရန် သူ မကြိုးစား. . . ။

သူ့အမြတ်တနိုး တန်ဖိုးထားကာ တယုတယ သိမ်းဆည်းထားရင်းမှ သူကိုယ်တိုင်ပဲ မှောက်မှားကာ ဆွတ်ခြွေလိုက်မိသည့်အတွက် သူ့လိပ်ပြာမလုံမလဲ ရှိနေဆဲပင်။

အမုန်းတော့လည်း သင့်သာ နမော်နမဲ့ဖြင့် အရက်တစ်ခွက်များယွင်းမသောက်ခဲ့မိပါလျှင် ခုလိုအနေအထားမျိုး ရောက်ချင်မှရောက်နိုင်မည်။ သို့သော် ထိုကဲ့သို့ မစွတ်စွဲရက်ပဲ၊ အပြစ်ဟူသမျှသည် မိမိကြောင့်ဟုသာ မိမိပေါ်သို့ အပြစ်ပုံချလိုက်ပါသည်။

ဗိုက်ကြီး စွင့်စွင့်ကားကား မျက်နှာမို့ အစ်အစ်ကလေးဖြစ်နေသော မိခင်လောင်းသင့်အား သူသည် ချစ်မြတ်နိုးခြင်းအပြည့်ဖြင့်သာ ကြည့်လိုက်သည်။

သင့်ရင်ထဲ လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားသည်။ ကြည့်စမ်းဒီလူအကြည့်ရဲလိုက်တာ။ အို မိမိကလည်း ကြည့်ခိုင်းမိသည်ကိုး။

"ဘာကြည့်တာလဲ"

"မင်းပဲကြည့်ဆို အင်း၊ နငယ်ပုံနဲ့တကယ်တူတယ်"

"ရှင်ကြီးနော်"

သင့်က ရုတ်တရက် လက်သီးဆုပ်ကလေးရွယ်ကာ



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇေယျကို ထုရန်ရည်ရွယ်ပြီးမှ ရုတ်တရက်သတိရလိုက်သည်။

ဒါတကယ့် လင်မယားတွေလို ကလူကျီစယ်သော အပြုအမူတွေသာ၊ ယခုဒီလူကြီးက မိမိ၏ရန်သူ၊ မိမိဘဝကို ဖျက်ဆီးသူ မိမိ၏အသွေးအသားကို ဝါးမျိုသွားသည့်သူ။ သူနှင့်ထိုက်တန်သည်က အမုန်းသာဖြစ်သည်။

"မဟုတ်ဘူး ကျွန်မမျက်နှာဟာ ငွေမက်ဂုဏ်မက်တဲ့ ရုပ်ပေါက်နေသလားလို့ မေးနေတာ"

အောင်ဇေယျ အပြုံးကို ပြန်ရုပ်သိမ်းကာ သင့်အား စူးစူးရဲရဲပင် ကြည့်လိုက်ပြီး. . .

"ငါအမှန်အတိုင်း ဖြေရမလား"

"အင်း"

"မင်းစိတ်ဆိုးမှာသေချာတယ်"

"မဆိုးဘူး ဖြေ"

"တစ်ယူသန် တဇောက်ကန်း ဂျစ်တူးတူးပုံ ပေါက်နေတယ်"

"ဘာ. . တော်ပြီ၊ ရှင်နဲ့စကားမပြောဘဲနေတာ အကုသိုလ် အကင်းဆုံးပဲ"

သင့်သည် ပြောပြောဆိုဆို ချာခနဲလှည့်အထွက်၌ ဆိုဖာစွန်းနှင့် တိုက်မိကာ လဲမလိုဖြစ်သွားသည်။

အောင်ဇေယျက လှမ်းဆွဲလိုက်သည်။ အရှိန်က သင့်အား သူ၏ရင်ခွင်ထဲသို့ရောက်လာစေသည်။ တင်အတွင်း





အောင်ဇေယျထွေးပိုက်လိုက်မိသည်။ ရင်တွင်းမချိမဆန့် ဝေဒနာရုပ်နှင့်အတူ. . .

"မင်းကို ငါသိပ်ချစ်တယ်သင့်၊ မင်းကို ငါဒီလိုပဲ ထာဝရထွေးပိုက်ထားချင်တယ်ဆိုတာ မင်း သိထားစမ်းသင့်"

ဟူသော စကားကို ရင်တွင်း၌ သာမက နှုတ်မှပင်ထွက်၍ရေရွတ်လိုက်သည်။

"လွှတ်စမ်း"

"လွှတ်မှာပါ၊ ဖြည်းဖြည်းသွား လဲကျလို့ရှိရင် ငါ့ကလေး ထိခိုက်ဦးမယ်"

အောင်ဇေယျက လွှတ်ပေးရင်းပြောလိုက်သည်။ သင့်က မျက်စောင်းခဲပြီး အပေါ်ထပ်သို့ ကော့လန်ကော့လန်နှင့် တက်သွားလေသည်။ လှေကားရင်း၌ ကာတွန်းစာအုပ် ထိုင်ဖတ်နေသော မိညိုက ကပျာကယာထလိုက်သွားလေသည်။

အောင်ဇေယျပြုံးရင်း ကျန်ရစ်ခဲ့သည်။ သင့်မြင်ကွင်းက ပျောက်ကွယ်သွားမှ အိမ်ထဲကပြန်ထွက်ခဲ့သည်။ အလုပ်တွေ တန်းလန်းရှိနေသေးသည်။ သင့်အတွက် ပေးဆပ်နေရသော အချိန်တွေက များလွန်းလှသည်။

သို့သော် ထိုအတွက် သူသည် ငြိငြင်ခြင်းအလျဉ်းမရှိဘဲ ကျေနပ်ပျော်ရွှင်နေသည်မှာကတော့ အမှန်ပင်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၈)

သင့် စာမေးပွဲဖြေပြီးသည့်နောက် ကျောင်းတက်စရာ မလိုတော့ဘဲ လွတ်လပ်ပေါ့ပါးနေသည်။

စာမေးပွဲကာလအတွင်း ကျူရှင်နှင့် စာကျက်ခြင်းနှင့် စာမေးပွဲသွားဖြေခြင်းတို့ကို မနားမနေပြုလုပ်နေရသဖြင့် သင့် မအားလပ်နိုင်အောင် ဖြစ်ရသည်။

ထိုကာလတွင် အောင်ဇေယျနှင့် မျက်နှာချင်းမဆိုင်မိ





ချေ။ ယခုအညောင်းပြေ အညာပြေလမ်းလျှောက်ချင်သဖြင့် ခြံထဲဆင်းလာသည်။

အောင်ဇေယျက အပြင်ထွက်ရန်ပြင်ဆင်ထားပြီး အနေအထားဖြင့် သင့်ထံသို့ လျှောက်လာသည်။

သင့်က ကျောခိုင်းပစ်လိုက်သည်။

အောင်ဇေယျက သင့်အပြုအမူကြောင့် ပြုံးလိုက်မိသည်။ သူ သင့်အားစိတ်အနှောင့်အယှက်ပြုစေမည့် အပြုအမူမျိုးကို အတတ်နိုင်ဆုံးရှောင်ရှားခဲ့ပါသည်။ ကိုယ်ဝန်ဆောင်မိခင်တစ်ယောက်အနေဖြင့် စိတ်ချမ်းသာစေချင်သည်၊ ကိုယ်ကျန်းမာစေချင်သည်။ သင့်အတွက် အလိုအပ်ဆုံးလိုအပ်ချက်များကို ကိုယ်ဝန်ဆောင်အပ်သော ကာလများနှင့် မီးယပ်ပါရဂူဆရာဝန်မကြီးထံသို့ သူ အမြဲတမ်းဝင်ရောက်ကာ အခြေအနေနှင့် လိုအပ်ချက်များကို မေးမြန်းပြီး အဝေးမှ စောင့်ရှောက်ခွင့်သာရခဲ့သည်။ ဆေးခန်းသွားတိုင်း ဘွားဘွားဖြစ်စေ၊ ဒေါ်မဉ္ဇူထိန်ဖြစ်စေ တစ်ယောက်မဟုတ်တစ်ယောက် လိုက်ပေးနေကြဖြစ်သည်။

"သင့်"

". . . ."

သင့်က မထူးဘဲ လမ်းဆက်လျှောက်ခဲ့သည်။ အောင်ဇေယျသည် သူ့အပြစ်နှင့် သူမိမိအား ပျာပျာသလဲ ဂရုစိုက်နေခြင်းဟု သင့်က ယူဆထားသည်။

"သင့် ငါပြောတာနားထောင်ပါဦး၊ မင်းကိုငါပြောစရာရှိနေတယ်၊ သိပ်ပြီး မြန်မြန်မလျှောက်နဲ့လေ၊ ခပ်မှန်မှန်ပဲ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်"

"အို နားငြီးလိုက်တာ၊ ဥပဒေတွေကလဲ များလိုက်တာ လွန်ပါရော၊ ပြော. . . ဘာပြောမလို့လဲ"

သင့်က စူစူအောင့်အောင့်ကလေး ထူးလိုက်သည်။

"ဂျူးဒိတ်က သန်ဘက်ခါနော်"

သင့်ရင်ထဲလှိုက်ဖိုသွားသည်။ ကလေးတစ်ဦးကို သန်ဘက်ခါဆိုလျှင် သူမအနေဖြင့် လူ့လောကကြီးသို့ ပို့ဆောင်ပေးရတော့မှာပါလားဟူသော အသိကြောင့် ရင်ထဲ၌ ထူးခြားသောဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသည်။

"အဲဒါ ဘာဖြစ်သလဲ"

ထူးကဲစွာငြိမ်သက်တွေဝေသွားသော သင့်ထံမှ စကားကိုအောင်ဇေယျ စိတ်ရှည်လက်ရှည် စောင့်ရကျိုးနပ်သွားသည်။

"ဩော် မင်းအတွက် အရေးအကြီးဆုံးအချိန် နီးကပ်လာပြီဆိုတော့ မင်းအမေကို အိမ်ခေါ်ထားမလား၊ ဘွားဘွားက သူလာနေပေးရမလား မေးနေတယ်၊ ငါကတော့ စပါယ်ရှယ်နာ့စ်တော့ ငှားထားလိုက်ပြီး ဒီနေ့ ကိုးနာရီမှာ သူရောက်လာလိမ့်မယ်"

သင့်စဉ်းစားလိုက်သည်။ မေမေသည် မိမိအိမ်ထောင်ကျပြီးနောက် တော်တော်ပြောင်းလဲသွားသည်။ ယခင်ကကဲ့သို့ မိမိအား ဆူပူကြိမ်းမောင်းခြင်းမျိုး မပြုလုပ်တော့ချေ။

"ပြောလေ"

"ဘယ်သူ့ကိုမှ မခေါ်ပါနဲ့၊ နာ့စ်ရှိနေရင် သူဆောင်ရွက်





ပေးမှာပေါ့၊ ပြီးတော့ ရှင်ကြီးကော ရှိမယ်မဟုတ်လား"

"ဟာခနဲ" ဟူသော အော်မြည်သံသည် သူ့နှုတ်ခမ်းလုံးသားကို ရိုက်ခတ်လာသည်။ ဒါ သူမကိုယ်တိုင် မသိမြင်လိုက်သော အားကိုးမှုတစ်ရပ်ဟု အောင်ဇေယျနားလည်လိုက်သည်။

"ရှိပါတယ်၊ ဒီနေ့လုပ်စရာရှိတာတွေကို လုပ်ပြီး စီစဉ်စရာတွေ စီစဉ်ပြီးရင် ငါမင်းနားမှာ အမြဲရှိနေမယ်"

"အို မလိုပါဘူး"

သင့် ဘုတောလိုက်သည်။

"ရှင်ကြီးဆေးရုံလိုက်ပို့ပေးနိုင်ရင် ပြီးရောပေါ့၊ အိုဂျီကကောအဲဒီအချိန် ဆေးရုံမှာ မရှိရင်ကော"

သင့် ဘာပဲပြောပြော စိုးရိမ်စိတ်ကလေးဝင်လာသည်။

"ရှိပါတယ်၊ မရှိရင် မင်းဗိုက်နာတာနဲ့ ဖုန်းဆက်မယ်၊ ကိုယ်တစ်ခါတည်း ကားလွှတ်ပြီးခေါ်ခိုင်းမယ်၊ ပြီးတော့ ဆရာကြီးကော ဒေါက်တာဝေလင်းကောရှိတာပဲ၊ ဒေါက်တာဝေလင်းကအဲဒီဆေးရုံမှာ နိုက်ဂျူတီတာဝန်ကျနေတာပဲ၊ ဘာမှ ပူစရာမလိုဘူး၊ ပြီးတော့ ငှားထားတဲ့ ဆရာမတွေက အဲဒီဆေးရုံကပဲ၊ စစ္စတာတွေကော၊ မေထရွန်တွေပါ ဘွားဘွားကသိတယ်၊ အဲဒီဆေးရုံက မေထရွန်က ဘွားဘွားရဲ့ ကျန်းမာရေးကို တစ်ပတ်တစ်ခါ လာစစ်ဆေးနေတဲ့ ဆရာမကြီးလေ၊ မင်းနဲ့တောင် ဘွားဘွားတွေ့ပေးထားတာပဲ"

"ဩော် ဟုတ်ပြီ မှတ်မိပြီ၊ ဒီလိုဆို ဘာမှပူစရာမလိုတော့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သင့်ရင်ထဲ အတန်ငယ်ပေါ့ပါးသွားသည်။ 'ယောက်ျား ဖောင်စီး၊ မိန်းမမီးနေ' ဟူသော စာဆိုအရ သင့်မွေးဖွားရမှာကို တစ်ခါတစ်ရံ ထူးထူးကဲကဲ ကြောက်လန့်မိသည်မှာ သေချာသည်။ သို့သော်. . . ၊

အောင်ဇေယျကပဲ အပြုအစုကောင်းလို့လားမသိ၊ ကိုယ်ဝန်ရှိစဉ်က မူးမော်ပြီး အန်သည်။ အစားအသောက် တစ်လလောက်ပျက်သည်ကလွဲပြီး ထူးထူးကဲကဲ ဝေဒနာမျိုးမရှိချေ။ သို့သော် ကိုယ်ဝန်ဆောင်ရသည်မှာတော့ လူလွတ်ကဲ့သို့ မပေါ့ပါးနိုင်တာကတော့ သေချာသည်။

အောင်ဇေယျ ဝယ်ပေးထားသော ကိုယ်ဝန်ဆောင်မိခင်လက်စွဲစာအုပ်များကိုလည်း ဖတ်ပြီး ထိုအတိုင်းလိုက်နာကာ အစားအသောက် အသွားအလာကအစ ဂရုစိုက်သဖြင့် သင့်သည်ကျန်းမာသကဲ့သို့ ကိုယ်ဝန်မှာလည်း ဖွံ့ထွားလှပေသည်။

ထိုအခြေအနေများကြောင့် သင့်သည် ကျန်းမာကာ မီးဖွားဖို့ အရေးအတွက် အခက်အခဲမရှိနိုင်ဟု ယုံကြည်လိုက်၏။

"ငါအခု အပြင်သွားဦးမယ်၊ မင်းဘာမှာဦးမလဲ၊ နာ့စ်လာလိမ့်မယ်နော်၊ နော်အယ်စတာတဲ့လေ"

"ကျွန်မ ခါးတွေကိုက်လာသလိုပဲ သူလာမှ ရှင်သွားပါလား"

အမှန်တကယ်ပင် သင့်ခံစားလာလိုက်ရသဖြင့် အောင်ဇေယျအား တားထားလိုက်သည်။ မနက်က ခါးညောင်းသည်ဟုထင်ထားကာ လမ်းလျှောက်မိခြင်းဖြစ်သည်။ သူ တဖြည်း





ဖြည်း ညောင်းခြင်းမဟုတ်ဘဲ ခါးနာခြင်း၊ ခါးကိုက်ခြင်းဖြစ်လာသည်။

အောင်ဇေယျမှာ စိုးထိတ်ခြင်းကြီးစွာနှင့်အတူ မျက်လုံးပြူးသွားပြီး. . .

"ဦးစံရ ဦးစံရ"

"ဗျာ ဆရာ"

ဦးစံရ ကားအားဖုန်သုတ်နေရာမှ ပြေးလာသည်။

"ဘွားဘွားဆီဖုန်းဆက်ပြော၊ ပြော် ဒေါ်မဉ္ဇူထိန်ဆီရော ဒေါက်တာ ဝေလင်းဆီကိုပါ ကျွန်တော်ဆက်ခိုင်းတယ်လို့၊ သင့် ခါးအရမ်းကိုက်နေပြီလို့၊ အဲဒါ အမြန်ဆုံးလာခဲ့ဖို့နဲ့ ဘာလုပ်ရမလဲဆိုတာ မေးလိုက်"

"ဟုတ်ကဲ့ ဆရာ"

အောင်ဇေယျ ပျာယာခတ်သည်။

သင့်က ခါးကိုလက်နှင့်ထောက်ကာ မျက်နှာကလေး ရှုံ့တွလျက်။

"ကျွန်မ မွေးတော့မှာလားဟင်၊ တကယ်မွေးတော့မှာလား"

"မင်း ဗိုက်နာလို့လား"

"အင်း နာသလိုလိုပဲ၊ ဘုရားရေ ကျွန်မ တကယ်ကလေးမွေးတော့မှာပေါ့နော်"

အောင်ဇေယျက မျက်စိပျက် မျက်နှာပျက် ဖြစ်နေသော သင့်အားကြည့်ကာ သူပင် ဗိုက်နာလာသလိုလို၊ ခါးကိုက်



www.burmeseclassic.com

www.burmeseclassic.com



လာသလိုလိုဖြစ်ပြီး သင့်အား တွဲကာ. . .

"လာ အိမ်ထဲသွားရအောင်"

"လမ်းများများလျှောက်ရမယ်ဆို"

"အိမ်ထဲမှာ လျှောက်နော်"

သင့်သည် အောင်ဇေယျတွဲခေါ်ရာသို့ အလိုက်သင့် လိုက်ပါလာသည်။

"နောက် သုံးရက်မှဆို"

"မသိဘူးလေ မွေးတာ စောချင်စောမှပေါ့၊ ဗိုက်နာနေ သလား"

"သိပ်အနာကြီးတော့ မဟုတ်ဘူး၊ ဒါပေမယ့် နာတော့ နာတယ်"

"အိမ်သာတက်ချင်လို့များလား"

"အဲဒီလိုမဟုတ်ဘူး၊ ခုနကပဲ သွားပြီးပြီ"

သင့် အောင်ဇေယျအား ရှက်ရန် သတိမရတော့ပါ။

မိညိုကလည်း မလှမ်းမကမ်းမှ လိုက်ပါလာကာ. . .

"သေချာပါတယ် မွေးတော့မယ်၊ အဟိ ညီမလေးဖြစ်ပါ စေ. . . သိပ်လှမှာပဲ ဆရာရော မမလေးပါ အရမ်းချောတော့ ကလေးလဲ သိပ်လှမှာပဲ"

သင့်က မိညိုစကားကြောင့် သူမရင်ထဲ တစ်မျိုးဖြစ်သွား သည်။

"မိညို ငါပြင်ဆင်ထားတဲ့ပစ္စည်းတွေ ကားထဲထည့်ထား"

"ဟုတ်"





"ဒေါ်စိန်ကိုခေါ်ပြီး အနားမှာ လာနေပါလို့"

"ဟုတ်"

"ဦးစံရ ဘာတဲ့လဲ"

အိမ်ရှေ့ခန်းသို့ရောက်လျှင် ရောက်ချင်း ဦးစံရက ဖုန်း ချပြီဖြစ်ရာ အောင်ဇေယျက လှမ်းမေးလိုက်သည်။

"အားလုံးနဲ့တွေ့တယ်၊ အားလုံးအခုချက်ချင်း ထွက်လာ ကြပြီ"

"ဦးစံရ အဆင်သင့်စောင့်နေပြီး မောင်ကျော်တို့ကို နေဦး ကျွန်တော် ဖုန်းဆက်လိုက်မယ်၊ မောင်ကျော်ကိုတော့ သွားခိုင်းနှင့် အိုဂျီဆေးရုံကို လာရင်လိုက်ခဲ့၊ ဒါမှမဟုတ် ဒီကိုလာ ချင်လာရအောင်. . သွား. . သြော် ဦးစံရပဲသွားလိုက်ပါ၊ မောင် ကျော်တို့ကား ပေါ်တီကိုအောက်ရွှေ့ထားလိုက်"

"ဟော ဆရာမလာပြီထင်တယ်"

သင့်က အိမ်ရှေ့တံခါးဝသို့ ရောက်လာသော ကရင် အမျိုးသမီးတစ်ဦးကို လှမ်းတွေ့လိုက်သဖြင့် ပြုံးပြလိုက်ပြီး. .

"လာ ဆရာမ၊ ကျွန်မ ဗိုက်နာနေပြီ"

"အို. . မွေးတော့မှာပဲ ဗိုက်ကအောက်စိုက်နေပြီ၊ လာ လာ"

"ဟင် မွေးတော့မှာ"

"ရေနွေးဇလုံ၊ ရေသန့် အားလုံးအဆင်သင့်လုပ်ပြီး လာ ပို့ပေးပါ"

ဆရာမက နီးရာအိပ်ခန်းသို့ ခေါ်သွားခိုင်းသဖြင့်. .



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇေယျလည်း အောက်ထပ်ရှိ သူ့အိပ်ခန်းကို ခေါ်သွားသည်။

"ဆေးရုံကို"

"အချိန်မရှိတော့ဘူး၊ သူဌေး ထွက်ပေးပါ"

"အို ကျွန်မ တကယ်မွေးတော့မှာ၊ ဦးအောင်ဇေယျ ကျွန်မနားမှာ နေလို့မရဘူးလား၊ မေမေကော ဘွားဘွားကော"

"သူတို့လာကြမှာပါ။ သူဌေး အပြင်ထွက်ပေးပါ"

"ဟုတ်. . ဟုတ်ကဲ့"

အောင်ဇေယျ ဇောချွေးများပင် ပြန်လာပြီ အခန်းပြင်သို့ ထွက်ခဲ့သည်။

အောင်ဇေယျ သူ့ကိုယ်သူ မယုံကြည်နိုင်အောင် ဖြစ်နေလေသည်။

အိပ်မက်လေလား။

အသံလုံသော အခန်းများဖြစ်၍ ဒေါ်စိန်ရသည် ရေနွေးဇလုံကို လည်းကောင်း၊ မိညိုသည် ဆရာမခိုင်းသမျှ ပစ္စည်းများကိုယူ၍လည်းကောင်း၊ ပို့ပြီး ပြန်ထွက်လာသည်။

သိပ်မကြာလိုက်၊ နာရီကိုမော့ကြည့်၍ လည်းကောင်း သူ့လက်ပတ်နာရီကို ကြည့်၍လည်းကောင်း အောင်ဇေယျအ လုပ်ရှုပ်နေစဉ်. .

စေ့ထားသောတံခါးမှ ကျယ်လောင်စူးရှပြီး အားအင် အပြည့်ဖြင့် လောကကြီးကို စိန်ခေါ်လိုက်သော အသံတစ် စူးစူးဝါးဝါး ကြားလိုက်ရသောအခါ. .





"အူဝဲ. . . အူဝဲ. . . အူဝဲ. . ."

အောင်ဇေယျ ထခုန်လိုက်ပြီး ဟစ်ကြွေးလိုက်သည်။

"ဟေး"

နာရီကိုကြည့်တော့ ကိုးနာရီကိုးမိနစ်၊ အတိုက်အခံဖြင့် အောင်မြင်မည့် ကလေးတစ်ယောက်ရဲ့ ဖခင်အဖြစ်သို့. .

"သားလေး ဆရာရေ့၊ သားလေး"

ဒေါ်စိန်က လှမ်းအော်၍ အသံပြုသည်။

"ဟေး"

အောင်ဇေယျ လက်သီးလက်မောင်းတန်းကာ အော်လိုက်သည်။

ထိုစဉ် ရှေ့ဆင့်နောက်ဆင့် ရောက်လာသူက ဒေါ်မဥ္ဇူထိန်နှင့် အောင်ဇေယျ၏အဘွား။

အောင်ဇေယျသည် ပျော်ရွှင်ကြည်နူး အားရကျေနပ် ဂုဏ်ယူပီတိလျှမ်းနေသော မျက်နှာကြီးဖြင့်. . .

"သားလေးတဲ့. . . သားလေး"





www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၂၉)

“ဒီမှာ ဦးအောင်ဇေယျ”

သင့်၏ မျက်နှာကို အောင်ဇေယျက နှစ်သိမ့်သောအပြုံးကလေးဖြင့် ပြုံးကာကြည့်လိုက်ရင်း. . .

“ဘာလဲသင့် ဘာပြောစရာတွေရှိနေသလဲ၊ သိပ်အရေးမကြီးရင် မင်း အနားယူလိုက်ပါဦးလား”

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မပြောချင်တယ်"

သင့်အားယူလိုက်သည်။ သူမပြောရမည့် စကားများသည် သူမ၏ဦးနှောက်၌ အစီအရီထည့်သွင်းထားပြီးဖြစ်ပါသည်။

"ဒါဖြင့်လဲ ပြောလေ"

သင့်၏ ဆံစကလေးများကို သပ်တင်ပေးလိုက်သည်။ သူမမျက်နှာလေးသည် သူ၏အထိအတွေ့ကို မကြိုက်သည့်အလား တင်းမာသွားပြီး . . .

"ကျွန်မကို မထိပါနဲ့"

"မိန်းကလေးရယ်၊ မင်း အစွဲအလမ်းတွေကို မင်းခုထက်ထိ မဖျောက်နိုင်သေးဘူးလား"

"ဖျောက်ဖျက်သင့်တဲ့ကိစ္စမှ မဟုတ်ဘဲ"

အောင်ဇေယျ သက်ပြင်းချလိုက်သည်။ သွေးနုနု သားနုနု မိန်းကလေး စိတ်ချမ်းသာ စေရေးအတွက် သူအလျှော့ပေးကာ. . .

"ကိုင်း မင်းဘာပြောချင်သလဲ"

"ကျွန်မပြောချင်တာတွေကို ကွန်ပျူတာထဲမှာသွင်းထားတယ်၊ အဲဒီအတိုင်း ရှင်လိုက်နာပေးဖို့ပါပဲ ကျွန်မနားချင်ပြီ"

"ကောင်းပြီ"

သင့်က မျက်လုံးမှိတ်ကာ အနားယူလိုက်သည်။

သူမရင်ထဲ၌ ဘာတွေဖြစ်နေသည်ကို အောင်ဇေယျ မသိနိုင်တော့သော်လည်း အောင်ဇေယျရင်မှာတော့ သူမကို





ကျေးဇူးတင်သွားသည်။ ပြီးတော့ ကလေးတစ်ယောက်ကို မွေးဖွားပေးနိုင်သော မိခင်တစ်ယောက်အနေဖြင့် လေးစားကာ. . .

"သင့်"

သင့်က ဖျတ်ခနဲ မျက်လုံးပြန်ဖွင့်ကြည့်သည်။ သူမ၏ မျက်လုံးများက အစိမ်းရောင်တောက်နေသည်။

"မင်းကို ငါ လေးစားပါတယ်၊ ပြီးတော့ ကျေးဇူးလဲတင်ပါတယ်၊ ဒါပါပဲ. . . ကိုင်း အိပ် အိပ်"

ပြောပြောဆိုဆို အောင်ဇေယျက သူမကို ပြုံးပြပြီး. . . ကျောခိုင်းထွက်ခွာခဲ့လေသည်။

သင့် မည်သို့ဖြစ်ကျန်ရစ်ခဲ့မည်ကို မသိသော်လည်း တစ်ဖက်အိပ်ခန်းရှိ ကလေးရှိရာသို့ သူ ထွက်ခဲ့သည်။ ကလေးက နှစ်ခြိုက်စွာ အိပ်မောကျနေသည်။

"ခုနစ်ပေါင်နဲ့ ရှစ်အောင်စတောင် ရှိတယ်သူဌေး"

သင့် မွေးဖွားသည့်အချိန်မှ ယခု တစ်နာရီအကြာ၌ အားလုံးသည် ငြိမ်သက်တည်ငြိမ်သွားခဲ့သည်။ အိုဂျီရောက်လာပြီး သင့်အတွက် လိုအပ်သည်တို့ကို ပြုလုပ်ပေးသွားသည်။ ဒေါက်တာ ဝေလင်းက ကူညီလုပ်ပေးပြီး ပြန်သွားကြသည်။ ကလေးအတွက် ဆရာမတစ်ဦးကို ထပ်ရှာပေးရန် ဒေါက်တာဝေလင်းအား သူ ကျိတ်မှာလိုက်ရသေးသည်။

"ဘယ်နှယ်လဲ"

"အိပ်သွားပြီ"

"ကလေးနို့ တိုက်ဖို့ကော"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ နို့ဘူးနဲ့ပဲ ကျင့်ပေးပါ"

"ဟဲ့"

"အလို ဘယ့်နှယ့်တော်"

ဘွားဘွားနှင့် ဒေါ်မဥ္ဇူထိန်ထံမှ အလိုမကျသော အာမေဍိတ်သံများ ထွက်ပေါ်လာသည်။

ဆရာမကတော့ ဘာမှမပြောဘဲ. . .

"ဟုတ်ကဲ့ ရပါတယ် သူဌေး"

"သူက မတိုက်နိုင်ဘူးတဲ့လား ဘာဖြစ်လို့လဲ၊ အလှပျက်မှာကြောက်လို့ဘဲလား"

ဒေါ်မဥ္ဇူထိန်၏ မကျေမနပ် မေးခွန်းများကို အောင်ဇေယျ မဖြေနိုင်ခင်. . .

"သူဌေး ကျွန်မ တစ်ခုခွင့်ပန်ပါရစေ"

"ဟုတ်ကဲ့ ပြောပါဆရာမ"

"ကျွန်မ ဝတ္တရားအရပါပဲ၊ ကလေးရဲ့ အိပ်ချိန်မှာ နှစ်နှစ်ချိုက်ချိုက်ရှိစေချင်လို့ အနားမှာ ဘယ်သူမှ အသံကျယ်ကျယ် စကားမပြောစေချင်ပါဘူး၊ အဲဒါ. ."

"ဩော်. . ဟုတ်ကဲ့. . ဟုတ်ကဲ့. . လာ ဘွားဘွားနဲ့ အန်တီ"

အောင်ဇေယျ အဘွားဖြစ်သူနှင့် ယောက္ခမဖြစ်သူကို ဦးဆောင်ခေါ်ခဲ့သည်။

ဧည့်ခန်းရောက်မှ. . .

"အန်တီ ကိုကော၊ ဘွားဘွားကိုပါ ကျွန်တော် တစ်ခု





မေတ္တာရပ်ခံချင်ပါတယ်"

အောင်ဇေယျက တည်ငြိမ်အေးဆေးစွာပင် ပြောလိုက်သည်။

"ဘာများလဲ အောင်"

ဒေါ်မဥ္ဇူထိန်ကတော့ မကျေမနပ် မျက်လုံးများဖြင့် ကြည့်ကာ. . .

"မိရွှေသင့်တို့ကတော့ စတန့်ထွင်ပြန်ပြီ"

"မဟုတ်ပါဘူး၊ သင့်နဲ့ ပတ်သက်ပြီး သူ့ရဲ့ခင်ပွန်းဖြစ်တဲ့ ကျွန်တော်သာလျှင် တာဝန်အရှိဆုံးဖြစ်တဲ့အတွက် သင့်နဲ့ ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်တွေ လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး သင့်အပေါ် အပြစ်မယူပဲ ခွင့်လွှတ်ကြပါ၊ ဖြေရှင်းစရာရှိရင် ကျွန်တော်ပဲ ဖြေရှင်းပေးပါ့မယ်၊ အထူးသဖြင့် အန်တီက သင့်အပေါ် ဆူပူရိုက်နှက်ခြင်းမျိုး လုံးဝမပြုလုပ်ဖို့နဲ့ သင့် စိတ်ထိခိုက်စေမယ့် အပြောမျိုး မပြောမိစေဖို့ပါဘဲ"

"အေးလေ အန်တီတို့က ဆိုင်သာဆိုင်တယ် မပိုင်တော့တဲ့ အဖြစ်မျိုးကိုးကွယ်၊ မင်းပြောတာ လက်ခံရမှာပေါ့၊ ဒါပေမယ့် အမေတစ်ယောက်ဟာ ကိုယ့်ရင်သွေးအပေါ် နို့မတိုက်ဘူးဆိုတာတော့"

အောင်ဇေယျက မချိပြုံး ပြုံးကာ. . .

"ဒါကတော့ ခဏပဲ ဖြစ်ချင်ဖြစ်မှာပါ"

"အေးလေ၊ မဒမ်း သားမခင်ဆိုတဲ့စကားလဲ ရှိသား၊ ဒီလောက် ချစ်စရာကောင်းတဲ့ သူ့သားကို မြင်ရင်တော့လဲ



www.burmeseclassic.com

www.burmeseclassic.com



ကဲပါကွယ်၊ ဘွားဘွားတို့ မလိုအပ်တော့ဘူးဆိုရင်လဲ ပြန်မယ်၊ တို့များ ဘာမှပြောခွင့်မရှိဘူးဆိုတော့ တို့မြစ်ကို တို့တစ်နေ့တစ်ခေါက် လာကြည့်ရုံကလွဲပြီး တို့ဘာတတ်နိုင်ဦးမှာလဲ"

ဘွားဘွားက ဇာဝေါ်တူးတူးစကားဖြင့် ထလိုက်ရာ. . ဒေါ်မဥ္ဈူထိန်ကပါ လိုက်ထပြီး. . .

"ဟုတ်ပါတယ် အမေပြောသလိုပဲ၊ ကျွန်မတို့လဲ ညှိသည်သွား ညှိသည်လာပဲပေါ့၊ လိုအပ်တာရှိရင်တော့ ဖုန်းဆက်လိုက်ပေါ့ကွယ်၊ သွားမယ်"

အောင်ဇေယျ မတားဆီနိုင်လိုက်ခင်၌ သူ၏အဘွားနှင့် ဒေါ်မဥ္ဈူထိန်သည် ထပြန်သွားကြသည်။

အောင်ဇေယျက ကားအထိလိုက်ပို့ပေးလိုက်ပြီးနောက် စာကြည့်ခန်းရှိ ကွန်ပျူတာခလုတ်များကို နှိပ်ကာ သင့်ရေးထားပြီး သိုလှောင်ထားသော အချက်များကို ရှာဖွေလိုက်သည်။

တွေ့ပြီ။ အောင်ဇေယျ မှင်တက်သွားမိသည်။

သူ့ရင်၌ စူးရှနာကျင်သော ဝေဒနာက ကြီးစိုးလာသည်။

***ဦးအောင်ဇေယျ***

*ရှင်ကြီးကို ကျွန်မမုန်းတယ်။*

*ကျွန်မကို ရှင့်ကလေးမွေးပြီးတာနဲ့ ကွာရှင်းပေးပါ။*

*ရှင့်ကလေးရဲ့အသံကို ကျွန်မ မကြားပါရစေနဲ့။*

*ကျွန်မ မမြင်ကွယ်ရာမှာ ထားပေးပါ. . .။*

*ကျွန်မအပေါ် ဘာသံယောဇဉ် နှောင်ဖွဲ့ဖို့မှ မကြိုးစား*





*ပါနဲ့။*

*ကျွန်မ ဒီအိမ်ကြီးမှာလဲ မနေနိုင်ဘူး။*

*မွေးပြီး ကျွန်မ နေကောင်းတာနဲ့ ကျွန်မထွက်သွားမယ်။*

*ကွာရှင်းစာချုပ်တစ်ခု (တရားဝင် လုပ်ထားနော်)*

*အဆင်သင့် လုပ်ထားပေးပါ။*

*ဒါပါပဲ. . .*

***သင့်မဥ္ဈူထိန်***

ဘယ်အချိန်၊ ဘယ်ကာလကများ ရေးထားသည်မသိ။

သင့်အား စိတ်ထားပြောင်းလဲသွားနိုး မျှော်လင့်ချက်သည် သဲထဲရေသွန်သကဲ့သို့ ဖြစ်သွားသည်။

အောင်ဇေယျ ဒေါ်စိန်ရှိရာ မီးဖိုသို့ လိုက်လာပြီး သူသိလိုသည်တို့ကို မေးမြန်းလိုက်သည်။

"ဒေါ်စိန်"

"ရှင်. . . ဆရာ"

"သင့် ကလေးကို ကြည့်သလား"

"လုံးဝမကြည့်ဘူး ဆရာ၊ ကျွန်မကပြတယ်၊ ချစ်စရာလေး ဖွံ့လိုက်တာ၊ တစ်တုံးတစ်ခဲကြီး၊ ကြည့်ပါဦး သင့်ရယ်ဆို ဘာတောင် မျက်စိကို တအားမှိတ်ထားတယ်"

အောင်ဇေယျရင်ကို အသွားထက်သော ဓားတစ်ချောင်းဖြင့် အစိုက်ခံလိုက်ရသည့်အလား. . နာကျင်သွားရာ အံ့ကြိတ်လိုက်မိသည်အထိ ဖြစ်သွားသည်။ ချာခနဲ လှည့်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။

ထို့နောက် ကလေးရှိရာ အခန်းသို့ အသာဝင်ခဲ့ကာ ခပ်တိုးတိုးပင်. . .

"ဆရာမ" ၊

"ဟုတ်ကဲ့ သူဌေး ပြောပါ"

ဆရာမလည်း လေသံမျှပင်ပြောသည်။

အောင်ဇေယျက ကလေးနှင့် ခပ်ဝေးဝေးသို့ လှမ်းလိုက်ပြီး. . .

"သားဟာ နို့ဘူးစို့ တတ်ပါ့မလား"

"တတ်ပါတယ် သူဌေး၊ အချို့မိဘတွေက မွေးပြီးစွန့်ပစ်သွားတဲ့အခါဖြစ်စေ၊ မိခင်ကွယ်လွန်သွားရင်ဖြစ်စေ၊ မိခင်မှာရောဂါရှိလို့ နို့မတိုက်နိုင်တဲ့အခါဖြစ်စေ၊ နို့ဘူးနဲ့ ရေနဲ့ပဲ ကျွေးပြီး ပြုစုပျိုးထောင်ခဲ့ရပါတယ်၊ ဒါပေမယ့် ကလေးအတွက် စိတ်ပိုင်းဆိုင်ရာကော ရုပ်ပိုင်းဆိုင်ရာပါ အာဟာရ ဖွံ့ဖြိုးမှုအနေနဲ့ကတော့ မိခင်နို့ရည်လောက်တော့ ဘယ်ဓာတုဗေဒနို့မှုန့် အာဟာရမှုန့်တွေကမှ လိုက်မမီတာတော့ ကျိန်းသေတယ်"

အောင်ဇေယျ သက်ပြင်းချလိုက်သည်။

"သင့်ကို. . အဲ. . ကျွန်တော့်ဇနီးကို ကလေးကိုနို့တိုက်ချင်အောင် ဆရာမစည်းရုံးမပေးနိုင်ဘူးလား"

ဆရာမ နော်အယ်စတာက ပြုံးလိုက်ပြီး. . .

"စည်းရုံးစရာ မလိုပါဘူး ဆရာ၊ သူဟာ မြန်မာမိခင်တစ်ဦးပဲ၊ သူလဲ သူ့အမေနို့ကို စို့ခဲ့မှာပါ၊ သူလဲ သူ့သားကို နို့တိုက်





ချင်လာမှာပါ၊ အဲ. . သိပ်ကို အတ္တကြီးမားတဲ့ မိန်းမတစ်ယောက်မဟုတ်ရင် ပြောတာနော် သူဌေး"

"အတ္တကြီးမားတယ် ဆိုတာက"

"ဪ. . . ဒီလိုပါ ဆရာရဲ့၊ အချို့မိခင်တွေက သူတို့ရဲ့အလှ ပျက်စီးမှာ အင်မတန်ကြောက်ပြီး ကိုယ့်ရင်သွေးကို ကိုယ့်နို့မတိုက်ကြဘူး၊ အဲဒီမိခင်မျိုးဟာ သားသမီးထက် ကိုယ့်ကိုယ်ကိုပိုချစ်၊ ပိုတန်ဖိုးထားတဲ့အတွက် အတ္တကြီးတဲ့ မိန်းမလို့ ပြောလို့ရတာပေါ့ သူဌေး"

"ကျွန်တော့် ဇနီးကိုတော့ ကျွန်တော် ဘာပြောရမှန်းတောင်မသိတော့ဘူး"

"သူဌေးကတော်လေးက သိပ်ငယ်ပါသေးတယ်၊ မဒမ်းသားမခင် ဆိုပေမယ့် မိန်းမတိုင်းမှာတော့ မိခင်စိတ် အပြည့်ရှိတတ်ပါတယ် ဆရာ၊ သိပ်ကိုချစ်စရာကောင်းတဲ့ သူ့သားလေးရဲ့ငိုသံကြားရင် သူခံနိုင်မှာမဟုတ်ပါဘူး၊ မိခင်နဲ့ ရင်သွေးရဲ့ စိတ်ချင်းကူးလူး ဆက်ဆံမှုဟာလဲ အင်မတန်ဆန်းကြယ်ပြီး သိပ္ပံပညာရှင်တွေတောင် သတ်မှတ်အဖြေရှာလို့မရတဲ့ ဆက်သွယ်မှုမျိုးတွေ ရှိတတ်ပါတယ်"

ဦးအောင်ဇေယျသည် နှစ်ခြိုက်စွာ အိပ်မောကျနေသော ကလေးရှိရာသို့ ဖြည်းညင်းစွာ လျှောက်သွားပြီး စိမ့်စမ်းမေတ္တာရေပမာ တသွင်သွင်စီးလာသော ချစ်ခြင်းမေတ္တာ အပြည့်ဖြင့် ငုံ့ကြည့်လိုက်သည်။

ဆရာမ နော်အယ်စတာက ခပ်တိုးတိုးပင်. .



www.burmeseclassic.com

www.burmeseclassic.com



"သူဌေး စိတ်ချလက်ချသာ လုပ်စရာရှိတာလုပ်ပြီး နေမြဲအတိုင်းနေပါ၊ ကျွန်မက ဝါသနာအရင်းခံပြီး ဒီအလုပ်ကို လုပ်နေတာဆိုတော့ ဆရာ့သားလေးကို မိခင်တစ်ဦး ပြုစုတာထက် မလျော့တဲ့ ပြုစုမှုမျိုးနဲ့ ပြုစုသွားပြီး သူဌေးကတော်လေးက ကျွန်မကိုနှင်မှပဲ ကျွန်မတာဝန်ပြီးဆုံးသွားတယ်လို့ ယူဆမှာပါ"

"ကျေးဇူးတင်ပါတယ် ဆရာမ၊ ကျွန်တော်က သားကြောင့် ကျွန်တော့်ဇနီး အနှောင့်အယှက်ဖြစ်မှာကို မလိုလားလို့၊ ဘွားဘွားအိမ်ကို ပြောင်းရွှေ့နေထိုင်ပေးရင် ကောင်းမလားလို့ပါ"

အောင်ဇေယျက ကလေးနားခွာပြီးမှ ဆရာမအား ခပ်တိုးတိုး လှမ်းပြောလိုက်သည်။

"မနေပါနဲ့ သူဌေး၊ မိဘနဲ့ သားသမီး အနီးကပ်ဆုံးသာ ရှိသင့်ပါတယ်"

"ဩော် . . ကျေးဇူးပြုပြီး ကျွန်တော့်ကို သူဌေးလို့ မခေါ်ပါနဲ့လား ဆရာမ"

"ဩော် . . ဟုတ်ကဲ့ပါ ဦးအောင်ဇေယျ"

"ကျွန်တော့်ကို ခွင့်ပြုပါဦး"

အောင်ဇေယျက သားဖြစ်သူအား ငုံ့ကြည့်ပြီး မချင့်မရဲဖြင့် ဆုပ်ထားသော လက်သီးဆုပ်ကလေးကို ဖွဖွကလေးတို့ထိရန် လက်ရွယ်လိုက်ပြီးနောက် နိုးသွားမှာကို စိုးကြောက်သဖြင့် မထိတွေ့တော့ဘဲ နောက်ဆုတ်က ကလေးအိပ်ခန်းတွင်းမှ ထွက်ခဲ့သည်။






ထို့နောက် အပြင်သို့ ထွက်ခဲ့သည်။ သားလေးအတွက် အမည်ရွေးချယ်ရန် တတ်ကျွမ်းသော ပုဂ္ဂိုလ်များဆီသို့ ဦးစွာ ပထမ သွားရဦးမည်။

သို့သော်လည်း သူ့စိတ်ထဲ၌ သူရွေးချယ်ထားသော အမည်ကသာ ကြီးစိုးနေသည်။

"တွယ်တာဦး" ဟု။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၀)

သင့် ဖျတ်ခနဲ လန့်နိုးလာသည်။ သူမ၏ သားမြတ်အစုံ
သည် တင်းပြီး နာကျင်လာသည်။

မိခင်တစ်ယောက်၏ ဝေဒနာလား။

ကလေးငယ်. . . မွေးကင်းစ ကလေးငယ်၏ ငိုသံသဲ့သဲ့
ကို ကြားလိုက်ရသည်။

တစ်ဆက်တည်း အပေါ်ထပ်မှ ပြေးဆင်းလာသော ခြေ





သံကိုလည်း ကြားလိုက်ရသည်။

“ဘာတွေ ဘယ်လိုဖြစ်နေတာလဲ”

ဒရင်းဘတ်ပေါ်၌ ထိုင်ပြီး ဝတ္ထုဖတ်နေသော သူနာပြု ဆရာက သူမအနီးသို့ လျှောက်လာပြီး. . .

“သူဌေးကတော် ဘာလိုချင်လို့လဲ”

“ကျွန်မရင်တွေ အရမ်းနာနေတယ်”

သင့်က အားကိုးတကြီး ပြောလိုက်သည်။ ဘာကြောင့် ရယ်မသိ။ သူမရင်ထဲ၌ အားမငယ်စဖူး အားငယ်နေသည်။

“နို့ကြောပိတ်နေတာထင်တယ်၊ နေဦး. . . ခဏနော်၊ ကျွန်မရေနွေးဝတ်ကလေးနဲ့ ချေပေးမယ်”

“ဘာဖြစ်လို့ ပိတ်တာလဲ”

“ကလေးကို နို့မတိုက်လို့”

“အို. . .”

“ကလေးနို့စို့ရင် နို့ကြောပွင့်ပြီး ပုံမှန်လည်ပတ်သွား မှာပေါ့”

သင့် တွေဝေရပြီ။

ဆရာမ၏ ပြုစုမှုကို နာကျင်စွာ ခံစားရသဖြင့် မျက်ရည် များကျရင်း. . .

“ကျွန်မ အဲဒီလို ဖြစ်နေမှာလား”

“မဖြစ်ပါဘူး၊ နို့သက်လာရင် ညှစ်ပေးပေါ့၊ ရေနွေးဝတ် လေးနဲ့ သန့်စင်ပြီး ညှစ်ပေးပါ”

“သင့် ဖျတ်ခနဲ ဝင်ရောက်လာသည့် မေးခွန်းတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



နှုတ်မှအလိုအလျောက် ဖွင့်ဟမေးပြီးသားဖြစ်သွားသည်။

"ကလေးကော နို့ဘူးစို့ရဲ့လား"

"စောစောက တစ်ခါနိုးလာတော့ စစ္စတာက နို့ဘူးကို ကြိုးစားပြီး တိုက်ကြည့်တယ်၊ ဒါပေမယ့် မရဘူး၊ မစို့ဘဲ ငိုနေလို့ ရေကျက်အေးကို ဂွမ်းစလေးနဲ့ ပါးစပ်ထဲ ညှစ်ပေးရတယ်"

"အို. ."

သင့် အော်ဟစ်ပြီးသာ ငိုလိုက်ချင်သည်။

ဒါတွေဟာ အတွယ်အတာတွေ၊ အနှောင်အဖွဲ့တွေ၊ သင့်ရဲ့ ဘဝတက်လမ်းကို ပိတ်ပင် တားဆီးမယ့် အဟန့်အတားတွေ။

သင့်မျက်လုံးကို အသာမှိတ်ထားလိုက်သည်။

"သူဌေးကတော်"

"ကျွန်မကို သင့်လို့ပဲခေါ်ပါ၊ ဆရာမတို့က ကျွန်မထက် အသက်ကြီးပါတယ်"

"ထမင်းစားရအောင်"

သင့် ဝမ်းထဲဟာတာတာ ဖြစ်နေသည်။ သူမဝမ်းဗိုက်ထဲ၌ တွယ်ကပ်နေခဲ့သော သန္ဓေသားလေး ထွက်ခွာသွားခြင်းကြောင့် ရင်ထဲဟာသွားတာလား။

"ဒေါ်ဒေါ်စိန်. . သူဌေးကတော်. . အဲ. . သင့် ထမင်းစားတော့မယ်တဲ့"

ညနေဟူသော အချိန်ကာလကို သင့်အိပ်ပျော်ခြင်းနှင့် ရောက်ရှိလာသည်ထင့်။ နေ့လယ်ကတစ်ခါ ဖျတ်ခနဲ နိုးသေး





သည်။ ကလေးငိုသံကြားရသည်ဟု ထင်ခဲ့သည်။

ယခုလည်း. . . .

ဒေါ်စိန်နှင့် မိညိုသည် ထမင်းဟင်း ပြင်ဆင်ထားသော ဗန်းများကို ကိုင်ပြီးအလာ တံခါးက ပွင့်ကျန်ရစ်ခဲ့သည်။

သေချာသည်။ ကလေးငိုသံ။

မွေးကင်းစ ကလေး၏ ငိုသံ။

"ကလေးအသံ မကြားရအောင် ထားပါဆိုမှ ဒေါ်စိန်၊ ဦးအောင်ဇေယျကို သွားပြော၊ ကလေးငိုသံ မကြားချင်ဘူးလို့"

သင့်ချောက်ချားစွာ ပြောလိုက်သည်။

မိညိုက. . . .

"သနားပါတယ် မမလေးရယ်၊ သားလေးက နို့ဆာလို့ ငိုနေရှာတာ၊ နို့ဘူးလဲ မစို့ဘူး"

"သူ့ အဖေကော"

"ရှိတယ် ဆရာလဲ တိုက်တယ်၊ ဆရာမလဲ တိုက်တယ် မရဘူး"

"ဟုတ်တယ် သမီး၊ တိုက်လိုက်ပါလားကွယ် နို့လဲသက်နေတာပဲ၊ ကလေးကနို့ဆာလေ သမီးနို့သက်လေပဲဖြစ်မှာ"

"ဟင်. . ."

သင့် အံ့သြခြင်းနှင့်တူ ရင်၌လည်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"ဟုတ်ပါရဲ့ နို့တွေ နှမြောစရာကြီး အဟိ"

မိညိုက ပေါကြောင်ကြောင်မျက်နှာပေးဖြင့် ဝင်ပြောရာ



www.burmeseclassic.com

www.burmeseclassic.com



သင့်က စိတ်ရှုပ်ထွေးစွာဖြင့်. . .။

"ခေါ်ခဲ့လေ၊ ဒါပေမယ့် ကျွန်မနဲ့တော့ အတူမထားနဲ့နော်၊ နို့ဆာရင် တိုက်ပေးမယ်၊ နို့ဘူးတော့ ကျင့်ပေးကြာကြာ မတိုက်နိုင်ဘူး"

"ဟေး"

မိညိုက ခုန်ပေါက် ပြေးထွက်သွားသည်။

သင့် ရင်ခုန်ခြင်းကြီးစွာဖြင့် စောင့်စိုင်းနေမိသည်။

ရင်ခုန်ခြင်းဝေဒနာသည် ခုလိုအချိန်မျိုး အခြေအနေမျိုး၌လည်း ပေါက်ဖွားတတ်သည်ပင်။

စစ္စတာနော်အယ်စတာကိုယ်တိုင် အနှီးထုပ် ဖွေးဖွေးလေးကိုပိုက်လာသည်။

သင့် မျက်နှာနီရဲလာသည်။

"အားလုံးအပြင်ထွက်ပေးပါ"

ကလေးကို သင့်ရင်ခွင်သို့ အသာထည့်ပေးပြီး နော်အယ်စတာအပါအဝင် အားလုံးထွက်ခဲ့ကြသည်။

သင့် ကလေးကို ပိုက်ထားရင်း မျက်ရည်များက ကျလာသည်။

မိမိဘဝကို အနိုင်ယူကာရောက်ရှိ လာသူကလေးကို ပေးဆပ်ရမည့် တာဝန်တွေက မပြီးဆုံးသေးပါလားဟု။ ခံရခက်သောဝေဒနာရပ်နှင့် အတူငိုနေသော ကလေးအား နို့ချိုတိုက်ကျွေးလိုက်သည်။

ကလေးအငို တိတ်သွားသည်။





သင့်သည် ကလေးအား အံ့အားသင့်စွာဖြင့် ငုံ့ကြည့်လိုက်သည်။

အို. . . နီတာရဲ ကလေးကြီးက မျက်လုံးမဖွင့်ဘဲ နှုတ်ခမ်းရဲရဲကလေးသာ တပြွတ်ပြွတ်လှုပ်ရှားရင်း ငိမ်ကျနေပါလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၁)

"ဒါ သက်သက်လူလည်ကျတာ"

ဤစွဲချက်သည် သင့်၏ ရင်တွင်းမှ မဆဲ့သဖြင့် နှုတ်မှ ဖွင့်ဟာ အော်ပစ်လိုက်ရအောင် ဖြစ်သွားသည်။

"ဘယ်သူလဲ"

အောင်ဇေယျက ထုံးစံအတိုင်း သင့်အား ပြုံးတုံ့တုံ့ အမူအရာဖြင့် ကြည့်ကာ မေးလိုက်သည်။

သင့်က အခဲမကျေစွာ မျက်စောင်းထိုးရင်း. . .





"ရှင်ကြီးကော ရှင်ကြီးသားကော"

"ဘာဖြစ်လို့လဲကွာ"

အောင်ဇေယျ ရင်ထဲ၌ အလိုလိုကျေနပ်နေသည်။ သင့်သည် သားကို နို့ချိုတိုက်ပေးဖော်ရသည်။ ကလေး၏ ကိစ္စအဝဝ ကိုတော့ တာဝန်မယူ။ ကလေးအားလည်း နမ်းရှုပ်ခြင်း၊ သားဟု ခေါ်ခြင်းတော့ လုံးဝမရှိချေ။

အောင်ဇေယျက မသိဟန်ပြုပြီး မေးလိုက်သည့် စကား ကို သင့်ရုတ်တရက် ပြန်မဖြေဘဲ တစ်နေရာကို ငေးကြည့်နေ သည်။

ပြာလွင်သော မိုးကောင်းကင်တို့ဖြစ်သည်။ တိမ်တောင် တိမ်လိပ်တို့ တလိပ်လိပ်တက်ကာ ကောင်းကင်၏ အလှတရား ကိုဖြည့်စွက်တန်ဆာဆင်နေသည်။

"သင့် ဖြေလေ"

"ရှင်ကြီးကလေးက နို့ဘူးမစို့တာ လူလည်ကျတာပဲ"

"အခုခတ်ကလေးတွေရဲ့ အာရုံကြောတွေဟာ ဖွံ့ဖြိုးမြန် တယ်၊ ငါလေ့ကျင့်ပေးပါတယ်၊ နို့ဘူးကို လျှာလေးနဲ့ တွန်းထုတ် တယ်၊ ခေါင်းကို လွှဲဖယ်ပြီး ရှောင်ပစ်တယ်၊ ပြီးတော့ ငိုပြီး. . ဆန္ဒပြတယ်"

သင့် မကျေနပ်နိုင်။ ဒါသင့်ကို ဒင်းအနိုင်ယူဖို့ကြံစည်ေ နေတာ။

"ဘယ်မှာလဲ ကွာရှင်းစာချုပ်"

"အဆင်သင့်ပါပဲ၊ ဝယ်ပြီး ရိုက်ခိုင်းထားတယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တရားသူကြီးကမှ လက်မှတ်မထိုးပေးဘူး"

"ဟင် ဘာဖြစ်လို့လဲ"

"မွေးဖွားပြီးစ သွေးနုသားနု မိန်းမကို ကွာရှင်းပြတ်စဲပေးတယ်ဆိုတာ အကြင်နာတရား သိပ်ခေါင်းပါးလွန်းတဲ့ ဖြစ်ရပ်တဲ့၊ သူတို့မထိုးပေးနိုင်ဘူးတဲ့၊ မင်းလဲ ကွာမပေးပါနဲ့၊ မင်းဇနီးကိုစောင့်ရှောက်ပါဦး၊ သူ မီးထွက်မှ သူ့ဆန္ဒအရ ဆုံးဖြတ်ပါစေတဲ့လေ၊ အဲဒီတော့ ငါဘာလုပ်ရမှာလဲ၊ သက်သေတွေကလဲ ဘယ်သူမှ လိုက်ပေးမှာမဟုတ်ဘူး၊ မင်းကျေနပ်အောင် ငါဆောင်ရွက်ပေးချင်ပေမယ့် မဖြစ်သင့်သေးဘူး၊ နည်းနည်းအေးလာပြီ၊ မိညိုရေ အနွေးထည် ယူခဲ့ပါဦး"

အောင်ဇေယျ သင့်ကို ကိုယ်ဝန်ဆောင်မိခင်ကဲ့သို့ပင် ယခုလည်း ပြန်ဂရုစိုက်သည်။

သင့်က ဝရန်တာရှိ ဒရင်းဘတ်ကလေးပေါ်တွင် ထိုင်နေသည်။ ခြေတင်ထိုင်နေသဖြင့် သူမချွတ်ထားသော ဖိနပ်ကလေးကိုကြည့်မိကာ အောင်ဇေယျ သက်ပြင်းခိုးချလိုက်မိသည်။

ရှားရောင် ကတ္တီပါ အမွေးတုံးနေသော်လည်း မပြတ်သေးသော ပန်းလက်ဝါးတံဆိပ် မန္တလေးဖိနပ်လေးပင်။ ထိုဖိနပ်မျိုးတစ်ဒါဇင်မှာပြီး သူသိမ်းထားပေးခဲ့သည်။ သင့် သည်အစွဲအလမ်းကြီးလွန်းသည်။ ထိုအစွဲအလမ်းကို သားကမှချွတ်နိုင်ပါ့မလားဟု အောင်ဇေယျ စိုးထိတ်နေသည်။

"ဆရာ အနွေးထည်"

မိညိုလာပေးသော အနွေးထည်ကို ယူကာသင့်အား





ကမ်းပေးလိုက်သည်။ သင့်က လှမ်းမယူသောအခါ ပေါင်ပေါ်သို့ တင်ပေးလိုက်ပြီး . . .

"သွေးနုသားနုအချိန်မှာ လေးစိမ်းအတိုက်ခံလို့ မဖြစ်သေးဘူး၊ မင်းအလုပ်လုပ်ချင်တယ်ဆိုရင် ကျန်းမာဖို့ အရေးကြီးတယ်၊ ပြီးတော့ ခုချိန်မှာ ခေါင်းကိုက်ဝေဒနာရအောင် ဟိုတွေးဒီတွေးမလုပ်နဲ့၊ မီးယပ်ခေါင်းကိုက်စွဲတတ်တယ်"

"ဟင် ရှင်ကြီးက သိလှချည်လား"

"သိဆို မင်းအတွက် လိုအပ်မယ်ထင်လို့ ဘွားဘွားကို ဟိုမေး ဒီမေးလုပ်ထားတာကိုး၊ ဘာပဲဖြစ်ဖြစ် ငါ့အတွက် သားတစ်ယောက်မွေးဖွားပေးနိုင်တဲ့ မင်းကိုငါက ကျေးဇူးတင်တဲ့အနေနဲ့ စောင့်ရှောက်သင့်တယ်ထင်လို့ ငါအကုန်မေးထားတာ"

"ဘယ်သူ့ကိုလဲ ရှင့်စက္ကုရီတေရီကိုလား"

အောင်ဇေယျက သူ့နဖူး သူ ပြန်ရိုက်ကာ. . .

"သေလိုက်ပါတော့ သူ့ကိုဘာကိစ္စမေးရမှာလဲ၊ လုပ်ငန်းကိစ္စကလွဲပြီး ငါက သူ့ကို ကိုယ်ရေးကိုယ်တာတွေပြောနေမယ်လို့ မင်းထင်မြင်ယူဆခဲ့သလား"

"ဒါပေမယ့် ဘယ်သိနိုင်မလဲ၊ ဒါထားပါ ကျွန်မကိစ္စ မဟုတ်ပါဘူး သိလဲ မသိချင်ဘူး"

"မင်း မသိချင်ပေမယ့် ငါပြောပြပါ့မယ်၊ ငါ ဘွားဘွား၊ အန်တီ၊ ဒေါ်စိန်တို့ကို မေးမြန်းပြီး မင်းနဲ့ငါ့သားကို အမြဲစောင့်ရှောက်နေတာပါကွာ၊ အဲ. . ဆရာမနော်အယ်စတာကိုတော့ မေးမိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နော်အယ်စတာဆိုမှ သင့်သည် နော်အယ်စတာ၏ ဖြူဖြူသန့်သန့်ချောချော၊ ထောင်ထောင်မောင်းမောင်းနှင့် ကရင်တိုင်းရင်းသူပီပီ လေးထောင့်ကျကျ မျက်နှာဖြင့် ဖော်ရွေသော အပြုံးရှိသူဟု သတိပြုမိကာ. . . .

"ဆရာမနဲ့ ရှင်ကြီး တော်တော်ရင်းနှီးနေပြီလား"

သင့် မနာလိုဝန်တိုစိတ်ဖြင့် မေးခြင်းဟု အောင်ဇေယျ ယူဆကာ. . .

"ဆိုပါတော့"

အောင်ဇေယျက မလုံ့မလဲဟန်ဖြင့် ပြောလိုက်သည်။

သင့်က အားတက်သရော. . . .

"ဒီလိုဆို အိုကေတာပေါ့၊ ရှင်ကြီး ဆရာမကို ယူလိုက်ပါလား၊ ရှင့်ကလေးအတွက် အဆင်ပြေသွားတာပေါ့"

"ဟာကွာ မင်းဒီစကား ဒီမှာရပ်ထား၊ တစ်ယောက်ယောက်ကြားသွားလို့မှ မသင့်တော်တဲ့စကား၊ ဒီမှာသင့် ငါ့သားကို ငါပဲအဖေ၊ ငါပဲအမေအဖြစ်နဲ့ ပြုစုဖို့ရာဝန်လေးတဲ့ လူစားမျိုးမဟုတ်ဘူး၊ ဒါပေမယ့် ကလေးဟာ ခုချိန်မှာ သူအလိုအပ်ဆုံး၊ အလိုချင်ဆုံးအရာဟာ မိခင်နို့ချိုဖြစ်နေလို့ပါ၊ ကလေးနို့ဖြတ်နိုင်သွားရင်တော့ မင်းသဘောပဲ"

သင့်မကျေမနပ်ဖြစ်သွားကာ 'ဒါတော့ ကျွန်မကိုတစ်ဆင့်ပြီးတစ်ဆင့် ချည်နှောင်ရစ်ပတ်နေတာ၊ အဲဒီလိုဖြစ်ရတာ ရှင်ကြီးကြောင့်ပဲ' ဟု စွပ်စွဲခြင်းကို အောင်ဇေယျ အပြုံးမပျက်နေလိုက်သည်။





ဘယ်လိုနည်းဖြင့် မှောက်မှားခဲ့သည်ဖြစ်စေ မိမိသည် ယောကျ်ားဖြစ်ခြင်းကြောင့် မိမိ၌သာ တာဝန်အရှိဆုံးဖြစ်သည်။ အမှန်တော့ ကာမပိုင်လင်ယောကျ်ား တစ်ဦးအနေဖြင့်လည်း ဒီကိစ္စသည်မှားယွင်းခြင်းမဟုတ်။

မှားယွင်းသည်က ကတိကိုချိုးဖောက်ခဲ့မိခြင်းသာ အမှားဖြစ်ခဲ့သည်။ နှမလေးတစ်ယောက်သဖွယ် သူမဘဝကို စောင့်ရှောက်ပြီး ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးသွားမည်။ သူမ သိပ်ဖြစ်ချင်နေသော ပိသုကာပညာရှင်တစ်ဦး ဖြစ်သွားပါက သူမ၏ နှလုံးသား၌ ဖြစ်ပေါ်လာမည့်အချစ်ကိုသာ သူတောင်းခံရန်ရည်စူးခဲ့သည်။ ယခုတော့. . .

အောင်ဇေယျ သက်ပြင်းသဲ့သဲ့ ချလိုက်သည်။

ဒါကို သင့်က ကြားသွားပြီး. . . .

"ရှင် ဘာငြင်းချင်သေးလို့လဲ"

"မငြင်းပါဘူး မင်းစိတ်ချမ်းသာသလို ယူဆနိုင်တယ်သင့်. . ၊ ဒါပေမယ့် မင်း ကွန်ပျူတာကို မကိုင်ရသေးဘူး၊ မျက်လုံးထိခိုက်မယ်"

"ကလေးကလဲ မွေးပြီးတာတောင် လိုက်နာရတဲ့ စည်းကမ်းချက်တွေက မပြီးနိုင်သေးပါလား၊ စားချင်တာ မစားရလုပ်ချင်တာမလုပ်ရ"

"ဒါကြောင့် မြင်းမိုရ်တောင်ထက် မြင့်မားပြီး ကျေးဇူးတရားဆပ်လို့မကုန်နိုင်အောင် ကြီးမားတယ်ဆိုတာ မိခင်ရဲ့မေတ္တာတရားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ. . . တော်ပြီ၊ ကျွန်မအိပ်ချင်ပြီ"

သင့်က ထ၍သူမအိပ်ခန်းဘက်သို့ လျှောက်သွားလေသည်။

သို့သော် သူမ၏ခြေလှမ်းသည် အိပ်ခန်းနှစ်ခု ယှဉ်လျက်သားရှိသော နေရာအရောက်တွင် ခြေလှမ်းတုံ့ဆိုင်းသွားသည်ဟု အောင်ဇေယျအကဲခတ်မိပါသည်။

သားထံမှ တုံ့ပြန်မှုတစ်ခုခုကို သူမနားစွင့်နေခြင်းလား။

နှစ်ပတ်ဆိုသော ကာလသည်မိခင်နှင့် သားကြား၌ကူးလူးယှက်သန်းနှောင်ဖွဲ့မှုတွေ ရှိသင့်သလောက် ရှိနေပြီဟု. . . အောင်ဇေယျသည် ယုံကြည်မျှော်လင့်ရင်း သင့်အားမျက်တောင်မခတ်တမ်း ငေးကြည့်နေမိသည်။

သင့် ခြေအစုံရပ်လိုက်သည်။

စက္ကန့်အနည်းငယ်အတွင်း ပြန်လည်လှုပ်ရှားကာ သူမ၏အခန်းအတွင်းသို့ ဝင်သွားပြီးတံခါးကို စေ့ထားလေသည်။

အောင်ဇေယျ သက်ပြင်းမောတစ်ချက် ရှိုက်လိုက်မိလေသည်။ ငယ်လွန်းလို့ပါဟု ခွင့်လွှတ်ထားရသော်လည်း မိခင်မေတ္တာသည် အသက်အရွယ် အပိုင်းအခြားနှင့် မဆိုင်ဘူးဟု အောင်ဇေယျနားလည်ပါသည်။ သို့သော် သင့်ကတော့. . .







# အခန်း(၃၂)

သင့် အိပ်၍မရ။ သင့်အတွက်ငှားထားသော သူနာပြုဆရာမကို သင့်က မွေးပြီးတစ်ပတ်က ပြန်လွှတ်လိုက်သည်။

စစ္စတာ နော်အယ်စတာနှင့် ကလေးက တစ်ခန်းအိပ်သည်။ သင့်က တစ်ခန်း။ သို့သော် သင့်သည် ကလေးအခန်းသို့ ဘယ်သောအခါမှ မသွား။

မည်သို့ဆိုစေကာမူ သင့် နို့သက်လာချိန်တိုင်း ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကိုပွေ့ချီကာ နော်အယ်စတာ ရောက်လာတတ်သည်။

သုံးပတ်ကျော်လာသည့်နောက် ကလေးသည် သင့်အား နို့စို့ရင်း ကြည့်တတ်လာပြီ။

သင့် တုန်ရှူပ်ပြီးရင်း တုန်လှုပ်လာပြီ။ ကလေး၏အကြည့်သည် အင်မတန်ကြီးမားသော စွမ်းအားတွေပါနေပြီ။ အမြဲတစေ ဆုပ်ထားတတ်သော လက်သီးဆုပ်လေးက လှုပ်လှုပ်ရှားရှားနှင့် သူ၏သားမြတ်ကို တွန်း၍ ထိခတ်စပြုလာသည်။ လက်များကို အနီးဖြင့် ထုပ်ပိုးထားခြင်းကို မကြိုက်တော့။

သင့် သက်ပြင်းချလိုက်သည်။

ဤအနှောင်အဖွဲ့ကနေ သူမည်ကဲ့သို့ ရုန်းကန်ရမည်နည်း။

သူ၏ နို့ရည်ချိုမှတစ်ဆင့်၊ သူ၏ချစ်ခြင်းမေတ္တာတွေကိုပါ ဤကလေး စုပ်ယူနေလေရော့သလား။

ကလေးကို တစ်ခါမှ မနမ်းရှိုက်ဖူးသေးချေ။

ကလေးက သူ့အားကြည့်နေသည်။ ပြာလဲ့သောမျက်လုံးပေါ်မှ မျက်ဆံနက်ကလေးက သူ့ကိုနို့ချိုတိုက်ကျွေးသောသူအား မှတ်သားနေလေရော့လား။

"ဘာကြည့်တာလဲကွ၊ မကြည့်နဲ့ မင်းအကြည့်တွေကို ငါကြောက်တယ်"

သင့်က မနေသာဘဲ လှမ်းစကားပြောလိုက်သည်။

ကလေး၏ မျက်ဝန်းက ပြုံးယောင်သန်းလာသလားဟု သင့်ထင်မှတ်လိုက်သည်။





သင့် သက်ပြင်းချလိုက်သည်။

"မင်းလူလည်မကျနဲ့သိလား၊ မင်းကိုငါ နို့မတိုက်ချင်တော့ဘူး၊ မင်း နို့ဘူးစို့တော့"

ကလေးက ဘာကိုသဘောပေါက်သည်မသိ၊ နို့ကို ငုံရုံသာငုံထားပြီး မျက်လုံးအိမ်ငြိမ်သက်ခြင်းဖြင့် သင့်အား စိုက်ကြည့်နေသည်။

"ဪ မင်းကနားစွင့်နေတယ်ပေါ့၊ ဟုတ်တယ် လူကြီးမင်း၊ ကျွန်မပြောတာ ကြားတယ်နော်၊ ရှင် နို့ဘူးပြောင်းစို့တော့၊ ရှင့်ကို ကျွန်မ နို့ဆက်မတိုက်နိုင်တော့ဘူး"

သင့်က ကလေးအားကြည့်ကာ တတွတ်တွတ် ပြောနေသည်။

ကလေးက မျက်လုံးမှိတ်ကာ နို့ကိုသာ တပြွတ်ပြွတ်နှင့် ပြန်စို့လေသည်။

"ဪ မင်းကနို့မဖြုတ်ဘူးဆိုတဲ့သဘောပေါ့၊ ဒီလိုဆို မင်း ငါနဲ့မတူဘူး၊ ငါက ခြောက်လနဲ့ အမေနို့ကို မစို့တော့ဘူးတဲ့ မင်းက ဘယ်ထိစို့မှာလဲ၊ မင်းအဖေဟိုလူကြီးလို နှစ်နှစ်ထိ စို့မှာလား၊ ဆောရီးပဲ မောင်မင်း၊ မင်းကို ငါ. . ."

သင့် စကားဆက်၍မရတော့၊ ကလေးက အိပ်ချင်မှုးမှူး မျက်လုံးလေးကို အားယူဖွင့်သော်လည်း နောက်ချက်ချင်းပင် မင်းကျကာ ပြန်မှိတ်သွားလေသည်။ နို့စို့ခြင်းမှလည်း ဖေး၍ဖေး၍သွားကာ ငြိမ်သက်သွားလေသည်။

သင့်သည် ငြိမ်သက်ကာ မှင်တက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သင့် ဤကလေးကို လက်မြောက်အရှုံးပေးလိုက်ရတော့လား။ ဤကလေးအတွက် သင့်ဘဝကို မြှုပ်နှံလိုက်ရတော့မလား။

မဖြစ်ဘူး၊ မဖြစ်ဘူး၊ သင့် မည်သူ့ကိုမှ လက်မြောက်အရှုံးမပေးနိုင်။

သင့် မိဖုရားအဖြစ်ကို မလိုချင်။ ကိုယ်တိုင်ပဲ ဘုရင်မဖြစ်ချင်သည်။

သင့် ကလေးပါးစပ်ကို အသာဖြုတ်ကာ အင်္ကျီကို ဆွဲဖုံးလိုက်ပြီးနောက် ခုတင်ပေါ်မှ ဆင်းကာ ကလေးကို သူ့အိပ်ခန်းသို့ သွားပို့လိုက်သည်။

စစ္စတာ နော်အယ်စတာက ချက်ချင်းပင် ကလေးကို လွှဲပြောင်းယူကာ ခုတင်လေး၌ ချသိပ်လေသည်။

သင့် ချက်ချင်းပင်ပြန်ထွက်ခဲ့သည်။ အခန်းဝရောက်မှ တစ်စုံတစ်ခုကို သတိရလိုက်သည်။

သင့် ပြောရန်သင့်မသင့် ချိန်စလိုက်သည်။ သင့်အသံကြောင့် ကလေးမနိုးနိုင်ဘူးဟု သင့်ယုံကြည်ကာ. . .

"ဆရာမ ကျွန်မစကားနည်းနည်းပြောချင်တယ်၊ က လေးထားခဲ့လို့ ရမလား"

"ဟုတ်ကဲ့ ရပါတယ်"

သင့်အနီးသို့ စစ္စတာ နော်အယ်စတာက ညင်သာစွာ လျှောက်ခဲ့သည်။

"ကလေးကို နို့ဘူးနဲ့ ကျွေမပေးကြည့်ဘူးလား"





"အစက ကျွေးပါတယ်၊ သင့် နို့မတိုက်ခင်ပေါ့၊ အဲဒီတုန်းကတောင် လက်မခံတဲ့ကလေးဟာ အခု မိခင်နို့ချိုရဲ့အရသာကို သိသွားပြီးမှတော့ သာပြီးတော့တောင် မရတော့ဘူး"

"ဒုက္ခပါပဲ၊ ကျွန်မ နို့ဖြတ်ချင်ပြီ"

"အို ဘာဖြစ်လို့လဲ သင့်ရယ်၊ ကလေးဟာ သိပ်ငယ်ပါသေးတယ်"

"ကျွန်မ တစ်လခွဲဆိုရင် ထွက်ပြီးအလုပ်လုပ်တော့မယ်"

"ဟင်. ."

စစ္စတာနော်အယ်စတာက အံ့အားသင့်သွားသည်။ ဤမျှချမ်းသာသော သူဌေးကတော်တစ်ယောက်ဟာ ထွက်ပြီးအလုပ်လုပ်မယ်ဆိုသော စကားသည် ယုံတမ်းစားသဖွယ် ဖြစ်နေသည်။

"ဆရာမ မယုံဘူးလား"

"ဟို သူဌေးကတော် တစ်ယောက်အနေနဲ့ အလုပ်လုပ်စရာ လိုသေးလို့လား"

"လိုတာပေါ့ ကျွန်မ ကျောင်းလဲဆက်တက်မယ်၊ အလုပ်လဲလုပ်မယ်၊ ကျွန်မဘဝကို ကျဉ်းမြောင်းတဲ့ အိမ်တစ်အိမ်မှာ အိမ်ရှင်မ တစ်ဦးဘဝအနေနဲ့ အကျဉ်းချမထားနိုင်ဘူး ဆရာမ"

"မိခင်ကောင်းတစ်ဦးအနေနဲ့ သားသမီးတွေရဲ့ နောင်ရေးအတွက် အနစ်နာခံ ပြုစုပျိုးထောင်ပေးလိုက်လို့ ကိုယ့်သားသမီးတွေဟာ လူတော်လူကောင်းအဖြစ်နဲ့ နိုင်ငံအကျိုးသယ်ပိုးနိုင်သူတွေ ဖြစ်သွားရင် အဲဒီမိခင်ဟာလဲ ဂုဏ်ယူလေးစားထိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အမေပါပဲ၊ တကယ့်ကို လက်ဦးဆရာပီသတဲ့၊ နိုင်ငံရဲ့ သား ကောင်းမိခင် တစ်ဦးပါလို့ သင့် နားလည်ကြည့်ရင် မိခင်တစ်ဦး၊ အိမ်ရှင်မတစ်ဦးရဲ့ဘဝဟာ ကျဉ်းမြောင်းနိမ့်ကျတဲ့ဘဝမျိုး မဟုတ် ပါဘူးလို့ ကျွန်မထင်ပါတယ်"

သင့် နားတွင်းသို့တော့ ထိုစကားစုတွေ ဝင်ရောက်လာ ပါသည်။

သို့သော် သင့်ဦးနှောက်မှ အစွဲအလမ်းကိုတော့ မချွတ် နိုင်ပါချေ။

"ကျွန်မ ရည်မှန်းချက်နဲ့ ကျွန်မကိုယ်တိုင်ပဲ အလုပ်လုပ် ချင်တယ်၊ ဒါမှ ကျွန်မကျေနပ်နိုင်မယ်၊ ကျွန်မ ဘယ်သူ့အတွက် မှာ အနစ်နာမခံနိုင်ဘူး"

အင်မတန် တစ်ယူသန်သောစကားကို ပြောနေသော သင့်အား နော်အယ်စတာ အံ့အားသင့်စွာ ကြည့်လိုက်သည်။

သူဌေး၏ အလိုလိုက်ခြင်းကြောင့် အင်မတန် စိတ်ထင် တိုင်းကြဲနေပုံရသော သင့်အား လက်မြှောက်ရမလို ဖြစ်သွား သည်။ သို့သော်. . .

"သင့် သဘောပဲ သင့်က နို့ဘူးကျွင့်ဆိုတော့လဲ ကျွန်မ ကျွင့်ပေးပါမယ်၊ ဒါပေမယ့် ကျွန်မ တွေ့ကြုံရသမျှတော့ကလေး တွေဟာ မိခင်နို့ချိုကလွဲရင် နို့ဘူးကို မမက်မောတတ်သလို နို့လဲ မစို့ချင်ကြဘူး၊ ဒါပေမယ့် ငါ့ဝမ်းပူဆာ မနေသာတဲ့အခါတော့ လည်း စို့ကြလိမ့်မယ်၊ သားလေးကိုတော့ အငိုခံရမှာပဲ"

"အငိုခံရမယ်"





ဤစကားသည် သင့်ရင်တွင်း စိုးထိတ်မှုကို ဖန်တီးပေး နိုင်စွမ်းရှိလိမ့်မည်ဟု သင့် မမျှော်လင့်ခဲ့ပါ။

"ဟုတ်တယ် သားဟာ မိခင်နို့ မဟုတ်မှန်းကို နို့ဘူးနဲ့ ထိတွေ့တာနဲ့ သိတယ်၊ အဲဒီအခါ ဒေါသထွက်ပြီး ငိုမယ်၊ ဆာ လောင်ပြီး ငိုလိမ့်မယ်"

"ဘယ်အတိုင်းတာထိ ငိုနိုင်သလဲ"

"ဒေါသကြီးတတ်သူဆိုရင် တတ်မတတ် ချက်မတက် အထိပေါ့"

"အို"

သင့် အာရုံအတွင်းသို့ ပြာနှမ်းသွားသည်အထိ ငိုကြွေး နေသောကလေး၏ ပုံရိပ် မြင်ယောင်လာသည်။ ထိုအခါ သင့် လက်မခံနိုင်အောင် ဖြစ်သွားသည်။

"ကျွင့်တော့ ကျွင့်ကြည့်တာပေါ့ ဆရာမရယ်၊ သိပ်တော့ အငိုမခံပါနဲ့ ကျွန်မရှိနေတာပဲ"

သင့် စိတ်ကို တစ်ထစ်လျှော့ချလိုက်သည်။

ကလေးမှာ အပြစ်မရှိဘူးဟုတော့ သင့် လက်ခံသည်။ အပြစ်မဲ့သော ကလေးတစ်ဦး ဒုက္ခနှင့် ရင်ဆိုင်ရခြင်းကို သူလက် မခံနိုင်။

"ဒါပါပဲ ဆရာမ၊ ကလေးနားကို သွားနေလို့ ရပါပြီ"

စစ္စတာ နော်အယ်စတာက ပြုံးကာ ကလေး၏ အိပ်ခန်း တွင်းသို့ ပြန်ဝင်သွားသည်။

ကလေးနှင့် ပတ်သတ်၍ သင့်၌ မိခင်စိတ်တွေ [illegible]



www.burmeseclassic.com

www.burmeseclassic.com



နေသည်ကို အတွေ့အကြုံ ရင့်ကျက်နေပြီဖြစ်သော ဆရာမ တစ်ဦးအဖို့ သဘောပေါက်ပါသည်။

သို့သော် သင့်က သူမ၏ အစွဲအလမ်း တစ်ယူသန်စိတ်ကို မစွန့်လွှတ်နိုင်သေး။

ဦးအောင်ဇေယျကလည်း သင့်အပေါ် အလိုလိုက်ခြင်း ကလွဲ၍ သင့်အား သူ့ဘက်ပါအောင် သိမ်းသွင်းနိုင်မှု နည်းနေသည်ဟု ကြားလူအနေဖြင့် သူမအကဲခတ်မိလေသည်။

သို့သော် အလုပ်ရှင်တွေအား သူမကြားဝင်ပြောရန် မသင့်တော်သဖြင့် မျိုသိပ်ပြီး မိမိ၏အလုပ်တာဝန်ဖြစ်သော ကလေးကိုသာ ဂရုစိုက်လျက် အချိန်ကုန်ဆုံးစေခဲ့သည်။

သူမ၏ ဆန္ဒကတော့ မိသားစုတစ်စု၏ ပျော်ရွှင်ချမ်းမြေ့ခြင်းကို မြင်လိုသည်တော့ အမှန်ပင်။







# အခန်း(၃၃)

အောင်ဇေယျက သင့်အားခိုးကြည့်လိုက်သည်။ ဒေါ်ခိန့်မိညိုနှင့် စစ္စတာ နော်အယ်စတာတို့ စကားအရဆိုလျှင် သင့်သည်သားလေးအား အငိုမခံတတ်ဘဲ နို့ချိုကို မပြတ်တိုက်တွေ့တတ်သည်ဟု. . .။

အောင်ဇေယျ ဝမ်းသာနေသည်။ ရင်မှာသာ တလှပ်လှပ်ခုန်ပြီး ကိုယ့်မိန်းမကို လူပျိုပြန်လှည့်နေရသည့် အကြိမ်များ ကြုံ

www.burmeseclassic.com



တွေ့ရသည်။

မမျှော်လင့်ဘဲ သင့်၏ သူငယ်ချင်းများ ရောက်ချလာလေသည်။

"ရှင့် ဗိုက်အယ်စတုံကြီး မွေးလောက်ပြီလို့ ခန့်မှန်းပြီး ခရီးက ပြန်ရောက်ရောက်ချင်း တန်းလာတာ"

ဝါဝါမော်နှင့် အေမီက ကလေးအတွက် ဝယ်လာ သော အရုပ်များ၊အင်္ကျီများထည့်ထားသော အိတ်များကို စားပွဲပေါ် တင်လိုက်ပြီး သင့်အား ပြောလိုက်သည်။

"ဘာလေးလဲ"

"ယောက်ျားလေး"

"ရှင်ကတော့ တစ်သားမွေး တစ်သွေးလှပဲ"

"ဟုတ်ပ့ါတော် မျက်နှာကြီးကလဲ ဖောင်းအိနေတာပဲ၊ သူ့သားကို သူဘယ်လောက် ဂရုစိုက်ထားသလဲ မသိဘူး၊ ဘယ်မှာလဲ သားသား"

သူငယ်ချင်းကတောင် သားလေးဟု ခေါ်ကြသော် လည်း သင့် နှုတ်ဖျားကတော့ ယနေ့တိုင် သားဟု ထွက်မလာ ခြင်းကို အံ့အားသင့်နေသည်။

"ရှင်တို့ ကျူပ်လိပ်စာ ဘယ်ကရသလဲ"

"ရှားလော့ဟုမ်းကိုငှားပြီး စုံစမ်းလို့ပေါ့"

ငယ်ရွယ်သူများ၏ လွတ်လပ်ပျော်ရွှင်နေမှုကို အောင် ဇေယျ နားလည်ပါသည်။ ထို့ကြောင့် သင့်အားလွတ်လွတ်လပ် လပ် ပျော်ပျော်ရွှင်ရွှင်ပဲ နေစေချင်ပါသည်။





မိခင် အိမ်ရှင်မတစ်ဦး၏ တာဝန်ဝတ္တရားများပြားမှုမျိုး ဖြင့် တာဝန်မပိနေချင်ပါ။

ထို့ကြောင့် သင့်အား တတ်နိုင်သရွေ့ လွတ်လပ်စွာ နေထိုင်စေသည်။

သင့်က လွတ်လပ်ပျော်ရွှင်ပုံမရဘဲ အေးတိအေးစက်ဖြင့် ထိုနေရာ. . . .

"ဟော့ကောင်. . သင့်၊ သားဘယ်မှာလဲ ကျုပ်တွေ့ချင် ပြီ. . ."

သင့်၏ အမူအရာသည် လေးလံ ထိုင်းမှိုင်းနေသည်ဟု အောင်ဇေယျ ယူဆလိုက်သည်။ တစ်ဆက်တည်း သူကထွက် တွေ့လိုက်လျှင် သင့် မည်ကဲ့သို့ ဖြစ်သွားနိုင်သနည်း။

အောင်ဇေယျ စဉ်းစားကာ စာကြည့်ခန်း၌ ငြိမ်သက် နေလိုက်သည်။

"မိညိုရေ. . ကလေးခေါ်ခဲ့ဟေ့"

အောင်ဇေယျ ရင်ထဲ နင့်ခနဲ ဖြစ်သွား၏ 'ကလေးတုန်း ပါလား' 'သားလေး' ဟူသော ခေါ်သံကို သူဘယ်တော့ကြား ရမည်နည်း။

"သားလေးအိပ်နေပါတယ် မမလေး"

"ဒါဖြင့် အခန်းထဲ ဝင်ကြည့်မယ်ဟာ"

သူငယ်ချင်းများက ဖွတ်ပင် ထလိုက်သဖြင့် သင့်လည်း မလွဲမရှောင်သာ ထလိုက်သည်။

"သင့် ရှင့်သားက ရှင်သွေးဆိုတော့ ခပ်တည်တည်ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား ယောက္ခမကြီး"

"ဒါထက် ယောက္ခထီးကြီးကော မမြင်ပါလား၊ ဘယ်ကြွသလဲ"

အောင်ဇေယျကိုပါ ယောက္ခထီးဟု သုံးနှုန်းလိုက်ခြင်းကို အောင်ဇေယျ ပြုံးလိုက်မိသည်။

အောင်ဇေယျ လုပ်နေသော အလုပ်ပေါ်၌ စိတ်မဝင်စားနိုင်ချေ။ သင့်နှင့် ပတ်သတ်၍ သူ မည်ကဲ့သို့ စည်းရုံးရမည်ကို မသိနိုင်အောင် ဖြစ်နေသည်။

မိခင်မေတ္တာတရားကိုဆိုသည်မှာ သွေးဆောင်ဖြားယောင်း၍ရသော အရာတစ်ခု မဟုတ်ဟု သူထင်သည်။

ထို့အတူ သူလိုချင်သောအချစ်သည် ပုံစံသွင်းယူရသော အချစ်မျိုး မလိုချင်။

သူမနှင့် သူမ၏ သူငယ်ချင်းများ သားလေး တွယ်တာဦးထားရှိရာ အခန်းတွင်းသို့ ရောက်ရှိသွားချိန်၌ သူတိတ်တဆိတ် ထွက်ခဲ့သည်။

သင့် ကွန်ပျူတာလေ့ကျင့်ရန်လာလျှင် သူရေးထားခဲ့သောစာကိုမြင်လိမ့်မည်။ ထိုအခါ သင့်မည်ကဲ့သို့ ဆုံးဖြတ်မည်ကို သူစောင့်ကြည့်ရလိမ့်မည်။

အောင်ဇေယျသည် ပြတ်သားသော ဆုံးဖြတ်ချက်နှင့် အတူကားပေါ်သို့ တက်လိုက်သည်။

"ဟယ် ရှင့်သားက တော်တော်ချောမယ့်ပုံပဲ"

"ဟုတ်ပ့ါ နှာတံလေးကို စင်းလို့၊ အမယ် အခုကတည်း





က မျက်ခုံးပေါ်နေပြီ ကြည့်စမ်း နှုတ်ခမ်းနှစ်လွှာကလဲ အိပ်နေတာတောင် ပြုံးယောင်သမ်းပြီး စကားကြွယ်မယ့် နှုတ်ခမ်း"

"အေးဟဲ့ အသားကလဲ အတော်ဖြူမယ့်အသား၊ သူ့အမေလို နို့နှစ်ရောင် အသားမျိုးဆိုတော့ အသားနဲ့တင် စားဦးမယ်"

"ဟုတ်တယ် ဒါတောင် မျက်လုံးဖွင့်ပြီး ကြည့်တော်မမူသေးလို့၊ ကြည့်လိုက်လို့ကတော့ ကျုပ်တို့ တစ်ခါတည်း ကြွေသွားမှာ ကျိန်းသေတယ်"

သင့်က သူငယ်ချင်းများ စကားကြောင့် မနေသာဘဲ အိပ်ပျော်နေသော ကလေးကို ကြည့်လိုက်သည်။ ဤကလေး၏ ရုပ်သွင်သည် မိမိအမြဲမြင်နေကြဖြစ်၏။ ရုပ်ချောသလား၊ မချောသလားကို သင့် အကဲမခတ်ချေ။ သို့သော် ထိုရုပ်သွင်ကလေးသည် မိမိ၏ အမြင်အာရုံ၌ စွဲငြိနေသည်။

သင့်အံ့ကြည့်၌ ပြုံးသွားသော နှုတ်ခမ်း နီတျာတျာကလေးကြောင့်. . .

"အယ်တော့. . ပြုံးတယ်. . . ပြုံးတယ်"

"ဟဲ့ ပြုံးတာမဟုတ်ဘူး၊ နတ်သူငယ်မြူတာတဲ့"

"ရှင့်ကို ဘယ်သူပြောတာလဲ"

"ကျုပ်အဘွား ပြောတာပဲ"

"ချစ်စရာကောင်းလိုက်တာဟယ်၊ ယောက္ခမကြီး ကျုပ်တို့တော့ သားလေးကို တဝချီပြီးမှ ပြန်မယ်နော်"

"ရှင်တို့ကလဲ ကလေးနိုးသွားဦးမယ် လာကြ"

သင့် စိတ်ရှုပ်ထွေးစွာဖြင့် ဝါဝါမော်နှင့်အေးခိုတို့အား



www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်ခေါ်ကာ ပြန်ထွက်ခဲ့သည်။ သူတို့၏ ရှေ့၌ ကလေးနိုးလာပြီး ငိုကာ နို့ချိုတောင်းလျှင် အဘယ်သို့ပြုလုပ်ရမည်နည်း။

"ဟော ကားသံကြားတယ် ရှင့်ဘိုးတော်ကြီး ပြန်လာပြီထင်တယ်"

"ပြန်လာတာ မဟုတ်ဘူး၊ ထွက်သွားတာထင်တယ်"

"ဘယ်လိုလဲကွ စောစောက ရှိလျက်သားနဲ့ ကျုပ်တို့ကိုတောင် ထွက်မတွေ့ဘူးဆိုတော့ ရင့်လှချည်လား"

အေမီနှင့် ဝါဝါမော်တို့ တစ်ယောက်တစ်ပေါက် ပြောဆိုချက်နှင့် စွဲချက်များကို သင့်၌ တုံ့ပြန်ရန်စကားလုံးတို့ ရှာဖွေ၍ မတွေ့ရချေ။ သို့သော် ယခုအချိန်တွင်တော့ မျိုသိမ်ခံစားရသော စကားတို့ ပွင့်ထွက်လာသည်။

"ဟုတ်တယ် ကျုပ် ဒါကြောင့် သူ့ကိုကွာရှင်းပစ်ချင်နေတာ"

"ဟေ. . ဘာကြောင့်လဲ"

"ရှင့်ကို ဂရုမစိုက်တဲ့အတွက် ရှင့်အပေါင်းအသင်းဖြစ်တဲ့ ကျုပ်တို့အပေါ်မှာပါ ဂရုမစိုက်ဘူးဆိုတဲ့ သဘောလား"

သင့်ကို ဂရုစိုက်သလား၊ မစိုက်သလားဆိုသည်ကို သင့်ကိုယ်တိုင်အသိဆုံးပါ။ သို့သော် ထိုဂရုစိုက်မှုသည် သူကျူးလွန်မိသော အပြစ်အတွက် ကျေအေးမှုကို ရယူရန် ဟန်ဆောင်လိုက်လျောခြင်းကော မဖြစ်နိုင်ဘူးလား။

"ပြောလေ"

"မသိဘူးကွာ၊ ကျုပ် သူ့ကိုကွာချင်တယ်၊ ဒါပဲ ကျုပ်သိ





တယ်"

သင့်၏ ကိုယ်ရေးကိုယ်တာကိုသင့်မည်သူ့ကိုမှ ဖွင့်ဟ မပြောဖူးပါချေ။

"ရှင်တို့ အအေးသောက်လိုက်ဦးလေ၊ မုန့်လဲ စားဦး"

ဒေါ်စိန် စီစဉ်ပေးထားသော အအေးဘူးများနှင့် မုန့်များဆီသို့ မျက်စိရောက်သွားပြီး သင့် စကားလမ်းကြောင်းပြောင်းလိုက်သည်။

"ဘာပဲဖြစ်ဖြစ် သင့်ရယ် ရှင့်အတွက်ထက် ရှင့်သားအတွက်ကို ရှင်စဉ်းစားရတော့မယ်၊ ရှင်ဟာ မိခင်တစ်ယောက်ဖြစ်နေပြီပဲ"

သင့်ရင်ထဲက တလှပ်လှပ်လှုပ်ရှားလာသည်။ သင့် အင်မတန်ကြောက်ခဲ့သော အိမ်ရှင်မ၊ မိခင်နေရာကို သင့်လျင်မြန်စွာ ရောက်ရှိနေသည်။ ဤအရာခပ်သိမ်းသည် အိမ်မက်မဟုတ်ပါချေ။

သင့်အတွက် အိမ်မက်ဆိုး တစ်ခုဆိုလျှင်လည်း နိုးလာလျှင်လွင့်ပြယ်သွားနိုင်၏ ယခုတော့ နိုးထစရာမရှိ။ လွတ်မြောက်စရာ မရှိသော ဘဝ၏ အကျဉ်းထောင်ထဲသို့ သင့် ရောက်ရှိနေပြီ။ သင့်၏ ရည်မှန်းချက်တို့ ပျက်စီးရမှာလား။

"သင့် ကျုပ်တို့ ဈေးပတ်မလို့၊ ရှင်အားရင် လိုက်ခဲ့မလား"

"ကောင်းသားပဲ"

သင့် အပြင်လောကနှင့် အဆက်အသွယ်ပြတ်နေသည်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကြာပြီ။ သင့် လိုက်သွားလျှင် အိပ်ပျော်နေတာကြာပြီဖြစ်သောကလေးနိုးလာလျှင် . . .

"လိုက်လို့ မဖြစ်သေးပါဘူး"

"ဘာဖြစ်လို့လဲ"

"ကလေးနိုးလာရင် ဘယ်လိုလုပ်မလဲ၊ ငိုလိမ့်မှာပေါ့"

"ရှင့်က နို့ဘူးနဲ့ မကျင့်ထားဘူးလား"

"ကျင့်တယ် မရဘူး"

"နည်းနည်းတော့ အငိုခံရမှာပေါ့၊ အေးလေ ရှင်က အမေဆိုတော့ သားသမီး အငိုမခံနိုင်တာ သဘာဝကျပါတယ် ဒါဖြင့်လဲ ရှင်နေခဲ့တော့ ကျုပ်တို့သွားမယ်"

အေမီနှင့် ဝါဝါမော် ပြန်သွားသည်အထိ သင့်မှာတွေဝေငေးမောလျက် ကျန်ရစ်ခဲ့သည်။

ကလေးနှင့် မိမိကြား၌ နှောင်ဖွဲ့ဆက်နွယ်မှုတွေက များလွန်းအားကြီးသည်။ ကလေးအငိုကို မိမိက ဘာကြောင့် မခံနိုင်ရသနည်း။

သင့်က တယ်လီဖုန်းရှိရာသို့ သွားပြီး ဂဏန်းခြောက်လုံးကို နှိပ်လိုက်သည်။

"ဟဲလို"

မေမေ၏ အသံဟု သင့် သိရှိကာ . . .

"မေမေ ကျွန်မပါ"

"သြော် သမီးနေကောင်းတယ်နော်၊ မနက်ဖြန်မှ သမီးတို့ဆီ လာမလို့၊ ကိုင်း ဘာဖြစ်လို့လဲ"





"ဘာမှ မဖြစ်ပါဘူး၊ ကျွန်မ မေးစရာရှိလို့"

သင့်စိတ်ထဲ၌ပဲ ထင်၍လားမသိ။ မေမေ၏အသံသည် ပျော့ပျောင်းကာ သင့်အပေါ်၌ ချစ်ခြင်း မေတ္တာတို့အပြည့်အဝရှိသည်ဟု သင့် အလိုအလျောက် ယုံကြည်လာမိသည်။

ထိုယုံကြည်ချက် ပြောင်းလဲဖြစ်ပေါ်ခြင်းသည် ကလေးကို မွေးဖွားပြီးသည့် အချိန်က စတင်သည်ဟု ထင်သည်။

"မေးလေ မြေးတွယ်တာဦးကတော့ သိပ်ကို မိဘအကျိုးပေးတဲ့ ကလေးပဲ၊ မကျန်းမမာလဲ မဖြစ်ဘူး၊ မွေးဖွားတော့လဲ လွယ်ကူလိုက်တာ သင့်ကိုမွေးတုန်းကများ မေမေဟာ နှစ်ရက်လောက်နာပြီးမှ မွေးတာ၊ မွေးပြီးတော့လဲ ချူချာတယ်၊ အပြုအစု ကောင်းလို့သာပေါ့၊ ကိုင်း . . ဘာမေးစရာရှိလို့လဲ သင့်မေးလေ"

"ဟို မေမေ၊ ကျွန်မငိုတာနဲ့ နို့ချက်ချင်းတိုက်တာပဲလား"

"တိုက်တာပေါ့၊ မတိုက်လို့ကို မရဘူး၊ နည်းနည်း အလုပ်ရှုပ်ထွေးလို့ ငိုနေတဲ့ဆီကို ချက်ချင်းမလာရင် မိသင့်တို့မှာ တက်မတက် ချက်မတက် ပြာနှမ်းပြီးသာ အောက်မေ့၊ ဒီတော့ မေမေ ညည်းကို အငိုမခံရဲဘူး"

"အဲ . . အဲဒါ ဘာဖြစ်လို့လဲ မေမေ"

"ဟဲ့ အဲဒါတောင် မသိဘူးလား အရူးမလေးရဲ့၊ ဒါမိခင်ရဲ့ ချစ်ခြင်းမေတ္တာပဲပေါ့"

ထိုအချိန်တွင် ကလေးအခန်းမှ . . အဲ . . အဲ . . ဟူသော နိုးထသံနှင့်အတူ နို့တောင်းရန် ငိုသံပြုလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော မေမေ သားနိုးပြီ၊ ဒါပဲနော်"

သင့် ဖုန်းချလိုက်သည်။ သင့် နားလည်လိုက်သည်က သင့်သည် သားအား အငိုမခံနိုင်ခြင်းသည် မိခင်၏ ချစ်ခြင်း မေတ္တာကြောင့်ဟု။







# အခန်း(၃၄)

ကားသံသဲ့သဲ့ ကြားလိုက်ရသည်။ သင့် အိပ်ရာမှ ထ သင့်မသင့် စဉ်းစားလိုက်သည်။

သင့်ကို ကွန်ပျူတာနှင့် စာရေးသွားခဲ့သည်။ သင့်အား ကွာရှင်းခွင့်ပြုပါသည်။ တွယ်တာဦးကိုတော့ သူယူမည်။ ပြီးတော့ အဘွားအိမ်၌ ပြန်နေမည်။ စသည်ဖြင့် သူပြောခဲ့သည့်အတိုင်း သူ ပြုလုပ်ပေးရန် အဆင်သင့်ရှိနေပါပြီဟု။



www.burmeseclassic.com

www.burmeseclassic.com



သင့် အောင်ဇေယျနှင့် တွေ့ချင်သည်။ ပြန်လာသည့်အချိန်က သန်းခေါင်ကျော်နေပြီ။ သင့် သားကိုကြည့်လိုက်သည်။ သားသည် သူ့ဘေးတွင် နှစ်ခြိုက်စွာအိပ်မောကျနေသည်။

ဒေါ်စိန် တံခါးဖွင့်လိမ့်မည်ဟု သင့်ယုံကြည်သည်။ တစ်ဆက်တည်းသူ၏ အပြုအမူအတိုင်း ဒေါ်စိန်ကိုခေါ်ကာ သား၏ အိပ်ခန်းသို့သွားမည်။ အဘယ်ကြောင့်ဒေါ်စိန်ကို ခေါ်ရသနည်းဆိုသော် စစ္စတာနော်အယ်စတာရှိနေခဲ့ခြင်းကြောင့် သူသည် သူ၏သိက္ခာအတွက် ဆင်ခြင်ခြင်းတစ်ရပ်ဖြစ်ပေမည်။

ယခု ကလေးအခန်း၌ ကလေးရော၊ နော်အယ်စတာပါ ရှိမနေသည့်အတွက် သူ အံ့အားသင့်သွားပေလိမ့်မည်။ ဒေါ်စိန်က နော်အယ်စတာကို အလုပ်မှ အနားပေးလိုက်ပြီး ကလေးတာဝန်ကို သင့်ပင်ယူလိုက်ခြင်းဖြစ်ကြောင်း ပြောပြပေလိမ့်မည်။

ထိုအခါ သူမည်ကဲ့သို့ ခံစားရမည်နည်း။

ဝမ်းမြောက်ဝမ်းသာစွာဖြင့် မိမိ၏အိပ်ခန်းသို့ လာမည်လား။ ချက်ချထားသော တံခါးကို ခေါက်မည်လား။

သင့် အသာပင် ပြန်အိပ်လိုက်သည်။ သင့် တံခါးကို သူခေါက်လိမ့်မည် မဟုတ်သကဲ့သို့ သင့်ကလည်း ဖွင့်ပေးလိမ့်မည်မဟုတ်ပါ။

အောင်ဇေယျသည် ကိုယ့်နားကိုယ် မယုံကြည်နိုင်အောင်ဖြစ်သွားသည်။ သင့်က သူ့သားလေးကို သူနဲ့ပဲ အတူထားတော့မည်။ သူပဲ တာဝန်ယူတော့မည်တဲ့။

အောင်ဇေယျ ပင်ပန်းခဲ့ရသမျှ စိတ်မောလူမောဖြစ်ခဲ့ရသမျှတို့သည် လွင့်စင်ပျောက်ကွယ်သွားလေသည်။





သင့်၏ အိပ်ခန်းတံခါးလက်ကိုင်ဘုကို အသာလှည့်ကြည့်သည်။ ချက်ချထားသည်။ သူက ပြုံးကာ အပေါ်ထပ်သို့တက်ခဲ့သည်။ ပိတ်ထားသော တံခါးကို သူမခေါက်ရက်ပါ။ ကလေးနိုးသွားမှာ စိုးရိမ်သည်။ သင့်အထင်မှားမှာ စိုးရိမ်သည်။

သင့်ထံမှ တုံ့ပြန်မှုတစ်ခုခုပေးလိုက်မှ သူကြောက်သည်။ ထိုတုံ့ပြန်မှုများအနက် သူအကြောက်ဆုံးက သင့်သည် သားကိုခါ မပေးတော့ပဲ သူနှင့်ဝေးရာဆီသို့ ထွက်သွားခွင့်တောင်းမှာကို သူ အကြောက်ဆုံးဖြစ်သည်။

အပေါ်ထပ်ရောက်မှ သူ့အာရုံအတွင်းသို့ ဝင်ရောက်လာသော စိုးရိမ်စိတ် ကြောင့်ကြမှုကြောင့် သူ အောက်ထပ်သို့ပြန်ဆင်းခဲ့လေသည်။ စာကြည့်ခန်းတွင်းသို့ ဝင်လိုက်သည်။ ကွန်ပျူတာကို ဖွင့်လိုက်သည်။ ထူးခြားမှုတစ်စုံတစ်ရာမှ မရှိချေ။ သူ ထွက်ချက်ထားသော စာရင်းအင်းများနှင့် သူက သင့်ထံကို ရေးထားသောစာမှလွဲ၍ သင့်ထံမှ တုံ့ပြန်မှုတစ်ခုမှ မရှိချေ။

သင့် ဘယ်လိုဆုံးဖြတ်ထားသနည်း။ သင့်၏ အစွဲအလမ်းသည် ပြောင်းလဲမလာသေးဘူးလား။

မဟုတ်ဘူး၊ ပြောင်းလွဲလာပြီဟု သူယူဆသည်။ ကလေးကို သူနာပြုနှင့် မထားတော့ဘဲ သူမနှင့် ခေါ်အိပ်လိုက်ခြင်းက ထူးခြားသော ပြောင်းလွဲမှုတစ်ရပ်ပင်။

သူ ကလေး၏ အိပ်ခန်းသို့ ဝင်လိုက်သည်။ တစ်ယောက်အိပ်ခုတင်တစ်လုံးရှိနေသည်။ ထိုခုတင်၌ နော်အယ်စ



www.burmeseclassic.com

www.burmeseclassic.com




ဘာအိပ်စက်သွားခြင်း ဖြစ်မည်။ နော်အယ်စတာ ထွက်သွားခြင်းအတွက် ပြေပြေလည်လည်မှ ရှိနိုင်ပါမည်လား။ သင့်သည် ပြေပြေလည်လည်မှ ပြောဆိုလိုက်ရဲ့လား။ ဒေါက်တာဝေလင်းမှ တစ်ဆင့် သူမအား သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်သည်။ သူမအား သုံးလအထိ ပြောဆိုငှားရမ်းထားခြင်းဖြစ်သည်။ ယခု နှစ်လပြည့်ရန် လေးငါးရက်လိုသေးသည်ဆိုတော့ တောင်းပန်သင့်သည်။

သူသည် ခုတင်၌ မအိပ်တော့ဘဲ ပြန်ထွက်ခဲ့သည်။ ဧည့်ခန်းဆိုဖာရှည်ကြီးပေါ်၌ လှဲချလိုက်သည်။

သင့်သည် ယခင်ကကဲ့သို့ စိတ်ထင်တိုင်း ခန္ဓာကိုယ်ကိုပါ သယ်ဆောင်သွားတော့မည် မဟုတ်ဟုတော့ အောင်ဇေယျ ထင်မိသည်။

သို့သော် မိုးပြိုခဲ့သည်ရှိသော်. . .

အောင်ဇေယျ သတိလစ်၍မဖြစ် ဝီရိယကောင်းစွာဖြင့် သင့်တို့ သားအမိ၏ အိပ်ခန်းစောင့်အဖြစ် အမှုတော်ထမ်းရွက်လျက်. . .









# အခန်း(၃၅)

ထုံးစံအတိုင်း ရောင်နီမပျို့တပျို့ အရုဏ်ဦးကို ကြိုဆိုသောငှက်ကလေးများ၏ တေးဆိုသံနှင့်အတူ သားထံမှ. . အဲ့အဲ့. . ဟူသောအသံနှင့်အတူ လွန့်လူးကာ ခြေဆန့်လက်ဆန့် လုပ်လာသည်။

သင့်က ပြုံးကာ သားအား အနှီးကို အရင်လဲပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစရာကောင်းသည့် အဖြစ်အပျက်ကိုသင့် ယခုမှ သတိထားလိုက်မိသည်။ ကလေးကို သူသည် တစ်ခါမှ မချီမပိုး ဖူးပါဘဲလျက် ကောင်းမွန်စွာ ချီပိုးတတ်ခြင်းပင်ဖြစ်သည်။

သားက မပွင့်တပွင့် မျက်လုံးပျာလဲ့လဲ့ဖြင့် သင့်အား မေးစင်းကြည့်ပြီး . . အဲ့ . . အဲ့ . . လုပ်ပြသည်။

"ဘာလဲ မင်းက ငါ့ကို သိလို့လား"

ကလေးက သင့်ကို စူးစူးစမ်းစမ်း ကြည့်သည်။ ထိုအကြည့်သည် စိမ်းကားခြင်းရှိမနေ၊ တရင်းတနှီးနှင့် နွေးထွေးသော အကြည့်၊ ကျေနပ်သောအကြည့်၊ နှစ်သက်ခုံမင်သောအကြည့်၊ ချစ်ခင်သောအကြည့်၊ ဘာမထီသောအကြည့်၊ လောကကို စိန်ခေါ်ရဲသောအကြည့်ဟု သင့် ယူဆလာသည်။

သင့်ကို ဤသူငယ်ကလေးက စိန်ခေါ်နေသည်။

သင့်က သူ၏လက်များကို ထွေးပိုက်လိုက်သည်။

ထိုအခါ လက်များက အင်နှင့်အားနှင့် ရုန်းကန်သည်။

မျက်နှာက ရှုံ့တွလိုက်သေးသည်။

"ဘာလဲ မင်းက မကြိုက်ဘူးပေါ့ ဟုတ်လား"

"အေးလေ မင်းက ချုပ်နှောင်မှုကို ဘယ်ကြိုက်မလဲ. . အမေတူတာကိုး"

"ငါလေ ငါ့ရည်မှန်းချက်အောင်မြင်ဖို့အတွက် အားလုံးကို အနိုင်ယူဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမယ့် ငါ့ရဲ့ တစ်ကွက်အမှားကြောင့် . . ငါ အားလုံးကို အရှုံးပေးလိုက်ရပြီး ငါနှင့်အဖေကိုလဲ အရှုံးပေးခဲ့ရတယ်၊ခု နင့်ကို ငါ အရှုံးပေးရတော့မယ်၊ သိလား





တွယ်တာဦး"

သင့် စိတ်လွတ်လက်လွတ်ကလေး စကားပြောလိုက်လေသည်။

ကလေးကလည်း သိသလို၊ နားလည်သလိုနှင့် နားစွင့်နေသည်။ နို့ချိုကိုဆာလျက် မတောင်းဆိုသေးဘဲလက်သီးဆုပ်ကလေးကို ပါးစပ်ထဲထည့်ရန် ကြိုးစားနေသည်။

"ဩော် မင်းက ချိုချိုဆာပြီဆိုတဲ့ သဘောပေါ့၊ မငိုဘူးလား ခါတိုင်း မင်းငိုသံကြားမှ ငါကတိုက်တာ၊ ခုတော့မင်းက ငါကတိုက်မှာပဲဆိုပြီး ယုံကြည်စိတ်ချနေတဲ့ သဘောလား ဟုတ်လား မင်းက ငါ့ကိုယုံတယ်လား၊ ဒီအမေဆိုတဲ့လူသားက သူ့သားဖြစ်တဲ့ငါ့ကို နို့တိုက်မှာပဲလို့ မင်းက ယုံကြည်နေတယ်ပေါ့ ဟုတ်လား"

သင့် စကားတတွတ်တွတ်ပြောဆိုခြင်းကို ကလေးက လည်းကြည့်သည်။ ပါးစပ်ကလေး လှုပ်စိလှုပ်စိလုပ်နေခြင်းက သင့်ထံမှ နို့တောင်းနေခြင်းလား၊ သင့်အား စကားပြန်ပြောနေခြင်းလားကိုတော့ သင့် မခွဲခြားတတ်ပါ။

သို့သော် သားသည်သင့်အား မိခင်ဟု အသိအမှတ်ပြုနေသည်ဟုသင့်လက်ခံသည်။

သင့် နို့တိုက်ကျွေးလိုက်သည်။ ကလေး၏ နို့ချိုစို့သံတ ပြွတ်ပြွတ်သည် သူမနားတွင်မှာ အင်မတန်ငြိမ့်ညောင်းသာယာ စွမ်းအင်ကြီးမားသော မေတ္တာနှောင်ကြိုးသံစဉ်ဟုလည်း သင့် အသိအမှတ်ပြုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်း ငုံ့ကြည့်နေသော သင့်၏မျက်လုံးအိမ်မှ ကြည်နူးမှုမျက်ရည်ကလေးများက သားကလေး၏ပါးပေါ်သို့ လွင့်စဉ်ကျအလာ သားအားစိုသွားမည်စိုးသောအသိစိတ်ဖြင့် ခေါင်းကိုမော့လိုက်သည်။ မျက်တောင်ပုတ်ခတ်ကာ မျက်ရည်များကို သိမ်းဆည်းလိုက်သည်။ သို့သော် ပြုံးကာ ပြန်ကြည့်ပြီး ကလေးအား ညင်သာစွာ ငုံ့မွှေးကြူရင်း. . .

'နင်ကိုငါ အရှုံးပေးပါ တယ် တွယ်တာဦးဆိုတဲ့ မေမေ့ သားရယ်'







# အခန်း(၃၆)

"ဦးအောင်ဇေယျ"

သင့်ထံမှ ခေါ်သံကြောင့် အောင်ဇေယျနိုးသွားသည်။ ကယောင်ကတမ်းထပြီး. .

"ဟင်. . သင့် သားဘာဖြစ်လို့လဲ"

"သား ဘာမှမဖြစ်ဘူး၊ ဖြစ်နေတာက ကျွန်မပါ"

ကလေးကိုလည်း ချီပိုးထားသေးသည်။ ကလေး၏ အဝတ်တန်ဆာများဖြစ်သော. . . ဦးထုပ်၊ ခြေအိတ်၊ အကျႌနှင့်



www.burmeseclassic.com

www.burmeseclassic.com



အောင်ဘီတစ်ဆက်တည်း အကျီရှည်ဖြင့် နွေးနွေးထွေးထွေး ဒါကို ရင်ခွင်မှာပိုက်ချီထားသေးသည်။

သူမကိုကြည့်တော့လည်း သနပ်ခါးရေကျဲ၊ ပြီးတော့ ဆံပင်ကို ထုံးထားသေးသည်။ နောက် အပြင်ထွက်ရန် အဝတ်အစားနှင့်။

"သင့်. . သင့်. . ဘာဖြစ်လို့လဲ"

မိညိုက ကလေးပစ္စည်းများထည့်ထားသော လေးထောင့် စပ်စပ်ခြင်းကိုဆွဲလျက်. . .

"ကျွန်မ အပြင်မထွက်ရတာကြာလို့ ထွက်ချင်နေတယ်၊ အဲဒါ လိုက်ပို့ဖို့ပါ"

"ဟာ. . တကယ် ခဏနော်"

အောင်ဇေယျ ပျာယာခတ်သွားသည်။ အနီးဆုံးသော သားအိပ်ခန်းကို ဝင်လိုက်သည်။ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး ပြန်ထွက်အလာ၌ ဒေါ်စိန်က သူ့အားဝတ်စုံတစ်စုံ ထုတ်ပေးသည်။

"ကျေးဇူးပဲ ဒေါ်စိန်"

"မင်း ကျေးဇူးတင်ရမှာက ဒေါ်စိန်ကို မဟုတ်ဘူး၊ သင့်ကို သင့်ထုတ်ခိုင်းထားတာ"

"ဟင်. . ဟုတ်လား"

အောင်ဇေယျ အိပ်မက်မက်နေပြီလားဟုပင် ထင်မှတ်သော်လည်း မဆန်းစစ်အားချေ။ အဝတ်အစားလဲပြီး အခန်းထဲမှထွက်ခဲ့သည်။





သင့်တို့အား ဧည့်ခန်း၌ မတွေ့ရဘဲပေါ်တီကိုအောက်၌ ရှိနေသော ကားပေါ်တွင် အသင့်ရောက်ရှိနေကြသည်။

အောင်ဇေယျ၏ရင်ထဲ၌ ပျော်ရွှင်ကြည်နူးမှုတစ်ရပ်ကို မည်သည့်အရာနှင့်မှ နှိုင်းယှဉ်၍မရအောင် ဖြစ်နေသည်။

ကားပေါ်တက်ကာ စက်နှိုးပြီး ငြိမ်သာစွာမောင်းထွက်လိုက်သည်။ ရောင်နီပင် ကောင်းကောင်း မပျို့ချင်သေး။

"ဘယ်သွားမှာလဲ သင့်"

"ဘုရား ရွှေတိဂုံဘုရားလေ၊ သားရဲ့ ပြင်ပလောကကို စတင်တွေ့ထိရမှာ ရွှေရောင်တဝင်းဝင်းနှင့် ကြည်ညိုသပ္ပာယ်လွန်းတဲ့ ရွှေတိဂုံစေတီတော်ကြီးကို သူ့အမြင်အာရုံမှာ ထူးထူးဆန်းဆန်းအဖြစ် စွဲထင်စေချင်လို့ပါ"

အောင်ဇေယျ၏ ရင်တွင်းအပျော်တရားတို့သည် ဆယ်တန်းအောင်စဉ်ကနှင့်လည်းမတူ၊ ရှင်လိင်ပြန်စဉ်ကနှင့်လည်း မတူ၊ သင့်နှင့် လက်ထပ်စဉ်ကနှင့်လည်းမတူ။

ယခုပျော်ရွှင်မှုက အမြင့်မားဆုံးသော အထွတ်အထိပ်သို့ရောက်ရှိနေသော ပျော်ရွှင်မှုဖြစ်သည်။

သင့် တစ်ယူသန် တဇွတ်ထိုး အစွဲအလမ်းကို သားတွယ်တာဦးက ချွတ်လိုက်နိုင်ပြီဟု အောင်ဇေယျအကြွင်းမဲ့ ယုံကြည်မိသည်နှင့်အညီ အသက်အရွယ်နှင့်မဆိုင်သော မိခင်စိတ် မေတ္တာတရားရှိသော သင့်အား လေးစားစိတ်ပင်တိုး၍ ချင်မြတ်နိုးသွားသည်ဖြစ်ရာ. . .

"ကျေးဇူးတင်ပါတယ်သင့်ရာ၊ ငါမတွေးဘူးတဲ့ အတွေး



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းတွေးပြီး လုပ်ပေးတဲ့အတွက် ငါ ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး"

သင့်က ခပ်တိုးတိုးပင် ပြောလိုက်သည်။ သင့်ရင်ထဲ၌လည်း ဦးအောင်ဇေယျကို စကားတွေအများကြီး ပြောချင်သည်။ သို့သော် ဘာမှမပြောတာဘဲ ကောင်းသည်ဟု သင့်ယူဆ၏။ အမှန်တကယ် သင့်ကိုသူကသာ စကားတွေအများကြီးပြောရမည်ဖြစ်သည်။ သူသည် စကားနည်းလွန်းသည်။

ရွှေတိဂုံဘုရား၏ တောင်ဘက်မုခ်၌ ကားကိုရပ်လိုက်သည်။

"သားက မအိပ်သေးပါလား"

"အောင်ဇေယျ ကားပေါ်မှလျင်မြန်စွာဆင်းကာ သင့်ဘက်မှ ကားတံခါးကို ဖွင့်ပေးလိုက်သည်။

သင့်ထံမှ ကလေးကိုလှမ်းယူရင်း ပြောလိုက်သည်။ သင့်ကအင်မတန် ရွှင်လန်းမြူးတူးနေပုံရသော အောင်ဇေယျကို မျက်စောင်းထိုးကြည့်လိုက်သည်။

ယောက်ျားတစ်ယောက်ဖြစ်ပြီး မိန်းမအားအပြင်သွားချင်သလား၊ ဘာလုပ်ချင်သလဲ မေးဖော်မရသော ဤခပ်တုံးတုံး ခပ်ရိုးရိုးယောက်ျားကို မိမိကပဲ ဦးဆောင်သွားရတော့မှာလား။ ဒါမှမဟုတ် သူ့အချစ်ကပဲ သူ့အား ဆွဲ့အသွားစေသလား။

"သင့် ဓာတ်လှေကားပဲ စီးမယ်နော်"

"အင်း အပြန်ကျရင်တော့ လှေကားကဆင်းမယ်၊ ဘုရားဈေးရဲ့ ရောင်းကုန်ပစ္စည်းလေးတွေရဲ့ ဆွဲဆောင်မှုကို သား





ကြည့်ပါစေ၊ မြင်ပါစေ"

"အဖိုးထိုက်တန်လိုက်တဲ့ စကားလေးကွာ"

အောင်ဇေယျမနေနိုင်ဘဲ ချီးကျူးစကား ဆိုလိုက်လေသည်။

"သားရေ၊ မင်း သိပ်ကံကောင်းတယ်သိလား၊ မင်းမေကြီးက အမြော်အမြင်ကြီးမားတဲ့ မိခင်တစ်ဦးဖြစ်တာ၊ မင်း သိပ်ကံကောင်းတယ် သိလား"

အောင်ဇေယျက သားလေးအားကြည့်ကာ ခပ်တိုးတိုး ပြောလိုက်သည်။ သင့်က. .

"ဦးအောင်ဇေယျနော် သားကို ဖေကြီးတို့၊ မေကြီးတို့ မသုံးနှုန်းပါနဲ့"

"ဘာဖြစ်လို့လဲ"

"မေကြီးဆိုရင် နောက်အမေငယ်ရှိဦးမယ် နိမိတ်စကားလိုဖြစ်နေတယ်၊ ကျွန်မ မကြိုက်ဘူး"

အောင်ဇေယျရင်ထဲ၌ တကယ်ပင် ဟိန္ဒူဘုရားပွဲလှည့်နေပြီ။ သင့်ထံမှ တုံ့ပြန်လာမှုများက မယုံကြည်နိုင်လောက်အောင်ပင်ဖြစ်နေသည်။ ဓာတ်လှေကားထဲဝင်ရောက်သဖြင့် စကားစများ တိတ်သွားသည်။ သင့်က သူ့အနီး၌၊ ကပ်၍ရပ်ကာ သားဖြစ်သူအားကြည့်ကာ. . .

"ဟော သားကလူကျပ်တာမကြိုက်ဘူးထင်တယ်၊ မျက်နှာရှုံ့တွလို့၊ ခဏလေးပါသားရဲ့၊ အမေတူသားထင်တယ်. . . လွတ်လပ်ကျယ်ဝန်းမှုကို နှစ်သက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သင့်က အခြားဘုရားဖူးများရှိသဖြင့် တုံ့ပြန်မပြောသော်လည်း သူမ၏ မျက်ဝန်း၌ပြုံးယောင်သန်းကာ ကျေနပ်မှုအရိပ်အယောင်များကို တွေ့လိုက်ရသည်။

အပေါ်သို့ရောက်သောအခါ သင့်က သက်ပြင်းချလိုက်သည်။ မိညိုကတော့ ခြင်းတောင်းလေးဆွဲကာ လှည့်ကြည့် လှည့်ကြည့်နှင့်သွားနှင့်လေသည်။

"စနေထောင့်မှာ စောင့်နေနော်မိညို"

သင့်က လှမ်းပြောလိုက်သည်။

"ဟုတ်"

မိညို နောက်လှည့်ကြည့်စရာမလိုတော့ဘဲ စနေထောင့်သို့ တန်းသွားလေသည်။

"သင့်က သားကိုကော၊ သားလေးလို့မခေါ်စေချင်ဘူးလား"

သင့် ဘာဖြေရမှန်းမသိ။

"သင့်က သားလေးဆိုရင် နောက်ထပ် သားသမီးတွေ မရတော့ဘူးဆိုတဲ့ နိမိတ်အနေနဲ့ မကြိုက်နှစ်သက်ဘူးလားလို့"

"သားက အကြီးဆုံးလေ၊ သားကြီးပေါ့ မဟုတ်ဘူးလား ဦးအောင်ဇေယျ"

"သင့်ရယ်. . မင်း ကိုကိုကြီးကို စွန့်ခွာမသွားတော့ဘူးမဟုတ်လား"

"ဒါတော့ စဉ်းစားဦးမှာ"

သင့်က ခပ်တည်တည်ပင်ဖြေလိုက်သည်။ သင့်အပြုံးကို





အောင်ဇေယျ နားလည်သဖြင့်. .

"ဟာကွာ"

"ကွာရှင်းပြတ်စဲပေးဖို့ကို လွယ်လင့်တကူ စီစဉ်ပေးနိုင်စွမ်းရှိနေတဲ့ ယောကျာ်းကြီးတစ်ယောက်ကို ဆက်လက်ပေါင်းသင်းဖို့ သင့်မသင့်ဟာ မိန်းမသားတစ်ဦးအတွက် စဉ်းစားသင့်တဲ့ကိစ္စ မဟုတ်ဘူးလား"

"ချစ်လွန်းလို့ ရင်နာနာနဲ့အလိုလိုက် အကြိုက်ဆောင်ပေးခြင်းဟာ ကြီးမားတဲ့အပြစ်တစ်ခု ဖြစ်လိမ့်မယ်မှန်း ကိုကိုကြီး နားမလည်ခဲ့လို့ပါ သင့်ရယ်"

စနေထောင့်ရင်ပြင်တစ်နေရာ၌ မိညိုက ဘုရားရှိခိုးကာ စောင့်နေသည်။ သင့်က ဦးသုံးကြိမ်ချလိုက်ပြီး တင်ပျဉ်ခွေထိုင်ကာ. .

"သားကြီးကို ကြည့်ပါဦး၊ လုံးဝမအိပ်ဘဲ စူးစမ်းနေလိုက်တာ"

"ကျွန်မကိုပေး၊ သားကို အရှေ့ဦးရဲ့ ကောင်းကင်ကြီးကို နောက်ခံပြီး အတုမရှိကြည်ညိုစရာကောင်းလွန်းတဲ့ ရွှေတိဂုံစေတီတော်ကြီးကို ကြည့်ပါစေ"

အောင်ဇေယျက သင့်ရှေ့၌ဒူးထောက်ကာ သားကို ပေါင်ပေါ်သို့ တင်ပေးလိုက်သည်။ မိခင်သည် ဦးညွှတ်ထိုက်သူဖြစ်သည်ဟု. . ဒါကလည်း သူ၏စိတ်ရှည်သည်းခံခွင့်လွှတ်နိုင်ခြင်း၏ ရလဒ်တစ်ခုဟု သူယုံကြည်ကာ. . .

"သင့်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . ကြည့်ပါအုံး ကိုကိုကြီးရယ်၊ သားက သင့်မျှော်မှန်းထားသလိုပဲ ကြည့်နေလိုက်တဲ့မျက်လုံးလေးဟာ အရောင်ကိုတောက်နေတာပဲနော်"

'ကိုကိုကြီးတဲ့လား သင့်ရယ်၊ ဒါဆိုရင် မင်းလေးက ငါ့ကိုဟာ သိပ်ပျော်တာပဲ သင့်ရယ်'ဟူသော ရင်တွင်းစကားကို မျိုသိပ်လိုက်ပြီးသင့်ဘေး၌ ဝင်ထိုင်ကာ သင့်တို့သားအမိနည်းတူ ရွှေရောင်တဝင်းဝင်း စေတီတော်မြတ်ကို အာရုံဖြင့်ဦးခိုက်ကြည်ညိုလိုက်သည်။

'ရောင်နီပျို့ကို နောက်ခံပြုကာ ရောင်စုံတိမ်လွှာတိမ်မျှင်တိမ်ချပ်တို့၏ ရွှေ့လျားကာအရောင်ပြောင်းမှုကို ကြည့်ရင်း. .

"သင့်"

"ရှင်"

"တိမ်မဲ့တဲ့ ကောင်းကင်ဆိုတာ မရှိဘူးဆိုတာကို သင့်လက်ခံနိုင်ပြီလား"

သင့်က အောင်ဇေယျကိုကြည့်ပြီး နှစ်နှစ်ကာကာပြုံးပြလိုက်သည်။ နောက်တစ်လုံးချင်း. . .

"ဟုတ်ပါတယ်ကိုကိုကြီး၊ တိမ်မဲ့ကောင်းကင်ဆိုတာ မရှိနိုင်သလို၊ နှလုံးသားမဲ့တဲ့ လူသားရယ်လို့လဲ မရှိနိုင်ဘူးဆိုတာကို သင့်. . . . သင့်နားလည်သွားပါပြီ ကိုကိုကြီးရယ်"ဟု. . .

**မြပုလဲခင်**

☺ အောင်မြင်စာပေ ☺



www.burmeseclassic.com